

# နန်းနွယ်နွယ်

## အချစ်ပန်းကား နပျိုဆဲ

နှင့်

မဂ္ဂဇင်း ဝတ္ထုရှည်များ

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နန်းနွယ်နွယ်

# အချစ်ပန်းကောနုပျိုဆဲ

နှင့်

မဂ္ဂဇင်းဝတ္ထုရှည်များ

ပထမအကြိမ်၊ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ၊ အုပ်ရေ ၅၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၄၉၀၉၁၀ နှင့်
စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၈၃၀၅၁၀ တို့အရ ဦးချစ်ညွန့်၊
ဇင်ရတနာစာပေ၊ အမှတ် ၂၀၅/က၊ ၄ လမ်း၊ မြို့သစ်၊ အင်းစိန်က
ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို
ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊
အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၁၂၀၀ ကျပ်

၈၉၅.၈၃

နန်းနွယ်နွယ်

အချစ်ပန်းကားနေဖျိုဆဲနှင့်မဂ္ဂစင်းဝတ္ထုရှည်များ /နန်းနွယ်နွယ်။
- ရန်ကုန် ၊
ဇင်ရတနာစာပေ ၊ ၂၀၁၀ ။
၂၄၀ - စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) အချစ်ပန်းကားနေဖျိုဆဲနှင့်မဂ္ဂစင်းဝတ္ထုရှည်များ

# မာတိကာ


| | | |
|---|---|---|
| | မစန္ဒာ၏အမှာစာ | ၅ |
| ၁။ | နေရာ | ၉ |
| ၂။ | အချစ်ပန်းကားနှုပျိုဆဲ | ၄၃ |
| ၃။ | စိန်းမြစ်ကမ်းပေါ်ကပန်းချီဆရာ | ၉၃ |
| ၄။ | အမေမနေတတ်ဘူး | ၁၂၆ |
| ၅။ | မျှော်သူမှာမောရရှာတယ် | ၁၄၇ |
| ၆။ | ရှက်လို့ | ၁၇၉ |
| ၇။ | လူမှန်နေရာမှန် | ၂၀၃ |
| ၈။ | ချမ်းနေသလားအချစ်ရယ် | ၂၂၅ |

# မစန္ဒာ၏အမှာ

ဆရာမ 'နန်းနွယ်နွယ်' ကွယ်လွန်သွားခဲ့သည်မှာ လေး ငါးနှစ်ခန့် ရှိခဲ့ပြီထင်ပါသည်။ သူသက်ရှိထင်ရှားရှိစဉ်ကာလက စာပေမိုးကောင်းကင် တွင် လင်းလက်တောက်ပခဲ့သော ငွေကြယ်တစ်ပွင့် ဖြစ်ပါသည်။

ဆရာမနှင့်မကြုံ မဆုံဖူးလိုက်၍ သိကျွမ်းခင်မင်ခွင့်မရခဲ့ သော်လည်း သူ၏မဂ္ဂဇင်းဝတ္ထုတိုများနှင့်ကား ကျွန်မသည် ရင်းနှီးခင်မင်ခဲ့ပြီး ဖြစ်ပါသည်။ အရေအတွက် သိပ်မများသော်လည်း အရည်အချင်းပြည့်မီလှသော သူ၏ စာလေးများသည် တစ်ပိုဒ်ဆိုလျှင်ဆိုသလောက် စွဲစွဲထင်ထင် ရှိလှသည်ကို တော့ အလေးအနက်ပြောလိုပါသည်။ ထို့ကြောင့်လည်း 'နန်းနွယ်နွယ်' ဟူသောကလောင်အမည်ကို ခိုင်ခိုင်မာမာ စိုက်ထူထားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုစာအုပ်ထဲတွင် မဂ္ဂဇင်းဝတ္ထုရှည် ၈ ပိုဒ်ကိုစုစည်းထားပါသည်။ ထိုအထဲမှ ၅ ပိုဒ်သည် မဂ္ဂဇင်းထဲတွင်ပါလာစဉ်ကာလများကတည်းက ကျွန်မ ဖတ်ခဲ့ပြီး ကြိုက်ခဲ့ပြီးသော ဝတ္ထုများဖြစ်ပါသည်။

အကြောင်းအရာတစ်ခုတည်းကိုပင် ဦးတည်၍ရေးသားခြင်းဖြစ် သော်လည်း စာရေးသူတစ်ဦးနှင့်တစ်ဦး အမြင်ချင်း၊ အတွေးချင်း၊ ခံစားချက် ချင်း တူညီကြသည်မဟုတ်ပါ။ ခံစားချက်မှတဆင့် ထပ်၍ဖြစ်ပေါ်လာသော စိတ်စေတနာအဆိုးကောင်းသည်ကား စာရေးသူ၏ ပင်ကိုယ်ဓာတ်ခံနှင့်လည်း သက်ဆိုင်လိမ့်မည်ဟုယူဆမိပါသည်။

ဆက်၍ပြောလိုသည်မှာ ပုံနှိပ်စာလုံးများ၏နောက်ကွယ်မှ စာရေးသူ ၏ အရိပ်နှင့် အသံဖြစ်သည်။ ဆရာမ 'နန်းနွယ်နွယ်' သည် မထားအေး အဖြစ် တစ်ခါတစ်ရံအရှေ့သို့ ထွက်လာပြီး တစ်ခါတစ်ရံလည်း ဝတ္ထုထဲမှ ဇာတ်ရုပ်များ၏နောက်ကွယ်တွင် ကိုယ်ယောင်ဖျောက်၍ နေတတ်သည်။

သို့သော် စာရေးသူများသည် သူ၏အသံကိုတော့ ကြာရှည်ပျောက်၍ မရပါ။ ဇာတ်ရုပ်တစ်ဦးဦး၏ နှုတ်မှနေပြီးဝင်ပြောလိုက်သော သူ့အသံကို သိသိသာသာသော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ကြားကြရမြဲဖြစ်သည်။ ဒေါသသံလော၊ သောကသံလော၊ ကရုဏာသံလော၊ ပီတိသံလော စသည် စသည်ဖြင့်လည်း မှန်းဆပြီး သိနိုင်ကြပါသည်။ ယခုလည်း ဆရာမ 'နန်းနွယ်နွယ်' ၏ အသံကို ကျွန်မကြားရပါသည်။ သူ၏ အသံသည် 'မေတ္တာသံ' ဟူ၍လည်း ဆုံးဖြတ်လိုက်မိပါသည်။ သူ့ရင်ထဲတွင် မေတ္တာဓာတ်ခံရှိပြီး မေတ္တာနှင့်တွေးကာ စာကိုမေတ္တာနှင့် ရေးသူဟူ၍ ကောက်ချက်ချလိုပါသည်။

သူ၏မေတ္တာသည် သူ၏ဇာတ်ရုပ်များအပေါ်တွင်ပင် သက်ရောက်နေသည်ဟု ကျွန်မခံစားရသည်။ မြန်မာ့လူနေမှုဝန်းကျင်အနေနှင့် အထင်အမြင်သေးစရာအနေအထားသို့ကျရောက်နေသော ဇာတ်ရုပ်များကိုပင် သူက မုန်းအောင်မရေး၊ အပြစ်တင်ဖိနှိပ်၍မရေးခဲ့ပါ။ နှစ်သက်အောင်၊ စာနာအောင်၊ ခွင့်လွှတ်အောင်သာ ရေးသားခဲ့သည်။ 'ရက်လို့' ထဲမှ အိုင်းရင်း၊ 'အချစ်ပန်းကားနပျိုဆဲ' မှ ပက်ဂီ၊ 'နေရာ' ထဲမှ 'လင်း' နှင့် 'လူမှန်နေရာမှန်' ဝတ္ထုထဲမှ ဘိုကတော်လေးတို့၏ အနေအထားသည် စာရေးဆရာကသာ ဖိနှိပ်ပြီးရေးလျှင် ရေးသမျှခံရမည့် အနေအထားမျိုး ဖြစ်သည်။ ထိုသို့သောဇာတ်ရုပ်များကို မျက်စောင်းခဲ၍ကြည့်ကာ အပြစ်တင် ရေးထားသော ဝတ္ထုများစွာကိုလည်း ကျွန်မတို့ ဖတ်ဖူးကြပါသည်။ ဆရာမ 'နန်းနွယ်နွယ်' ကတော့ ထိုသူတို့ကို မေတ္တာမျက်စိနှင့်ကြည့်ကာ ကရုဏာ သက်အောင် ရေးခဲ့သည်က ထူးခြားမှုတစ်ခု ဖြစ်နေခဲ့ပါသည်။

အပြင်လောကတွင် မြင်ခဲ့၊ တွေ့ခဲ့၊ ဘဝင်မကျခဲ့၊ ဒေါသဖြစ်ခဲ့ရသည်များကို ဝတ္ထုထဲသို့ပို့၍ အညာသူအဘွားကြီး ဒေါ်အေးရွှေမှတဆင့် ပြောပြသော ဝတ္ထုကတော့ 'အမေမနေတတ်ဘူး' ဟူသောဝတ္ထုဖြစ်သည်။ သို့သော် စာရေးသူက ဒေါသသံမာမာကြမ်းကြမ်းကြီးနှင့်မပြောဘဲ သက်ပြင်းလေးတချချ၊ လေသံပျော့ပျော့လေးနှင့်ပြောနေတော့ နားဝင်ချိုကာ ရင်ထဲသို့ လျှောခနဲရောက်သွားရသည်။ ထိုဝတ္ထုကို ၁၉၈၉ ခုနှစ်က ရေးသားခဲ့လေ

တော့ ၂၀၁၀ ပြည့်နှစ်တွင်သာ ဆရာမအသက်ထင်ရှားရှိနေလျှင် ဘာတွေ ရေးနေမလဲဟူ၍လည်း ဆက်၍တွေးနေမိသည်။

'မျှော်သူမှာမောရရှာတယ်' ဝတ္ထုထဲတွင်တော့ နိုင်ငံရပ်ခြားတွင် အခြေကျနေသောသမီး၊ မြန်မာစကားမပြောတတ်တော့သော မြေးကလေးများနှင့် အင်္ဂလိပ်စကားတစ်လုံးမှမတတ်သော အဘွားတို့၏အကြောင်းကို ပြုံးချင်စဖွယ်ရေးထားသည်။ သို့သော် 'ဒါဟာပြုံးရယ်စရာကိစ္စမဟုတ်ဘူး' ဟူသောအသိကိုလည်းပေးနေပါသည်။ ထိုသို့ဖြစ်နေရခြင်းအတွက် မည်သူ့ကိုမျှ အပြစ်တင်ကာ တရားခံရှာမနေဘဲ 'ဒီလိုအခြေအနေတွေမှာတော့ ဒီလိုပဲဖြစ်တော့မှာပေါ့လေ' ဟု တွေးတောကာ ပင့်သက်ရှိုက်ရင်း ရေးခဲ့ခြင်းဖြစ်ဟန်တူပါသည်။

နောက်တစ်ခုပြောလိုသည်က 'နေရာ'၊ ထိုဝတ္ထုလေးကို ဟိုးယခင် မဂ္ဂဇင်းထဲတွင်ပါခဲ့စဉ်က ဖတ်ခဲ့ဖူးပြီးဖြစ်သည်။ မိမိ၏နေရာသည် မိမိ၏ဇနီး၊ ခင်ပွန်းနှင့်သားသမီးများ၏ဘေးတွင်သာရှိသင့်၊ ရှိရမည်ဟူသော ခံယူချက်ကို လေးစားနှစ်သက်စွာနှင့် စွဲစွဲထင်ထင်ရှိခဲ့ပါသည်။ သို့သော် ယခုအချိန် ပြန်ဖတ်တော့ ဇာတ်သိမ်းပိုင်းလေးကို အနည်းငယ် စောဒက တက်ချင်လာပါသည်။ ဦးဇော်လတ်၏ ဒုတိယအချစ်ဖြစ်သော 'လင်း' သည် မိမိကိုယ်ကို မိမိအဆုံးစီရင်ကာ ရခဲလှသောလူ့ဘဝမှ စောစီးစွာထွက်ခွာသွားမည့်အစား အခြားထွက်ပေါက်တစ်ခုခုကို ဘာသာရေးအရင်းခံပြီး ရှာဖွေသွားသင့်သည်ဟု ယူဆမိပါသည်။ ဒါကတော့ ကျွန်မ၏ အသက်အရွယ်ကြီးရင့်လာမှုနှင့် ဘာသာရေးအသိအမြင် ရင့်ကျက်လာမှုကြောင့် ဖြစ်ပါသည်။

ဆရာမြသန်းတင့်က စာဖတ်သူသည် ကျောက်တူးသမားနှင့် တူသည်ဟု ပြောဖူးပါသည်။ ကျောက်တူးသမားများသည် မမြင်ရသော ကျောက်ကို မှန်းဆ၍ တူးရသည်ဖြစ်၍ ကျောက်တူးသည်ဆိုတိုင်း ကျောက်မျက်ကောင်းလေးတွေကိုချည်း ရတတ်သည်မဟုတ်ပါ။ ကျောက်ဖြုန်း၊ ကျောက်ဖွဲများကိုလည်း ရတတ်ကြပါသည်တဲ့။ ကျောက်တူးသမားက ကျောက်ကောင်းလေးတစ်ပွင့်တွေ့လျှင် ဝမ်းသာရသလို စာဖတ်သူကလည်း စာကောင်းလေးတစ်ပုဒ်ဖတ်ရလျှင် ဝမ်းသာပီတိဖြစ်ရသည်ဟု ဆိုပါသည်။

ယခု ဤစာအုပ်ကိုလက်ဝယ်ကိုင်ထားသော စာဖတ်သူအား ကျွန်မက သတင်းကောင်းလေး ပေးလိုပါသည်။ 'သင်၏လက်ထဲတွင် ကျောက်ကောင်းလေး ရှစ်ပွင့် အသင့်ရှိနေသည် ' ဟု အလေးအနက် ပြောလိုပါသည်။ အချိန်ကလေးပေးပြီး တူးဖော်ကြည့်လိုက်စေချင်ပါသည်။

လေးစားစွာဖြင့်

မစန္ဒာ

# နေရာ

တနင်္လာနေ့ အချိန်က နံနက် ၈ နာရီခွဲ။

ကျွန်တော်ကားပေါ်မှ ဆင်းလိုက်သောအခါ ရုံးစောင့်လူရွယ်သည် မတ်မတ်ရပ်လျက် ရှိသေစွာပြုံး၍ကြိုသည်။

ကျွန်တော်ရုံးမတက်နိုင်ခဲ့သည်မှာ အတော်ကြာသွားပါပကော။ စုစုပေါင်း ၁၂ ရက်။

ရုံးခန်းအဝင်ဝရှိ စားပွဲတွင် ကျွန်တော်၏ပီအေ(ကိုယ်ရေးအရာရှိ) အဖြစ်ဆောင်ရွက်သော ကိုချိုအောင် ရောက်နှင့်နေပြီ။ ရုံးလုလင်ကြီး ဦးပြန့်သည် ကျွန်တော့်လက်မှအိတ်ကို ဆီးကြိုယူရင်း ...

" ဆရာ ... ကလေးအတော်နေကောင်းသွားပလား "

" ဟုတ်တယ် ဦးပြန့်၊ စိတ်ချရပါပြီ "

ကျွန်တော်က သူ၏မေတ္တာကို ကျေးဇူးတင်စွာ တုံ့ပြန်လိုက်ရပါ၏။

အချိန်အနည်းငယ်စောသေးသဖြင့် ဘယ်သူမှရောက်ကြသေးဟန် မတူ။ တစ်ရုံးလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျယ်ဝန်းသော ရုံးခန်းထဲ ကျွန်တော်တစ်ယောက်တည်း။

အလုပ်စားပွဲတွင် ထိုင်မိသောအခါ ကိုချိုအောင်အဆင်သင့်စုပုံပေးထားသော အလုပ်ကြွေးများကိုဆပ်ရန် ဟန်ပြင်ရ၏။

အပေါ်ဆုံးမှာ တွေ့ရသည်က မိတ္ထီလာမြို့နယ်ဦးစီးဌာနမှူး ဦးအောင်မြင့်၏ အစီရင်ခံစာ။ ကျွန်တော့် လက်အောက် အရာရှိလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သော ကိုအောင်မြင့်သည် အလုပ်လုပ်ရာ၌ အလွန်လက်သွက်သူ ဖြစ်၏။

အခုကြည့် ... သူက ထိပ်ဆုံးက၊ ကျွန်တော်ပြုံးမိ၏။

သူ့အစီရင်ခံစာကိုဖတ်မည့်ဆဲဆဲ ကျွန်တော့်စားပွဲပေါ်မှ တယ်လီဖုန်းက မြည်လာသည်။ ကျွန်တော်ကိုင်လိုက်သောအခါ မိတ္ထီလာမှလာသောဖုန်း။

ပြောသူက ကိုအောင်မြင့်ကိုယ်တိုင်။

" ဟဲလို ... ကိုအောင်မြင့်လား။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ အခုပဲ ခင်ဗျားရှိပို့ကိုဖတ်မလို့လုပ်နေတာ။ ကျွန်တော့်သားလဲ နေကောင်းသွားပြီ"

တစ်ဖက်မှ ရုတ်တရက်ဘာစကားမှပြန်မပြော။ ကျွန်တော်က ထပ်၍ " ဟဲလို "ဟု ဆိုလိုက်မှ ...

" ဒီမှာ ကိုဇော်လတ်၊ ကျွန်တော်အရေးကြီးတဲ့ကိစ္စတစ်ခု ပြောချင်လို့ပါ။ မနေ့က ခင်ခင်လင်း အိပ်ဆေးတွေ သောက်ပြီး သူ့ဆိုက်(suicide) လုပ်သွားတယ် ... "

" ခင်ဗျာ ... ကိုအောင်မြင့် ... "

ကျွန်တော့်တစ်ကိုယ်လုံးရှိသွေးများ ရပ်သွားသလို ခံစားလိုက်ရသည်။ လက်ထဲမှ ကိုအောင်မြင့်၏ အစီရင်ခံစာများသည် စားပွဲပေါ်အချို့၊ ကြမ်းပေါ်အချို့ လွင့်ကျပြန့်ကျဲသွားသည်။

"လင်း ... လင်း ... ဘယ်လိုလုပ်လိုက်တာလဲ လင်းရယ်"

ကျွန်တော်သည် နှစ်ကြိမ်တိုင်တိုင် ကိုအောင်မြင့်ကိုစကားပြန်ပြောဖို့ ကြိုးစားပါ၏။ နှစ်ကြိမ်စလုံးပင် မအောင်မြင်။ ရင်ထဲ၌ လည်ချောင်းထဲ၌ ဆို့နစ်နေ၏။ ကျွန်တော့်မျက်စိထဲ၌ အရာဝတ္ထုအားလုံးမှုန်ဝါးသွားကာ ရုံးခန်းသည် ချာချာလည်နေသည်။ ကျွန်တော် မျက်စိကိုမှိတ်ကာ ကုလားထိုင်နောက်သို့ မှီချလိုက်မိသည်။

" ဘယ်လိုဖြစ်တာလဲ ကိုအောင်မြင့်ရယ်၊ ပြောပါဦးဗျာ "

စကားပြောနိုင်သောအခါ ကျွန်တော့်အသံသည် တုန်ရီကွဲအက်နေသဖြင့် ကိုယ့်အသံဟုပင် မထင်မိ။

" ဘာကြောင့်လဲဆိုတာတော့ အခုထိ ဘယ်သူမှမပြောနိုင်ကြသေးပါဘူး။ မနေ့က မနက်စောစောက သောက်တာ ညနေလေးနာရီမှာ ဆုံးတယ်။ ကျွန်တော်ကလဲ ကိစ္စတစ်ခုနဲ့ ကလောမှာ ရောက်နေတယ်လေ။ အခုမနက်မှ မိတ္ထီလာကို ပြန်ရောက်တယ် "

" စာတွေ ဘာတွေကော ရေးမထားခဲ့ဘူးလား "

" ဘာမှမထားခဲ့ဘူး "

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အနည်းငယ်ထိန်းနိုင်လာသည်။

" ဖြူနရယ်(အသုဘ)ဘယ်တော့လဲ၊ ဘယ်သူတွေစီစဉ်နေသလဲ"

" တောင်ကြီးက သူ့အစ်ကိုနဲ့ယောင်းမ ရောက်နေပါပြီ။ မနက်ဖြန် သင်္ဂြိုဟ်မှာပဲ။ သူ့ယောကျ်ားနဲ့ကလေး အနားမှာပဲ မြှုပ်မယ်ပြောပါတယ်။ ကျွန်တော်လဲ အခုညနေ ကလောကိုပြန်သွားမယ် "

" ကျွန်တော် လာခဲ့ရမလား "

" ခင်ဗျားမလာပါနဲ့၊ ခင်ဗျားကိုယ်စားကျွန်တော်သွားမှာပါ "

" ကိုအောင်မြင့် ကျွန်တော်တော့ ဘယ်နည်းနဲ့မှ မယုံနိုင်အောင် ဖြစ်နေတယ်ဗျာ "

" ကျွန်တော်က ပိုဆိုးတာပေါ့။မသေခင်တစ်နေ့က သူ့အိမ်ဝင်တော့ ပြုံးပြုံးရွှင်ရွှင် ဧည့်ခံလိုက်သေးတယ်။ ခင်ဗျားသားအတွက် ဆုတောင်းနေတဲ့ အကြောင်းတောင် ပြောနေသေးတယ်။ လင်နဲ့သား ခြောက်လပဲခြားပြီးသေ တုန်းကတောင် ခံနိုင်ရည်ရှိခဲ့တဲ့ အမျိုးသမီးဗျာ။အခုဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော် မစဉ်းစားတတ်အောင်ပါပဲ "

"ကိုအောင်မြင့်၊ ဒါပဲနော်၊ကလောကပြန်လာရင် ဖုန်းထပ်ဆက်ပါ"

ကျွန်တော် ကိုအောင်မြင့် ဆက်ပြောနေမှာတွေကို နားမထောင်ချင်၊ နားမထောင်ဝံ့သဖြင့် စကားဖြတ်ပြီး ဖုန်းကိုချလိုက်မိ၏။

စိတ်ကို အနိုင်နိုင်ထိန်းပြီး ပြန့်ကျဲလွင့်ကျနေသော ကိုအောင်မြင့်၏ အစီရင်ခံစာ စာရွက်များကို လိုက်ကောက်ရ၏။ ပူနွေးသော မျက်ရည်စက်များ စာရွက်ပေါ်သို့ ရုတ်တရက် လွင့်စင်ကျလာသည်။

" လင်း ... "

သူ့နာမည်ကို တိုးတိုးကလေး ခေါ်ကြည့်မိသည်။ ယခင်က ဒီ နာမည်ကိုခေါ်တိုင်း အတိုင်းမသိ ရင်ထဲမှာသာယာကြည်နူးခဲ့ရသလောက်။

အခုတော့ ... ကျွန်တော့်နှလုံးသားကို ဓားနှင့်မွှန်းလိုက်သလို စူးရှနာကျင်သွားလေသည်။

ကျွန်တော် ကုလားထိုင်တွင်ပြန်ထိုင်၍ ခေါင်းကိုနောက်သို့မှီချရင်း

မျက်စိကို ခပ်တင်းတင်းမှိတ်လိုက်သည်။

ကျွန်တော့်ရှေ့မှ ခြေသံကြားသဖြင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ ...ကိုချိုအောင်။

" ခင်ဗျား ... သိပြီးပြီလား "

" ဟုတ်ကဲ့ ... ဦးအောင်မြင့်က ကျွန်တော်နှင့်အရင်ပြောပြီးမှ ဆရာနှင့်ပြောတာပါ "

ခေတ္တမျှ တိတ်ဆိတ် သွားကြ၏။

ကိုချိုအောင်သည် ကျွန်တော်နှင့်အသက်မတိမ်းမယိမ်းအရွယ်ရှိ ရုံးမှအရာရှိတစ်ဦးဖြစ်၏။ ကျွန်တော်၏ကိုယ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့သည်မှာ ၂ နှစ်ခန့်ရှိပေပြီ။ ကိုယ်ရေးအရာရှိပီပီ ကျွန်တော့်အမှုကိစ္စမှန်သမျှတွင် (ရုံးရေးကိုယ်ရေးကိုယ်တာပါ) သူပါဝင်ရပါ၏။

" သူ ဘာကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ ကျွန်တော်မတွေးတတ်အောင်ပါပဲဆရာ "

လာပြန်ပြီတစ်ယောက်။

ကျွန်တော်ဆက်လက်၍ ခံနိုင်ရည်မရှိတော့။ ကျွန်တော့်ရင်ထဲမှာ ပေါက်ကွဲပါလေပြီ။

" ဒီမှာ ကိုချိုအောင်၊ သူ ဘာကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ ခင်ဗျားတို့ တကယ်မသိဘူးလားဟင်။ ခင်ဗျားကျုပ်ကိစ္စမှန်သမျှ အကုန်သိတယ်ဆို။ ဒါကျတော့ မသိဘူးလားဗျာ။ မသိရင်နားထောင် ကျုပ်ပြောပြမယ်။ သူက လှတယ်၊ သူ့ကို ကျွန်တော်ချစ်မိတယ်။ သူ့ဘဝကို သနားတယ်။ သူကျွန်တော့်ကိုပြန်ချစ်လာအောင် ကျွန်တော့်ကြိုးစားတယ်။ ကြာတော့ သူကလဲ ပြန်ချစ်တယ်။ ကျွန်တော်က မဖြစ်နိုင်မှန်းသိတဲ့ကတိတွေ၊ မျှော်လင့်ချက်တွေပေးမိတယ်။ သူက ယုံကြည်တော့ ကျွန်တော်ဟာ သူ့ဘဝ သူ့မျှော်လင့်ချက်ဖြစ်လာတယ်။ အဲကျွန်တော် ပေးတဲ့ကတိတွေ မဖြစ်နိုင်ဘူးလို့ သိတဲ့အချိန်မှာ သူ့ဘဝ ပျက်သွားတာပေါ့။ သိပြီလား ကိုချိုအောင်၊ သူ့ကိုသတ်တာ ကျွန်တော်ပဲ၊ ရှင်းနေတာပါပဲဗျာ "

စကားဆုံးလျှင် ကျွန်တော့်မျက်နှာကို လက်နှစ်ဖက်နှင့် ဖုံးအုပ်ပြီး

စားပွဲပေါ်သို့ မှောက်ချလိုက်မိသည်။ လှိုက်လှဲနာကျင်မှုဖြင့် ကျွန်တော့်ရင်ထဲတွင် တင်းကျပ်ပြည့်သိပ်ကာ အသက်ရှူ၍ မဝသလို ရှိုက်ငင်နေပါတော့၏။

ခဏကြာသောအခါ ကျွန်တော် အနည်းငယ်ထိန်းနိုင်လာပြန်သည်။

မျက်စိဖွင့်လိုက်သောအခါ ကျွန်တော့်အနားတွင် ကိုချိုအောင်မရှိတော့ပေ။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး ပြတင်းပေါက်သို့သွားရပ်ကာ ပြင်ပသို့ငေးမျှော်ကြည့်လိုက်မိသည်။ ဖေဖော်ဝါရီလ၏ဆောင်းနှောင်းနံနက်ခင်းသည် အေးချမ်းသာယာလှပါ၏။ ချစ်စဖွယ် နေခြည်နုနုအောက်တွင် လောကကြီးတစ်ခုလုံးလှပရွှန်းစိုနေသည်။

လွန်ခဲ့သည့် သုံးလခန့်က ယခုလိုလှပသော ဆောင်းဦးနံနက်ခင်းမျိုးမှာပင် ကျွန်တော်လင်းကို ပထမဆုံးအကြိမ်ဆုံတွေ့ခဲ့ရပါသည်။

♥ ♥ ♥

" ဆရာ အပြင်မှာ ဒုဗိုလ်မှူးကြီးမြတ်ထူးရဲ့မိန်းမ ဒေါ်ခင်ခင်လင်းဆိုတာ ရောက်နေတယ် "

" ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်လဲ အခုတင်အစည်းအဝေးပြီးတာ၊ ကြည့်ပြောလိုက်ဗျာ "

" သူက မိတ္တီလာကဦးအောင်မြင့်ရဲ့စာလည်းယူလာတယ် " ကိုချိုအောင် စာကို ထိုးပေးနေပြန်သည်။

ဦးဇော်လတ်ခင်ဗျား

ယခုလာသူမှာ လွန်ခဲ့သည့် ၂ နှစ်ခန့်က ရှေ့တန်းမှာကျဆုံးခဲ့သော ဒုဗိုလ်မှူးကြီးမြတ်ထူးရဲ့ဇနီး ဒေါ်ခင်ခင်လင်းဖြစ်ပါသည်။ သူက ကလောတွင် နေ့ ကလေးထိန်းဌာနကလေးတစ်ခု

ဖွင့်လိုပါသဖြင့် တတ်နိုင်ပါက သူလိုအပ်သော အကူ
အညီများပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျွန်တော်လည်း နောက်လထဲ
မှာ ရန်ကုန် လာစရာရှိပါသည်။ အဲဒီကျမှ တွေ့ကြသေး
တာပေါ့။

လေးစားစွာဖြင့်
အောင်မြင့်

" ဒီနေ့တော့ အချိန်မရှိတော့ဘူးဗျာ၊ မနက်ဖြန် မနက်စောစော
ချိန်းလိုက် "

ကျွန်တော်သည် အစိုးရဌာနကြီးတစ်ခုမှ အကြီးအကဲတစ်ဦး ဖြစ်သည်နှင့်အညီ ဌာနအချင်းချင်း အကူအညီတောင်းသူများ၊ ပြင်ပမှကိုယ်ရေးကိုယ်တာ အကူအညီတောင်းသူများနှင့် မကြာခဏတွေ့ကြုံရပါ၏။ ဌာနအချင်းချင်း တောင်းသောအကူအညီမှာ ဘောင်ဝင်သဖြင့် ပြဿနာမရှိသော်လည်း ပြင်ပမှ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် အကူအညီတောင်းခံလာသောအခါ ငြင်းပယ်ရသည်မှာ အားနာစရာကောင်းလှပါသည်။ တောင်းခံသူကလည်း ပြင်ပမှာမဖြစ်နိုင်၍ လာရောက်တောင်းခံကြခြင်းဖြစ်သည်။ လူမှုရေးအရလည်း ပေးအပ်သင့်သည်မှန်ပါ၏။ သို့သော် စည်းကမ်းအရ ကူညီ၍မဖြစ်နိုင်သောအခါ ကျွန်တော်တို့ကပင် အားနာပါးနာ ချော့မော့ တောင်းပန်၍ ပြန်လွှတ်ကြရသည်မှာ မကြာခဏ။

ထို့ကြောင့် ကိုယ်ရေးကိုယ်တာ အကူအညီတောင်းမည့်သူများ လာလျှင် လက်ခံတွေ့ဆုံရမည်ကို ကျွန်တော်အလွန်ဝန်လေးနေတတ်ပါသည်။

♥ ♥ ♥

နောက်တစ်နေ့။

ကျွန်တော့်ကား ရှုံးရှေ့ဆိုက်လျှင်ပင် ဆင်ဝင်အောက်၌ မနေ့က အစည်းအဝေးတွင်ပါဝင်ခဲ့သော ဌာနတစ်ခုမှ ဒုညွှန်ကြားရေးမှူးကို တွေ့ရသည်။

" မနေ့ကအစည်းအဝေးမှာ ညှိနှိုင်းဖို့ကိစ္စလေးတစ်ခု ကျန်သွားလို့ ကျွန်တော်တို့ညွှန်မှူးက လွှတ်လိုက်လို့ပါခင်ဗျာ "

" လာဗျာ၊ အတော်ပဲ တစ်ခါတည်းလိုက်ခဲ့ "

ကျွန်တော်အခန်းသို့အဝင်တွင် ကျွန်တော့်နောက်မှ ကပ်ပါလာသော ဧည့်သည်ကို ကိုချိုအောင် မကျေမနပ် ကြည့်ရင်း ... ။

" မနေ့ကချိန်းထားတဲ့ ဒေါ်ခင်ခင်လင်း ဧည့်ခန်းထဲမှာရောက်နေပါပြီ "

" အင်း ... အင်း "

ကျွန်တော် ပြီးစလွယ် 'အင်း' လိုက်ခဲ့ရ၏။

ကိစ္စပြီး၍ ဧည့်သည်ပြန်သွားသောအခါ ကိုချိုအောင် အနားရောက်လာပြန်သည်။

ကျွန်တော်က ယနေ့နေ့လယ် တွေ့ရမည့် နိုင်ငံခြားဧည့်သည်နှင့် ပြောစရာအချက်များကို မှတ်စုထဲတွင် ချရေးနေသည်။

" ဆရာ ... ဒေါ်ခင်ခင်လင်း "

" အို ... ခင်ဗျားအဘွားကြီး အသာထားစမ်းပါအုံး။ ဒီမှာ မပြီးသေးဘူး "

" ဟီး ... ဟီး "

ကိုချိုအောင် မရယ်စဖူး မျက်နှာပြုံးဖြဲဖြဲကြီး ဖြစ်နေသဖြင့်ကျွန်တော် အံ့အားသင့်သွားသည်။

" ဘာလဲဗျ၊ ဘာရယ်တာလဲ "

" ဟိုဒင်း ... ဟို ... အဘွားကြီးမဟုတ်ဘူးဆရာ "

" ဟာဗျာ–အရေးထဲမှာယ် ခင်ဗျားကလဲ လုပ်နေပြန်ပြီ အဘွားကြီး မဟုတ်ရင်လဲ အဘွားလေးပေ့ါ။ ကဲဗျာ .... ခေါ်ခဲ့ ခေါ်ခဲ့ ခင်ဗျား

အဘွားလေးကို ''

ကိုချိုအောင်ဝမ်းသာအားရ လှစ်ခနဲထွက်သွားပါတော့သည်။

▼ ▼ ▼

ကျွန်တော် တစ်ခဏလောက်တော့မလှုပ်ရှားမိဘဲ ဖြစ်သွားပါသည်။

'' အင်း ဒါကြောင့် ကိုချိုအောင် ဒီလောက် ယောက်ယက်ခတ်နေတာကိုး ''

ဒေါ်ခင်ခင်လင်း၏အလှသည် တွေ့မြင်နေကျ မဟုတ်သော ရှားပါးသောအလှမျိုးဖြစ်သည်။ အင်္ဂလိပ်စကားနှင့်ပြောရလျှင် (Classic) အဆင့်အတန်းမြင့်သောအလှဟု ဆိုရမည်လားမသိ။ သူ့ကိုကြည့်ပြီး မဂ္ဂဇင်း နှင့် စာစောင်အချို့တွင် မကြာခဏ ကျွန်တော်မြင်ဖူးနေသော ထိုင်းနိုင်ငံဘုရင်၏ မိဖုရား ''ဆီရိခေတ်''ကို သတိရလိုက်သည်။ လှလွန်းလှချည့်ဟု ရင်သပ်ရှုမောမဖြစ်ရသော်လည်း မျက်စိထဲ၌ ကြည်လင်အေးမြသွားလေသည်။

မြင်ရသူအဖို့ တသသ,ထားရမည့် တန်ဖိုးရှိသော အနုပညာလက်ရာတစ်ခုလို စိတ်ထဲကအလိုလို သတ်မှတ်ပြီးသားဖြစ်နေသည်။

တိုတိုပြောရလျှင် ကိုချိုအောင်ကဦးဆောင်ခေါ်လာ၍ ထုံးစံအတိုင်း မိတ်ဆက်ပေးပြီး ထွက်သွားသောအခါ သူက သူ့ရည်ရွယ်ချက်၊ သူ့အကောင်အထည်ဖော်လိုသောကိစ္စ၊ သူလိုသောအကူအညီကိုတောင်း၏။ ကျွန်တော်က ကျွန်တော့်ဌာနနှင့် တိုက်ရိုက်မသက်ဆိုင်သဖြင့် အခြားဌာနတစ်ခုကို ညွှန်ရ၏။ ထိုဌာနမှ အကြီးအကဲကို ကျွန်တော်ကိုယ်တိုင် ချက်ချင်းဖုန်းဆက်ပြီး ချိန်းပေးမိ၏။ သူ့အခက်အခဲများကိုပင် ဖုန်းထဲမှရှေ့နေလိုက်၍ ပြောပေးလိုက်မိပါသေးသည်။

ထိုနေ့က ကိုချိုအောင်သည် ''ကဲ ... ကျွန်တော် မပြောဘူးလား'' ဟူသော မျက်နှာပေးဖြင့် ကျွန်တော့်ကိုမကြာခဏကြည့်နေကြောင်း

သတိပြုလိုက်မိပါသည်။

▼ ▼ ▼

သူ့မှာ အထူးခြားဆုံးက တည်ငြိမ်ရင့်ကျက်သောဟန်နှင့်စကားပြောပုံ အမူအရာ၊ အရွယ်အတော်အတန်ရပြီးသော မိန်းမတစ်ယောက်လို့ပင် ထင်ရသည်။ သို့သော် မျက်နှာနှင့်ကိုယ်လုံးကိုယ်ထည်ကတော့ အပျိုလေးတစ်ယောက်လိုပင် ချောမောပြေပြစ်၍ အချိုးအစားကျသည်။

ကျွန်တော်တို့ယောကျာ်းများသည် အသက်ငယ်ရွယ်ပျိုမြစ်သူများကိုသာ မက်မောကိုးကွယ်တတ်ကြသည်။ တကယ်တော့ ငယ်ရွယ်သူတို့၏ အလှသည် ပြီးပြည့်စုံခြင်းမရှိသေးသောအလှဖြစ်၍ စိတ်ဝင်စားဖွယ် မကောင်းလှဟု ကျွန်တော်ထင်သည်။ ဒီနေ့မနက် တွေ့မြင်ခဲ့ရသော အလှကတော့ ကိုယ်ပိုင်ဟန်တစ်ခုကို ပိုင်ဆိုင်ထားသောအလှ၊ ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင်ရှိသော၊ ပွင့်လင်းသောအလှ၊ ရဲရင့်တည်ငြိမ်သော အကြည့်။

အို . . . ကျွန်တော် ဘာကြောင့်များ ဒီမိန်းမအကြောင်းကို တွေးနေမိပါလိမ့်။

ကျွန်တော့်ဇနီး ကြည်လေးသည် ကျွန်တော့်ဘေးတွင် အိပ်ပျော်-လျက်ရှိ၏။ တကယ်တော့ ကျွန်တော်သည် တစ်ချိန်က၊ ကျောင်းတုန်းက ပွေသင့်သလောက် ပွေခဲ့ပါ၏။ စွံသင့်သလောက်လည်း စွံခဲ့ပါ၏။ ယခု ကျွန်တော် အသက် ၄၂ နှစ်ထဲမှာ။ ကျွန်တော့်သားကြီး ဘိုဇော်လတ်က ၁၈ နှစ်။ သမီးငယ် ချိုလတ်ပင် ၁၆ နှစ်အရွယ် အပျိုပေါက်ဖြစ်နေပြီ။ ကျွန်တော် မိန်းမတစ်ဦးတစ်ယောက်၏အကြောင်းကို မတွေးမိ မစဉ်းစားမိသည်မှာ ကြာလှပါပကော။

ကျွန်တော်နှင့် ကျွန်တော့်ဇနီး ခင်ကြည်ယဉ်သည် ကောလိပ်မှာ တွေ့ကြပြီး သမီးရည်းစားဖြစ်ကာတွဲခဲ့ကြ၏။ နောက်တော့ ဘွဲ့မရခင်ပင် လက်ထပ်ခဲ့ကြ၏။ နှစ်ဦးနှစ်ဖက်မိဘများက တတ်နိုင်ကြသည်ကိုး။ ကြည်လေးက တစ်ဦးတည်းသောသမီး၊ မိဘများက ဘိုကလေးဘက်တွင် ဆန်စက်

နစ်လုံးပိုင်သည်။ ကျွန်တော်က လက်ထပ်ပြီး ကျောင်းဆက်တက်၍ ဘွဲ့ယူခဲ့သော်လည်း ကြည်လေးက ဆက်မနေတော့ပေ။

ဘွဲ့ရပြီးသောအခါ ကျွန်တော်က စစ်ထဲဝင် ဗိုလ်သင်တန်းတက်၏။ ကျွန်တော်ဗိုလ်ကြီးဘဝနှင့် နယ်ပြောင်းရသောအခါ ကြည်လေးနှင့် ကလေးငယ်နှစ်ဦးက ဝင်ဒါမီယာရှိ သူမိဘများ ဝယ်ပေးသောတိုက်တွင် ကျန်ရစ်လေသည်။

အမှန်စင်စစ်တွေးကြည့်လျှင် ကျွန်တော်သည် ဘဝတစ်လျှောက်လုံး၌ ကံကောင်းခဲ့သူတစ်ဦးဖြစ်ပါသည်။ နောက်ပိုင်းက သားမယားအတွက် စီးပွားရေးကို ပြန်မငဲ့ရသဖြင့် ကျွန်တော့်ဘဝတွင် ကျွန်တော်ဖြစ်လိုသော ရည်ရွယ်ချက်မှန်သမျှကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ နောက်ပိုင်းကို လှည့်မကြည့်ဘဲ ကျွန်တော့်တက်လမ်းကို စိတ်တိုင်းကျကြိုးပမ်းနိုင်ခဲ့သည်။ ပတ်ဝန်းကျင်တွင် ကျွန်တော်အလွန်အလုပ်လုပ်ကြောင်း၊ တော်ကြောင်းချီးမွမ်းသံတို့ကြားရသောအခါ ကျွန်တော်ကျေနပ်နှစ်သိမ့်မိပေသည်။

ထို့ကြောင့်ပင် ကျွန်တော် ဗိုလ်မှူးအဆင့်ရောက်သောအခါ နယ်ဘက်သို့ပြောင်း၍ ဌာနကြီးတစ်ခုကို ဦးစီးရပြန်သည်။

ကျွန်တော့်အသက်အရွယ်နှင့် ဤမျှမြင့်မားသောရာထူးကိုထမ်းဆောင်ရသောအခါ ပို၍ကြိုးစားရပါ၏။ ကျွန်တော့်ဘဝသည် ကျွန်တော့်အလုပ်။ ကျွန်တော့်အလုပ်သည် ကျွန်တော့်ဘဝ။ များပြားလှသောအလုပ်တာဝန်များ ကြားတွင် ဘာကိုမျှတွေးချိန်မရ။ တွေးလည်း မတွေးလိုခဲ့ပါချေ။

ယနေ့ညတော့။

ကျွန်တော့်စိတ်ကို ကျွန်တော် အလိုလိုက်ပါမည်။

♥ ♥ ♥

နောက်တစ်နေ့ ရုံးရောက်သောအခါ ကိုချို့အောင်ကို မိတ္ထီလာသို့ ဖုန်းခေါ်ခိုင်းလိုက်၏။ အဆင်သင့်ပင် ကိုအောင်မြင့်နှင့်တွေ့သည်။ ကျွန်တော်က ခင်ခင်လင်းလာသည့်အကြောင်း၊ ကူညီလိုက်ကြောင်းကို ကိုအောင်မြင့်

အား မျက်နှာလို အားရ ပြောနေမိပြန်သည်။ အမှန်ကတော့ ကိုအောင်မြင့်ထံမှ သူ့အကြောင်းကြားလို၍ ဆက်ခြင်း ဖြစ်ကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် သိနေသည်။ ကိုအောင်မြင့်ကလည်း ပြောချင်ချင်မို့ မေးပင်မနေရ၊ ခင်ခင်လင်းသည် ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ခဲ့ကြောင်း၊ အမွေအနှစ်များကျန်ခဲ့ကြောင်း၊ ခင်ပွန်းသည် ဗိုလ်မှူးကြီး ကျဆုံးသွားပြီး ၆ လအကြာတွင်တစ်ဦးတည်းသောသားလေး ၁၂ နှစ်အရွယ်သည် ကားမှောက်သေဆုံးသွားခဲ့ကြောင်း စသည်ဖြင့် . . .

" သူနှင့်ကျွန်တော်နှင့်က ကလောကောင်းစ်ဝုဒ်ဟိုက်စကူးမှာ အတူတူ နေခဲ့ဖူးတယ်ဗျ။ ကျောင်းတုန်းကတော့ ခင်ခင်လင်းက First Rate Beauty (ထိပ်တန်းအလှစာရင်းဝင်)ပေါ့ "

" အင်း . . . အခုလည်း First Rate Beauty ပါပဲဗျာ "

ကျွန်တော့်နှုတ်မှ လွှတ်ခနဲ ပြောလိုက်မိသည်။

"ဟိုး ... ဟိုး ... ဆရာကြီး ကောလိပ်တုန်းက ငယ်မူငယ်ခြေတွေ ပြန်များမဖော်လိုက်ပါနဲ့နော်။ ကြည်လေး ကျွန်တော့်ကို လိုက်ရိုက်လိမ့်မယ်"

ကျွန်တော်တို့နှစ်ယောက် ရယ်မိကြ၏။

" အဲလကား စ,တာပါဗျာ၊ ကျွန်တော်တို့အသက်တွေ ငယ်တော့တာမှ မဟုတ်တာ၊ သားကြီးတောင် အာအိုင်တီ ရောက်နေပြီ "

" ခင်ဗျားစိတ်ကကြီးပေမယ့် ရုပ်ကမကြီးသေးဘူး။ ချောတုန်းပဲဗျ။ အဲဒီတော့ စိတ်မချရဘူး "

ကိုအောင်မြင့်နှင့် ကျွန်တော်သည် ရာထူးအဆင့်ချင်း ကွာနေသော်လည်း ကောလိပ်တုန်းက အင်တာ(ဘီ)တွင် အတော်တွဲခဲ့ဖူးသဖြင့် အထက်လူကြီးနှင့်လက်အောက်အရာရှိ ဆက်ဆံရေးမျိုးမဟုတ်ဘဲ ရင်းရင်းနှီးနှီးရှိနေပါသည်။

♥ ♥ ♥

ကြည်လင်တောက်ပသော မျက်လုံးများနှင့် ဌေးရိပ်သမ်းနေသော အကြည့်။

ဘဝမှာ ဒီလောက်ဝမ်းနည်းကြေကွဲစရာကို ကြုံရပြီးမှတော့ ဘယ်မျက်လုံးများသည် လှုပ်ရှားမြူးကြွ နိုင်ပါတော့မည်နည်း။ နှုတ်ခမ်းကလေးကလည်း ပြုံးတာတောင်မှ ကမ္ဘာကျော်ပန်းချီကားထဲက''မိုနာလီဇာ''လို ပြုံးသည် ဆိုရုံကလေး။

ရုပ်လှသလောက် ကံမလှတဲ့မိန်းမ။

" ကိုကိုရေ ... ကော်ဖီထည့်ခဲ့ရတော့မလား ကြက်ဥကအပြုတ်လား၊ အကြော်လား "

ကြည်လေး၏ မနက်တိုင်းမေးနေကျမေးခွန်းကြောင့် ကျွန်တော့်အတွေးစ ပြတ်သွားသည်။

" ကော်ဖီသောက်ရင်း ကြည်လေးအား ခင်ခင်လင်းအကြောင်းကျွန်တော်ပြောပြမိ၏။ တကယ်တော့ ကြည်လေးကိုအနားမှာထားပြီ အခြားမိန်းမတစ်ဦးအကြောင်း မကြာခဏစဉ်းစားနေမိခြင်းအတွက် ကျွန်တော့်အတွင်းစိတ်ထဲတွင် မလုံမလဲဖြစ်မိပါသည်။ ပြောပြလိုက်ခြင်းဖြင့် ကျွန်တော့်တွင် တစ်စုံတစ်ရာ လျှို့ဝှက်ချက်မရှိဟူသော သဘောသက်ရောက်သွားကာ လိပ်ပြာအနည်းငယ် သန့်သွားသည်။ "

" သနားလိုက်တာ ကိုကိုရယ်၊ သားသေလင်ခုံးဆိုတော့ မယ်ပဗ္ဗာလို ဖြစ်နေမှာပေါ့။ ကြည်လေးသာဆို သေမှာပဲ " ကြည်လေးက ရင်ကိုဖိ၍ပြောရှာသည်။

ဟုတ်ပြီ။ ကြည်လေး ပြောလိုက်မှပင် ကျွန်တော့်ကိုယ်ကျွန်တော် ရိပ်မိတော့သည်။ ကျွန်တော်သူ့ကို သနားနေခြင်းသာဖြစ်သည်။ အခြားဘာမှမဖြစ်နိုင်။ ဟုတ်ပါတယ်။ ကျွန်တော် သူ့ဘဝကိုသနားနေမိတာပါပဲ။

သို့သော် ကျွန်တော့်စိတ်သည် ခင်ခင်လင်းအပေါ်၌ သနားတာထက်ပိုကြောင်း နောက်နှစ်ရက်ခန့်ကြာသောအခါ သိရပါသည်။

▼ ▼ ▼

ထိုနေ့ညနေက ကျွန်တော်ဂေါက်ကွင်းသို့အသွား ပြည်လမ်းမာလာဆောင်ရှေ့ ကားမှတ်တိုင်တွင် သူ့ကိုတွေ့ရပါသည်။

သစ်လွင်ဖျိုမြစ်သော ကျောင်းသူလေးများကြားတွင် သူ့အလှမှာ ထူးထူးခြားခြားပေါ်လွင်နေသည်ဟုဆိုပါလျှင် ကျွန်တော်ပိုလွန်းသည်ဆိုကြမည်လားမသိ။

ကျွန်တော့်ဒရိုင်ဘာကို ကားနောက်ပြန်ဆုတ်ခိုင်းပြီး သူ့ရှေ့၌ရပ်စေသည်။ ကျွန်တော့်ကိုမြင်တော့ များစွာအံ့သြသွားပါသည်။ သူ့ကားလမ်းမှာ ပျက်သဖြင့် ကမာရွတ်လှည်းတန်းက ဝပ်ရှော့တစ်ခုတွင်ထိုးခဲ့ရကြောင်း။ သူက အငှားကားစောင့်နေခြင်းဖြစ်ကြောင်း သိရသဖြင့် အတန်တန်ငြင်းဆိုသည့်ကြားက သူ့ကို ကားနှင့်တင်ခေါ်ကာ ရ မိုင်ရှိသူ့အိမ်ကို လိုက်ပို့ခဲ့ပါသည်။ အိမ်ရောက်၍ သူက " ဆင်းပါဦးလား "ဆိုတော့ နှစ်ခါမခေါ်ရ ကျွန်တော် ဝမ်းသာအားရဆင်းပြီး သူနှင့်စကားလက်ဆုံကျခဲ့မိပါသည်။

တကယ်တော့ ထိုနေ့ညနေသည် ရှေ့လာမည့် သာယာလှပသော ညနေပေါင်းများစွာ၏ ရှေ့ပြေးပဏာမ တစ်ခုမျှဖြစ်သည်ဟု ဆိုပါရစေတော့။

♥ ♥ ♥

ညနေတိုင်း ဂေါက်သီးရိုက်သွားလျှင် ကျွန်တော်ဒရိုင်ဘာမခေါ်တော့။ ကျွန်တော်ကိုယ်တိုင် ကားကို မောင်းသွားသည်။ ယခင်က ကစားပြီးလျှင် ဘီယာသောက်၊ လေပစ်ပြီး အိမ်ပြန်သော်လည်း ယခုတော့ ကစားပြီးလျှင် ကလပ်မှာ ရေချိုး၊ သူ့အိမ်ခဏဝင် စကားပြောပြီးမှ အိမ်ပြန်ခဲ့၏။

ပြောသည့်စကားကလည်း အလုပ်အကြောင်း။ ဖတ်ဖူးသည့်စာအုပ်များအကြောင်း။ ကျွန်တော့်မိသားစု အကြောင်း။ သူကလည်း သူခင်ပွန်းသည်ရှိတုန်းကအကြောင်း။ သားလေးအကြောင်း စသည်များသာ ဖြစ်ပါသည်။

အမှန်စင်စစ်တွင် တစ်ဦးတစ်ယောက်အကြောင်းကို နားထောင်ရသည်မှာ စိတ်ဝင်စားစရာသိပ်အကြောင်းမရှိ။ မတတ်သာ၍နားထောင်ရလျှင်ပင် ငြီးငွေ့ဖွယ်အတိဖြစ်ပေလိမ့်မည်။ ယခုတော့ ကျွန်တော်က အကြောင်းအရာထက် ပြောသူကို စိတ်ဝင်စားနေသဖြင့် မငြီးငွေ့မိ။ သူလည်း ကျွန်တော့်လိုများ ဖြစ်နေမလား။

တစ်ခါတစ်ရံ ဂေါက်ကွင်းပင်မရောက်တော့ သူ့အိမ်မှာတင် တစ်ညနေ ကုန်သွားသည်။

ဂေါက်အပေါင်းအသင်းများက "ဦးဇော်လတ် အခုတလော မတွေ့ပါလား "ဟုမေးလျှင် "ကျွန်တော်ဘားမားမှာရိုက်လို့"၊ "ဒဖင့်စ် (တပ်မတော်ဂေါက်ကွင်း)မှာ ရိုက်လို့ "နှင့် ရန်ကုန်ရှိဂေါက်ကွင်းသုံးခုကို လှည့်ပြောနေရသည်။

ကျွန်တော် ဘာကြောင့်ဒီလိုဖြစ်နေသနည်း။ အလုပ်ကိုသာ အားသွန်ခွန်စိုက်လုပ်ခဲ့သည်မှာ နှစ်ကြာလာ၍ ရင်ထဲမှာခြောက်သွေ့မှန်းမသိခြောက်သွေ့နေလို့ အခုလို သာယာမှုရှာမိသလား။အပေါင်းကို ငြီးငွေ့လို့လား။ အသစ်အဆန်းကို တပ်မက်မောလို့လား။ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ကြည့်၏။ တိကျသော အဖြေကတော့ ရတော့မလိုလိုနှင့် ဝေးဝေးသွားသည်။အစကတော့ " ဟယ် ... ဒီစိတ်တွေဟာ ကြာတော့လည်း ပျောက်သွားမှာပေါ့ "ဟု ပေါ့ပေါ့တွေးထင်ခဲ့သော်လည်း သူနှင့်ကျွန်တော်သည် ဝေး၍မသွား။ တစ်နေ့ထက်နေ့ပို၍ပို၍သာ နီးကပ်လာခဲ့ကြောင်း ကျွန်တော်ရော သူပါသိပါသည်။

သတိထား၍ ကျွန်တော်တို့ ကိုယ်သိက္ခာကိုယ် ထိန်းနေကြသော်လည်း တစ်နည်းအားဖြင့် အပြင်ပန်းမှာ မပွင့်လင်းသော်လည်း ရင်ထဲမှာတော့ အသီးသီးပွင့်လင်းနေကြသည်။ တစ်ဦးခံစားရသည်ကို တစ်ဦးက အစင်းသားသိနေသည်။

တစ်ညနေမှာတော့ အရက်ကလေးတွေတွေနှင့် ကျွန်တော်ပွင့်လင်းလိုက်ပါတော့သည်။

" ဒီမှာလင်း ... အခုလိုကျွန်တော်မကြာခဏ အိမ်ကိုလာနေတာကို လင်း ဘယ်လိုသဘောထားသလဲ၊ လင်းရဲ့စိတ်မှာ အနှောင့်အယှက်ဖြစ်သလားဟင်"

သူ တော်တော်နှင့်မဖြေ။ ကျွန်တော့်မျက်နှာကို သူကြည့်နေကျဟန်အတိုင်း ဆွေးဆွေးမြည့်မြည့်ငေးစိုက်ကြည့်ရင်း အတန်ကြာမှ ...

" အခုအချိန်မှာ လင်းရဲ့စိတ် အနှောင့်အယှက်ဖြစ်မဖြစ် စဉ်းစား

ဖို့မဟုတ်ပါဘူး။ သင့်တော်သလား။ မတော်ဘူးလားဆိုတာကိုသာ စဉ်းစား စေချင်ပါတယ် ''

'' အဲဒါမှာ ကျွန်တော်နဲ့ လင်းနဲ့ ကွဲလွဲနေတာပေါ့။ ကျွန်တော်က တော့ လင်းစိတ်မှာအနှောင့်အယှက်မဖြစ်ဘူး။ စိတ်ချမ်းသာမယ်ဆိုရင် သင့် တော် မတော်ကို ကျွန်တော်မစဉ်းစားချင်ဘူး ''

'' စဉ်းစားရမယ် ဦးဇော်လတ်ရယ်၊ လင်းက တစ်ကောင်ကြွက်၊ လင်းဘဝမှာ ဘာမှဆုံးရှုံးစရာမရှိဘူး။ ဦးဇော်လတ်မှာ ဆုံးရှုံးနစ်နာစရာတွေ အများကြီးမို့ ဒီနေ့ဒီအချိန်ကစပြီး နောက်ဆုတ်ကြပါစို့လို့ လင်းပြောချင်ပါ တယ်။ ပြောချင်နေတာလဲကြာပြီ။ အမှန်ကိုဝန်ခံရရင် လင်းဘဝက အထီး ကျန် အဖော်မဲ့ပြီး ကိုယ့်ဘဝကို ဘယ်လိုနေသွားရမယ်ဆိုတာ အဖြေရှာနေတဲ့ အချိန်၊ အတွယ်အတာလိုနေတဲ့အချိန်မှာ ဦးဇော်လတ်နဲ့လာတွေ့ရတာပါပဲ။ လင်းတို့ ငယ်ရွယ်တဲ့သူတွေလဲ မဟုတ်တော့ပါဘူး။ ကြာရင် မေ့မေ့ပျောက် ပျောက်ဖြစ်သွားကြမှာပါ ''

'' ကြာရင်မေ့မေ့ပျောက်ပျောက်ဖြစ်သွားမယ်လို့ လင်းယုံကြည် လား ... ဟင် ''

'' ယုံကြည်တယ် ''

သူက ပြတ်ပြတ်သားသား ဆိုလာမှတော့ ကျွန်တော်တို့ လမ်းခွဲကြ ရုံပဲပေါ့။

▾ ▾ ▾

တစ်ရက် .. နှစ်ရက် .. ကျွန်တော့်ရင်တွေ ဟာနေသည်။ အလုပ်လုပ်နေရသော်လည်း စိတ်ထဲက တစ်ခုခုကို လတ်တလော ဆုံးရှုံး ထားသူတစ်ယောက်လို ခံစားနေရသည်။

လောကမှာ ထိပ်တန်းရောက်၍ ဂုဏ်မျှအောင်မြင်နေပါလျက်၊ ပြည့်စုံ နေပါလျက် ကျွန်တော့်ရင်ထဲမှာတော့။

ဒါထက်ဆိုးတာက မည်သူ့ကိုမျှလည်း ဖွင့်အန်၍မဖြစ်၊ မျိုသိပ်ရ

လွန်းသဖြင့် ကျွန်တော့်ရင်ထဲတွင် ပေါက်ကွဲလုလု ဖြစ်နေသည်။ ဘာကို ပေါက်ကွဲရမှန်းမသိသောအခါ ကျွန်တော့်စိတ်သည် အနီးဆုံးဖြစ်သော ကို ချိုအောင်အပေါ်သို့ရောက်သွားပြီး ဘာကိုမျှအလိုမကျနိုင်၊ အသေးအဖွဲ ကိစ္စ ကလေးကိုပင် ဒေါသတကြီးအော်မိ၏။

သုံးရက်မြောက်သောနေ့။

ကျွန်တော့်မာနတွေ အရည်ပျော်သွားပြီ ထင်သည်။ ညနေ အလုပ် ပါးချိန်တွင် သူ့ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

" လင်း ... ကျွန်တော်ပါ။ လင်းပြောသလို မေ့ပျောက်မသွားဘူး။ ကျွန်တော့်စိတ်ထဲမှာ အရင်အတိုင်းပဲဆိုတာ ပြောချင်လို့ပါ "

တဖက်မှအသံလွင်လွင်ဖြင့် တိုးတိုးကလေးရယ်သံကိုကြားရသဖြင့် ကျွန်တော် အားရှိသွားသည်။

" ဩော် ... ကိုလတ်ရယ်၊ ဘယ်နှရက်ရှိသေးလို့လဲ "

" သုံးရက်ရှိပြီ "

" အင်းလေ ... တစ်ပတ်တောင်မှ မပြည့်သေးတာ ဘယ်လိုလုပ် မေ့ပျောက်သွားဦးမှာလဲလို့ "

ကျွန်တော့်ကို ကလေးလေးတစ်ယောက်လို ဖျောင်းဖျနေသည်။

" တစ်ပတ်ပြည့်လို့မှမမေ့ဘူးဆိုရင် ကျွန်တော်လာခဲ့ရမလား။ အို ...တစ်ပတ်ပြည့်ဖို့က နောက်လေးရက်တောင်လိုသေးတယ်။ မထူးပါဘူး။ နောက်နှစ်ရက်နေရင် လာခဲ့တော့မယ်လင်းရယ်။ ကျွန်တော့်စိတ်ကိုကျွန်တော် သိပါတယ် "

မှတ်မှတ်ရရ လင်း၏ရယ်သံကို ပထမဆုံးအကြိမ် ကျွန်တော်ကြား ဖူးခြင်းပင်။

▼ ▼ ▼

ခြံဝင်းတံခါးပိတ်ထားသဖြင့် ဟွန်းနှစ်ချက်၊ သုံးချက်ဆက်တီးလိုက် သည်။ လာဖွင့်မည့်သူကိုစောင့်ရင်း ကောင်းကင်သို့မော့ကြည့်မိသည်။ ဝင်လု

ဆဲနေရောင်ခြည်သည် မှုန်ပျပျကလေး လင်းဖြာနေသည်။ ကျေးငှက်အချို့ပင် အိပ်တန်းသို့ ပျံသန်းနေကြလေပြီ။

ကျွန်တော်သည် ယခင်အခါများက အမှတ်မထင်ရှိခဲ့သည်သာ၊ ယနေ့တော့ သဘာဝအလှများကိုပင် သတိမူမိနေသည်။

ဩော် . . . မထိ၊ မတွေ့၊ မမြင်နိုင်သော အချစ်စိတ်သည် တကယ်တော့ တန်ခိုးရှင်ပါလား။

လွန်ခဲ့သည့် ၃–၄ ရက်ကဟာနေခဲ့သော ကျွန်တော့်ရင်သည် အခုတော့ ပျော်ပွဲစားထွက်လာသည့် ဆယ်နှစ်သားလေးလို ပေါ့ပါးရွှင်လန်း နေပါ၏။ ဂေါက်ကွင်းမှအပေါင်းအသင်းများကိုပင် အကြောင်းမရှိ ဘီယာ တိုက်ပစ်ခဲ့သေးသည်။

မကြာခင် ခြံစောင့်ရောက်လာသည်။

" မမ ဒီနေ့မနက်စောစောရထားနှင့် ကလောကိုပြန်သွားပါပြီ"

ရုတ်တရက် ကျွန်တော့်စိတ်သည် ခံစားချက်ပေါင်းစုံ ရောထွေးနေ သဖြင့် ဝမ်းနည်းတာလား၊ အလှည့်စားခံရလို့ စိတ်နာတာလား၊ ကျွန်တော့်မာန ကို ထိသွားလို့ ဒေါသဖြစ်တာလား ဝေခွဲ၍မရအောင်ဖြစ်နေသည်။ ကားကို ခပ်ကြမ်းကြမ်းမောင်း၍ ပြန်ခဲ့၏။

အိမ်ရောက်သောအခါ "ဝီစကီ" ပုလင်းကို ထုတ်၍ တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်နေလိုက်သည်။

ကြည်လေးသည် ကျွန်တော့်ကို ဘာမျှနားမလည်သလို ကြည့်ကာ ထမင်းစားရန်နှင့် အရက်တော်လောက်ပြီဖြစ်ကြောင်း ၃–၄ ကြိမ်မျှ လာ ပြော၏။ ကျွန်တော်က ဘာစကားတစ်ခွန်းမျှမပြောဘဲ ဆက်သောက်သည်။ ၉ နာရီထိုးသောအခါ ကြည်လေးသည် တံခါးဝမှာ လာရပ်ကြည့်သည်။ ပြီးတော့ ချာခနဲလှည့်ထွက်သွားကာ အိပ်ခန်းတံခါးကို ဒိုင်းခနဲ မြည်ဟိန်း သွားအောင် ဆောင့်ပိတ်လိုက်ပါသည်။

ကျွန်တော်တို့အိမ်ထောင်ရေးသက်တမ်း၌ ပထမဆုံးအကြိမ် ကြည် လေး ကျွန်တော့်အား အပြင်းထန်ဆုံးတုံ့ပြန်လိုက်ခြင်းပင်။

♥ ♥ ♥

ညကအရှိန်ကြောင့် ရုံးရောက်သည့်အချိန်အထိ ခေါင်းအုံလျက် ပင်ရှိသေးသည်။ အရက်ရှိန်ပြေသလို ကျွန်တော့်မာနတွေကလည်း ပျော့လုလု ဖြစ်လာ၏။ ညက တင်းထားသော " ချင်းစိမ်းနှင့် မိတ်သလင် " စိတ်ဓာတ် သည် တစ်စတစ်စလျော့ပါးလာသည်။ ယနေ့တစ်ယောက်ယောက်ကိုမှ မဖွင့်အန်ရလျှင် ကျွန်တော်တစ်ခုခု ဖြစ်တော့မည် ထင်သည်။ နောက်ဆုံးတော့

" ကိုချိုအောင်၊ မိတ္ထီလာကိုဖုန်းခေါ်ဗျာ "

နာရီဝက်ခန့်ကြာသောအခါ ကျွန်တော် ကိုအောင်မြင့်နှင့် စကား ပြောရသည်။

"ကိုဇော်လတ်၊ခင်ဗျားသန်ဘက်ခါ မန္တလေးလာမလို့ဆို ကျွန်တော့် ကို မန္တလေးလာခဲ့ဖို့ တိုင်းရုံးကဖုန်းဆက်ခေါ်ထားတယ်၊ အခုကော ဘာမှာစရာ ရှိလို့လဲ"

တကယ်တော့တော့ဆိုင်ဆိုင်ကျတော့ ကျွန်တော်ဘာမျှပြောမထွက်၊ ပြောလို့ကောင်းသည့် ကိစ္စတွေလည်းမဟုတ်။ ကျွန်တော့်ကိုယ်ကျွန်တော် ရှက်သွားသည်။

" အလကားပါဗျာ၊ မတွေ့ရတာကြာလို့ဆက်တာ "

" ဒီမယ် ကိုဇော်လတ်၊ ခင်ဗျား မန္တလေးမှာကိစ္စပြီးလို့ အချိန်နည်း နည်းရရင် ကျွန်တော်နဲ့ မိတ္ထီလာကိုတစ်ရက်နှစ်ရက်လိုက်ခဲ့ပါလား။ ကျွန်တော် တို့ ကင်းတားဘက်သွားပြီး အမဲပစ်ရအောင်လေ "

ဟုတ်ပြီ၊ ကိုအောင်မြင့် ပြောလိုက်မှပင် ခေါင်းထဲ၌အကြံတစ်ခု ဝင်းလက်သွားကာ ကျွန်တော် ထခုန် ချင်လောက်အောင် ဝမ်းသာသွားသည်။

" ကောင်းတယ်ဗျို့၊ ကိုအောင်မြင့် ကောင်းတယ်။ ဟာ. ကြာ ပါတယ်ဗျာ၊ ကျွန်တော် မနက်ဖြန်ပဲ ကားနဲ့ထွက်ခဲ့တော့မယ် "

ကျွန်တော်ဖုန်းပြောပြီးသောအခါ မန္တလေးသို့လေယာဉ်ပျံနှင့် သွား မည့်အစီအစဉ်ကို ချက်ချင်းဖျက်။ ကိုချိုအောင်ကို ရုံးမှ လင်းကရူဇာ (Land

Cruiser)ကားနှင့် မနက်ဖြန်မနက်စောစော ခရီးထွက်ရန်အစီအစဉ်လုပ်ခိုင်းလိုက်ပါသည်။

♥ ♥ ♥

ယခင်က ခရီးထွက်လျှင် လက်အောက်အရာရှိ နှစ်ဦးခန့်လိုက်ပါလေ့ရှိ၏။ ယခုတစ်ခေါက်တော့ မည်သူမျှမပါ။ ကျွန်တော်၊ ကိုချိုအောင်နှင့် ဒရိုင်ဘာ သုံးယောက်တည်းသာဖြစ်သည်။

အသွားတွင် ကျွန်တော်တို့ မိတ္ထီလာကိုခဏဝင် ကိုအောင်မြင့်ကိုခေါ်ကာ မန္တလေးသို့ခရီးဆက်ကြသည်။ မန္တလေးတွင်နှစ်ရက်နေ၍ အလုပ်ကိစ္စပြီးသောအခါ မိတ္ထီလာသို့ ပြန်ဆင်းခဲ့ကြသည်။ ကျွန်တော်တို့ မိတ္ထီလာရောက်တော့ မွန်းလွဲ ၂ နာရီခန့်ရှိပြီ။ ကျွန်တော်အိမ်ပေါ်တက် ရေချိုးပြီး အဝတ်အစားအချို့ကို လက်ဆွဲအိတ်နှင့်ထည့်ကာ အောက်ထပ်သို့ဆင်းလာခဲ့သည်။

ရှေ့ဦးစွာ မုန့်ဟင်းခါးပွဲအသင့်ပြင်၍စောင့်နေသော ကိုအောင်မြင့်၏ဇနီး ဆင့်ဆင့်ကိုတောင်းပန်ရ၏။

" ဆင့်ဆင့် ဘယ်လိုမှစိတ်မရှိပါနဲ့နော်၊ ကျွန်တော် မစားတော့ဘူး။ အခုပဲကလောကိုဆက်သွားတော့မလို့"

၄င်းတွင် ကိုအောင်မြင့် အံ့အားကြီးသင့်ကာ

" ဟာ၊ ကိုဇော်လတ် မဟုတ်တာ၊ ကျွန်တော်တို့ မနက်ဖြန်မနက်စောစောမှထွက်ဖို့ အကုန်စီစဉ်ပြီးပြီ "

" ကျွန်တော် အမဲမပစ်တော့ဘူး။ မိတ်ဆွေတစ်ယောက်ဆီကိုသွားမှာပါ။ ခင်ဗျားတို့မလိုက်ပါနဲ့ရပါတယ် "

" ဒါတော့မဖြစ်ဘူး ကိုဇော်လတ်၊ ခင်ဗျားကို တစ်ယောက်တည်း ဘယ်နည်းနဲ့မှစိတ်မချဘူး။ ကျွန်တော်တို့မှာ တာဝန်ရှိတယ် "

ကျွန်တော် ဘာမှပြန်ပြောမနေတော့ဘဲ ကားပေါ်တက်သည်။ ကိုချိုအောင်က ကားနောက်ဘက် တံခါးကို ဖွင့်၍ ဖွတ်လိုက်မည်ပြုသည်။

" ကိုချိုအောင်၊ ခင်ဗျားမလိုက်ခဲ့နဲ့၊ ဒါကျုပ်အမိန့်ပဲ။ ဒီမှာ ကိုအောင်မြင့် ရှင်းရှင်းပဲပြောပါမယ်ဗျာ၊ ကျွန်တော် ခင်ခင်လင်းဆီသွားမလို့"

သူတို့နှစ်ယောက် ပါးစပ်အဟောင်းသားနှင့် ဘာမှပြန်မပြောနိုင်ခင် ကျွန်တော်ကားကို မောင်းထွက်ခဲ့ပါတော့သည်။

▼ ▼ ▼

ညနေစောင်းအခါ ဝင်းပသောနေခြည်နုအောက်တွင် ကလောမြို့၏အလှကို ရှုမောစဖွယ်တွေ့မြင်ရသည်။ သစ်တော်ပင်နှင့်ထင်းရှူးပင်များ အုပ်ဆိုင်းနေသော မြို့ပတ်လမ်းရှိခြံတစ်ခုသို့ ချိုးဝင်လိုက်သောအခါ ...

လင်းသည် ကားသံကြားသဖြင့် ပန်းခူးနေရာမှ ရုတ်တရက်လှည့်ကြည့်သည်။ ဆွယ်တာအနက်ရောင်ကြောင့် ဖြူဝင်းသောလည်တိုင်နှင့် လှပနုနယ်သော မျက်နှာမှာပို၍ ပေါ်လွင်နေသည်။ ဆွယ်တာအင်္ကျီလက်ကို တံတောင်ဆစ်အထိပင့်ထားသဖြင့် ပြည့်ဖြိုးလှပသောလက်များကို မြင်နေရသည်။ လက်ထဲမှာက နှင်းဆီပန်းတွေ၊ သူ့နောက်မှာက ကျွန်တော် အမျိုးအမည် မပြောတတ်သော ပန်းရောင်စုံတွေပွင့်လျက်၊ လိပ်ပြာကလေးတွေကလည်း ဟိုသည်ပျံဝဲလျက် ...ပန်းချီကားတစ်ချပ် ... အို ... တကယ်ပန်းချီကား တစ်ချပ်ကို ကြည့်နေရသလိုမို့ ကျွန်တော် မျက်တောင်ပင်မခတ်မိ။ မျက်စိထဲမှာ တစ်ခါတည်းစွဲမြဲသွားအောင် ကြည့်နေလိုက်မိသည်။

ကျွန်တော့်ကိုမြင်တော့ သူ့မျက်နှာသည် အံ့ဩဝမ်းသာသွားပုံရပါသည်။ နောက်တော့ ရုတ်ခြည်းပင်ညှိုးရော်ကာ မှုန်ငေးငေးဖြစ်သွားသည်။

ကျွန်တော် လက်ဆွဲအိတ်ကိုယူ၍ ကားပေါ်မှ ဆင်းလိုက်သောအခါ " ဘာလို့လိုက်လာတာလဲ " ဟူ၍လည်းမမေး။ (ဘာလို့လိုက်လာသည်ကို သူသိပြီး ဖြစ်ပါလိမ့်မည်။) " မသင့်တော်ပါဘူး။ ပြန်သွားပါ " ဟူ၍လည်းမနှင်။ (နှင်လျှင်လည်း ကျွန်တော်ပြန်မည်မဟုတ်ကြောင်း သူသိဟန်တူပါ၏)သူကြည့်နေကျဟန်အတိုင်း ကျွန်တော့်ကို ဆွေးဆွေးမြည့်မြည့် ကြည့်နေသည်။

ကြည့်နေရင်းပင် လှပသောမျက်လုံးအစုံတွင်မျက်ရည်များပြည့်လျှမ်း

လာကာ ကျလုလုဖြစ်လာသည်။ ကျွန်တော် ဘာတစ်ခွန်းမျှမပြောဘဲ သူ့ပခုံးကို လှမ်းဖက်လိုက်ပြီး လက်တစ်ဖက်မှအိတ်ကိုဆွဲလျက် အိမ်ထဲသို့ ဝင်ခဲ့ကြပါသည်။

♥ ♥ ♥

ကလောတွင် နေခဲ့ရသောအချိန်များသည် ကျွန်တော့်အတွက် နှစ်ရှည်လများ တောင့်တအပ်သော၊ တကယ်မဖြစ်နိုင်သော အိပ်မက်တစ်ခုကို မက်ရသကဲ့သို့ပင်။

ကျွန်တော်တို့ နှစ်ဦးတည်းနှင့်သာဆိုင်သော သီးခြားကမ္ဘာလေးတစ်ခုကို ဖန်ဆင်းထားခဲ့ကြသည်။ ကျွန်တော်တို့ကမ္ဘာတွင် အတိတ်မရှိ၊ အနာဂတ်မရှိ၊ ပစ္စုပ္ပန်တစ်ခုသာ အသိတွင်ရှိသည်။ ''ဟန်းနီးမွန်း'' ထွက်လာသော ဇနီးမောင်နှံနှစ်ဦးလို အတူနေ၊ အတူအိပ်၊ အတူစားကာ အချိန်တိုင်းမှာ မခွဲဘဲနေကြသည်။

မနက်အိပ်ရာထလျှင် လင်းက ရေနွေးယူလာပေးပြီး ကျွန်တော်မျက်နှာသစ်သောအခါ ရပ်ကြည့်နေတတ်သည်။ သူမီးဖိုထဲတွင် ကော်ဖီဖျော်တော့ ကျွန်တော်ကအနားမှ နို့ဆီဘူးဖွင့်ပေး၊ ဖွန်းယူပေး စသည်ဖြင့် (အိမ်မှာ ဘယ်တုန်းကမှ မလုပ်ဖူးသောအလုပ်များကို) လုပ်ပေးသည်။ ပြီးလျှင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီပူပူကို မျက်နှာချင်းဆိုင်ထိုင်ကာ သောက်ကြသည်။ အိမ်ဖော်မလေး ဈေးကပြန်လာသောအခါ ရှမ်းတို့ဟူးသုပ် စားကြသည်။

လင်း ခြံထဲဆင်း၍ ပန်းပင်များပြုပြင်သောအခါ ကျွန်တော်က သူ့ဘေးမှ ယှဉ်တွဲလျှောက်ရင်း စကားပြောကြသည်။ ထိုအချိန်မျိုးတွင် လောကကြီးတစ်ခုလုံး အလှချည်းသာဟု ကျွန်တော့်စိတ်ထဲတွင် ထင်မှတ်နေမိပါ၏။ လင်း၏ မျက်လုံးများတွင် ကြည်နူးချမ်းမြေ့နေသည့် အရိပ်အရောင်များမြင်ရသောအခါ ကျွန်တော်ပို၍ နှစ်သိမ့် ဝမ်းမြောက်ခြင်းဖြစ်ရပါသည်။

ကလောမြို့ရှိ အိမ်များသည် ခြံကျယ်ပြီး တစ်အိမ်နှင့်တစ်အိမ်လှမ်း

သဖြင့် လှူချင်းလည်း အကြောင်းကြီးငယ်ကိစ္စရှိသည့်အခါမှအပ အဆက်အသွယ်များစွာ မရှိလှပေ။ လင်း၏ ခြံသည် နှစ်ကောခန့်ကျယ်ပြီး ထင်းရှူးပင်၊ သစ်တော်ပင်များ ကွယ်နေသဖြင့် တိုက်ကလေးကို လမ်းပေါ်မှကြည့်လျှင် မမြင်ရပေ။ လင်းက စိုက်ပျိုးရေး ဝါသနာပါသဖြင့် စားပင်၊ သီးပင်၊ ပန်းပင်များ စုံလှသည်။ ဂေါ်ရခါးလူမျိုး မာလီတစ်ဦးငှားထားသည်။ ကားရုံနှင့်ကပ်လျက်ရှိသောတန်းလျားတွင် မာလီလင်မယားနှင့်သူတို့ကလေး ငါးယောက်နေကြသည်။

အိမ်ပေါ်တွင် လင်းနှင့်အိမ်ဖော်မလေးတစ်ဦးသာ ရှိသည်။ အတူနေကြည့်မှ လင်းဘဝ ခြောက်သွေ့ပုံကို ကျွန်တော်မြင်ရပြီး ရင်ထဲတွင် ကြင်နာသနားနေမိသည်။

မာလီတို့တန်းလျားသို့ ရောက်သွားသည့်ညနေကမူ လင်းသည် မိသားစု ဆူညံစွာထမင်းစားနေပုံကို ငေးမောကြည့်ပြီး ''ဆင်းရဲပေမယ့် လင်းဘဝထက်ပြည့်စုံတယ်''ဟု မှတ်ချက်ချသည်။

ဒီလိုပြောတော့ တချိန်ချိန်၌ ဒီလိုပြည့်စုံခြင်းမျိုး လင်းကို ပေးနိုင်လိမ့်မည်ဟု စိတ်ထဲက အနာဂတ်ကိုလှမ်း၍ စိတ်ကူးယဉ်လိုက်မိပါသည်။

‘ တကယ်တော့ ကျွန်တော်တည်ဆောက်ထားသော ကိုယ်ပိုင်ကမ္ဘာကလေးသည် အခြေမခိုင်သော ကမ္ဘာကလေးသာ ဖြစ်ပါ၏။ ပြိုကွဲမည့်အချိန်သည် တဖြည်းဖြည်းနီးကပ်လာနေကြောင်း နှစ်ဦးစလုံး ကောင်းစွာသိကြသော်လည်း စကားပင်မစပ်မိအောင် သတိထားပြီး တစ်ဦးကိုတစ်ဦး ညှာနေကြသည်။

မည်မျှမခိုင်မာလိုက်ပါသနည်းဆိုသော် ကျွန်တော်၏ သီးသန့်ကမ္ဘာလေးသည် လေး ရက်မြောက်သောနေ့၌ တယ်လီဖုန်းတစ်ချက် မြည်ရုံနှင့်ပင် အလွယ်တကူ ပြိုကွဲပျက်စီးသွားခဲ့ပါသည်။

♥ ♥ ♥

ထိုနေ့နံနက်က ကျွန်တော်တို့ ချမ်းချမ်းနှင့် ထုံးစံအတိုင်း ခါတိုင်းလိုပင် မျက်နှာချင်းဆိုင်ထိုင်၍ ကော်ဖီသောက်ကြ၏။ ကျွန်တော်က ကော်ဖီပူပူကို အရသာခံရင်း သူ့အလှအပများကို တစ်ဆစ်စီ၊ တစ်ပိုင်းစီ ခွဲခြမ်းစိတ်ဖြာ လေ့လာနေမိသည်။ထိုအချိန်အထိ သူက စကားတစ်လုံးမျှမပြောပေ။ ထို့ကြောင့် ကျွန်တော်က စကားစရ၏။

"လင်း … ကျွန်တော်နှင့် အခုလို ဖြစ်ရတာကို စိတ်မကောင်းဖြစ်နေသလားဟင်"

သူကခေါင်းညိတ်ပြ၏။

"ကိုယ်က အတည်တကျ လက်ထပ်ယူမှာ မဟုတ်ဘူးလို့ ထင်လို့လား"

"ဟင့်အင်း"

"သူ့ကို သတိရနေလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် – ဘာကြောင့်လဲ"

"သတိမရလို့၊ လင်း … ကိုကို့ကို မေ့နေလို့ စိတ်မကောင်းတာ။ အဲဒီအတွက် လင်းကိုယ်လင်း ခွင့်မလွှတ်ဘူးသိလား"

"ဩော် … လင်းရယ်" ကျွန်တော် သူ့လက်ကို လှမ်းကိုင်ထားရင်း ညည်းညူသလို ဆိုလိုက်ရသော်လည်း စိတ်ထဲက ကျေနပ်သွားသဖြင့် မျက်နှာက မဖုံးဖိနိုင်၊ ကျွန်တော်ပြုံးနေမိသည် ထင်ပါသည်။

"လင်းတို့ … ရှေ့ကို ဘယ်လိုဖြစ်ကြဦးမလဲ မသိဘူးနော်"

"ဘယ်လိုဖြစ်ရမှာလဲ၊ ကိုယ်တို့ အမြန်ဆုံးလက်ထပ်မှာပေါ့"

ကျွန်တော်က လွယ်ကူသောကိစ္စတစ်ရပ်လို ပေါ့ပါးသွက်လက်စွာ ပြောမိ၏။

"ကြည်လေးနဲ့ ကလေးတွေကော"

"ကိုယ်သူ့ကို ကွာမှာပဲ"

"သူ့မှာ ဘာအပြစ်မှမရှိဘဲ၊ ဘာအကြောင်းပြချက်နဲ့ ကွာမလဲ"

"ကိုယ်မညာပါဘူး။ ကိုယ့်ရင်ထဲမှာရှိတာကို အမှန်အတိုင်းပြောပြပြီး

ကွာမှာပဲ။ ဘယ်လိုလဲဆိုရင်''

"မပြောနဲ့ကိုလတ်၊ လင်းကို မပြောပြပါနဲ့"

ကျွန်တော့်နှုတ်ခမ်းကို သူ့လက်နှင့်သာသာလေး လှမ်းဖိရင်း ဆက်ပြောသည်။

"ကိုကိုရှိတုန်းက လင်းတို့ခွဲနေရတဲ့အချိန်က ပိုများတယ်။ အဲဒီတုန်းကဆို တစ်နေ့နေ့မှာ ကိုကိုက 'မင်းနှင့်ငါလမ်းခွဲကြစို့၊ ငါ့မှာတော့အခြားသူတစ်ယောက် တွေ့နေမိပြီ' လို့ ပြောမလားလို့အမြဲတွေးတွေးပြီး ပူခဲ့ရတယ်။ ဒါမျိုးဟာ မိန်းမတိုင်းရဲ့ဘဝမှာ အဆိုးရွားဆုံး ဖြစ်ရပ်ပါပဲ''

" ဒါကတော့ လင်းက အကြောင်းမဲ့ တွေးပူနေတာပဲ။ လင်းလိုမိန်းကလေးမျိုးကို ဘယ်သူက ငြီးငွေ့မှာလဲ၊ ကိုယ်သာဆို ဘယ်တော့မှ ငြီးငွေ့မှာ မဟုတ်ဘူး ''

"မဆိုင်ပါဘူး။ ဒီအဖြစ်မျိုးက ကံပါပဲ''

သူပြောတာလည်း တစ်နည်းအားဖြင့်ဟုတ်နိုင်စရာရှိပါ၏။ကျွန်တော့်ဇနီးကြည်လေးသည် ရုပ်ချောသည်။ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝသည်။ အိမ်ရှင်မ ပီသသည်။ သည်အရည်အချင်းတွေ ပိုင်ဆိုင်ထားပါလျက် မကြာခင် ကျွန်တော့်ကို လက်လွှတ်ရတော့မလို ဖြစ်နေရခြင်းကိုကြည့်လျှင် လင်းပြောသလို ကံတရားကိုသာ ယိုးမယ်ဖွဲ့ရချေမည်။

"မိန်းမက ကွာပေးပါပြီတဲ့၊ ကလေးတွေက ခွင့်မလွှတ်ဘူး။အဖေကို အဆက်ဖြတ်ကြရင် ကိုလတ်စိတ်ထဲမှာ ဘယ့်နှယ်နေမလဲ''

ကျွန်တော် ရုတ်တရက် ပြန်မဖြေနိုင်ဘဲ၊ ငြိမ်နေပြီးမှ .

"သူတို့ကလေးတွေ မဟုတ်တော့ပါဘူး လင်း ၊ အရွယ်ရောက်တဲ့သူတွေ ဖြစ်နေပါပြီ၊ မိဘတွေရဲ့ပြဿနာကို သဘောပေါက် နားလည်နိုင်တဲ့အရွယ်တွေပါ။ ပြီးတော့ သူတို့ ကိုယ့်ကို သိပ်ချစ်ကြတယ်၊ မပြတ်နိုင်ပါဘူး''

ကျွန်တော်က လိပ်လို ကိုယ့်ဘက်ကိုယ်ရက်၍ တွေးနေ၏။ လင်းက ကလေးတွေနှင့်ပတ်သက်၍ ဆက် မပြောတော့ပေ။

ဂေါင်း၌ ကျွန်တော် အနှစ်သက်ဆုံး အရည်အချင်းမှာ ကျွန်တော့်စိတ်(Emotions) များကို နားလည်ခြင်းပင်။

"ကိုလတ်ရဲ့ အလုပ်ကိုကော မထိခိုက်နိုင်ဘူးလား"

"ကြည်လေးနှင့် ရှင်းရှင်းလင်းလင်းဖြစ်မှ ယူမှာမို့ မထိခိုက်နိုင်ဘူးလို့ပဲ ထင်တယ်။ ထိခိုက်လို့ အလုပ်ပြုတ် သွားလည်း လင်းက လက်ခံဦးမယ်ဆိုရင် ဒီခြံမှာလာပြီး သစ်ပင်စိုက်စားတော့မယ်။ လင်း မာလီငှားစရာမလိုတော့ဘူးပေါ့"

ကျွန်တော် ရယ်စရာပြောပေမယ့် လင်းကမရယ်ဘဲ ရီဝေဝေကြည့်ရင်း သက်ပြင်းချသည်။

"လင်းက ကိုလတ်ရဲ့ရာထူးဂုဏ်ကို မက်တာမဟုတ်ပါဘူး"

"သိပါတယ် လင်းရယ်"

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ပြတ်သားရပါလိမ့်မည်။ လင်းသည် အငယ်အနှောင်းအဖြစ် နားလည်မှုနှင့်ထားရမည့် အတန်းအစားမဟုတ်။ မျိုးရိုးဂုဏ်၊ ခင်ပွန်းသည်၏ဂုဏ်နှင့် သူတို့အသိုင်းအဝိုင်း၌ နာမည်တစ်ခု၊ "နေရာ" တစ်ခု ပိုင်ဆိုင်ထားသူဖြစ်သည်။ သူကိုယ်တိုင်က အလှတဆူမို့ နာမည်ကြီးတာလည်း တစ်ကြောင်းပါပါသည်။ သို့သော် ယခုအချိန်အထိ (ကျွန်တော်မှလွဲ၍) မည်သည့် ယောကျ်ားတစ်ဦးကိုမျှ မော့မကြည့်ခဲ့ကြောင်း တစ်ဆင့်စကားဖြင့် ကျွန်တော်သိထားရပါသည်။

"အမေရိကန်သမ္မတကတော် 'ဂျက်ကလင်း ကနေဒီ' နောက်အိမ်ထောင်ပြုတုန်းကလေ ဒီမိန်းမနှယ် သေသွားတဲ့ ကိုယ့်ယောကျ်ားမျက်နှာမှ မထောက်၊ တိုင်းပြည်က အမြတ်တနိုးပေးထားတဲ့နေရာမှာ မနေချင်တဲ့မိန်းမလို့ လင်း သိပ်ကဲ့ရဲ့မိတာပဲ"

"အခုတော့ 'ဂျက်ကလင်း'ကို အပြစ် မထင်တော့ဘူးလား"

"အခုတော့လား။ သူလဲ ဦးဖော်လတ်နဲ့ တွေ့သွားလို့ နေမှာပေါ့လို့ လင်း ကိုယ်ချင်းစာတတ်ပါပြီ"

ကျွန်တော် သဘောကျလွန်းသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောမိပါသည်။ လင်း ရယ်စရာတောင် ပြောနေပြီမို့ ကျွန်တော် ပျော်မြူးနေသည်။

ကျွန်တော် ရယ်လို့မဆုံးခင် တယ်လီဖုန်းမြည်သံ ကြားရသဖြင့် ကျွန်တော်ရောသူပါ အံ့ဩပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေ

မိကြသည်။

"ဘယ်သူများ ဖြစ်နေမလဲနော်၊ လင်း ဒီကိုပြန်ရောက်နေတာ ဘယ်သူမှ မသိကြသေးဘူး"

ဖုန်းကဆက်တိုက်မြည်နေသဖြင့် လင်း ထသွားပြီးကိုင်လိုက်သည်။

"ဟဲလို ..."

" ဪ ... ဟုတ်ကဲ့ ရှိပါတယ်။ အို ... ဟုတ်လား။ အို ... နေပါဦး။ သူ့ကိုခေါ်ပေးပါ့မယ်နော် "

လင်းအသံများ ထိတ်လန့်တုန်ရီနေသဖြင့် ကျွန်တော် သူ့အနား ပြေးသွားကာ ဖုန်းကိုလှမ်းယူပြီး နားထောင် လိုက်ရပါသည်။

"ဆရာ ... ကျွန်တော် ချိုအောင်ပါ။ ဘိုဇော်လတ် ပဲခူး သွားလည်ရင်း ကားမှောက်လို့ ပဲခူးဆေးရုံမှာ တင်ထားရပါတယ်။ အခုပဲ ရန်ကုန်က ဖုန်းလာပါတယ်။ မမကြည်တို့လည်း ပဲခူးကို ... "

ကျွန်တော် ကိုချိုအောင်ဆက်ပြောသည်ကို နားထောင်နေသော်လည်း နောက်ပိုင်း ဘာတွေမှန်းမသိတော့။ မျက်စိများ ပြာဝေကာ ခေါင်းထဲ၌ မူးနောက်နောက် ဖြစ်လာသဖြင့် ဖုန်းပြောပြီးသောအခါ အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်ရသည်။

လင်းက ဘရမ်ဒီလက်နှစ်လုံးခန့် ထည့်ထားသော ဖန်ခွက်ကို ကျွန်တော့်လက်ထဲသို့ လာထည့်သည်။ ဘရမ်ဒီသောက်ပြီးသွားသော်လည်း ကျွန်တော့်စိတ်များ လှုပ်ရှားလွန်းသဖြင့် လင်းရှေ့တွင် ပုံပျက်ပန်းပျက်မဖြစ်အောင် သတိထားနေရသည်။

ကျွန်တော် အိပ်ခန်းထဲ ဝင်သွားတော့ လင်းသည် ကျွန်တော့် လက်ဆွဲအိတ်ထဲသို့ အဝတ်အစားများ ထည့်နေသည်။ ခုတင်ပေါ်တွင်လည်း ကျွန်တော်ဝတ်သွားရန် အဝတ်အစားများနှင့် အနွေးထည်ကို အဆင်သင့် ချထားပြီး ဖြစ်သည်။

ကျွန်တော် အဝတ်အစားများလဲနေစဉ် ကားစက်နိုးသံကြားရသည်။ လေးရက်လုံးလုံး ကားရုံထဲတွင် ထည့်ပိတ်ထားသော ကျွန်တော့်ကား လင်းကရှဖာကြီးကို လင်းမောင်းထုတ်လာပြီး ပေါ်တီကိုအောက်၌ အသင့်

ရပ်ထားပေးသည်။ ကျွန်တော့်လက်မှ အဝတ်အစားထည့်သော လက်ဆွဲအိတ်ကိုယူပြီး ကားပေါ်သို့တင်လိုက်သည်။ ပြီး ကျွန်တော့်မျက်နှာကို အမြတ်တနိုးကြည့်၍ .

"ကားကို သတိနဲ့မောင်းနော်၊ ကိုလတ် သားကြီး ဆိုးဆိုးရွားရွား မဖြစ်နိုင်ပါဘူး။ လင်း ဆုတောင်းနေပါတယ်"

"အခြေအနေကို ကိုယ်ဖုန်းဆက်မယ်လင်း။ ညနေတိုင်ကျရင် တံခါးစောစောပိတ်နော် လင်းတို့ချည်း ကိုယ်စိတ်မချဘူး"

ကျွန်တော်က အိမ်ထောင်ဦးစီးတစ်ယောက်လို မှာကြားနေမိသည်။ လင်းက ခပ်မဲ့မဲ့လေးပြုံးပြီး "လင်းတို့ နေနေကျပါကွယ်"ဟု ပြန်ပြောပါသည်။

♥ ♥ ♥

လင်းမှာလိုက်သလို ကားကိုသတိထား၍ မောင်းပါ၏။ သို့သော် ကျွန်တော့်စိတ်များသည် ကျွန်တော့်ကိုယ်နှင့်ခွာကာ သားကြီးဆီကိုသာ ထပ်တလဲလဲ ရောက်နေသည်။ လူက ကားမောင်းနေသော်လည်း စိတ်က-

ဒီကောင်ကြီးမွေးတုန်းက ကျွန်တော်ရော ကြည်လေးပါ သားဦးမို့ ရူးခဲ့ကြသည်။ ည - ည ထငိုလျှင် ကျွန်တော် စာကျက်နေရာမှ မနေနိုင်ဘဲ ထ၍ချီရတော့သည်။ "ဒီလိုသာဆိုရင် စာမေးပွဲကျရချည်ရဲ့"ဟု ဆိုကာ ဘိုကလေးမှာနေသော ကြည်လေးအမေ ကျွန်တော့်ယောက္ခမက ကျွန်တော် စာမေးပွဲပြီးသည့်အထိ အိမ်လာနေပေးသည်။

သားသည် ကျန်းမာရေးကောင်းသည်နှင့်အမျှ သန်မာထွားကျိုင်းလှသည်။ ငယ်စဉ်က ကျောင်းပြေးပွဲများ၌ အမြဲဗိုလ်စွဲခဲ့၏။ သူ ၁၆ နှစ် ၁၀ တန်းအောင်သည့်နှစ်က တော်တော်နှင့်ကျောင်းမတက်ရသဖြင့် ကျွန်တော်နှင့်အတူ ဂေါက်သီးလိုက်ရိုက်သည်။ လက်စ လက်နမဆို။ လေ့ကျင့်ပေးလျှင် တစ်ချိန်ချိန်၌ လူငယ်ချန်ပီယံကြည်လှဟန်တို့လိုဖြစ်လာလိမ့်မည်ဟုကျွန်တော်အားရနေမိသည်။ လွန်ခဲ့သည့်နွေကမှ သားက ကျွန်တော့်ကို ဂေါက်သီး

တစ်ပွဲနိုင်သဖြင့် ဝမ်းသာအားရ ကျွန်တော့် မိတ်ဆွေများကို ပြော၍မဆုံးတော့ပေ။ ကြည်လေးကပင် . . .

"ကိုကိုတို့များ ဂေါက်သီးရှုံးပြီး ပျော်နေလိုက်တာ ဒီတစ်ခါ မြင်ဖူးသေးတယ်"ဟု ပြောယူရသည်။

ဪ ... ကိုယ့်သားသမီးအပေါ်၌ထားရှိသော မုဒိတာမျိုးကိုအခြားသူများအပေါ်၌ပါ ထားနိုင်အောင် ကျွန်တော်တို့ ကြိုးစားသင့်လှပါသည်။

အခုတော့ သား၏ခြေလက်တွေ ကျိုးပဲ့ကုန်ပြီလား အသက်မှရှိသေးရဲ့လား။

ကျွန်တော့်ရင်ထဲ၌ ပူလောင်ဆူဝေလျက် ရှိနေပါတော့သည်။

♥ ♥ ♥

ကျွန်တော်တို့ ပဲခူးပြည်သူ့ဆေးရုံကြီးသို့ရောက်တော့ ည ၇ နာရီကျော်ပေပြီ။ ကျွန်တော့်ကိုမြင်သောအခါ ကြည်လေးက ဖက်၍ငိုပါသည်။ ကြည်လေးနှင့်အတူ ကျွန်တော့်ညီနှင့် နှမပါ ရှိနေကြသည်။

မကြာမီ တာဝန်ကျဆရာဝန်ရောက်လာပြီး ကျွန်တော်တို့သားကို သွားကြည့်ကြရသည်။

ထိုအချိန်အထိ သတိမရသေး။ ပတ်တီး အဖွေးသားနှင့် ခုတင်ပေါ်တွင် ငြိမ်သက်နေသော သားကိုကြည့်ပြီး ကျွန်တော့်ရင်ထဲ၌ ဘယ်တုန်းကမှ မခံစားခဲ့ရဖူးသော မဖော်ပြနိုင်သော ဝေဒနာတစ်မျိုးကို ခံစားရပါ၏။

သားသည် တစ်ချက်တစ်ချက်တွင် အလွန်အမင်း နာကျင်သွားသလို ပါးစပ်ရွဲ့သွားလိုက်၊ အသက်ရှူပြင်းလာလိုက်၊ အားနည်းသွားလိုက်နှင့် ကျွန်တော့်စိတ်အဟုန်သည်လည်း သူခံစားနေရသော ဝေဒနာနှင့် ထပ်တူထပ်မျှ လိုက်၍ခံစားနေမိသည်။

သူကား ကျွန်တော့်သွေး။ ကျွန်တော့်သား။ ကျွန်တော့်ကိုယ်ပွား။ ကျွန်တော့်ခန္ဓာ၏ တစ်စိတ်တစ်ဒေသပေကိုး။

ကြည်လေးကတော့ ကျွန်တော့်လက်မောင်းကို ခပ်တင်းတင်း

ဆုပ်ကိုင်ပြီး အသံမထွက်အောင် ရှိုက်နေသည်။

ထိုညက ညဥ့်နက်လာသောအခါ ကျွန်တော်တို့ ခေတ္တတည်းခိုသောအိမ်သို့ ကြည်လေးကို ဖွတ်ပြန်ခေါ်လာရသည်။ ကားပေါ်၌ ကြည်လေးသည် အသံမထွက်အောင် ငိုရင်းပြောပါသည်။

"သားကို ကယ်ပါဦး။ သူ့ကိုပါ ဆုံးရရင်တော့ ကြည်လေး သေမှာပါပဲ ကိုကိုရယ်"

ကျွန်တော့်ရင်ထဲ၌ နင့်သွားသည်။ ကြည်လေး ရိုပ်မိနေပါပကော။

ကျွန်တော့်ကိုယ်ကျွန်တော် လုံလှပြီဟု ထင်နေခြင်းမှာ တကယ်တော့ မှန်နေ၍သာ ဖြစ်ပါလိမ့်မည်။

♥ ♥ ♥

နောက်နေ့မနက်၌ သား သတိပြန်လည်လာသည်"အင်းဖျူးလင့်စ်" သူနာတင်ကားစီစဉ်၍ ရန်ကုန်ဆေးရုံကြီးသို့ သယ်ခဲ့ရသည်။ သို့သော် သတိလည်လာလိုက်၊ မေ့သွားလိုက် ဖြစ်နေသဖြင့် စိုးရိမ်ဖွယ်ရာ အခြေအနေကမလွတ်သေး။ ကျွန်တော်ရော ကြည်လေးပါ ဆေးရုံ၌သာ အချိန်ကုန်ရပါသည်။ (အထူးသူနာပြုဆရာမ ငှားထားသော်လည်း ကျွန်တော်တို့ စိတ်မချနိုင်ကြပါ။)

အရေးကြီးသော ရုံးအလုပ်ပေါ်လျှင် ကိုချိုအောင်က ဆေးရုံလိုက်လာပြီး လက်မှတ်ထိုးသည်။

ဒီကြားထဲမှာ ဆေးရှာရသည်။ စိတ်ပူလွန်းသောအခါ အသိမိတ်ဆွေ ထိပ်တန်းဆရာဝန်ကြီးမှန်သမျှကို ဖုန်းဆက်ကာ အကြံဉာဏ်တောင်းခံမိသည်။ လူနာလာမေးသော မိတ်ဆွေများကို ထိုက်သင့်သလိုဧည့်ခံစကားပြောရသည်။ ရှိသမျှ ကျွန်တော့်စည်းစိမ်ဥစ္စာ၊ ကျွန်တော့် အရှိန်အဝါကို အသုံးချကာ သားအသက်ကို လုရပါသည်။

ကျွန်တော်တို့ စိတ်ပန်းလူပန်းဖြစ်ခဲ့သမျှ သုံးရက်မြောက်သောနေ့၌ အမောပြေရပါသည်။ သားသည် စိုးရိမ်ဖွယ်အခြေအနေမရှိတော့ဟု ဆရာ

ဝန်ကြီးများက ထုတ်ဖော်ပြောကြားလိုက်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော်နှင့် ကြည်လေးတို့ စိတ်ချလက်ချ ပေါ့ပါးရွှင်လန်းစွာ အိမ်ပြန်ခဲ့ကြသည်။ ကားပေါ်၌ ကြည်လေးက မနက်ဖြန် သားအတွက် အနွေးရာယ်ကင်း ဘုန်းကြီးငါးပါးလောက်ပင့်၍ ဆွမ်းကျွေးပရိတ်ရွတ်မည်ဟု ဝမ်းသာအားရပြောနေသည်။ ကျွန်တော်ကတော့ ရုံးစောစောသွားမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ကျွန်တော် ရုံးမရောက်သည်မှာ ၁၂ ရက်တောင် ရှိနေပြီ။

ပြီးတော့. ကလောကို ဖုန်းဆက်ပြီး ဝမ်းမြောက်ဖွယ်သတင်းကို ပြောရဦးမည်။

၆

▼ ▼ ▼

အဆုံး၏အစ

ပြတင်းပေါက်တွင် မည်မျှကြာအောင် ရပ်နေမိသည်မသိ။ ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါကိုချိုအောင်သည် ကျွန်တော့် အနားမှာ ရပ်လျက် စာတစ်စောင်ကို လှမ်းပေးသည်။

စာအိတ်ပေါ်မှ ဝိုင်းစက်လှပသော လက်ရေးလေးများကို မြင်လိုက်သောအခါ ကျွန်တော့်ရင်သည် တလှပ်လှပ်ခုန်လာသည်။ တုန်ရီလှုပ်ရှားနေသော လက်များဖြင့် ကျွန်တော်စာကို ဖွင့်ဖတ်လိုက်ပါသည်။

ကိုလတ်

အခုအချိန်လောက်ဆိုရင် ကိုလတ်ရဲ့ သားကြီး နေကောင်းလောက်ပြီလို့ မျှော်လင့်ပါတယ်။ လင်းသူ့အတွက် အချိန်ရှိသမျှ ဆုတောင်းနေခဲ့ပါတယ်။ ဒီအချိန်မှာ သူနေကောင်းဖို့ဟာ ကိုလတ်အတွက် အရေးအကြီးဆုံးပါ။

သူ့အတွက် ဆုတောင်းရင်းနှင့် လင်းတို့

တစ်ကိုယ်ကောင်းဆန်မိကြတာကို စိတ်ထဲမှာ တွေးမိလာခဲ့တယ်။

တဒင်္ဂ သာယာမှုလေးကို ကြည့်ပြီး လင်းနှင့် ကိုလတ်တို့ လက်ရှိဘဝအသီးသီးကို စွန့်လွှတ်ဖို့ ကြံစည်မိခဲ့ကြတယ်နော်။

တကယ်တော့ လင်းဟာ ကိုလတ်တို့ရဲ့ ဘဝကို ခဏငှားယူမိတာပါ။ ငှားတဲ့လူဆိုတာ တစ်နေ့ကျရင် ပိုင်ရှင်ကို ပြန်ပေးရစမြဲပါပဲ။

ကိုလတ်ပြန်သွားတဲ့နေ့ ညနေမှာ ကိုကိုနဲ့ သားတို့ရဲ့ဂူကို သွားကြည့်မိတယ်။ လင်း သေရင်လည်း သူတို့ရဲ့ဘေးမှာမြှုပ်ဖို့ လင်းအစ်ကိုကို အစောကြီးကတည်းက မှာထားပါတယ်။ ကိုကိုနဲ့သားရဲ့ အနားမှာ အမြဲနေချင်လို့ပါပဲ။ တကယ်လို့ ကိုလတ်နှင့် ယူဖြစ်ကြရင် လင်းရဲ့နေရာဟာ သူတို့နားမှာ မဖြစ်သင့်တော့ပါဘူး။

လင်းကို ခွင့်လွှတ်ပါကိုလတ်။

ဒီဘဝမှာတော့ လင်းဟာ သူတို့ရဲ့အနားမှာပဲ ရှိသင့်ပါတယ်။ ရှိလဲရှိချင်ပါတယ်။ ဒီလို ပြောလို့ ကိုလတ်ကို မချစ်ဘူးလို့တော့ မထင်စေချင်ပါဘူး။ လင်းအသက်ရှင်နေသရွေ့ ကိုလတ်ရဲ့ အချစ်ကို တန်ဖိုးထားပြီး ပြန်ချစ်နေမယ်ဆိုတာ ယုံကြည်စေချင်ပါတယ်။

လင်းကို ခွင့်လွှတ်ပါလို့ ထပ်ပြီး တောင်းပန်လိုက်ပါတယ်။

အချစ်များစွာဖြင့်
လင်း

နေ့စွဲအရ မသေခင် သုံး ရက်ကရေးခဲ့၍ လှပသေသပ်သော လက်ရေးကိုကြည့်ခြင်းဖြင့် တစ်စုံတစ်ရာ စိတ်လှုပ်ရှားမှု မရှိ၊ တည်တည် ငြိမ်ငြိမ်ရေးခဲ့ကြောင်း သိသာပါသည်။

ကျွန်တော့်မျက်လုံးများတွင် မျက်ရည်များပြည့်လျှံလာသဖြင့် စာလုံး များကို မှုန်ဝါးဝါးသာ မြင်ရတော့သည်။ သို့သော် ရင်ထဲမှာ အနည်းငယ် ပေါ့ပါးသွားသည်။

တွေကြုံဆုံကွဲ၊ ဘဝဆိုတာ ဒီလိုပဲပေါ့။ ကျွန်တော့်ဘဝကို ပြန်စ ရပါမည်။ ကိုယ့်ကိုယ်ကိုယ် နားလည်အောင် ပိုမိုရင့်ကျက်အောင် ကြိုးစား ရပါမည်။

လူ့လောကသည် ဇာတ်ခုံကြီးတစ်ခုမို့ အချိန်တန်တော့ ဇာတ်စင် ထက်၌ ဆက်လက် ကပြကြရမည်သာ။

ကျွန်တော့် ဘဝသည်လည်း ဇာတ်သမားတစ်ဦးထက် ဘာများပိုလို့ ပါလဲ။

လူသားတစ်ယောက်ဖြစ်သော ကျွန်တော်သည် လောကထဲ၌ ပြုဖွယ်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရင်း သည်သား သည်သမီး၊ သည်ဇနီးတို့နှင့် အသက်ထက်ဆုံး နေသွားရပါဦးမည်။

လင်းဆိုသည့် "နေရာ"ဆိုသည်မှာ ဒါပဲဖြစ်ပါလိမ့်မည်။ ကျွန်တော် သည် သူတို့၏အားကိုးရာတစ်ဆူမို့ သူတို့အနားမှာသာ ရှိသင့်သည်မဟုတ်ပါ လား။

"ကိုချို့အောင် ... ကျွန်တော် အိမ်ပြန်ဦးမယ်ဗျာ၊ အလုပ်တချို့ အိမ်ယူသွားမယ်"

ကိုချို့အောင်သည် ကျွန်တော့် အတက်ချိကေ့စ်နှင့် ဖိုင်တွဲများကို ကားထဲ၌ ထည့်လိုက်သည်။ ကျွန်တော် ကားထဲ၌ ထိုင်မိသောအခါ ကား တံခါးကိုပိတ်ပေးပြီး၊ ရိုကျိုးစွာ မတ်တတ်ရပ်နေ၏။

ကျွန်တော်သည် သူ့ကိုစေ့စေ့ကြည့်ပြီး အလွန်ရင်းနှီးသူချင်း ပြော

လေ့ပြောထမရှိသော စကားတစ်ခွန်းကို ယနေ့ ဆိုလိုက်မိပါသည်။

"ကျေးဇူးပဲ ကိုချိုအောင်"

♥ ♥ ♥

ကျွန်တော် အိမ်သို့တန်းမပြန်သေးဘဲ ဆေးရုံသို့ ခဏဝင်ကာ သားကိုကြည့်ရ၏။

သားသည် ခေါင်းအုံးများကိုဆင့်ပြီး မှီထိုင်လျက် ရွှင်လန်းစွာ တွေ့ရသဖြင့် ကျွန်တော် စိတ်အေးချမ်းမြေ့ ရှိလိုက်ပါဘိ။

"ဖေဖေ ... ကျွန်တော့်လက်က ကျိုးတာမဟုတ်ဘူး။ အက်ရုံ အက်တာတဲ့"

သားက ကျောက်ပတ်တီးစည်းထားရသော လက်ကို မြှောက်ပြပြီး ပြောသည်။

"ဒါဆို ကောင်းတာပေါ့ကွ"

"ပတ်တီးဖြေပြီးရင် ဖေဖေ့ကို ဂေါက်သီးနိုင်အောင် ရိုက်ပြမယ်"

"အေးပါကွာ၊ ကြည့်သေးတာပေါ့"

ရင်ထဲမှာတော့ "သားကို ဖေဖေအနိုင်ပေးပြီးသားပါကွယ်၊ ဖေဖေက အားလုံးကို ရှုံးပါတယ်"ဟု ပြောနေမိပါသည်။

♥ ♥ ♥

"ဟော ... ဒကာကြီးလာပြီ၊ အချိန်မီ ရောက်လာတာအတော် ပဲ။ အခုပဲ ဦးပဥ္စင်းတို့ ရေစက်ချတော့မလို့"

မိတ်ဆွေသင်္ဂဟများ မပါ။ ဆွေမျိုးသားချင်းတစ်စုမျှသာ ညည်ခန်း၌ စုရုံးလျက်တွေ့ရသည်။ ကျွန်တော်သည် ကြည်လေးဘက်၌ ဝင်ထိုင်ရင်း အသင့်ချထားသော ရေစက်ခွက်ကို ကိုင်လိုက်ရ၏။

" မေ - အကျွန်ုပ်၏ ဣဒံ ပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါတရားလေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော ... "

ဆရာတော်ဘုရား၏ ရေစက်ချကို ကျွန်တော်တို့ လိုက်ဆိုကြသည်။

ကျွန်တော်တို့၏ အိမ်ထောင်သက်တမ်းတစ်လျှောက်ဝယ် ကျွန်တော်နှင့်ကြည်လေး ဤသို့ထိုင်ကာ မကြာခဏ ရေစက်ချခဲ့ရဖူးပါသည်။ မှတ်မှတ်ရရဆိုလျှင် သားကို ရှင်ပြုစဉ်က၊ ကျွန်တော်တို့ မင်္ဂလာ နှစ်ပတ်လည်နှင့် မွေးနေ့အထိမ်းအမှတ် အလှူအတန်းများ ပြုလုပ်စဉ်က စသည်တို့ ဖြစ်ပါသည်။

စဉ်းစားကြည့်လျှင် ကျွန်တော်နှင့်ကြည်လေးတို့သည် ကုသိုလ်ကောင်းမှု ပြုရာ၌လည်းကောင်း၊ သားရေးသမီးရေး၌လည်းကောင်း၊ လူမှုရေးကိစ္စများ၌လည်းကောင်း အတူတကွ ယှဉ်တွဲဆောင်ရွက်ခဲ့ကြပါ၏။ ယခုလည်း အတူတူ ဆောင်ရွက်နေကြဆဲဖြစ်၍ နောင်ကိုလည်း... နောင်ကိုလည်း...

ကျွန်တော်သည် မျက်စိများကို မှိတ်ထားလိုက်သည်။ ထို့နောက် ဆွေးမြေ့ကြေကွဲစွာဖြင့် ရင်ထဲမှတီးတိုး ဆိုလိုက်မိပါသည်။

" လင်းရေ ... အမျှ ... အမျှ ... အမျှ "

သွေးသောက်မဂ္ဂဇင်း ၁၉၈၀ ဇွန်

# အချစ်ပန်းကားနုပျိုဆဲ

လမ်းတစ်လျှောက်လုံး ရထားပြတင်းပေါက်ဘက်သို့ ငေးကြည့်ရင်းလိုက်ပါခဲ့သည်။

တိမ်တစ်စမရှိ ပြာလဲ့ကြည်လင်သော ကောင်းကင်ကြီး။ ချစ်စဖွယ်ဝင်းပနေသော နေခြည်အောက်မှ မှည့်ဝင်းနေသော စပါးခင်းနှင့် ရိုးပြတ်များ။ အဝေးသို့ ပျံသန်းသွားသော ငှက်ဖျိုင်းဖြူတစ်အုပ်။ တစ်ခါတစ်ရံ ရထားသည် ရေနည်းစပြုနေသော ချောင်းများကို ကျော်ဖြတ်သွားသောအခါ ချောင်းစပ်၌မြူးထူးဆော့ကစားနေသော ကလေးတို့သည် ခေတ္တရပ်နားကာ ရထားကိုမော့ကြည့်နေကြသည်။

ကိုယ့်ဘာဝနှင့်ကိုယ် ပျော်ကြသည်ပင်။

ဒီလိုရှုခင်းများသည် ရန်ကုန်–မန္တလေး ရထားလမ်း တစ်လျှောက်၌တွေ့မြင်နေကျ မဆန်းသော ရှုခင်းများပင်။ သို့ပေမယ့် အခုတစ်ခါမှာတော့ 'နောက်ဆုံးပဲ' ဟူသော အသိကြောင့် ရင်ထဲတွင် တစ်မျိုးကြီးဖြစ်နေသည်။

နောင်ကိုမရနိုင်တော့ဟုသိရမှ တန်ဖိုးထားတတ်ခြင်းသည် လူ့သဘာဝပေလား။

ကျွန်တော်သည် မကြာမီရက်ပိုင်းအတွင်း မွေးရပ်ဌာနီ မြန်မာပြည်မှခွာကာ တိုင်းတစ်ပါး၌ အလုပ်သွားရောက်လုပ်ကိုင်မည့် ဗမာလူမျိုးတစ်ဦးဖြစ်ပါ၏။ ကိုယ့်သဘောနှင့်ကိုယ် ရေကြည်ရာ မြက်နုရာသို့သွားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သော်လည်း တကယ်တမ်း သွားရမည့်အချိန် နီးကပ်လာသောအခါကျွန်တော့်ရင်ထဲတွင် လွမ်းသလိုလို နှမြောသလိုလို စိတ်ထဲက ခံစားနေမိပြန်သည်။

အပြီးအပိုင် ထွက်ခွာသွားခြင်းမဟုတ်။ ငါးနှစ်ဗီဇာနှင့် အလုပ်လုပ်ရန် သွားခြင်းဟုဆိုသော်လည်း အများအားဖြင့်တော့ အပြီးလိုလို ဖြစ်သွားကြသည်က များပါသည်။ အလုပ်မှထွက် ကိုယ့်ရှိသမျှ ပိုင်သမျှ အိမ်ထောင်မှုပစ္စည်းများကို ရောင်းချပြီး သွားကြသဖြင့် အသိုက်ဖျက်ကာ ပျံထွက်သွားသောငှက်များနှယ်ပင်။ ဟိုမှာ လေး–ငါးနှစ်အတွင်း အခြေတကျ ဖြစ်သွားကြသောအခါ သိုက်မြုံမရှိတော့သော ပင်အိုဟောင်းဆီသို့ ပြန်မလာကြတော့။ စိမ်းလန်းသော တောအုပ်အသစ်၌သာ ပျော်ပိုက်သွားကြလေသည်။ ထိုသို့သောသူများထဲတွင် ကျွန်တော်တို့ ဇနီးမောင်နှံလည်း အပါအဝင် ဖြစ်လာပေလိမ့်မည်။

အမှန်တော့ သည်ခရီးမှာ ရန်ကုန်မြို့ကြီးမှ တစ်ဖဝါးမှ မခွာဖူးသည့်ကျွန်တော့်ဇနီး ပက်ဂီကို ခေါ်ခဲ့ချင်ပါ၏။ ကျွန်တော်အစိုးရအမှုထမ်းဘဝနှင့်ကျင်လည်ခဲ့ဖူးရာ အညာတစ်ခွင်ကို ပြချင်လှပါသည်။ သို့ပေမယ့် အခြေအနေမပေး။ အဘယ်ကြောင့်ဆိုသော် မိတ္တီလာတွင် ကျွန်တော့် ပထမ အိမ်ထောင်ဖြစ်သည့် ဇနီးဟောင်းနှင့် သားသမီးနှစ်ယောက်တို့ ရှိနေသောကြောင့် ဖြစ်ပါသည်။ ယခုခရီးသည် ကျွန်တော့်မိသားစုဟောင်းအား နှုတ်ဆက်ရန် လာခဲ့ခြင်း ဖြစ်ပါ၏။

ကျွန်တော်သည် ပထမအိမ်ထောင်နှင့် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ကွဲကွာခဲ့သည်။ အိမ်ထောင်ပြုစောသောကြောင့် ကျွန်တော်တို့ လမ်းခွဲကြချိန်တွင် သားကြီးမင်းခိုင် ၁၅–နှစ်နှင့် သမီး ချိုမြခိုင်တို့ ၁၃နှစ်ရှိကြပြီ။

သားသမီးများ ဒီအရွယ်ရောက်ခါမှ ဘာကြောင့် ကွဲကြရပါလိမ့်ဟု မေးစရာရှိသည်။ အကြောင်းကတော့ ကျွန်တော့်အသက် ၄၀ အရွယ်ကျကာမှ အမှတ်မထင် မမျှော်လင့်ဘဲ အချစ်သစ်တွေ့ခဲ့သောကြောင့်ပင်။

အများအမြင်တွင် ကျွန်တော်သည် သစ္စာမဲ့သူ၊ စိမ်းကားရက်စက်သူယောကျာ်းတစ်ယောက်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း တစ်ခါတစ်ရံဤသို့မြင်မိပေသည်၊

သို့ပေမယ့် အချစ်ဆိုသည်က နားလည်ရခက်ခဲသော ခံစားမှုတစ်မျိုးဖြစ်ပါသည်။

နောက်တော့ အချစ်သည် ဘဝကိုလည်း ခြယ်လှယ်နိုင်စွမ်းရှိကြောင်း ကျွန်တော်ကိုယ်တွေ့ဖြစ်ခဲ့ပါ၏။

♥ ♥ ♥

ကျွန်တော် မကြာခဏ ပြန်တွေးကြည့်သည်။ တွေးကြည့်တိုင်းလည်း ကျွန်တော်နှင့် ပက်ဂီတို့၏ အချစ်သည် ပျော်ရွှင်ကြည်နူးဖွယ်၊ စွဲမက်မိန်းမူးဖွယ်ရာ အတိပင်။

"ဒါ (. . .) ဌာနက ဒုတိယအတွင်းဝန် ဦးမျိုးခိုင်ပါ၊ ကိုမျိုးသူက ခင်ဆွေအေး။ (. . .) သံရုံးမှာ လုပ်တယ်။ ခင်ဗျားမတတ်တာတွေ သူသာမေးပေတော့၊ အတန်းထဲမှာတော့ သူအတော်ဆုံး။ နောက်ပြီး"

" နောက်ပြီး ဘာလဲ – ဆက်ဦးလေ "

" ဩော် . . . လှလဲအလှဆုံးလို့ ပြောမလို့ပါ "

" အို . . . အရေးထဲ မြှောက်နေပြန်ပြီ "

" ဟုတ်ပါတယ်၊ ဗိုလ်ကြီးအုန်းခိုင်ပြောတာ နှစ်ခုစလုံး အမှန်ချည်းပါပဲ၊ ကျွန်တော် အတန်းတက်တာသုံးရက်တည်းနဲ့ပဲ သိနေပါပြီ"

" ကဲ ဒါဆိုလဲ နှစ်ယောက်စလုံး အခုလိုက်ခဲ့ကြလေ၊ အင်းလျားလိပ်မှာ သွားစားကြမယ်"

သူမက ရှက်ကိုးရှက်ကန်းဖြစ်မသွား။ ရဲရဲတင်းတင်း ပြန်ပြောသောကြောင့် ကျွန်တော်ရော ဗိုလ်ကြီးအုန်းခိုင်ပါ တဟဲဟဲရယ်မောရင်း မျက်စိရှေ့မှောက်က အလှအပများကို အရသာခံနေမိကြသည်။

သူမ၌ ပျိုမျစ်လတ်ဆတ်ခြင်း ရာခိုင်နှုန်းပြည့်ရှိသည်။ ဝတ်စားပြင်ဆင်ပုံ ခေတ်ဆန်သော်လည်း လွန်ကဲခြင်းမရှိ။ ပြည့်ဝင်းသော မျက်နှာမှာ ငေးကြည့်နေချင်စရာကောင်းသည်။ စကားပြောဟန်ကလေးက ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက်နှင့် ချစ်စရာပင်။ အပြုံးကလည်း စွဲငြိစေ၏။ ကြော့ရှင်းသည့် ကိုယ်ဟန်သည် ပြေသင့်သည့်နေရာမှာပြေ၍ ပြည့်သင့်သည့်နေရာမှာပြည့်သည်။ ထို့ကြောင့် ချောသည် ၊ လှသည် ဆိုသည်ထက်

ဆွဲဆောင်မှုရှိသည့် မိန်းကလေးဟုဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။

ကျွန်တော်သည် နယ်အရပ်ရပ်၌ နှစ်အတော်ကြာကြာ အမှုထမ်းခဲ့ပြီးနောက် ရန်ကုန်သို့ ဒုတိယအတွင်းဝန်ဘဝနှင့် ပြန်လည်ရောက်ရှိခဲ့ပါ၏။ ကာလကြာမြင့်စွာ ရန်ကုန်နှင့်ဝေးနေပြီးမှ ပြန်ရောက်လာသဖြင့် အရာရာအထူးအဆန်းဖြစ်ကာ ပျော်နေမိသည်။ အပေါင်းအသင်းဟောင်းများနှင့် ပြန်တွေ့ကြရသည်။နောက်ပြီး နယ်မှာနေခဲ့စဉ်က မလုပ်နိုင်ခဲ့တာတွေကိုလည်း အတိုးချ၍လုပ်မိ၏။ ကျွန်တော်မကြည့်လိုက်ရသော အင်္ဂလိပ်ရုပ်ရှင်များကို တနင်္ဂနွေ ၉ နာရီအထူးပွဲများ၌ ပြန်ကြည့်သည်။ မစားရတာကြာပြီဖြစ်သော ၂၁ လမ်းက ဆီချက်ခေါက်ဆွဲ၊ ၁၉ လမ်းက ကြေးအိုး၊ စထရင်းဟိုတယ်က ဘီယာစသည်တို့ကိုလည်း မကြာခဏ အရသာခံသည်။ ညနေပိုင်းမှာ ပြည်လမ်း ဆေးကောလိပ်တွင် ဖွင့်လှစ်ထားသော အချိန်ပိုင်းပြင်သစ်ဘာသာသင်တန်းကိုလည်း တက်လိုက်သေးသည်။

ဤသင်တန်းကို တက်ဖြစ်သည်က ကျွန်တော်တို့ဌာနတွင် အထူးအရာရှိအဖြစ်ရောက်နေသည့် ဗိုလ်ကြီးအုန်းနိုင်ကြောင့် ဖြစ်သည်။ ဗိုလ်ကြီးအုန်းနိုင်နှင့် ကျွန်တော်သည် တစ်ခါက တစ်မြို့တည်းတွင် သူက နယကဉက္ကဌဘဝနှင့် အတူတကွ တာဝန်ထမ်းခဲ့ဖူးသည်။ အခု ဌာနတစ်ခုတည်း ပြန်တွေ့ကြသောအခါ ပေါင်းမိသွားကာ သူက ပြင်သစ်ဘာသာသင်တန်းတက်နေသဖြင့် ကျွန်တော့်ကိုပါတက်ရန် ဆွယ်တရားဟောလေသည်။

ထိုအချိန်က အရာရှိတော်တော်များများသည် ဟိုဌာနခုန်၊ သည်ဌာနကူး နေကြသည့်အချိန်။ ကျွန်တော့်စိတ်ထဲတွင်လည်း တစ်နေ့ကျလျှင် ဌာနကူးပြောင်းချင်သည့် ရည်ရွယ်ချက်ကလေးက ရှိနေသဖြင့် ယင်းစိတ်ကူးကို အထောက်အကူဖြစ်လိုဖြစ်ငြားဟူ၍ သင်တန်းတက်လိုက်ခြင်း ဖြစ်လေသည်။ သို့သော် ကျွန်တော်က တစ်လခန့် နောက်ကျနေသဖြင့် မလိုက်နိုင်ဘဲ အခက်အခဲ တွေ့နေရသည်။ ထို့ကြောင့် ကိုအုန်းနိုင်က သူ့မိတ်ဆွေ ခင်ဆွေအေးခေါ် ပက်ဂီအေးဆောင်နှင့် တစ်ညနေ သင်တန်း အပြီးတွင် မိတ်ဆက်ပေးခြင်းဖြစ်လေသည်။

မမျှော်လင့်ဘဲနှင့် သင်တန်းမှာ ပျော်စရာကောင်းနေသည်။

ကျွန်တော်တို့အသက်ကြီးမှ ကျောင်းသားဘဝပြန်ရောက်သောအခါ လူငယ်တွေလို ပြုမူနေမိကြလေသည်။ ပြင်သစ်ဘာသာ အသံထွက်များမှာ ထူးဆန်းခက်ခဲပြီး မနည်းပီသအောင် လိုက်ဆိုကြရသည်။ အချို့ အသံထွက်များကို အကျကောက်ပြီး ကျွန်တော်တို့ရယ်ကြသည်။ သင်တန်းသားများတွင် ဆရာဝန်၊ စစ်ဗိုလ်၊ ဆရာမ၊ လေယာဉ်မယ်၊ အင်ဂျင်နီယာစသဖြင့် လူမျိုးစုံပါဝင်လျက် အားလုံးသည် အလုပ်တာဝန်များကို မေ့ပျောက်ပြီး ပျောက်ဆုံးခဲ့ပြီဖြစ်သော ငယ်စဉ်ဘဝကို ခဏမျှရယူကာ ပေါ့ပါးရွှင်လန်းနေကြလေသည်။

ဗိုလ်ကြီးအုန်းခိုင်ကား အတန်းထဲတွင် ကျောင်းသားဥက္ကဋ္ဌဟု ဆိုလောက်ပါသည်။ နှုတ်သွက် လျှာသွက် လူတိုင်းနှင့်ခင်မင်သည်။ သူက လူအိုလူလွတ်။ ဆိုလိုသည်မှာ ကလေးမကျန်ခဲ့သည့် အသက် ၃၆ နှစ်အရွယ် မုဆိုးဖိုတစ်ဦးဖြစ်သည်။ သူနှင့်ပေါင်းမိတော့ ကျွန်တော်ပါ လွတ်ချင်ချင်ဖြစ်သွားပြီး ယနေ့ ညနေ ခင်ဆွေအေးနှင့် မိတ်ဆက်ပေးတုန်းက ကျွန်တော်ခပ်ရွှင်ရွှင်ပြန်ပြောလိုက်မိခြင်း ဖြစ်ပါသည်။ ပြောပြီးမှ အိမ်ထောင်သည်တစ်ယောက်က ဒီလိုပြောတာ မကောင်းဘူးဟု ပြန်စဉ်းစားမိသည်။

ခင်ဆွေအေးက ဘီကွမ်းဘွဲ့ရပြီးပြီ။ သံရုံးမှာ လုပ်သဖြင့် အင်္ဂလိပ်စကားကို သွက်လက်စွာပြောတတ်သလို ပြင်သစ်စကားကိုလည်း တီးမိခေါက်မိ ရှိသဖြင့် အတန်းထဲတွင် သူ့ကိုဆရာတင်ကြရသည်။

ကျွန်တော့်ကိုလည်း သူပဲသင်ပြပေးသဖြင့် မကြာခင်စာလိုက်နိုင်သွားပါသည်။ လူချင်းလည်း ခင်မင်ရင်းနှီးသွားကြသည်။

ည ၇ နာရီ သင်တန်းပြီးလျှင် ဗိုလ်ကြီးအုန်းခိုင်၏ ကားနှင့် သူမနေထိုင်ရာ စမ်းချောင်း၊ ရှမ်းလမ်းသို့ လိုက်ပို့ပေးရသည်။

ပက်ဂီ၏ ဖခင်မှာ အငြိမ်းစား လမ်းအရေးပိုင်တစ်ဦးဖြစ်ပြီး မိခင်မှာ ရှမ်းကပြား မိန်းမချောကြီး တစ်ဦးဖြစ်လေသည်။ အဘိုးကြီးရော အဘွားကြီးပါ ခေတ်မီပြီး ဖော်ဖော်ရွေရွေ ခင်ခင်မင်မင်ရှိပါသည်။

ခင်ဆွေအေးတို့ မောင်နှမသုံးယောက်တွင် အစ်ကိုကြီးသည် အနောက်နိုင်ငံသူတစ်ဦးနှင့် အကြောင်းပါပြီး ဟိုမှာပင် အပြီးနေထိုင်လျက်ရှိပါသည်။ အစ်မဖြစ်သူက အိမ်ထောင်ကျပြီး တောင်ကြီးမှာနေသည်။ ခင်ဆွေ

အေးသည် အငယ်ဆုံး၊ အလှဆုံးနှင့် အဆိုးဆုံး။ အဖေ၊ အမေ လက်မြှောက်ထားရသော သမီးဖြစ်ကြောင်း အဘွားကြီး၏တဖွဖွ ညည်းညူသံကြားနေရသည်။ ဘာတွေဆိုးနေသည်ကိုတော့ ကျွန်တော်လည်း တိတိ ကျကျမသိ။ ဒါပေမယ့် ပြောမရ၊ ဆိုမရ ထင်ရာစိုင်းမည့်ပုံစံကတော့ မြင်တာနှင့် သိနိုင်လောက်ပါသည်။

" အနောက်နိုင်ငံတွေမှာ လူငယ်တွေဟာ အသက် ၂၁ နှစ်ဆိုရင် ကိုယ့်ဘဝကိုယ် ဖန်တီးခွင့်ရှိတယ်။အခု ပက်ဂီက ၂၄ နှစ်တောင်ရှိပြီပဲ " ဟု သူ့ခံယူချက်ကို ပြောပြတတ်သည်။

သူမ၏ ပွင့်လင်းမှု၊ လွတ်လပ်မှုကို တစ်မျိုးယူဆကာ အခွင့်ကောင်းယူချင်သူ လူပျို–လူအိုတို့ကိုမူ အားမနာတမ်း အပြတ်ပြောပစ်တတ်သဖြင့် နောက်တစ်ခါ မကပ်ရဲကြတော့ပေ။

ကျွန်တော်နှင့် ကိုအုန်းခိုင်ကိုတော့ သူအခင်ဆုံး။ မကြာမြင့်မီ ကျွန်တော်တို့သုံးဦး သွားအတူ ၊ လာအတူ အဖွဲ့ဖြစ်သွားကြသည်။ လစဉ် စာမေးပွဲများနီးလျှင် စာအတူတူကျက်ကြသည်။ ဒီကြားထဲမှာလည်း သူ့မွေးနေ့ ကိုယ့်မွေးနေ့အကြောင်းပြ၍ နမ့်ဆင်းတို့၊ ဟိုက်ဖွမ်တို့မှာ သွားစားကြသည်။ အတန်းထဲမှာလည်း ကိုယ့်အုပ်စုနှင့်ကိုယ်ထိုင်ကြ၊ ပြန်ကြသည်မို့ ဘာမျှမထူးဆန်းပါပေ။

သို့သော် အချောအလှ ပက်ဂီ၏အနားသို့ ကပ်ခွင့်မရသည့် လူပျိုအရာရှိအချို့ကမူ ကျွန်တော်နှင့်ကိုအုန်းခိုင်ကို မနာလို တိုရှည် ဖြစ်ကြသည်။ မကြားတကြားခနဲ့သည့်စကား ဆိုကြသည်။ ပက်ဂီကတော့ ဂရုမစိုက်၊ ကျွန်တော်တို့နှင့် ပိုတွဲပြလိုက်သေးသည်။ သူက ဒီလိုမိန်းကလေးမျိုး။

ကျွန်တော်တို့ သင်တန်းကာလ ခြောက်လခန့် ကြာသောအခါ မမျှော်လင့်သော ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ အကြောင်းက ကိုအုန်းခိုင်သည် ရုတ်တရက် အစာအိမ်ပေါက်သောရောဂါဖြင့် ဆေးရုံတက်၍ အရေးပေါ်ဗိုက်ခွဲကုသရသည်။ ဆေးရုံပေါ်၌ အနာတော်တော်နှင့် မကျက်၍ နှစ်လခန့်ကြာခဲ့သည်။ ပြန်ဆင်းလာတော့လည်း အားနည်းပြီး ယဲ့ယဲ့ကလေးဖြစ်နေသဖြင့် သင်တန်းပြန်မတက်နိုင်ရှာတော့ပေ။

ကျွန်တော်နှင့် ပက်ဂီကတော့ ဆက်တက်ကြသည်။ ကိုအုန်းခိုင် ကား မရှိတော့သဖြင့် ကျွန်တော့်ကား စကိုဒါလေးဖြင့် အပြန်ကို ပက်ဂီအား လိုက်ပို့ရသည်။ ထိုအချိန်က ကျွန်တော်တို့ စမ်းချောင်း၊ မြောင်းမြလမ်းတွင် အိမ်ငှားနေကြရာ ကျွန်တော့်ဇနီးက ကြည့်မြင်တိုင် အ–ထ–က (၁) တွင် အလယ်တန်းဆရာမဖြစ်၍ သမီးမချိုက အမေနှင့် တစ်ကျောင်းတည်း အတူတူ ကျောင်းကားနှင့်သွားကြသည်။ သားကြီးက ပြည်လမ်း တီတီစီ ကျောင်းမှာ၊ သူကလည်း ကျောင်းကားနှင့်ပင် သွားသဖြင့် ကျွန်တော့်တွင် ဈေးပို့ကျောင်းပို့ စသောတာဝန်များမရှိဘဲ ကားကို ကျွန်တော် တစ်ယောက်တည်း အပိုင်သုံးနိုင်သည်။

ကိုအုန်းခိုင်မရှိတော့သဖြင့် ကျွန်တော်နှင့်ပက်ဂီတို့ ရင်းနှီးမှု ပိုလာသည်ဟု ဆိုရပါမည်။

ပက်ဂီအရွယ်ရောက်ချိန်၌ ဖခင်က ပင်စင်စားတစ်ဦးဖြစ်နေလေပြီ။ အိုးပိုင်၊ အိမ်ပိုင်နှင့် ချောင်ချောင်လည်လည် နေနိုင်သော်လည်း ကိုယ်ပိုင်ကား မထားနိုင်တော့။ ထို့ကြောင့် ပက်ဂီသည် ရုံးသွား၊ ရုံးပြန် ဖယ်ရီနှင့် လိုက်သည်။ အခြားသွားစရာရှိလျှင်တော့ သုံးဘီး၊ သို့မဟုတ် ဘတ်စ်ကားနှင့်ပင် သွားရသည်။ သူ့ရုပ်ကလေးနှင့် ဘတ်စ်ကား တိုးဝှေ့စီးရသည်ကို ကျွန်တော် သနားမိသည်။ သူ့ရုပ်ရည်က ဘတ်စ်ကားနှင့် နည်းနည်းလေးမှ မအပ်စပ်။ ကိုအုန်းခိုင်လဲ ကျွန်တော့်လိုပဲ ခံစားမိသည်ထင်ပါ၏။ ပက်ဂီကို သင်တန်း အသွားအပြန် ကားနှင့်ခေါ်သည်သာမက တခြားသွားစရာရှိလျှင်လည်း ဗိသကြိုနတ်သားလုပ်ကာ လိုက်ပို့ပေးတတ်သေးသည်။

ကိုအုန်းခိုင် လူမမာဖြစ်တော့ ကျွန်တော်သည် ပက်ဂီ၏ ဗိသကြို ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးလာကြပြီ ဆို တော့လည်း ထုံးစံအတိုင်း ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ရင်ဖွင့်မိ တတ်ကြသည်။

ထိုအချိန်က ပက်ဂီသည် သူချစ်သူက ပစ်ခွာသွားသဖြင့် အသည်း ကွဲနေချိန်၊ မခံချင်စိတ်ဖြင့် ထင်ရာစိုင်းချင်နေချိန်ဖြစ်ကြောင်း နောက်ပိုင်း၌ ကျွန်တော်သိလာရပါသည်။ ဒီတော့လည်း ကျွန်တော်တို့ အစ်ကိုကြီး

တစ်ယောက်သဖွယ် ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးရသော တာဝန်ပိုလာသည်။ ပက်ဂီ၏ ချစ်သူမောင်သည် နယ်နယ်ရရမဟုတ်၊ ရန်ကုန်မြို့မှ ထိပ်တန်း ဆရာဝန်ကြီးတစ်ဦး၏သား။ နိုင်ငံခြားပြန် ဆရာဝန်တစ်ဦးပင်။ သမီးရှင်တွေ ဝိုင်းဝိုင်းလည်နေသည့် အထဲက မိခင်နှင့်အတိုက်အခံပြုကာ ပက်ဂီနှင့် စွဲစွဲမြဲမြဲ တွဲခဲ့သူ ဖြစ်လေသည်။ သို့သော် ကြာသောအခါ မိခင်၏ အပျော့ဆွဲ နောက်သို့ပါသွားပြီး အတွင်းဝန်သမီးတစ်ယောက်နှင့် ကောက်ခါငင်ခါ စေ့စပ်လိုက်သောကြောင့် ပက်ဂီ၏နုနယ်သောနှလုံးသားမှာ ဆတ်ဆတ်ခါ နာကျည်းနေခဲ့ရှာသည်။

ဒီအကြောင်းတွေသိလာတော့ ကျွန်တော် သူ့ကိုပိုနားလည်ပြီး၊ ပို၍ကရုဏာသက်ကာ နှမလေးတစ်ယောက်လိုပင် အနေအထိုင် သူများ အပြောမခံရအောင် ဆင်ခြင်ရန် ဆုံးမရသည်။ တစ်ခါတစ်ရံ အစ်ကို တစ်ယောက်လို ဆူပူကြိမ်းမောင်းမိသည်။ သူကလည်း ဆင်ခြင်တွေပေးသည်။ အခြေအတင် ငြင်းခုံသည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့လည်း ကျွန်တော့်စကားကို နားထောင်သည်သာ ဖြစ်သည်။ အစ်ကို၊ အစ်မများနှင့် အတူမနေရသဖြင့် ကျွန်တော့်ကို နွဲ့ဆိုးဆိုးစရာ အစ်ကိုကြီးတစ်ယောက်ဟု သတ်မှတ်ထားဟန် ရှိလေသည်။

ကျွန်တော်က အသက်ကြီးသူ အိမ်ထောင်ရှင်တစ်ဦးမို့ သူနှင့် ကျွန်တော်၏ဆက်ဆံရေးကို ဘာလိုလိုမဖြစ်အောင် အမြဲသတိထားသည်။

သို့သော် သွေးသားမတော်စပ်သည့် သူစိမ်းတစ်ရံဆံယောက်ျားနှင့် မိန်းမတို့အတွက် နီးစပ်လွန်းသောအခါ နှလုံးသားချင်းပါ ရင်းနှီးငြိတွယ်သွားဖို့ရန် များစွာမခဲယဉ်းတော့ကြောင်း ကျွန်တော်သိလာသည့်အချိန်၌ အခြေအနေက နောက်ကျနေပါပြီ။

ပက်ဂီသည် ကျွန်တော့်ကို အစ်ကိုဟုခေါ်ပြီး ကျွန်တော်က ဂရုစိုက်လျှင် ကျေနပ်သည်။ ကျွန်တော်နှင့် တွဲ၍သွားလာရခြင်းကို အလွန် ပျော်နေကြောင်း ကျွန်တော်ရိပ်မိသည်။

ဒါဖြင့် … ကျွန်တော်ကကော၊ ပြောရရင် ကျွန်တော်ကလည်း ဘာသားနှင့်ထုထားတဲ့ အကောင်မို့လဲ။ အာရုံတစ်ခုတည်း၏ အစေအပါးမို့

သာယာမိသည်ပဲပေါ့။ အလွန်သာယာကြည်နူးမိသည်ကို ဝန်ခံရပါသည်။

တစ်ခါတစ်ရံ ပက်ဂီ၏ အနေအထိုင်နှင့် ပတ်သက်၍ ဆုံးမကြိမ်းမောင်းသည့်အခါမျိုး၌ အစ်ကိုကြီးတစ်ယောက်နှင့်မတူတော့ဘဲ၊ သဝန်ကြောင်သော ချစ်သူနှင့်ပိုတူနေသည်။ ဒါကို ပက်ဂီက စိတ်ကောက်ပြီး အရွဲ့တိုက်၊ နှစ်ဦးသား စိတ်ဆိုးကြ။ ကြာကြာလည်း မဆိုးနိုင်၊ပြန်ခေါ်ကြနှင့် ဒါလေးတွေကလည်း ချစ်သူနှစ်ဦးနှင့် ဘာမျှမထူးတော့ချေ။

ဒီလိုနှင့် တစ်နေ့သို့ ရောက်ခဲ့သည်။

မှတ်မှတ်ရရ အဲဒီနေ့က စနေနေ့။ သူချစ်သူဆရာဝန်နှင့် အတွင်းဝန်သမီးတို့ လက်ထပ်သည့်နေ့။

" စိတ်ထိခိုက်နေပြီးထင်ရာလျှောက်သွားနေမလား။ မျက်ရည်ကျပြီး အိပ်ရာထဲမှာ ခွေနေမလား "ဟု ကျွန်တော်စိတ်ပူမိသည်။ (သူတို့ရုံးက စနေနေ့မတက်ရပေ။)

နေ့ဝက်ရုံးဆင်းသောအခါ ကျွန်တော်သူ့အိမ်သွား၍ ခေါ်ခဲ့ပြီး တက္ကသိုလ်ရိပ်သာလမ်းပေါ်က ဟိုက်ဖွမ်ဟိုတယ် သီးသန့်အခန်းမှာ နေ့လယ်စာ စားကြသည်။ အဘိုးကြီး အဘွားကြီးကိုမူ ကျွန်တော့်မွေးနေ့မို့ ပက်ဂီကိုကျွေးချင်လို့ဟု အကြောင်းပြခွင့်တောင်းခဲ့သည်။

ဒါပေမယ့် ကျွန်တော်ထင်ထားသလို ပက်ဂီစိတ်ထိခိုက်ပုံမရပါ။ သူ့စိတ်တွေ ကြည်လင်ရွှင်ပျနေကြောင်း သူ့အပြုံးက ဖော်ပြနေသည်။

ကျွန်တော် ဝမ်းသာရပါသည်။ နုနယ်သော၊ မရင့်ကျက်သေးသော နှလုံးသားလေး ဝမ်းနည်းပူဆွေးရမည်ကို ကျွန်တော်မလိုလားဆုံးပါပဲ။ သူ့ဘဝတွင် ပျော်စရာတွေ အနှဆုံး။ အလှဆုံး အကောင်းဆုံးတွေချည်း ဖြစ်စေချင်သည်မှာ ကျွန်တော့်စေတနာ။ သူ့အပေါ်၌ ကျရောက်မည့် အန္တရာယ်ဟူသမျှမှ အကာအကွယ်ပေးချင်သည်မှာ ကျွန်တော့်ဆန္ဒဆိုတာ ပက်ဂီသိစေချင်လှပါသည်။

မှာထားသော အစားအသောက်များကိုစောင့်ရင်း ပန်းပွင့်ကလေးလိုလှသော မျက်နှာမှ သူ့အပြုံးကို မကြာခဏ စေ့စေ့ကြည့်တာ အဓိပ္ပာယ်ဖော်နေမိသည်။ ကြေကွဲနေသည့် နှလုံးသားကို သိုဝှက်ရန် ကြိုးစားနေသည့်

အပြုံးပေလား။

" ဘာတွေ တွေးနေလဲ အစ်ကို "

" ဩော် ... ဘာမှ မဟုတ်ပါဘူး "

" မပြောလဲ အစ်ကို ဘာတွေတွေးနေသလဲဆိုတာသိပါတယ်။ ဒီနေ့ကိုစောလွင်သိန်း လက်ထပ်တဲ့နေ့မို့ ပက်ဂီ စိတ်ထိခိုက်နေမှာပဲဆိုပြီး စိတ်ပြေလက်ပျောက်ခေါ်လာတာ၊ အစ်ကို့မွေးနေ့ဆိုတာ အလကား ညာတာ၊ သိသားပဲ၊ ဟုတ်တယ်မဟုတ်လား "

" မဟုတ်ပါဘူး "

" ဘာမဟုတ်ပါဘူးလဲ "

" ဘာမှမဟုတ်ပါဘူး "

နှစ်ယောက်သား နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိကြသည်။ ဖေဖော်ဝါရီလ ဆောင်းကုန်လုပြီ။ လေအေးကလေးတဟူးဟူး တိုက်နေဆဲ။ ဟိုတယ်ပြတင်းမှ လှမ်းကြည့်လျှင် ကောင်းကင်ပြာကြီးကို မြင်ရသည်။ ခြံ စည်းရိုးတွင် စက္ကူပန်းရောင်စုံတို့ အဆုပ်လိုက်အခဲလိုက်ပွင့်နေကြသည်။

" စိတ်မပူပါနဲ့ အစ်ကိုရယ်၊ ပက်ဂီ ဟန်ဆောင်နေတာမဟုတ်ပါဘူး။ တကယ့်ကို စိတ်ထဲမှာ ဘယ်လိုမှမနေပါဘူး။ အရင်ကစိတ်မျိုးဆိုရင်တော့ ငိုနေမိမှာပဲဆိုတာ ဝန်ခံပါတယ်။ အခုတော့လေ ပက်ဂီ ကိုယ့်စိတ်ကိုယ်သိပြီ။ အချစ်ဆိုတာကိုလည်း နားလည်ပြီ "

ကျွန်တော်ပြုံးမိသည်။ ပြောပါစေ ပြောပါစေ၊ အချစ်အကြောင်းဆိုတာ အချစ်ရှုံးဖူးသူတို့သာ အသိဆုံးဖြစ်ပေလိမ့်မည်။

" ဒီအချိန်မျိုးမှာ စိတ်မထိခိုက်တဲ့ ခံစားမှုနည်းနေတာဘာ့ကြောင့်လဲ သိလား။ ပက်ဂီ သူ့ကိုမချစ်တော့လို့ပေါ့ "

သူ့ခံစားချက်များကို အလေးအနက်ပြောပြနေတော့ ကျွန်တော်က စီးကရက်သောက်ရင်း ငြိမ်သက်စွာ နားထောင်နေရသည်။

" ဒါပေမယ့် ပက်ဂီမခံချင်တာ တစ်ခုတော့ရှိတယ်။ သူ့အမေက ပက်ဂီကို ပျံတံတံ နန့်တန့်တန့် မိန်းကလေးမို့ သူ့သားနဲ့ သဘောမတူနိုင်ဘူး ဆိုတာကိုပဲ၊ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် နေတတ်တာကို

ပျံ့တံတံလို့ပြောတာ ပက်ဂီသိပ်စိတ်နာတာပဲ။ အစ်ကို့စိတ်ထဲမှာကော ပက်ဂီကို သူတို့ပြောသလို မြင်နေသလားဟင်၊ ပွင့်ပွင့်လင်းလင်း အားမနာ တမ်းပြောစမ်းပါ ''

တကယ်တော့ မြန်မာပြည်မှာ မြန်မာမလေး တယောက်လိုမနေ တတ်သော ပက်ဂီကို ဘယ်လောက်ပဲ အကျင့်စာရိတ္တကောင်းနေပါစေ။ သားရှင်တိုင်းက ဒီလိုပဲမြင်ကြမည်မှာ မဆန်းပါချေ။ ဒီအကြောင်းတွေ အခုမ ပြောချင်သေးသဖြင့် မယုတ်မလွန်သော စကားကို သာဆိုရပါသည်။

'' သူတို့ ဘာပြောပြော၊ ကိုယ်ကောင်းရင် ခေါင်းမရှေ့ပါဘူး ပက်ဂီ ''

'' အဲဒီလိုနှစ်သိမ့်တဲ့ အပြောမျိုးမလိုချင်ပါဘူး။ အစ်ကို့ ကိုယ်ပိုင် ထင်မြင်ချက်ကို သိချင်တာပြောပါအစ်ကို ''

'' ဩော် ... ပက်ဂီကလဲကွာ၊ ဒါပဲမေးနေတယ်၊ ကိုယ့်ထင်မြင် ချက်က ဘာများအရေးကြီးလို့လဲ ''

'' ဘာအရေးကြီးလို့လဲ ဟုတ်လား၊ ပြောရက်လိုက်တာနော်၊ အရေးကြီးသမှ သိပ်ကြီး။ ကမ္ဘာပေါ်မှာ ဘယ်သူတွေက ဘာပြောနေနေ ပက်ဂီကရုမစိုက်ပါဘူး။ ပက်ဂီ့စိတ်ထဲမှာ အစ်ကိုဟာ အရေးအကြီးဆုံး၊ အထင် အကြီးဆုံးဆိုတာ အစ်ကိုသိဖို့ကောင်းပါပြီ၊ အခုလိုတာမှမဆိုင်တဲ့ ဘေးလူ တစ်ယောက်လိုပြောတာ ပက်ဂီဝမ်းအနည်းဆုံးပါပဲ ''

ပြောပြောဆိုဆို ကလေးလေးတစ်ယောက်လို ရှိုက်ပြီးငိုသည်၊ နုနယ်လှပသည့် မျက်နှာလေးမှာ မျက်ရည်စတွေနဲ့ဆိုတော့ သနားစရာလေး။

ညိုးရိပ်ထင်နေသည့် မျက်နှာကလေးက ခါတိုင်းထက်ပို၍ လှပ နေသလိုထင်မိသည်။ သူ့ကိုယ်သူထိန်းပြီး အငိုတိတ်သွားပေမယ့် ကော့ညွတ် နေသော မျက်တောင်များပေါ်မှာ မျက်ရည်စက်တွေ တင်ကျန်နေလျက်။ တစ်ချက်တစ်ချက် ရှိုက်နေဆဲပင်ရှိသေးသည်။

'' ဘာပြုံးနေတာလဲ အစ်ကို၊ ပက်ဂီ့ကို လှောင်တာလား။ ပက်ဂီ ငိုတာ ရယ်စရာသိပ်ကောင်းနေလို့လား။ ဟုတ်လား ''

သူက ဒေါကလေးနှင့် ခပ်ဆတ်ဆတ် မေးသည်။

ကျွန်တော် သူ့မျက်နှာကို မေးမှကိုင်၍မော့စေပြီး မျက်လုံးချင်းဆိုင်၍ စေ့စေ့ကြည့်လိုက်သည်။

" မဟုတ်ဘူး။ ရယ်စရာကောင်းလို့ မဟုတ်ဘူး။ သနားစရာကောင်း လို့၊ ချစ်စရာကောင်းလို့၊ ချစ်လို့သိရဲ့လား "

ဩော် ... အရွယ်သည် အချစ်စိတ်နှင့် မပိုက်မှားမိအောင် ထိန်းညှိ ပေးသည်ဆိုပေမယ့်၊ အခုအချိန်မှာတော့ အရွယ်နှင့်သိက္ခာသည် အချစ်ဖြင့် ထုံမွမ်း နေသော ကျွန်တော့်နှလုံးသားကို မည်သို့မျှထိန်းကွပ်မပေး ကြတော့ပါလား။

♥ ♥ ♥

" ဟော ... ဖေဖေ၊ ဖေဖေလာတယ် မေမေရေ၊ ဖေဖေရောက် လာပြီ၊ ဖေဖေကလဲ လာမယ်ဆိုတာ စာရေးရောပေါ့၊ သမီးတို့ သာစည်က လာကြိုမှာပေါ့၊ အခုတော့ ကြည့်ပါဦး "

ကျွန်တော့်သမီးချိုမြနိုင်သည် အငှားဂျစ်ကားပေါ်မှ ပစ္စည်းများကို သယ်မ,ချရင်း ဝမ်းသာလွန်းသဖြင့် နှုတ်မှလည်း တတွတ်တွတ်ပြောနေ သည်။

တင်တင်သည် အိမ်ထဲမှ ခပ်သွက်သွက်ထွက်လာပြီး ကျွန်တော့် ကို တစ်ချက်မျှစိုက်ကြည့်ကာ မျက်လွှာချပြီး လက်ဆွဲအိတ်ကို လှမ်းယူသည်။

ယဉ်စစနှင့်ချောသော ကျွန်တော့်ဇနီးဟောင်းသည် အနည်းငယ် ပြည့်ဖြိုးနေသည်မှအပ ယခင်လို ယဉ်ဆဲ၊ ချောဆဲပါပဲ။ သည်မျက်နှာသည် တစ်ခါက ကျွန်တော့်နှလုံးသားကြေးမုံပြင်ဝယ် စွဲထင်ခဲ့ဖူးပေသည်။

ဒရိုင်ဘာအား ကားခပေးပြီးသောအခါ ကားထဲတွင် ဘာပစ္စည်းမှ မကျန်တော့။ သားအမိနှစ်ယောက် အကုန်သယ်သွားကြပြီ။ ကျွန်တော့် လက်ထဲတွင် စီးကရက်ဘူးနှင့် ဂျာကင်သာကိုင်ခဲ့ရသည်။

" ဖေဖေလန်းသွားအောင် ရေချိုးလိုက်မလား "

" ကောင်းသားပဲ "

မချိုသည် ကျွန်တော့်အပါးမှ သွက်လက်စွာ ထ,သွားသည်။ သမီး၏ ရုပ်ရည်နှင့် လှုပ်ရှားပုံများသည် သူ့အမေငယ်ငယ်ကနှင့် တစ်ပုံတည်း တူနိုင်လွန်းလှသည်။

နက်မှောင်ထူထဲသော ဆံပင်၊ ပြေရှင်းနေသော နဖူး၊ ဆွဲစရာမလိုတဲ့ ပုံကျကျနှင့် လှသောမျက်ခုံး၊ ရွှန်းလဲ့တောက်ပနေသော မျက်လုံး အကုန်လုံး တူသည်။ ဒါပေမယ့် သမီးက ကျွန်တော်နှင့်တူ၍ အသားဖြူသည်။ တင်တင်က အသားအနည်းငယ်ညိုသည်။

" ဖေဖေ ခဏစောင့်ဦးနော်၊ မေမေ ရေချိုးတည်နေတယ်၊ ဆောင်းတွင်းကြီး ညနေဘက် ရေချိုးရင်ဖျားမှာစိုးလို့တဲ့ "

ကျွန်တော့်ရင်ထဲမှာ အားနာသလိုလို၊ ဝမ်းနည်းသလိုလို ဝေဒနာ တစ်မျိုးကို ခံစားလိုက်ရသည်။

" ဩော် . ဒုက္ခရှာလို့၊ ဖေဖေ ရေအေးနဲ့ပဲ ချိုးနိုင်ပါတယ်၊ မတည်ပါနဲ့လို့ သွားပြောလိုက်ပါ သမီးရယ် "

" ပူနေပြီဖေဖေရဲ့၊ ရတော့မယ်၊ ကိုကို တစ်ခါတစ်ရံ ပြန်လာလို့ ညနေဘက်ဖြစ်နေရင်လဲ မေမေက ရေနွေးနဲ့ပဲချိုးခိုင်းတယ် "

သားကိုသခင်၊ လင်ကိုဘုရားဆိုတာ တင်တင်လိုမိန်းမမျိုးထင်ပါရဲ့၊ သူ့ဘဝမှာ ယခုထက်တိုင် ကျွန်တော့်ကို အိမ်ဦးနတ်လိုသဘောထားတုံး ဆိုတာ သိရတော့ ကျွန်တော်စိတ်မကောင်းဖြစ်ရသည်။

" မင်းခိုင်ကို ဘယ်လို အကြောင်းကြားမလဲ သမီး၊ သူလာနိုင် ပါ့မလား၊ ဖေဖေက ရက်သိပ်မရဘူး "

" ညကျတော့ ဦးလေးတင်တို့အိမ်ကသွားပြီးကလောကို ဖုန်းဆက် မယ်ဖေဖေ၊ သူက တပ်ထဲပြန်သွားတာ ၃ ရက်ပဲရှိသေးတော့ ပြန်လာလို့မှ လွယ်ပါ့မလားမသိဘူး "

ထိုညက ကံအားလျော်စွာ ဖုန်းလိုင်းများကောင်း၍ မင်းခိုင်နှင့် စကားပြောရသည်။ သူက သန်ဘက်ခါမှ လာနိုင်မည်ဟုဆိုသဖြင့် ကျွန်တော် မြန်ရက်ရွှေ့လိုက်ရသည်။ ကလောနှင့် စကားပြောပြီးနောက် ချက်ကုန်ကို တစ်ဆက်တည်းခေါ်ပြီး ပက်ဂီအား ကျွန်တော်သုံးရက်အစား လေးရက်

နေမယ်ဆိုတာ ရှင်းပြရသည်။

ပက်ဂီက သဝန်တိုသံလေးနှင့် " သားအဖတွေ အလွမ်းသယ်ကြဦးမယ်ပေါ့လေ " ဟု ခနဲ့လိုက်သေးသည်။

" မဟုတ်ပါဘူး ပက်ဂီရာ၊ အချိန်ရရင် စစ်ကိုင်းကဘာထွေးငြိမ်းဆီသွားမလားလို့ပါ "

အမှန်ကတော့ စစ်ကိုင်းမှာနေသော ကျွန်တော်တို့အဖေ့ညီဘာထွေးထံသွားရန် ရည်ရွယ်ချက်မရှိပါ။ တင်တင်နှင့် သားတို့သမီးတို့ ကျေနပ်အောင် ကြာကြာနေချင်၍ ပြန်ရက်ရွှေ့လိုက်ခြင်းသာဖြစ်ပါသည်။ သို့သော် ပက်ဂီရွှေစိတ်တော်ညိုမသွားအောင် မချိုရှေ့မှာပင် ညာလိုက်ရသည်။

ပက်ဂီ စိတ်ညစ်ညျူးစေမည့် ကိစ္စမှန်သမျှ ရှောင်ကြဉ်ရခြင်းသည် ကျွန်တော့်အကျင့် ဖြစ်နေပြီလား။

♥ ♥ ♥

နံနက်စောစောထ၍ ကောက်ညှင်းပေါင်း ပူပူနွေးနွေးကို ဘူးသီးကြော်နှင့် စားရသည်မှာ အရသာတွေ့လှသည်။ မိတ္ထီလာတွင် ပေါက်ချောင်းအကြော်စုံသည် နာမည်ကြီးဖြစ်သည်။ ရန်ကုန်မှာ နံနက်တိုင်း ကျွန်တော်တို့ ကြက်ဥ၊ ပေါင်မုန့်၊ ဘေကင် တစ်ခါတစ်ရံ မုန့်ဟင်းခါးကိုသာအမြဲစားကြသဖြင့် ကောက်ညှင်းပေါင်းနှင့် အကြော်သည် အပြောင်းအလဲဖြစ်၍ အရသာထူးနေသည်။

" ဖေဖေ ... ဖြည်းဖြည်းစားနော်၊ သမီးသွားဝယ်တာ မန္တလေးပဲကြော် ပါမလာလို့တဲ့၊ မေမေနောက်တစ်ခေါက်သွားဝယ်နေတယ် "

ကျွန်တော် ရင်နင့်ရပြန်ပါပြီ။

နှစ်ပေါင်းအတော်ကြာညောင်းခဲ့ပြီဖြစ်ပါလျက် ကျွန်တော့်အလိုကျွန်တော့်အကြိုက်ကို အသေးစိတ်မှတ်မိနေသည့် တင်တင်။ သူ့ဘဝမှာ ကျွန်တော်သည် တစ်ဦးတည်း၊တစ်ယောက်တည်းသာ ရှိခဲ့သဖြင့်ဘယ်တော့မှ မမေ့ဘူးထင်ပါရဲ့။

ကျွန်တော်ရှိနေခိုက် မချိုတို့ သားအမိနှစ်ယောက် ကျောင်းနှင့်၊ ရုံးမှ ခွင့်ယူထားကြသည်။ တင်တင်က အ-ထ-က ၁ မှာ အထက်တန်းပြ ဆရာမ၊ သမီးက ဘီကွမ်းအောင်ပြီး၍ ဆည်မြောင်းဌာနတွင် လခ ၂၀ဝဖြင့် အလုပ်လုပ်နေပြီ။ ကျွန်တော်နှင့် ကွဲစဉ်က တင်တင်သည် ဆရာဖြစ် လက်မှတ်ရ အလယ်တန်းပြဆရာမ တစ်ဦးသာဖြစ်သည်။ နောက်ပိုင်းမှ ဘီအေကို အလွတ်ဝင်ဖြေပြီး အထက်တန်းပြဖြစ်လာလေသည်။

လင်သားက စွန့်ပစ်သွားသော်လည်း ပုံလဲမသွား။ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သည်၊ ရုန်းကန်သည်။ မိမိအဆင့်ကိုပို၍ပင် တိုးတက်စေခဲ့သေးသည်။ တော်ရုံမိန်းမတို့၌မရှိသော အရည်အသွေးများပါပေ။

ရှစ်နာရီကျော်၍ နှင်းများကွဲကာ ပူနွေးသောနေရောင်ခြည်တို့ လင်းဖြာလာတော့ တင်တင်သည် မင်းခိုင်၏မွေးစတစ်လသမီးကလေးကို စောင်အထပ်ထပ်ဖြင့်ထွေးကာ အောက်ထပ်သို့ ပွေ့ခေါ်လာသည်။

ညက မှုန်တီးမှုန်မွှား မီးရောင်အောက်၌ မသဲမကွဲသာ မြင်လိုက် ရသော မြေးဦးကလေးကို အခုမှသေသေချာချာ ကြည့်ရသည်။ မျက်ခွံမို့မို့ ပါးဖောင်းဖောင်းနှင့် အသားလေးမှာ နီရဲတွတ်နေသည်။

တင်တင်က ကလေးကိုပွေ့ထားပြီး ကျွန်တော်ကဘေးမှရပ်ကြည့် သည်။ ကျွန်တော်တို့ အဘိုးအဘွားများပင် ဖြစ်နေကြပါပကော။ အသက်တွေ မငယ်တော့ကြောင်း။ မြေးကလေးကိုမြင်မှပင် သတိပြုမိတော့သည်။ ကျွန် တော်က ငါးဆယ်ထဲချဉ်း၍ တင်တင်က ၄၆ နှစ်။

ရောက်ကတည်းက ကျွန်တော်နှင့် မျက်လုံးချင်းဆိုင်မကြည့်၊ မျက်လွှာချကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားသော တင်တင်သည် ဒီနေ့ မနက်မှာတော့ မြေးကလေးအပေါ်ထားရှိသော မေတ္တာရိပ်ကြောင့် ထင်ပါရဲ့ သူ့မျက်နှာမှာ ချိုမြသန့်စင်သောအပြုံးကို တွေ့မြင်ရလေသည်။

ကလေး၏နီရဲနေသော ပါးကလေးကို ကျွန်တော်က လက်ညှိုးနှင့် အသာလေး တို့လိုက်သောအခါ အာခေါင်နီရဲရဲကိုဟာပြီး အဲခနဲ ငိုလိုက်သည်။

" လက်ကအေးလို့ငိုတာ၊ သိပ်သိတာပဲ " ဟု ပထမဆုံးအကြိမ် ကျွန်တော့်အား သံပြတ်နှင့်စကားပြောသည်။ တစ်ချိန်လုံး ကျွန်တော့်ကို

သမီးက တစ်ဆင့်သာ စကားပြောပြီး လုပ်စရာရှိတာကို နောက်ပိုင်းမှကျူး လုပ်ပေးသည်။ စိတ်နာလို့လား၊ ဝမ်းနည်းလို့လား၊ အခေါ်ရခက်နေလို့လား မပြောတတ်ပေ။ ရ,စတုန်းက 'မောင်' ဟုခေါ်သည်၊ နောက် သားတို့၊ သမီးတို့ရလာတော့ "အဖေကြီး "တဲ့။ ခုနေခေါ်မယ်ဆိုရင်တော့ "ဘိုးဘိုး"လို့ ခေါ်ရမှာပေါ့။

ကျွန်တော်တို့နှစ်ယောက် ချစ်စရာကောင်းသော မြေးကလေး၏ မျက်နှာကို ရှုမဝနိုင်သလိုငေးစိုက်ကြည့်နေခိုက်မှာ လောကကြီးတစ်ခုလုံးကိုပင် ခဏမျှ မေ့လျော့နေကြလေသည်။

ဩော် ... မြေးကလေးကို ချစ်ကြတာချင်း တူသော်လည်း ဘိုးဘိုးနှင့် ဘွားဘွားတို့ကား တစ်ဦးကိုတစ်ဦး အချစ်မပွားနိုင်ကြတော့ပါလား။

▼ ▼ ▼

ပြာသိုလ၏ လဝန်းကြီးသည် အိမ်အရှေ့ဘက်ရှိ မန်ကျည်းပင် ထိပ်ဖျားပေါ်မှကျော်လွှား၍ ထွက်ပေါ်လာသည်။

ကျွန်တော်က အိမ်ရှေ့ဝရံတာ၌ ပက်လက်ကုလားထိုင်နှင့်ထိုင်၍ မချိုက ကြိမ်ခုံကလေးပေါ်ထိုင်တာ သားအဖနှစ်ယောက် အေးအေးလူလူ စကားပြောကြသည်။

ကျွန်တော်မှတ်မိသမျှ ယခင်ကမိတ်ဟောင်းဆွေဟောင်းများ အကြောင်းကို သမီးအား မေးကြည့်ရသည်။

"သမီး ... အရှေ့ဘက်အိမ်က စာရေးကြီးဦးသော်တို့ကော"

" ဦးသော်ဆုံးတာ ကြာလှပြီဖေဖေရဲ့၊ သူ့မိန်းမဒေါ်ကြည်က ဗိုင်းကွက်ကိုရောင်းပြီး တောင်သာက အမျိုးတွေဆီ သွားနေတယ် "

ဦးသော် ... ဦးသော် ... ကျွန်တော့်မိတ်ဆွေကြီး ဦးသော်ကို လွမ်းမိပါသည်။

" ဖေဖေ ... သမီးအောက်ထပ်က တံခါးတွေ သွားကူပိတ်လိုက် ဦးမယ်နော် "

မချိုထသွားသောအခါ ကျွန်တော်သည် ခေါင်းရင်းဘက်ရှိ နှစ်ထပ်အိမ် မည်းမည်းကြီးကို လွမ်းဆွတ်စွာလှမ်းမျှော်ကြည့်နေမိသည်။ ယခင်က ဒီလိုအိမ်ကြီးရှိခိုင်မဟုတ်၊ ခါးသာသာမြင့်သော ပျဉ်ထောင်တစ်ထပ် အိမ်ကလေး။ စာရေးကြီးဦးသော်၏ သီရိဂေဟာကလေး။

ကျွန်တော်၏ စိတ်အာရုံတို့သည် လွန်ခဲ့သောအနှစ် ၂၀ ကျော် ကာလကို ရုတ်ခြည်းကျော်လွှားလိုက်ပါသည်။

♥ ♥ ♥

" ရေရေလယ်လယ် ♛ ♛ ♛ ပြောပါ့ခင်ရယ် ♛ ♛ မောင်ယုံကြည်အောင် ပြောစမ်းပါခင်ရယ် ♛ ♛ ချစ်မယ်ဆိုတာလေးကို ပြောစမ်းပါ ခင်ရယ် ♛ ♛ ♛ မောင်မောင်ကိုကွယ်မမုန်းပါနဲ့ ♛ ♛ မြတ်နိုးပါတယ် ♛ လှသူရယ် ♛ ♛ တစ်ရပ်သားကိုကွယ် ♛ သနားပါတကယ် "

ယခုလို လသာသည့် ညများဆိုလျှင် အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ဦးသော် က မယ်ဒလင်တီးပြီး ကျွန်တော်က သီချင်းဆိုသည်။ စစ်မဖြစ်ခင်က ခေတ်ပေါ်ဟောင်း၊ ခေတ်ပြားသီချင်းများ အားလုံးလိုလို ဦးသော်တီးတတ်သည်။ ကျွန်တော်ကတော့ ရတနာပုံမောင်စု၏ ' တစ်ရွာသား ' သီချင်းတစ်ပုဒ်သာ အိမ်မှာတတ်ပြားရှိဖူးသဖြင့် လိုက်ဆိုတတ်သည်။

" ဒီမှာ ဦးသော်၊ ခင်ဗျားတို့ ပေါက်ချောင်းရပ်က အပျိုချောချော မရှိလို့ ကျုပ်သီချင်းသာဆိုနေရတယ် အားကိုမရှိဘူး။ တကယ်ရှော်တဲ့အရပ် ဗျာ "

" ဖြည်းဖြည်းပေါ့ မြို့ပိုင်မင်း။ နောက်တော့ တွေ့ပါလိမ့်မယ်၊ ဟဲဟဲ "

ဦးသော်က ကွမ်းတွေဝါးရင်းရယ်၍ ပြန်ပြောသည်။ ကျွန်တော် ဘီအေအောင်ပြီး၍ မြို့ပိုင်ဝင်လုပ်သောအခါ ပထမဆုံးတာဝန်ကျရာမြို့က မိတ္ထီလာဖြစ်သည်။ မိတ္ထီလာ၌ စားရေး၊ သောက်ရေး အဆင်ပြေစေရန်

မြို့ပိုင်ရုံးမှ စာရေးကြီးဦးသော်အိမ်မှာ ထမင်းလခပေး၍ နေရသည်။ ဦးသော်တို့ ဇနီးမောင်နှံက ကလေးမရှိသဖြင့် ကျွန်တော့်ကို ကလေးတစ်ယောက်လို ဂရုစိုက်ကြလေသည်။

မြို့ပိုင်ဆိုသော်လည်း အသက် ၂၄ နှစ် အရွယ်ကျောင်းသားစိတ် မပျောက်သေး၍ မြို့ပိုင်သိက္ခာနှင့် မနေတတ်သေးပေ။ ဦးသော်က အသက် ၄၀ ခန့်။ ပိန်ပိန်ပါးပါး အသားညိုညိုနှင့် ရယ်စရာပြောပြီး ပျော်ပျော်နေတတ်သည်။ သူနှင့်ကျွန်တော်သည် ရုံးမှာတစ်မျိုးနေ၍ အိမ်ပြန် ရောက်လျှင်တော့ ကာလသားနှစ်ယောက်လိုဖြစ်သွားကြလေသည်။ ညနေတိုင်းကျလျှင် စက်ဘီး တစ်စင်းနှင့် ကန်ပေါင်ရိုးလျှောက်ပြီး အပျိုကြည့်ရသည်မှာ နေ့စဉ် ဝတ္တရားကြီး တစ်ခုပင်။

သူတို့ပေါက်ချောင်းမှာ အပျိုချောချောမရှိဟုဆိုလျှင် ဦးသော်က မခံချင်ပေ။ တကယ်တော့ အညာသူတို့၏ အလှသည် ရန်ကုန်သား ကျွန်တော်၏ မျက်စိထဲတွင် မတွေ့တာအမှန်ပင်။

တစ်နေ့မှာ မိတ္ထီလာက နာမည်ကြီး ဂျီ – အီး – စီ စတိုးတွင် ကျွန်တော်နှင့် စာရေးကြီးတို့ ဓာတ်ခဲဝယ်နေစဉ် ဆိုင်ရှေ့ခပ်လှမ်းလှမ်း၌ အိပ်ရာလိပ်တွေ၊ သေတ္တာတွေ တင်လာသော မြင်းလှည်းတစ်စီး ထိုးရပ် သည်။ ဘူတာကလာပုံရလေသည်။ မြင်းလှည်းတစီးပေါ်မှ ကောင်မလေး တစ်ယောက်ဆင်းနေခဲ့ပြီး ကျန်တစ်ယောက်က မြင်းလှည်းပေါ်ပြန်တက်ပြီး ထွက်ခွာသွားသည်။

မြင်းလှည်းပေါ်ပြန်ပါသွားသော ကောင်မလေးကတော့ မိတ္ထီလာ ရောက်ကတည်းကဒီတစ်ခါပဲ မျက်စိထဲမှာ တွေ့သေးသည်ဟု ဆိုရမလိုပင်။ အညာသူဆိုပေမယ့် ပုညက်ညက်မဟုတ်၊ အရပ်မနိမ့်မမြင့်၊ ကိုယ်လုံး ကိုယ် ပေါက် အချိုးအစားကို အဝေးကကြည့်ရုံနှင့် ခန့်မှန်းလို့ ရသည်။

" ဦးသော် . . . အဲဒါ ဘယ်သူလဲ၊ ခင်ဗျားသိသလား "

" ဟဲဟဲ မြို့ပိုင်မင်း အထင်မသေးပါနဲ့၊ တင်တင်အေးပါကွဲ့၊ ပေါက်ချောင်းသူ "

စာရေးကြီးက ကာရန်နဘောတွေနှင့် ပြောင်စပ်စပ်ဖြေသည်။

" သူ့အိမ်ကော ခင်ဗျားသိသလား "

" မှန်ပါ မြို့ပိုင်မင်း၊ အနေမပျင်းရအောင် ကျွန်တော်မျိုးကြီးရဲ့ ခြေရင်းအိမ်မှာ နေပါတယ် "

" ဩော် ... ဒီလိုဆို ကျွန်တော်တို့အိမ်နားက ဆရာကြီး ဦးဘဉီးရဲ့ သမီးပေါ့ "

" မှန်လိုက်လေဗျာ၊ အိမ်း ... နာမည်က တင်တင် တဲ့၊ ကန်ဘဲ့ ဆရာအတတ်သင်သွားတတ်နေတာ၊ အခု သင်တန်းပြီးလို့ အိမ်ပြန်လာတာလေ "

ထိုနေ့မှစ၍ ညတိုင်း ကျွန်တော် 'တစ်ရွာသား' သီချင်းဆိုရသည်မှာ အာတွေ့လှသည်။

" ရေရေလည်လည်ပြောစမ်းပါခင်ရယ် ♛ ♛ ♛" ဆိုသောအပိုဒ်မှာ ကျွန်တော်က ခင့်လိုလို တင့်လိုလို ခပ်ဝါးဝါးဆိုလျှင် စာရေးကြီးက

" ကိုယ်တော် ခင့်လား၊ တင့်လား ပီပီသသဆိုပါနော်၊ ဆရာကြီး ကြိမ်လုံးနဲ့ရောက်လာလို့ ပြေးပေါက်မှားနေပါ့မယ် "ဟု ပြောတတ်သည်။

ဦးသော်တို့နှင့် ဘေးချင်းကပ်အိမ်မှာ ပင်စင်နီးနေပြီဖြစ်သော မူဆိုးဖိုပညာအုပ် ဆရာကြီးဦးဘဉီးအိမ် ဖြစ်လေသည်။ ဆရာကြီးနှင့် ကျွန်တော်သည် အစိုးရအမှုထမ်းချင်းဖြစ် တစ်ဦးနှင့်တစ်ဦး သိသော်လည်း သိပ်မခင်ပါ။ တနင်္ဂနွေရုံးပိတ်ရက်များတွင် ဦးသော်သည် ဆရာကြီးအိမ်သွားပြီး စစ်တုရင်ကစားလေ့ရှိသော်လည်း ကျွန်တော်က လုံးဝဝါသနာမပါ၍ ဘယ်တော့မှ လိုက်လေ့မရှိ။

အခုတော့ ဘယ်အရပ်ဘယ်လိုခေါ်မှန်းပင် မသိသော်လည်း စစ်တုရင် ဝါသနာပါလွန်းလို့ ဟုဆိုကာ ဦးသော်နှင့်ဆရာကြီး ကစားသည့်အခါ ဘေးကထိုင်ကြည့်သည်။ ထိုသို့ထိုင်ယင်းက လက်ဖက်ရည်ကြမ်း လက်ဖက်သုပ်စသည်တို့ကို လှစ်ခနဲလာချပေးတတ်သော အလှပဂေးတင်တင်ကို မြင်ခွင့်ရလေသည်။ အိမ်ရှေ့မှာ မြို့ပိုင်လူပျိုရှိနေတော့ အပျိုကလေးပီပီ ထွက်လာခဲ့သည်။ လူမကြည့်ရတော့ ကျွန်တော်က နံရံမှာ ချိတ်ဆွဲထားသော တတ်ပုံကိုသာ ကြည့်ကြည့်နေရသည်။ ဒါကိုတောင် သူ့အာရျက်စောင်းထို၊

သွားသေးသည်။

တစ်နေ့မှာတော့ နေ့လယ် ၁၂ နာရီလောက် ထမင်းစားရန် အိမ်ပြန်လာစဉ် တင်တင့်ကို သူတို့ခြံထောင့်က ရေတွင်းအနီးရှိ အုတ်ကန်ဘောင်ကလေးပေါ်မှာထိုင်ရင်းစာဖတ်နေသည်ကိုတွေ့ရလေသည်။ ကျွန်တော်က စက်ဘီးကို ဝင်းထရံမှာ ထောင်ခဲ့ပြီး သူရှိရာသို့ လျှောက်လာခဲ့သည်။

အုပ်ဖြာနေသော မန်ကျည်းပင်ကြီး၏ အရိပ်ကြောင့် ရေတွင်းအနီးတဝိုက်မှာ အေးမြနေသည်။ ကျွန်တော့်ကို မြင်တော့ " ဖေဖေ မရှိဘူး " ဟု သူက ဆီးပြောသည်။

" ဟုတ်ပါတယ် တင်တင်ရဲ့၊ မရှိဘူးဆိုတာသိလို့ တမင် လာခဲ့တာပါ "

ပြောပြောဆိုဆို ကျွန်တော်က သူနှင့်မျက်နှာချင်းဆိုင် ရေတွင်းပေါင်ကိုမှီပြီး ရပ်နေလိုက်သောအခါ တင်တင်သည် ရှက်ရွံ့စွာ ခေါင်းကလေးကို ငုံ့ချလိုက်သည်။

နက်မှောင်ရှည်လျားသော ဆံပင်၊ ဆံယဉ်နုကလေးများ သိပ်မရှိဘဲ ပြေရှင်းနေသော နဖူး၊ မျက်ခုံးမြင့်မြင့် မျက်တောင်ကော့ကော့၊ တင်းတင်းစေ့ထားသော နှုတ်ခမ်းပြည့်ပြည့်ကလေးနှင့် အနီးကပ်ကြည့်မှပို၍လှပြီး ပို၍ယဉ်သည်။

ကျွန်တော်က တိုက်ပုံအင်္ကျီအိတ်ထဲမှ လွန်ခဲ့သည့်သုံးလေးရက်ကတည်းက ရေးထားသောစာကိုထုတ်၍ လှမ်းပေးရင်း

" ပါးစပ်ကမပြောဘဲ စာပေးလို့ ပေါ့ရွှတ်ရွှတ် လုပ်တယ်မထင်ပါနဲ့ တင်တင်၊ ပါးစပ်ကပြောရင် ရေရေလည်လည် မဖြစ်မှာစိုးလို့ပါ၊ တင်တင် ဖတ်ကြည့်ပြီး ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ် "

သူက ခေါင်းကိုငုံ့သည်ထက်ငုံ့ကာ လက်ထဲက ဖတ်ဆဲမဂ္ဂဇင်းကိုသာ သဲသဲမဲမဲ ကြည့်နေသည်။ ကျွန်တော်ဘယ်လိုပြောပြော စာကိုမယူ။ ခက်နေပါပြီ။

နေ့လယ်ဆိုတော့ စာကလေးတို့၏ တကျီကျီတကျာကျာ အော်သံမှတစ်ပါး တစ်ရပ်လုံး ငြိမ်သက်လို့။ ထိုအချိန်တွင် လမ်းပေါ်မှ သာကူချို

နို့ထမင်းသည် မိန်းမကြီးဖြတ်သွားပြီး ကျိုးတိုးကျဲတဲ ဝင်းထရံကြားမှ ကျွန်တော်တို့ကို လှမ်းကြည့်သွားသည်။ ကျွန်တော်အကြံရကာ . . .

" ဟိုမှာတွေ့လား၊ လူတွေကြည့်သွားတာ မကောင်းပါဘူး တင်တင်ရယ်၊ ယူထားလိုက်ပါတော့၊ စာယူပြီးရင် ကျွန်တော်သွားပါမယ်"

သူ့မျက်နှာကလေး အိုသွားကာ နောက်ဆုံးတော့ စိတ်မရှည်သလို အမူအရာနှင့် . . .

" အို . . . သိပ်ရှုပ်တာပဲ၊ ထားခဲ့ . . . ထားခဲ့ "

ဟု ပြောရင်း စာထားခဲ့ရန် ရေတွင်းပေါင်ပေါ်ကို မေးထိုးပြသည်။ ကျွန်တော်က နားမလည်ချင်ယောင်ဆောင်ကာ မဂ္ဂဇင်းစာအုပ်ကိုင်ထားသော သူ့လက်တစ်ဖက်ကို ရုတ်တရက်ဆွဲယူပြီးစာကို လက်ထဲထည့်လိုက်သည်။

နောက်ပြီး အေးစက်တုန်ရင်နေသော လက်ကလေးကို ကျွန်တော် ပြန်မလွှတ်တော့ပေ။

♥ ♥ ♥

" ဟော့ကောင် "

ကျွန်တော် ဝမ်းသာအားရ လှမ်းအော်လိုက်သည်။

စိမ်းညို့နေသော စစ်ဝတ်စုံနှင့် ပခုံးထက်က သပြေနှစ်ခက်သည် ကျွန်တော့်သားကြီးမင်းခိုင်နှင့် လိုက်လျောခန့်ညားလှပါသည်။ အရပ်မြင့်မြင့် ထွားထွားကျိုင်းကျိုင်း ကိုယ်အနေအထားကိုက စစ်ဟန်ပါသည်။

ကျွန်တော်သူ့ကို ငယ်စဉ်ကတည်းက "သားသား" "သားကြီး" စသဖြင့် ခေါ်လေ့မရှိ။ "ဟော့ကောင်"ဟုသာ ခေါ်မြဲဖြစ်သည်။ ကိုယ့်သား ကိုယ်နှင့်ရွယ်တူတန်းတူလို သဘောထားပြီး ခေါ်ရသည်ကို ကျွန်တော် အလွန်အားရမိပေသည်။

အခုတော့ ရွယ်တူတန်းတူဖြစ်ရုံမက ကိုယ်ကာယအားဖြင့် ကျွန်တော့်ထက်ပင် သာသွားပါပြီ။ သို့ပေမယ့် မျက်နှာလေးကတော့ နုပျိုသစ်လွင်ဆဲ၊ ချောမောဆဲပင် ရှိပါသေးသည်။ မင်းခိုင် ဆယ်တန်းအောင်

စဉ်က အမှတ်ကောင်းသော်လည်း တက္ကသိုလ်အစား စစ်တက္ကသိုလ်သို့ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် သွားခဲ့သည်။ ပြီးခဲ့သည့် နှစ်ကတော့ တစ်မြို့တည်းနေ ရိုးသားသိမ်မွေ့သော ငယ်ချစ်ဦးမိန်းကလေးနှင့် လက်ထပ်ခဲ့လေသည်။

" ကျွန်တော်က ဖေဖေဒီကိုလာဖြစ်မယ် မထင်တော့လို့ ပြန်သွားတာ သုံးရက်ပဲရှိသေးတယ်။ မိတ္ထီလာက ဖုန်းလာတယ်ဆိုတော့ ဖေဖေလို့မထင်ဘူး။ ကလေးနေမကောင်းလို့လားဆိုပြီး ထိတ်သွားတာပဲ"

ဩော် သူ့မှာလဲ ဦးစားပေးပြီး ပူရမယ့် သူလေးကရှိနေပြီကိုး။ ကျွန်တော်ကိုယ်ချင်းစာပါသည်။ သူငယ်ငယ်တုန်းကလည်း သူ့အမေနှင့် ကျွန်တော်ယခုလိုပဲ မကြာခဏ ပူပန်ကြရဖူးပါသည်။ သာမန် ကျောပူခေါင်းပူ ထတာလေးကိုပင် လင်မယားနှစ်ယောက် တစ်ညတည်းဆယ်ခါမက ကလေးကိုထစမ်းကြည့်မိသည်။ အခုတော့ သူ့အလှည့်ပေါ့ဟု ကျွန်တော့် စိတ်ထဲက ပြုံးရပါသည်။

မင်းခိုင်ရောက်သည့်နေ့ ညက မိသားစု စုံစုံညီညီ ထမင်းစားကြရသည်ကို ကျွန်တော်ဘယ်တော့မှ မေ့မည်မဟုတ်။ လင်အကြိုက်၊ သားအကြိုက်ကို သိသည့်တင်တင့်လက်ရာ အညာဟင်းတွေကလည်း စုံလှပါသည်။ အမဲနှပ်၊ နွားနို့ခဲချက်၊ မြူရှက်သုပ်၊ ပဲကြီးဆီပြန် ကျွန်တော်မစားရတာကြာလို့ မေ့တောင်နေသည့် ဟင်းတွေပါပဲ။

ပထမတွင် တင်တင်သည် ထမင်းဝိုင်းမှာ ဝင်မစား။ ကျွန်တော်တို့သားအဖတွေ စားနေသည်ကို ဘေးမှရပ်ကြည့်ကာလိုသမျှ ဟင်းထည့် ထမင်းလိုက် လုပ်ပေးနေသည်။ မင်းခိုင်က သူ့အမေကို အတင်းလက်ဆွဲထိုင်ခိုင်းပြီး စားခိုင်းမှ ဝင်စားသည်။

ဘေးလူတွေအနေနဲ့ ရုတ်တရက် ကြည့်မည်ဆိုလျှင်တော့ တကယ့်မိသားစု တပျော်တပါး ထမင်းလက်ဆုံစားနေဟန်ပါပဲ။ သို့ပေမယ့် လက်တွေ့မှာတော့ ဖခင်ဖြစ်သူသည် မနက်ဖြန်တွင် သူတို့အားလုံးကို ထားခဲ့ကာ ခွဲခွာသွားမည်သူ။ နောင်ကိုလည်း ဘယ်အချိန်၊ ဘယ်ကာလမှာ ပြန်လည်ဆုံဆည်းရမည်ကို မမျှော်လင့်နိုင်တဲ့ အခြေအနေမျိုး။ ဒါတွေကို

သတိရပြန်တော့ ကျွန်တော်ဝမ်းနည်းရပါသည်။ သူတို့လဲ ဒီအချက်ကို စဉ်းစားမိကြမည်ပင်။ ကျွန်တော့်လိုပဲ စိတ်ထဲမှာ ဝမ်းနည်းနေကြမည်ပင်။ သို့သော်လည်း စကားတွေပြော၊ ရယ်ရယ် မောမောနှင့် ဖခင်စိတ်မကောင်း မည်စိုး၍ ဟန်ဆောင်နေကြလေသည်။

ညကျတော့လည်း တော်တော်နှင့် မအိပ်နိုင်၊ အဖိုးတန်လှသော ရသမျှအချိန်ကလေးမှာ သားအဖတစ်တွေ စကားပြောနေကြသည်။

တိုင်းရေး။ ပြည်ရေး။ နိုင်ငံရေး။ တပ်မတော်အကြောင်း။ ရှေ့တန်း တိုက်ပွဲများအကြောင်း။ စိတ်အားထက်သန်စွာ ပြောနေသော သားကိုကြည့်ပြီး သဘောတရားပြည့်ဝအောင်၊ သူရသတ္တိရှိအောင်၊ တိုင်းပြည်ချစ်အောင်၊ လေ့ကျင့်သင်ကြားပေးလိုက်သော နိုင်ငံတော် စစ်တက္ကသိုလ်ကို စိတ်ထဲမှ ကျေးဇူးတင်မိပါသည်။ လေးစားမိပါသည်။

သားသည် ကိုယ်ခန္ဓာသာမဟုတ်ပါ၊ စိတ်ဓာတ်နှင့် လုပ်ရပ်ပါ ကျွန်တော့်ထက်သာသွားပါပြီကော။

▼ ▼ ▼

နောက်တစ်နေ့ နံနက်စောစောတွင် မင်းခိုင်က သူ့သူငယ်ချင်း၏ ကားနှင့် ကျွန်တော့်ကို သာစည်ဘူတာသို့ လိုက်ပို့လေသည်။

မသွားခင် အိမ်ရှေ့ခန်း၌ မင်းခိုင်က စစ်ဖိနပ်ကိုချွတ်ပြီး ကျွန်တော့်ကို ကန်တော့သည်။ သမီးမချိုနှင့် ချွေးမစိုးစိုးတို့ကလည်း လိုက်ကန်တော့ ကြသည်။

ကျွန်တော့်မျက်လုံးများ ပူလာကာ အားလုံးကို ခပ်ဝါးဝါးသာ မြင်ရတော့သည်။

သူတို့ရဲ့နောက်မှာတော့ မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ပြီး နဖူးနှင့်ကြမ်းပြင်ကို ထိကာကန်တော့နေသော တင်တင်။

" ကျန်းမာပါစေ ... ချမ်းသာပါစေ၊ ဒီအမိ ဒီအဖ ... "

ကျွန်တော့်အသံများ တုန်လာသဖြင့် စိတ်ထဲမှပင် ဆက်၍ ဆု

ပေးရသည်။

" ဒီသားသမီးတို့နဲ့ အိုအောင်မင်းအောင် မခွဲမခွာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ကြပါစေ "

ဆုပေးပြီးသောအခါ တင်တင်သည် လျင်မြန်စွာ အတွင်းခန်းဘက်သို့ ဝင်သွားသည်။ ကြမ်းပေါ်၌ကား မျက်ရည်စက်တို့ စိုရွှဲလျက်။

♥ ♥ ♥

ဆောင်းကုန်၍ မိုးမှုန်လေးတွေ တဖွားဖွားကျတတ်သည့် (spring) စပရင်းခေါ် နွေဦးရာသီလွန်ခဲ့ပြီ။

နွေဉတုဘက်သို့ လှမ်းလာပြီဆိုတော့ အခြေအနေတွေကလည်း ပြောင်းလာလေသည်။ ဒီဇင်ဘာလတုန်းက နာရီပိုင်းမျှသာ ထွက်ပြူလေ့ရှိသော နေရောင်ခြည်ကို အခုတော့ အားရပါးရ မြင်ကြရပြီ။ ဆောင်းတွင်း တစ်ချိန်လုံး တဖွဲဖွဲကြွေခဲ့သော နှင်းဖြူဖြူတို့လည်း မရှိတော့ပေ။

သူတို့ဆီမှာ နွေရောက်မှသာ နေမင်းကြီးကို အားရပါးရ မြင်ရသဖြင့် နွေဉတုသည် အဖိုးတန်လှသည်။ နေရောင်ခြည်နှင့်အတူ လှပသောပန်းရောင်စုံများနှင့် ငှက်ကလေးများတို့လည်း လိုက်ပါလာကြသည်။

ကျွန်တော်သည် ဆွစ်ဇာလန်ပြည် ဂျီနီဗာမြို့၏အလှကို ကမ္ဘာကျော် ဂျီနီဗာကန်ကြီး၏ ကန်ပေါင်ပေါ်မှရပ်၍ ကြည့်ရင်း မိန်းမောနေမိသည်။

ကန်ထဲမှ ပေ ၄၀၀ ကျော်မြင့်သော ရေပန်းကြီးသည် ပြာလဲ့လဲ့ မိုးကောင်းကင်ပေါ်သို့ထိုးတက်သွားပြီး ကန်ရေပြင်ပေါ်သို့ သေးမှုန်သော မိုးစက်မိုးဖွဲလေးများအဖြစ် တဖွဲဖွဲပြန်ကျလာလေသည်။ ကန်ထဲတွင် တလွင့်လွင့် ပြေးလွှားနေကြသော အပျော်စီးရွက်လှေရောင်စုံများကို ကြည့်ရင်း ရန်ကုန်မြို့မှ အင်းလျားကန်ကြီးကို မျက်စိထဲမှာ မြင်ယောင်လာသည်။

ကန်ပေါင်ပတ်လည်တွင်ခင်းထားသော စကြံလမ်းပေါ်၌ စိတ်လက်ရွှင်လန်းစွာ သွားလာနေကြသူများအလယ်တွင် ကျွန်တော်သည် အထီးကျန်ဆန်နေသည်။ သူတို့ကို ကြည့်လိုက်လျှင် အချို့က ရပ်လျက်၊ အချို့က

ရယ်မောလျက်၊ အချို့က စကားလက်ဆုံကျလျက်။

ကျွန်တော့်ဘေးနားမှာတော့ နုပျိုလန်းဆန်းသော ဆယ်ကျော်သက် အရွယ် ချစ်သူမောင်နှံတစ်စုံသည် ကန်ထဲ၌ အလှမွေးထားသော ငန်းဖြူကြီး များကို အစာကျွေးနေသည်။ မိန်းကလေးက ဂျင်းဘောင်းဘီနှင့် တီရှပ်ကို အောက်ခံမပါဘဲ ဝတ်ထားသဖြင့် အရှေ့တိုင်းမျက်စိတွင် သိက္ခာနည်း နေသယောင်ပင်။

သူတို့သည် အစာကျွေးရင်း အချစ်စိတ်တွေ ယိုဖိတ်လာ၍ထင့် နှစ်ဦးသား ဖက်၍ နမ်းကြသည်။ နောက်တော့ အစာကျွေးလိုက် နမ်းလိုက်၊ အစာကျွေးလိုက် . . .။

ဒီမြင်ကွင်းမျိုးက သူတို့ဆီမှာ ဘာမျှမဆန်းပါချေ။ သူတို့တိုင်းပြည်၊ သူတို့လူမျိုး။ သူတို့လက်ခံကျင့်သုံးသော ယဉ်ကျေးမှုဓလေ့မို့ ကျွန်တော်တို့ အနေနှင့် ဝေဖန်ရန်မရှိပေ။

သို့သော် ကျွန်တော့်ရင်ထဲကမူ " ကျေးဇူးတင်ပါတယ် တင်တင် ရယ်၊ ကိုယ်တို့ရဲ့သမီးကလေး မချိုကို ယဉ်ကျေးသိမ်မွေ့တဲ့၊ မြန်မာဆန်တဲ့ မြန်မာမလေးအဖြစ် ကြီးပြင်းစေခဲ့တဲ့အတွက် ကိုယ် ရင်အေးရပါတယ် " ဟု ကျေးဇူးတင်စကား ဆိုလိုက်မိပါ၏။

ကျွန်တော် တွေးလိုက်,ငေးလိုက်လုပ်ရင်း လက်မှနာရီကို ကြည့် လိုက်သည်။ ငါးနာရီခွဲပြီး ငါးမိနစ်။

ပက်ဂီကို သွားကြိုရန် အချိန်ကျပြီ။

ကျွန်တော်သည် ခပ်လှမ်းလှမ်း၌ ရပ်ထားသော ဗောက်ဝက်ဂွန် (ဂေါ့ဖ်) ကားလေးရှိရာသို့ လျှောက်လာခဲ့သည်။ ကျွန်တော်တို့ ဒီကားသစ် ဝယ်သည်မှာ လပိုင်းပဲရှိပါသေးသည်။မြန်မာပြည်မှာဆိုလျှင်သိန်းကျော်တန်၍ ကျွန်တော်တို့ အနားတောင်မကပ်နိုင်ခဲ့သည့် ကားမျိုးပဲပေါ့။

ပက်ဂီတို့ရုံးက မြို့ထဲမှာဖြစ်၍ ဂိုနီဗာကန်ကြီးကို ဖြတ်ပြီး တည် ဆောက်ထားသော တံတားကြီးကို ကျော်သွားရသည်။ တံတားပေါ်၌ ကားလေးစီးပြိုင်သွားသဖြင့် ကားရောင်စုံတို့ ကျွန်တော့်အဘောမှာ ထဝေါဝေါ ဖြတ်သွားနေကြသည်။ လမ်းတွေကကောင်း၊ ကားကအသစ်မို့ မောင်းရ

သည်မှာ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရှိလာသည်။

သို့သော် ကားပိုင်ရှင် ကျွန်တော်၏ စိတ်ထဲရင်ထဲကို ဝင်ကြည့်ကြမည်ဆိုလျှင်တော့ . . .

အချိန်တို့သည် ကုန်လွယ်လှချေ၏။ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်ရာသီပြီး တစ်ရာသီ။ နောက်တော့ တစ်နှစ်ပြီး တစ်နှစ်။

ယခုဆိုလျှင် ကျွန်တော်တို့ ဆွစ်ဇာလန်ပြည်သို့ ရောက်ခဲ့သည်မှာ ဒီနွေကုန်လျှင် ငါးနှစ်တင်းတင်း ပြည့်ပေတော့မည်။

အသစ်အဆန်းဆိုလျှင် စိတ်ဝင်စားတတ်ကြသည်။ ထို့ထက် အသစ်ဆိုလျှင် ကျွန်တော်တို့ စိတ်ထဲတွင် အဟောင်းထက်ပိုကောင်းလိမ့်မည်ဟု မျှော်လင့်ထားတတ်ကြသည်။

ဆွစ်ဇာလန်ပြည်သည် ကျွန်တော်တို့ မျှော်လင့်ထားသည်ထက်ပင် ကောင်းနေသေးကြောင်း မျက်မြင်ကိုယ်တွေ့ သိရှိကြရသည်။

သဘာဝတောတောင်ရေမြေသည် ဥရောပတွင် အလှဆုံးနိုင်ငံဟု ပြောစမှတ်ပြုရအောင်ပင်။ ထိပ်ပိုင်း၌ နှင်းဖြူဖြူတို့ ဖုံးအုပ်နေသော တောင်တန်းကြီးများ၊ သာယာလှပသည့် တောင်ကြားများ၊ စိမ်းလဲ့နေသော မြက်ခင်းပြင်များနှင့် မှန်သားကဲ့သို့ ပြာလဲ့ကြည်လင်သော ရေကန်များဖြင့် တန်ဆာဆင်ထားသော ဆွစ်ဇာလန်နိုင်ငံသည် စင်စစ်လောကနိဗ္ဗာန်ဟုပင် ဆိုလောက်ပါသည်။

မြို့ကြီး မြို့ငယ်အားလုံး အမှိုက်တစ်စ၊ ဖုန်တစ်မှုန့်မရှိ၊ သပ်ရပ်သန့်ရှင်းမှုတွင် ဥရောပနိုင်ငံတိုင်းက လက်ဖျားခါရသည်။ လူနေမှု အဆင့်အတန်း မြင့်မားလှသလို ပြည်သူပြည်သားတို့၏ စည်းကမ်းကလည်း ချီးမွမ်းလောက်ပါပေသည်။

စင်စစ် တွေးကြည့်လျှင် မိမိတို့တိုင်းပြည် လှပသန့်ရှင်းဖို့ဆိုသည်မှာ နိုင်ငံအစိုးရကချည်းလုပ်၍ မအောင်မြင်နိုင်။ ပြည်သူတစ်ရပ်လုံး၏ တာဝန်သိမှု၊ စည်းကမ်းရှိမှု၊ အသိစိတ်ဓာတ်မြင့်မားမှုက အဓိကဖြစ်ကြောင်း ဆွစ်ဇာလန်ပြည်က သာဓကပြနေသည်။

ကျွန်တော်တို့မြန်မာပြည်မှ ထွက်လာစဉ်က ပက်ဂီရရှိသည့်အလုပ်

ကို အကြောင်းပြု၍ ထွက်လာခဲ့ပြီး ကျွန်တော်က ဒီရောက်မှ အလုပ်ရှာရသည်။ ကံအားလျော်စွာ ကျွန်တော်သည် လခအသင့်အတင့်ရသော အလုပ်တစ်ခုကို ချက်ချင်းရရှိခဲ့ပါသည်။ ပက်ဂီအတွက်ကမူ ပြင်သစ်၌ နေထိုင်လျက်ရှိသော သူ့အစ်ကို၏အကူအညီဖြင့် ဂျိနီဗာရှိဘဏ်တိုက်တစ်ခု၌ လခကောင်းသော နေရာတစ်ခု ရရှိခဲ့ပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံ၌ ကျောင်းစရိတ်ကုန်စရာ ကလေး မြေးငယ်မရှိသဖြင့် အကုန်အကျသက်သာပြီး ငွေအတော်အတန် စုဆောင်းမိပြီ။ ကောင်းမွန်သပ်ရပ်သော အဆင့်အတန်းမနိမ့်သည့် တိုက်ခန်းမျိုးမှာ နေနိုင်သည်။ စိတ်ကြိုက်ကားအသစ်စီးနိုင်သည်။ နွေရာသီဆိုလျှင် သာယာလှပသော ဥရောပနိုင်ငံများနှင့် ဗိမ်ခံအပန်းဖြေ စခန်းများသို့ သွားရောက်လည်ပတ်နိုင်ကြသည်။

ကုန်လွန်ခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း ကျွန်တော်တို့ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန်နှင့်မာရော်ကာကျွန်းတို့သို့ အလည်အပတ် သွားခဲ့ကြသည်။

ပဲရစ်မြို့ဆိုလျှင် ပက်ဂီ၏အစ်ကို၊ ယောက်မနှင့်ဖခင်တို့ နေထိုင်သောကြောင့် ကျွန်တော်တို့ မကြာခဏဆိုသလိုပင် ရောက်ဖြစ်ကြသည်။ ပက်ဂီအဖေသည် ဇနီးကွယ်လွန်သောအခါ ပဲရစ်ရှိသားနှင့်လာနေသည်။ တိုးတက်နေသော နိုင်ငံတွေကိုမြင်ရတွေ့ရသောအခါ အားကျစိတ်ဖြင့် ကျွန်တော့်ရင်ထဲက ဆန္ဒအခါခါပြုမိပါသည်။

“ ငါတို့တိုင်းပြည်သည်လည်း ဒီလိုတိုးတက်ချမ်းသာလျှင် ကောင်းလေစွ။ ငါတို့လူမျိုးများ၏ လူနေမှုအဆင့်အတန်း သည်လိုမြင့်မားနေလျှင် ကောင်းလေစွ ”

သူတို့နိုင်ငံတွေ မတိုးတက်ဘဲနေပါမည်လား။ အနောက်နိုင်ငံ အလုပ်သမားများသည် အလုပ်ခွင်၌ ခိုကပ်နေ၍မရ။ အချိန်နာရီစေ့ အလုပ်လုပ်ကြရသည်။ အလဟဿအချိန်ကို မဖြုန်းကြ။ နေ့စဉ် စားသုတ်သုတ်၊ သွားသုတ်သုတ်၊ အပြေးအလွှား လှုပ်ရှားနေကြရသည်။

ထို့အတူ အနားယူချိန်မှာလည်း ပြည့်ပြည့်ဝဝ အနားယူတတ်

ကြသည်။ တစ်ပတ်မှာ ငါးရက်အပြည့်အဝ အလုပ်လုပ်ပြီး စနေ၊ တနင်္ဂနွေဆိုလျှင် ဂျိုနီဗာတစ်မြို့လုံး ခြောက်ကပ်သွားအောင် မြို့ပြင်အနီးအနားသို့ မိသားစုတွေအလျှိုအလျှို ထွက်သွားကြပြီ။ ဆောင်းရာသီဆိုလျှင် မြို့ [illegible] ပတ်ရံ နေသော နှင်းခဲများဖုံးလွှမ်းနေသည့် တောင်များပေါ်သို့ ရေခဲလျှောစီးရန် ကိရိယာတွေ ကားပေါ်တင်သွားကြပြီ။

နွေရာသီအားလပ်ရက်ရှည်မျိုးမှာတော့ အနီးအနား နိုင်ငံများနှင့် ပင်လယ်ကမ်းခြေတို့သို့သွား၍ ဖိမ်ခံအပန်းဖြေကြတော့သည်။ ထိုသို့ လည်နိုင်ပတ်နိုင် သုံးနိုင်ဖြုန်းနိုင်ရန်အတွက် ငွေကတော့လိုအပ်သည်။ ငွေရှိလျှင် ဘာမဆိုရနိုင်သဖြင့် [illegible] နောက်နိုင်ငံများမှ လူတို့အတွက် ဘဝရည်မှန်းချက်မှာ ငွေကိုကြိုးစား၍ ရှာရန်။ ပြီးလျှင် ထိုငွေဖြင့် သုံးကြဖြုန်းကြ၊ အစွမ်းကုန် ခံစားပျော်ပါးကြရန်ဖြစ်လေသည်။

ငွေရရန်အတွက် လောဘတကြီး အချိန်ရှိသရွေ့ ကြိုးပမ်း နေကြသဖြင့် ဘယ်သူဘယ်သူကိုမှ နောက်ဆုံး အမိအဖကိုသော်မှ အချိန်မပေးနိုင်ကြ။ လူနေမှုအဆင့်အတန်းမြင့်သလို လူနေမှုစရိတ်လည်း ကြီးလေးလှ ရကား အချိန်ရှိသရွေ့ ငွေရရန် လုံးပမ်းနေကြရသည်။

ငွေရလွယ်သော လမ်းကိုလိုက်၍ အကျင့်စာရိတ္တပျက်ကာ လမ်းပေါ် ရောက်နေသူ မိန်းကလေးများကာလည်း ဒုနှင့်ဒေး။ ပဲရစ်မြို့က လမ်းပေါ်၌ ယောက်ျားများကို ဘေးမှ တတွတ်တွတ်လိုက်ပြော၍ မြူဆွယ်နေသူ ကလေးများကို မြင်ရမည်။ စဉ်းစားကြည့်လျှင် ရင်နာဖွယ်ရာပင်။

ငွေအတွက် ရာဇဝတ်မှုကျူးလွန်ရန် ဝန်မလေးကြတော့သဖြင့် လူသတ်မှု၊ ပြန်ပေးဆွဲမှုများကို သတင်းစာတွင် မကြာခဏ ဖတ်ရှုကြရသည်။ ဥရောပသန်းကြွယ်သူဌေးတို့ခမျာ သက်တော်စောင့် တစ်လှေကြီးနှင့် အကျဉ်းသားလို သွားလာနေသည့်ကြားကပင် မကြာခဏ ပြန်ပေးဆွဲခံနေကြရသေးသည်။

တိုးတက်ချမ်းသာလာသည်နှင့်အမျှ တစ်ဖက်မှ လူမှုရေး အနိဋ္ဌာရုံများကိုလည်း မြင်တွေ့နေရသည်။ (ဆွစ်ဇာလန်ပြည်ကား ခြွင်းချက် ဖြစ်ပါသည်။) ရုပ်ဝတ္ထုနှင့်ခံစားမှုနောက် တကောက်ကောက်လိုက်ပါနေကြ၍ သခါရ

တရား၊ အနိစ္စတရားကို မစဉ်းစားနိုင်ကြ။ တရားနှင့်ဝေးသဖြင့် လောကဓံတရားနှင့် ရင်ဆိုင်ရသည့်အခါ ခံနိုင်ရည် မရှိကြတော့။ ထိုအခါ စိတ်ငြိမ်ဆေး၊ အိပ်ဆေး၊ မူးယစ်ဆေးမျိုးစုံကို အားကိုးကြပြန်သည်။

နောက်ဆုံး ဆေးများကအနိုင်ရကာ ဘဝကို စွန့်လွှတ်ရသူတွေလည်း မရှားပေ။

ဗုဒ္ဓ၏အဆုံးအမတွင် ဖွဲ့မြဲသော ကျွန်တော်တို့မြန်မာလူမျိုးများကား မမြဲသောတရားကို အခြားသူတို့ထက် သဘောပေါက်လွယ်ကြ၍ သူတို့နှင့်စာလျှင် လောဘ၊ ဒေါသ၊ မောဟ နည်းပါးကြသည်။ လူဆင်းရဲသော်လည်း သဒ္ဓါတရားမချို့တဲ့၊ ရောင့်ရဲတင်းတိမ်မှုဖြင့် စိတ်နှလုံး အေးချမ်းကြပေသည် တရားတော်၏ ကျေးဇူးများပေပင်။

ကျွန်တော့်ကားလေးသည် ပက်ဂီတို့ရုံးရှေ့သို့ ရောက်လာသဖြင့် အတွေးအိပ်မက်ရှည်ကြီးမှ လန့်နိုးကာ ကားရပ်ရန်နေရာတွင် ကားကို ထိုးလိုက်ရသည်။

ခြောက်နာရီထိုးလုပြီ။ ပက်ဂီ၏ အရိပ်အရောင်ကို မမြင်ရသေး။ လခကောင်းကောင်းပေးသလို၊ အလုပ်လည်းလုပ်ရသဖြင့် ယခုလိုပဲ မကြာခဏ နောက်ကျတတ်ပေသည်။

ကျွန်တော်သည် ကားထဲမှ ကက်ဆက်ကိုဖွင့်လိုက်သည်။

'' ရေဇလာနဒီ ♛ ♛ သောလာမဟီ ♛ ♛ ရောဝတီ ♛ ♛ စစ်ကိုင်းတောင်တစ်ခွင်လုံး ♛ ပတ်ရံလည်း ♛ ပုထိုးဘုရား စေတီ ၊ဘိုးဘွား အမွေသည် ♛ ♛ တိုးပွားနေပြီ♛ ♛ တည်ထား နှစ်များတာရှည် ♛ တစ်မျှော်တစ်ခေါ်သာပဲ ♛ ရှုလို့မဆုံးတော့ပြီ ''

ကျွန်တော်အလွန်ကြိုက်သော ရီရီသန့်၏ '' ဖေယျာကမ်းအလှပန်းချီ '' သီချင်းဖြစ်ပါသည်။

စစ်ကိုင်းတံတားကြီးပေါ်မှ လှမ်းမျှော်ကြည့်လျှင်မြင်ရသော စိမ်းညို့နေသည့် စစ်ကိုင်းတောင်ရိုးနှင့် စေတီပုထိုးများတောင်ခြေကိုပတ်၍ စီးဆင်းနေသော ရောဝတီမြစ်ကြီးတို့သည် ကျွန်တော့်မျက်စိထဲ၌ အမြဲစွဲ ထင်နေသော ပန်းချီကားချပ်ကြီး တစ်ခုလိုပင်။ ကျွန်တော်တို့ ငယ်ငယ်က ကျောင်းပိတ်လျှင်

စစ်ကိုင်းတွင် နေထိုင်သော ဘထွေးငြိမ်းထံ အမေက ညီအစ်ကို သုံးယောက်စလုံး ပို့ထားတတ်သည်။ ကျွန်တော်တို့ စစ်ကိုင်းတောင်ပေါ်သို့ အပြိုင်အဆိုင်ပြေးလွှားတက်ကြသောအခါ အလွန်ပျော်ကြသည်။

ကြီးလာ၍ အလုပ်လုပ်ရတော့ နယ်ပိုင်ဘဝနှင့် စစ်ကိုင်းရောက်ခဲ့ပြန်သည်။ အဲဒီတော့လည်း သားတို့သမီးတို့နှင့် စစ်ကိုင်းတောင်ကို အပြိုင်တက်ကြပြန်သည်။ ထိုစဉ်အခါများက စားခဲ့ရသော မိုးဇာရွေးထဲမှ မြန်မာမုန့်မျိုးစုံကို ကျွန်တော်ယခုတိုင် မမေ့သေးပေ။

ဒါတွေကြောင့် ထင်ပါသည်။ ဆွစ်ဇာလန်ပြည်က ရှုခင်းများ ဘယ်လောက်လှလှ၊ အောက်မေ့တမ်းတဖွယ်အတိတ်တို့နှင့် ဆက်စပ်နေသော စစ်ကိုင်းတောင်ရိုးရှုခင်းလို ကျွန်တော့်ရင်ထဲမှာ ခိုက်မသွား။ ကိုယ်နှင့် မဆိုင်သော အလှပစ္စည်းတစ်ခုကို ကြည့်နေရသလိုပင် ခံစားမိပေသည်။

( " ဘယ်ဝယ်ဆီ . တမ်းတခါ ♛ မှန်းဆကာ ♛ လွမ်းရပါမည် )၂ ♛ မသိနိုင်တော့ပြီ ♛ ငှက်အသွင် အတောင်ပံဖြန့်ချီ♛ ♛♛"

" ဟော ကြည့်၊ မြန်မာသီချင်းတွေဖွင့်ပြီး လွမ်းနေပြန်ပြီ မဟုတ်လား။ ပက်ဂီလာတာတောင် မမြင်ဘူး "

စူးရှသင်းပျံ့သော ရေမွှေးနံ့နှင့်အတူ ပက်ဂီကားထဲသို့ရောက်လာသည်။ ကျွန်တော်သူ့ခိုးလူမိသလို ပြုံးရင်း . . .

" မဟုတ်ပါဘူး "

" ဘာ မဟုတ်ပါဘူးလဲ "

" ဘာမှ မဟုတ်ပါဘူး "

ကျွန်တော်တို့တစ်ခါက ဒီလိုပြောဖူးသည်ကို သတိရသွားပြီး ကြည့်ကြည့်နူးနူး ရယ်မောလိုက်ကြသည်။ ကျွန်တော်ချစ်ရသော ပက်ဂီသည် အရွယ်လတ်ပိုင်းရောက်ပြီဆိုပေမယ့် ယခင်လို နုပျိုလှပဆဲပင်။ အနောက်တိုင်းသူတွေလို လှလှပပခြယ်သ၍ ဖက်ရှင်ကျကျ ဝတ်စားထားသဖြင့်သူ့အလှကိုမြင်သူတိုင်း ဂရုပြုကြရသည်။ မိတ်ဆွေအချို့က "မဒမ်ခင်ဆွေအေး။ Model (ဖက်ရှင်ကိုယ်ဟန်ပြမယ်) လုပ်ပါ၊ သူဌေးဖြစ်မှာ သေချာတယ်" ဟုပြောလျှင် သူအလွန်သဘောကျသည်။ မြန်မာဝတ်စုံကိုလည်း တစ်ခါတစ်ရံ

မှသာ ဝတ်တော့သည်။ အများအားဖြင့် (Pant Suit) ခေါ် အဖိုးတန် ဘောင်းဘီရှည်နှင့်အင်္ကျီကို ဝတ်သည်။ ပက်ဂီသည် သီချင်းကို ပိတ်လိုက်ပြီး ကျွန်တော့်ဘက်သို့လှည့်၍ . . .

" ဒီနေ့ ကို ဝမ်းသာမယ့်သတင်းတစ်ခု ပြောစရာရှိတယ်၊ ဘာလဲ ဆိုတာ မှန်းကြည့်စမ်း "

ကျွန်တော် အနည်းငယ် စဉ်းစားလိုက်ပြီး

" ယူ လခ တိုးလို့လား "

" မဟုတ်ဘူး "

" ကိုယ်တို့ ထီစပ်ထိုးထားတာ ပေါက်လို့လား "

" မဟုတ်ပါဘူး။ အဲဒါက ပက်ဂီဝမ်းသာမယ့်သတင်းတွေပဲ၊ အခု ဟာက ဒါလင်ဝမ်းသာမယ့် သတင်း သိလား "

" ပြောပါဦး သိချင်လှပြီ "

" မနက်ဖြန် အစည်းအဝေးတက်ဖို့ လာမယ့် မြန်မာကိုယ်စားလှယ် အဖွဲ့ထဲမှာ ကိုအုန်းခိုင်ပါလာမယ်တဲ့၊ ဒီနေ့ သံရုံးကဦးတင်အောင်နဲ့ ဖုန်းပြောလို့ သိခဲ့တာ "

ရင်ထဲမှာ ဝမ်းသာလွန်း။ ပျော်လွန်း၍ ရုတ်တရက်ဘာမှပြန်မပြော တတ်အောင် ဖြစ်သွားသည်။ ကျွန်တော်တို့လို နိုင်ငံရပ်ခြား၌ ကြာရှည် လေးမြင့်ရောက်နေသူများသည် မြန်မာအချင်းချင်း တွေ့ရမည်ဆိုလျှင် သူစိမ်းတစ်ရံဆံစာဖြစ်နေပါစေ၊ ဖော်မပြတတ်အောင်ဝမ်းသာကြသည်။ဘယ် လောက် စိမ်းစိမ်း မြန်မာပြည် ဘယ်မြို့ဇာတိလဲ၊ ဘယ်သူ့သိသလားစသဖြင့် မေးမြန်းမိတ်ဆက်ပြီးလျှင် မိတ်ရင်းဆွေရင်း ဖြစ်သွားကြတော့သည်။ နောက်ဆုံး ဘယ်သူ့ကိုမှ မသိလျှင်လည်း ကိစ္စမရှိပါ။ မြန်မာလိုပြောရတာနှင့်ပဲ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးကို လွမ်းဆွတ်သောရောဂါ အခိုက်အတန့်အားဖြင့် သက်သာသွားတတ်ကြသည်။

ယခု ကိုအုန်းခိုင်နှင့်တွေ့ရမည့် ကျွန်တော့်စိတ်ထဲတွင် ပြောစရာ မရှိတော့ပြီ၊ ကိုအုန်းခိုင်သည် ကျွန်တော်မြန်မာပြည်မှ ထွက်လာချိန်၌ ဗိုလ်ကြီး အုန်းခိုင်မဟုတ်တော့ပေ။ ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းခိုင်ဖြစ်နေသည်။

" အဲဒါက ကိစ္စမရှိဘူး။ ထမင်းစားပြီး သောက်ရမယ့်အားဆေး ကောသောက်ရဲ့လား။ ဒီညနေ ဒေါက်တာဖင့်(ချ်)နဲ့လည်းတွေ့ဖို့ချိန်းထားတယ် မို့လား "

" ဖုန်းဆက်ပြီး ဖျက်လိုက်တော့မယ်၊ ဒေါက်တာဖင့်(ချ်)နဲ့ တွေ့ဖို့ မလိုတော့ပါဘူး။ ဒေါက်တာအုန်းခိုင်လာတော့မှာပဲ "

ကျွန်တော် စိတ်ရွှင်လန်းစွာ ရယ်စရာ ပြောလိုက်ပါသည်။

♥ ♥ ♥

ကိုအုန်းခိုင်နှင့် ကျွန်တော်သည် တစ်ဦးကိုတစ်ဦး ပြိုင်တူလှမ်းဖက် လိုက်ကြသည်။ လှုပ်ရှားဝမ်းသာစိတ်ဖြင့် ကျွန်တော့်ရင်သည် တလှပ်လှပ် ခုန်နေလေသည်။

ကိုအုန်းခိုင်တို့ ရောက်သည့်နေ့ ညနေမှာ ကျွန်တော်နှင့် ပက်ဂီသည် သူတို့ တည်းခိုနေသော ဒူတွဲ(လ်) ဟိုတယ်သို့သွားရောက် တွေ့ဆုံနှုတ်ဆက် ကြပါသည်။

ကိုအုန်းခိုင်သည် ကျွန်တော့်ပခုံးနှစ်ဖက်ကို ကိုင်၍တစ်ကိုယ်လုံးကို စစ်ဆေးသလို ကြည့်ကာ–

" ကိုမျိုးခိုင် နေမကောင်းဘူးလား။ ပိန်သွားတယ်၊ ဘယ်လိုမှန်း မသိဘူး။ ခင်ဗျားကြည့်ရတာ အားမရဘူးဗျာ "

ကျွန်တော် ဘာမှမပြောရခင် ပက်ဂီက ဝင်ဖြေသည်။

" အမလေး ... ကိုအုန်းခိုင်ရဲ့ သူငယ်ချင်းတော့ မပြောချင်ဘူး။ နေ့ရှိသရွေ့ မြန်မာပြည်အကြောင်း တွေးလွမ်းပြီး ကိုယ့်ကိုယ်ကို နှိပ်စက် နေတာပဲ၊ မြန်မာပြည်က တော်တော်ပါ၊ မယားကြီးနဲ့ ကလေးတွေ လွမ်းပြီး ပြန်ချင်တာ၊ ပက်ဂီသိပါတယ် "

ကိုအုန်းခိုင် ကျွန်တော်တို့အခြေအနေကို ရုတ်ခြည်းရိပ်မိသွားသလို စကားပြောင်းလိုက်လေသည်။

" ပက်ဂီကတော့ အရင်အတိုင်းပဲဗျို့၊ ပိုလှနေတာတစ်ခုပဲ ထူးတယ်၊

ဟဲ ဟဲ ကျွန်တော့်သူငယ်ချင်းကြီးကိုတော့ ပစ်မသွားပါနဲ့နော် "

▼ ▼ ▼

" ခင်ဗျား ... ထမင်းဟင်းကောင်းကောင်း ချက်တတ်နေပြီနော်၊ ဘယ်ဆိုးလို့လဲ "

တစ်ညနေတွင် ကိုအုန်းခိုင်ကို သွားခေါ်ကာ အိမ်မှာထမင်း ဖိတ်ကျွေးသည်။ ပက်ဂီက အလုပ်မှပြန် မရောက်သေးပေ။

ကျွန်တော် ကြက်သားဟင်းဆီသတ်နေစဉ် ဘေးမှရပ်ကြည့်နေသော ကိုအုန်းခိုင်က ချီးမွမ်းသည်။

" ကြာတော့လည်း တတ်သွားတာပါပဲ။ ဒီမှာက ထမင်းချက်ငှားဖို့ဆိုတာ အိပ်မက်တောင် မက်မကြည့်နိုင်တဲ့ကိစ္စပဲ၊ ကျွန်တော်က စောစော ပြန်ရောက်တော့ ညနေဘက်မှာ ကျွန်တော်ချက်တာ များပါတယ်။ နေ့စဉ် ထမင်းချက် ပန်းကန်ဆေးလုပ်ရတာ ကြာတော့ ငြီးငွေ့တယ်ဗျာ၊ ရန်ကုန်မှာ တုန်းကလို ' နော်ဖော့- ထမင်းခူးပော့ ' လို့ အလုပ်ကအပြန် အော်လို့ရရင် ဘယ်လောက်ကောင်းမလဲလို့ တစ်ခါတစ်ခါ တွေးမိတယ်"

" ကဲ- ဒါတွေထားပါဦး။ ကျွန်တော် သိချင်တာက ခင်ဗျား အကြောင်းပဲ၊ ခင်ဗျားကြည့်ရတာ ရွှင်ရွှင်လန်းလန်းမရှိဘူး။ အားမရစရာ သိပ်ကောင်းတာပဲ၊ ခင်ဗျားတို့ အိမ်ထောင်ရေး အဆင်ပြေကြရဲ့လား။ တခြား ဘာအခက်အခဲတွေရှိနေသလဲ၊ အကုန်ပြောစမ်းဗျာ "

ကျွန်တော် ရုတ်တရက် တိတိကျကျ ဖြေစရာမရှိ ဖြစ်နေသည်။ ပြောချင်တာတွေကတော့ ရင်ထဲမှာ အပြည့်ပင်ဖြစ်သည်။

" အင်း ... ခင်ဗျားမေးတဲ့ မေးခွန်းအတိုင်း ဖြေရမယ်ဆိုရင်တော့ ကျွန်တော်တို့ အိမ်ထောင်ရေး အဆင်ပြေပါတယ်၊ တစ်ဦးကိုတစ်ဦး အရင်လို ချစ်ခင်မြတ်နိုးကြဆဲပါပဲ၊ ဘာအခက်အခဲမှလဲ မရှိဘူး။ နှစ်ယောက် ဝင်ငွေနဲ့ သင့်တင့်သော အဆင့်အတန်းနဲ့ နေနိုင်တယ်၊ ကားသစ်စီးနိုင်တယ်၊ ဟောလီဒေး ကောင်းကောင်းသွားနိုင်တယ်၊ ငွေလဲစုမိပါတယ်။ဒါ ... ပြောစရာတစ်ခုပဲ

ရှိတယ်၊ အဲဒါကတော့ ကျွန်တော် ဒီမှာနေလို့ မပျော်ဘူး။ ရှင်းရှင်းပြောရရင် မြန်မာပြည်ကို ပြန်ချင်တယ်ဗျာ ''

'' ပက်ဂီကကော ''

'' သူကတော့ ခင်ဗျားသိတဲ့အတိုင်း ဘယ်တော့မှပြန်မယ့်သူ မဟုတ်ပါဘူး။ ကျွန်တော်ပြန်ချင်တာကိုတောင် အဓိပ္ပာယ်မရှိဘူး။ ကလေး ဆန်တယ်၊ မယားကြီးနဲ့ သားသမီးတွေလွမ်းလို့နဲ့ အမြဲစွပ်စွဲနေတာပဲ''

'' အေးလေ ခင်ဗျားကလည်း ဒီလောက်ချမ်းချမ်းသာသာနေရပါ လျက်နဲ့ ပြန်ချင်တယ်ဆိုတော့ ''

'' ဟုတ်ပါတယ် ကိုအုန်းခိုင်၊ ခင်ဗျားတို့ ပက်ဂီတို့ပြောသလို ဆွစ်ဇာလန်ပြည်ကြီးမှာနေရတာ ချမ်းသာပါတယ်၊ အနောက်နိုင်ငံအားလုံးဟာ အလွန်တိုးတက်ချမ်းသာတဲ့နိုင်ငံတွေချည်းပါပဲ၊ ဒါပေမယ့် အဲဒီကောင်းတာက သူတို့ပြည်သူသားတွေအတွက် ကောင်းတာဗျ၊ ကျွန်တော်တို့လို သူစိမ်းတွေ အဖို့ အဲဒီချမ်းသာတာ အဆင့်အတန်းမြင့်တာတွေကို ရရှိခံစားနေရပေမယ့် ပေါ့ပျက်ပျက်နဲ့ အရသာမရှိဘူး။ အဓိပ္ပာယ်မရှိဘူး။ ဒီအချက်ကို ခင်ဗျားလို ခဏတစ်ဖြုတ် လာရသူတွေ သဘောပေါက်ချင်မှပေါက်မယ် ''

'' ကျွန်တော်ဉာဏ်မီသလောက် နားလည်အောင် ကြိုးစားပါ့မယ် ဗျာ၊ ဆက်ပြောပါဦး ''

ကိုအုန်းခိုင်က ကျွန်တော့်ကို ပြုံးစိစိကြည့်၍ပြောသည်။

'' လူဆိုတာ ဘယ်လောက်ချမ်းသာချမ်းသာ ပစ္စည်းတွေ ဘယ်လို ပုံပေးပေး။ ကိုယ့်အသည်းနှလုံးနဲ့တူတဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး။ မိတ်ဆွေ သားချင်းအသိုက်အဝန်းတွေနဲ့ ခွဲနေရရင် အသည်းနှလုံးထုတ်ထား ခံရသလိုပဲ၊ အမြဲတစ်ခုခုလိုနေသလို ခံစားနေရတယ်၊ အဲဒါ ကျွန်တော် ကိုယ်တွေ့ပဲ''

'' ဒီတိုင်းပြည်က လူတွေမကောင်းဘူးလားဆိုတော့ ကောင်းကြ ပါတယ်၊ ဒါပေမယ့် ကိုအုန်းခိုင်ရေ ... ကိုယ့်လူမျိုး အချင်းချင်းပေါင်းသလို အားရပါးရ ရင်းရင်းနှီးနှီးတော့ မရှိနိုင်ကြပါဘူး။ လူနေမှုစရိုက် အခြေခံချင်း မှမတူကြပဲကိုး။ သူတို့အဖို့ ကျွန်တော်တို့ဟာ အမြဲတမ်းအပြင်လူ(Outsider) ပဲ၊ ကျွန်တော်တို့ချမ်းသာလို့လဲ ဝမ်းသာမယ့်သူတွေမဟုတ်ဘူး။ ဆင်းရဲနေလို့

လဲ သနားမယ့်သူတွေ မဟုတ်ဘူး။ သူစိမ်းတွေအလယ်မှာ အမြဲနေရရင် ခင်ဗျား ပျော်မလား စဉ်းစားကြည့်ပေါ့၊ သူတို့က ကောင်းဦးတော့ ခင်ဗျား စိတ်ထဲ အားမငယ်ဘူးလား။ ဒါကြောင့် ငှက်တွေတောင် အမျိုးတူချင်းအုပ်စု ဖွဲ့ နေကြတာ ဒီသဘောပဲ မဟုတ်လား ''

'' ခင်ဗျား မြန်မာပြည်ကထွက်မယ် ဆုံးဖြတ်တုန်းက ဒါတွေ မတွေးမိဘူးလား ''

'' အဲဒီအကြောင်းလဲ ပြောရဦးမယ်၊ မြန်မာနိုင်ငံလို ဖွံ့ဖြိုး တိုးတက်အောင် ရုန်းကန်နေရတဲ့နိုင်ငံ၊ ဆင်းရဲတဲ့နိုင်ငံမှာ မနေလိုပါဘူးဆိုပြီး ထွက်သွားတဲ့သူတွေထဲမှာ ဆင်းရဲတဲ့သူတွေမပါပါဘူး ကိုအုန်းခိုင်၊ ခင်ဗျား သတိပြုမိမှာပါပဲ၊ နိုင်ငံမှာ တကယ်တမ်းလိုအပ်နေတဲ့ ဘွဲ့ရ ပညာရှင်တွေ၊ ကိုယ့်နိုင်ငံမှာ ရာထူးဌာနန္တရနဲ့ အသိုက်အဝန်းနဲ့ နေနိုင်တဲ့သူတွေ များပါတယ်''

'' ဒီပညာရှင်တွေ စိတ်ထဲမှာ ငါ့ပညာနဲ့ဆိုရင် နိုင်ငံခြားမှာ သူဌေး မဖြစ်တောင်၊ ချမ်းချမ်းသာသာနေနိုင်မှာဆိုတာတို့၊ ကားကောင်းကောင်းစီးရမှာ၊ ကောင်းကောင်းဝတ်ရ ကောင်းကောင်းစားရမှာတို့လောက်ပဲ စဉ်းစားမိကြတယ်၊ ဟိုကျရင် ငါတို့ကိုဘယ်လောက်အထိ သူတို့အသိုက်အဝန်းက လက်ခံမယ်၊ အသိအမှတ်ပြုမယ်၊ ဘယ်လိုအဆင့်မှာ သတ်မှတ်ထားမယ် ဆိုတာမျိုး မတွေးမိပါဘူး။ လူချမ်းသာရင် စိတ်လဲအရမ်းချမ်းသာပြီး ပျော်မှာပဲလို့ ပေါ့ပေါ့ တွက်ကြတာပဲ၊ ကျွန်တော်လဲ အဲဒီလိုပဲတွက်ခဲ့တာပဲ၊ အခုတော့မှလေ ''

'' ပြောစမ်းပါဦး ကိုမျိုး ... အခုတော့မှ ဘာဖြစ်သလဲ ''

'' အခုတော့ ကြာလေ ကြာလေ ဆင်းရဲလှပါတယ်ဆိုတဲ့ ကိုယ့်တိုင်းပြည်ရဲ့ ချစ်စရာကောင်းတဲ့အကွက်ကလေးတွေကို တွေးမိလေပါပဲ၊ ကိုယ့်တိုင်းပြည်ဆိုတာ ကိုယ့်ရဲ့မိဘပါပဲ ကိုအုန်းခိုင်၊ မိဘက ဆင်းရဲလို့ဆိုပြီး သားသမီးများက စွန့်ခွာသွားဖို့၊ သူတို့ရဲ့မေတ္တာစေတနာနဲ့ ကျေးဇူးကို မေ့လျော့သွားဖို့မသင့်ပါဘူး။ အတူတူလက်တွဲပြီး အိမ်ထောင်ကြီး တစ်ခုကို ကြီးပွား ချမ်းသာအောင် ကြိုးစားကြရမှာပါ၊ ဆိုးတူကောင်းဖက်မနေနိုင်သူဟာ တာဝန် မဲ့တာ တစ်ကိုယ်ကောင်းဆန်တာပါပဲ ''

'' နေပါဦး ခင်ဗျားစိတ်ထဲမှာ နိုင်ငံခြားကိုထွက်လာမိတာ ငါ့တိုင်း

ပြည်နဲ့ ငါ့လူမျိုးကို သစ္စာဖောက်တာပဲလို့များ ထင်နေသလား ကိုမျိုး ''

'' ထင်တယ် ကိုအုန်းခိုင်၊ ဒါကြောင့် ကျွန်တော်ဒီမှာ အလုပ်လုပ်နေရတာ လိပ်ပြာမလုံဘူး။ အပြစ်ရှိနေသလိုပဲ၊ ခင်ဗျားတို့လို အမိနိုင်ငံရဲ့ တာဝန်တစ်ရပ်နဲ့လာကြတဲ့သူတွေတွေ့ရင် ကျွန်တော့်ကိုယ်ကျွန်တော် ရှက်တယ်၊ ကျွန်တော့်အလုပ်တိုက်မှာ အလုပ်လုပ်နေရင်း ငါဟာငါ့တိုင်းပြည်အတွက် လိုအပ်တဲ့နေရာမှာမနေဘဲ ကိုယ့်လုပ်အားကို မလိုတဲ့နေရာမှာ ခခယယ ဝင်လုပ်နေတာပဲလို့ တွေးမိတယ် ''

'' ဒါကြောင့် ကိုယ့်နိုင်ငံကိုအသက်စွန့်ပြီးကာကွယ်နေတဲ့ ကျွန်တော့်သားကြီး မင်းခိုင်တို့ ရသမျှလခနဲ့ ကျေကျေနပ်နပ် တိုင်းပြည်ကို ကိုယ်တတ်တဲ့ နေရာက အလုပ်အကျွေးပြုနေတဲ့ တင်တင်တို့၊ သမီးချိုမြခိုင် တို့ကို ဒီရောက်မှပဲ စိတ်ထဲကချီးမွမ်းမိပါတယ်၊ သူတို့ရဲ့အဖေကတော့ ရှိတဲ့ အခြေအနေတွေကို မကျေနပ်နိုင်သူ၊ တာဝန်မဲ့သူတစ်ယောက်ပေါ့ ''

'' ဒီလိုလဲ ... ဘယ်ဟုတ်မလဲဗျာ၊ အတွေးမခေါင်စမ်းပါနဲ့ ''

'' ဟုတ်တယ် ကိုအုန်းခိုင်၊ သိပ်ဟုတ်တယ်၊ လောကကြီးမှာလေ တာဝန်ကျေတဲ့သူဟာ နေလို့ကောင်းတယ်၊ လိပ်ပြာသန့်တယ်၊ စိတ်ချမ်းသာတယ်ဗျ၊ သိလား ''

'' ဒီလိုဆို ခင်ဗျားလဲ ထိုက်သင့်သလောက် တိုင်းပြည်ကို အလုပ်အကျွေးပြုခဲ့ပြီးပြီပဲ ''

'' ဟဲ ဟဲ ခင်ဗျားကတော့ စိတ်ရောဂါအထူးကုဆရာဝန်လုပ်ဖို့ကောင်းတယ်၊ ကျွန်တော်စိတ်ကောင်းအောင် ဖြေပြောနေတာပေါ့၊ ဟုတ်လား၊ ကျွန်တော့်စိတ်ထဲခံစားရသလောက်ပြောစမ်းပါရစေကိုအုန်းခိုင်ရယ်၊ ကျွန်တော် ပြောချင်လွန်းလို့ပါ၊ခင်ဗျား မြန်မာပြည် ပြန်ရောက်ရင်လဲ နိုင်ငံခြား မှာအခြေချဖို့ နည်းမျိုးစုံနဲ့ကြိုးပမ်းနေတဲ့ ကျွန်တော်တို့မိတ်ဆွေတွေကို ပြော လိုက်စမ်းပါ၊ လူမျိုးတိုင်းအတွက်ကိုယ့်တိုင်းပြည်ဟာကိုယ့်အတွက် အကောင်းဆုံး။ မြန်မာပြည်ဟာ မြန်မာလူမျိုးတွေအတွက် အကောင်းဆုံးနဲ့ဂုဏ်အရှိဆုံးပါလို့၊ သူများတိုင်းပြည်မှာ နေရတာဟာ ဘယ်လောက် ပိုက်ဆံရှိရှိ ဂုဏ်မရှိပါဘူးလို့ ''

'' တော်စမ်းပါ ကိုမျိုးရာ စိတ်ကူးမယဉ်စမ်းပါနဲ့၊ လူ့သဘာဝဆိုတာ

ချမ်းသာစည်းစိမ်နဲ့ နေချင်သူတွေချည်းပေါ့ ''

'' ဒီမှာ ကိုအုန်းခိုင်၊ စည်းစိမ်ရှိတိုင်း ဂုဏ်ရှိတာမဟုတ်ဘူးဗျ။ ဥပမာတစ်ခုပြောမယ်။ အခု ခင်ဗျားနဲ့ကျွန်တော်ဟာ ဒီမှာရောက်နေတဲ့ မြန်မာလူမျိုးချင်းတူပေမယ့် ဂုဏ်ရှိတာချင်းမတူဘူး။ ခင်ဗျားက ကိုယ့်တိုင်းပြည်ကို ကိုယ်စားပြုလာတဲ့ မြန်မာလူမျိုးတစ်ဦး၊ အစည်းအဝေး ခန်းမကြီးထဲမှာ 'မြန်မာပြည်' လို့ စာတန်းထိုးတဲ့ သီးသန့်နေရာမှာ၊ ချမ်းသာပါတယ် ဆိုတဲ့ နိုင်ငံတွေက ကိုယ်စားလှယ်တွေနဲ့ တန်းတူရည်တူထိုင်လို့ ၊ ဘယ်လောက်ဂုဏ်ရှိသလဲ၊ ကျွန်တော်က ဒီမှာလာကပ်ပြီး အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားတစ်ယောက်၊ အလကား ဘာမှမဟုတ်ဘူး။ အဲ ... ပစ္စည်းဥစ္စာအားဖြင့် ကြည့်မယ်ဆိုရင်တော့ ကျွန်တော်ကသာတယ်ပေါ့ဗျာ ''

'' ကဲဗျာကိုမျိုး ခင်ဗျားကိုနိုင်အောင် ကျွန်တော်မပြောနိုင်ပါဘူး။ လက်မြှောက်ပါပြီ၊ ဒါပေမယ့်ဗျာ၊ ဒီအသက်အရွယ်မှာ စိတ်ချမ်းသာအောင် နေတတ်ဖို့လိုတယ်၊ ခင်ဗျား ဒါတွေကိုတွေးနေရင် ကြာရင်စိတ်ရောဂါလူနာ ဖြစ်လိမ့်မယ်၊ သတိထား ''

'' ကျွန်တော် အခုစိတ်မချမ်းသာဘူးရယ်တော့ မဟုတ်ပါဘူး။ ဒီမှာကောင်းမှန်းလဲ သိပါတယ်၊ ဒါပေမယ့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို လွမ်းတယ်၊ မိတ်ဆွေသားချင်းတွေကို တမ်းတတယ်၊ အဲဒီစိတ်က ဘယ်ပျော်ရွှင်မှုမျိုးနဲ့မှအစားထိုးလို့မရဘူး။ ကြာတော့ ကျွန်တော်အားလုံးကို ငြီးငွေ့လာတယ်၊ နေရတာ အဓိပ္ပာယ် မရှိသလိုပဲ၊ ဘဝဆိုတာ မျှော်လင့်ချက် ယုံကြည်ချက်တွေနဲ့ ပြည့်ဝနေရမယ်၊ ရည်မှန်းချက်တွေနဲ့ ရှင်သန်နေရမယ်ဆို၊ အခု ကျွန်တော့်မှာ ... ''

'' ကဲ ... ကိုမျိုး။ ခင်ဗျားဒါတွေ တိုင်တည်နေမယ့်အစားမေးခွန်းတစ်ခုကိုပဲဖြေ၊ ခင်ဗျား မိန်းမနဲ့ခွဲနိုင်သလား။ ကွဲနိုင်သလား ''

ကျွန်တော် ဘာမှပြန်မဖြေနိုင်သည်ကို ကြည့်ပြီး ကိုအုန်းခိုင်သည် အနိုင်ရသူတစ်ယောက်လို အားရပါးရ ရယ်မောနေလေသည်။

♥ ♥ ♥

အကယ်၍သာ ပက်ဂီသည် ကျွန်တော့်စိတ်ထားကိုနားလည်ပြီး ကျွန်တော်လိုပင် ကိုယ့်ပြည်ကိုယ့်လူမျိုးကို ချစ်တတ်လွမ်းတတ်သော စိတ်မျိုး ရှိပါလျှင် ဘယ်လောက်ကောင်းလိုက်မည်လဲ။ လင်မယားနှစ်ယောက် စိတ်တူ သဘောတူ ပစ္စည်းဥစ္စာရသမျှ စုဆောင်းပြီး မပျော်သည့်နေ့ အိမ်ပြန်ကြရုံပင် ဖြစ်သည်။

အခုတော့ မြန်မာပြည်အကြောင်းပြောလျှင် "ဒါလင် ဘာလို့ ဒါတွေ တွေးတွေးနေတာလဲ၊ ပျော်ပျော်နေစမ်းပါ" ဟုဆိုမည်။ "ပြန်ရအောင်" ဟု စကားစကြည့်လျှင် "ဟိုရောက်ရင်ဘာလုပ်စားမလို့လဲ၊ တောင်းစားရမှာ လား" ဟုမေးသည်။ သူ့အဖို့ ဆွစ်ဇာလန်လိုနိုင်ငံမှ မြန်မာပြည် ပြန်ချင်သည် ကို နားမလည်နိုင်။ ကျွန်တော့်ကို စိတ်မှကောင်းသေးရဲ့လားဟု ထင်နေသည်။

သူက ချမ်းချမ်းသာသာနေချင်သူ၊ အကောင်းကြိုက်သူ၊ အနောက် တိုင်းဓလေ့ကို လက်ခံကျင့်သုံးတတ်သူ။

ကျွန်တော်က အချိန်ရှိသရွေ့ ကိုယ့်တိုင်းပြည်ကို အောက်မေ့သတိ ရပြီး ဟိုမှာပဲ မသေခင် အေးအေးချမ်းချမ်းပြန်နေချင်သူ။ နှစ်ဦးသား ဆန့်ကျင် နေပေမယ့် တစ်ဦးကိုတစ်ဦးတွယ်တာချစ်ခင်ကြတာချင်းတော့ တူညီကြပေ သည်။

ဘာပဲပြောပြော ပက်ဂီမှာထူးခြားသည့် ချစ်စရာကောင်းတဲ့ အရည် အချင်းတွေရှိကြောင်း ကျွန်တော်ဝန်ခံရပါမည်။

ကိုယ့်ထက်အသက်ကြီးသူ၊ တစ်ခုလပ် ကျွန်တော့်ကို နှစ်နှစ် ကာကာ စွဲစွဲမြဲမြဲချစ်တဲ့ပက်ဂီ။

သူနှင့်ကျွန်တော် ယူတုန်းကဆိုလျှင် အိမ်ထောင်တစ်ခုကို ဖျက်လို ဖျက်ဆီးလုပ်တဲ့မိန်းကလေးဟု ကဲ့ရဲ့ရှုတ်ချကြသည်။ ဒါတွေကို မမှုဘဲ မိဘ ဆွေမျိုးအသိုက်အဝန်းကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သည်။ မယားကြီးက ကွာမပေးလျှင် ကျွန်တော်အလုပ်ကိုထိခိုက်မည်ဆိုလျှင် နောက်ဆုံး တရားမဝင်သော ဇနီး ဘဝနှင့်ပင်နေမည်ဟုပြောခဲ့သည်။ ဤမျှစွန့်စား၍ ကျွန်တော့်ကိုချစ်တဲ့ ပက်ဂီ။

မိကောင်းဖခင်သားသမီး။ ရုပ်ချောသည်။ ပြင်သစ်နှင့် ဂျာမန် ဘာသာ ဒီပလိုမာဘွဲ့ရသည်။ ဂေါက်သီးရိုက်တော်သည်။ ရှယ်တူတန်းတူ

ယောက်ျားလေးတို့ ဝိုင်းဝိုင်းလည်နေသည်။ ဒီကြားထဲက ကျွန်တော့်ကိုမှ စွဲစွဲလမ်းလမ်းချစ်သည်ဆိုတော့ . . .

ပက်ဂီကြောင့် ကျွန်တော်သည် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း အပေါင်းအသင်း ယောက်ျားသားတို့အလယ်၌ အားကျဖွယ် လူတစ်ယောက် ဖြစ်ခဲ့ရပါသည်။

ပက်ဂီ၌ အခြားချစ်စရာကောင်းသော အချက်တစ်ခုမှာ ကျွန်တော့် သားသမီးများအား မိထွေးလို မဆက်ဆံဘဲ သူငယ်ချင်းလိုနေသဖြင့် မင်းနိုင်နှင့် မချိုတို့က သူ့ကိုခင်ကြပြီး ဖခင်ဖြစ်သူ ကျွန်တော့်ကိုလည်း အချစ်မပျက်ကြ။ ဒီအတွက်သူ့ကိုကျွန်တော် အမြဲကျေးဇူးတင်မိပါသည်။

" မွန်ဆီယာ . . . နောက်ထပ် ယူဦးမလား "

ဟိုလွင့် ဒီလွင့် ဖြစ်နေသည့် ကျွန်တော့်စိတ်များကို ပြန်စုစည်းရင်း အရက်ဆိုင်ရှင်၏ မေးခွန်းကို ဖြေလိုက်ရပါသည်။

" ဟုတ်ကဲ့ ကျေးဇူးပါပဲ "

ဆောင်းဝင်စပြုပြီမို့ ညနေတိုင်း ပက်ဂီကို ကြိုရင်းစောင့်ရသည့်အခါ နွေတုန်းကလို ကန်ဘေးမှာ သို့မဟုတ် ပန်းခြံထဲက ထိုင်ခုံတစ်ခုမှာ မထိုင်နိုင် တော့ပေ။

အအေးဒဏ်ကို ခံနိုင်အောင်သူ့အလုပ်တိုက်နှင့် မနီးမဝေးက အရက် ဆိုင်လေးထဲမှာ အရက်သောက်ရင်း စောင့်ရသည်။

လာသောက်သူများမှာ အများအားဖြင့် လူကြီးပရိသတ်ဖြစ်ပြီး အနီးအနားမှာနေထိုင်သူများ ဖြစ်ဟန်တူပါသည်။

မကြာခဏတွေ့နေသော်လည်း သူတို့ဓလေ့အတိုင်း စကားစမြည် ပြောလေ့မရှိပါ။

၎င်းတို့အထဲမှာ လာနေကျအဘိုးကြီးတစ်ယောက်သည် ကျွန်တော် နှင့် အတော်မျက်မှန်းတန်းမိနေပြီဖြစ်၍ ဒီနေ့တော့ အာလာပ သလ္လာပ စကားပြောလာသည်။

" မွန်ဆီယာ၊ ဘာလူမျိုးလဲ "

" မြန်မာလူမျိုးပါ ခင်ဗျာ၊ မြန်မာပြည်ဆိုတာက . . . "

" အို ... သိတယ်၊ သိတယ်၊ အား(လ်)မောင့်ဘက်တန်အော့(ဖ်)ဘားမား (Earl Mountbatten of Burma) အဲဒီတိုင်းပြည်မဟုတ်လား "

မြန်မာပြည်ကို များသောအားဖြင့်မသိကြ၍ ကျွန်တော်က ရှင်းပြမည် လုပ်သောအခါ အဘိုးကြီးက အထက်ပါအတိုင်း ကြားဖြတ်၍ ဝင်ပြောသည်။ ကျွန်တော့်စိတ်ထဲက သွားလေသူ အားလ်မောင့်ဘက်တန်အား ကျေးဇူးတင်မိပါ၏။ သူ့ရျာပနအခမ်းအနားကို ရုပ်မြင်သံကြား(တီဗွီ)မှ ကြည့်ကြရသဖြင့် ယခုတော့ မြန်မာပြည်ဆိုလျှင် သူတို့သိနေကြပြီ။ အဘိုးကြီးကပင်ဆက်၍ . . .

" သူ့ရျာပနမှာ မင်းတို့မြန်မာပြည်က ကိုယ်စားလှယ်စစ်ဘက်အရာရှိတွေ လိုက်ပို့ကြတယ်နော် "

" ဟုတ်ပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးတုန်းက ဂျပန်တပ်တွေအောက် ရောက်နေတဲ့ မြန်မာပြည်ကို ပြန်လည်တိုက်ခိုက်ယူကြတုန်းက မြန်မာ့တပ်မတော်နဲ့အတူတူ တိုက်ခိုက်ခဲ့ကြတယ်၊စစ်ကြီးပြီးတော့လည်းမြန်မာပြည်ကို လွတ်လပ်ရေးပေးဖို့ အစောဆုံးဆန္ဒပြုခဲ့သူတစ်ဦးမို့ ကျွန်တော်တို့ သူ့မေတ္တာစေတနာကို မမေ့ကြပါဘူး "

" ဂျပန်ကိုတော့ မြန်မာပြည်စစ်ဆင်ရေးတုန်းက အနိဋ္ဌာရုံတွေကို စိတ်နာလို့ သူ့ရျာပနကို တက်ရောက်ဖို့မဖိတ်ဘူးတဲ့၊ မင်းတို့ကတော့ သူ့ထက်တောင်ပိုပြီး စိတ်နာကြမှာပေါ့နော် "

" ဟင့်အင်း၊ ကျွန်တော်တို့ အတိတ်က ဖြစ်ရပ်တွေ မေ့ပစ်လိုက်ပါပြီ၊ အခု ဂျပန်နဲ့ကျွန်တော်တို့နဲ့ ချစ်ချစ်ခင်ခင်ပဲ ဆက်ဆံနေကြပါတယ်"

" ကောင်းတယ်၊ သိပ်ကောင်းတယ်၊ စိတ်နာစရာတွေကို မေ့ပစ်လိုက်ပြီး 'ကျေးဇူးတရားကိုတော့ အမြဲသတိရနေတယ်ဆိုတော့' မင်းတို့လူမျိုးဟာ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံးလူမျိုးလို့ ဆိုရတော့မှာပဲ၊ ဒါကြောင့်လဲ မောင့်ဘက်တန်က များပြားလှတဲ့သူ့ရဲ့ဘွဲ့ထူး၊ ဂုဏ်ထူးတွေအနက်က (မြန်မာပြည်ရဲ့မောင့်ဘက်တန်) ဆိုတဲ့နာမည်ကို အနှစ်သက်ဆုံးဆိုပြီး ခေါ်တွင်စေခဲ့တာပဲနော် "

ကျွန်တော့်ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ကြည်နူးသွားပါသည်။

တကယ်တော့ ကျွန်တော်တို့တိုင်းပြည်သည် မချမ်းသာသော်လည်း လောကဝတ်များ၊ စောင့်ထိန်းရာ ပြဟ္မစိုရ်တရားတို့ ထွန်းကားရာမြေပါလား။

မှတ်မှတ်ရရ ထိုနေ့ညနေက ကျွန်တော်ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။

♥ ♥ ♥

ဆောင်းရာသီ ရောက်ပေပြီ။

ဂျိနီဗာတစ်မြို့လုံး ညကအထပ်ထပ်ကျထားသော ဆီးနှင်းဖြူဖြူများက ဖုံးအုပ်ထားသလိုရှိလေသည်။ ကျွန်တော်တိုက်ခန်းမှန်ပြတင်းမှ မျှော်ကြည့်လျှင် ခပ်လှမ်းလှမ်းရှိ သစ်ပင်များပေါ်၌ နှင်းဖြူခဲတို့ အဆုပ်လိုက်တွဲလဲခိုနေကြသည်ကို တွေ့ရသည်။ ခရစ်စမတ်ကတ်ပြားများပေါ်မှ နှင်းများအတိုင်းပင်။

မော်တော်ကားလမ်းဘေးရှိ လူသွားစင်္ကြံပေါ်၌ တင်နေသော နှင်းထုကိုမူ လိမ္မော်ရောင်ဝတ်စုံဝတ်ထားသော လုပ်သားကြီးများက ဖယ်ရှားပေးနေကြသည်။

ပြင်းထန်သော ရာသီဥတုကြောင့်လားမသိ၊ ကျွန်တော့်ကျန်းမာရေး ပိုကောင်းမလာခဲ့ပေ။ ကိုယ်အလေးချိန်ကျသွားသည်။ တစ်ခါတစ်ရံ ခွန်အားမရှိသလို နုံးလျနေတတ်သည်။ အစားစားချင်စိတ်မရှိ၊ စိတ်တွေရီဝေနေသည်။

ပက်ဂီက စိုးရိမ်ပူပန်စွာ ဆရာဝန်ထံသွားခိုင်းသော်လည်း ကျွန်တော် မသွားတော့။

ကျွန်တော့်ရောဂါက ဆရာဝန်အတတ်တို့ဖြင့် မမြင်တွေ့နိုင်သည့် ရောဂါ။

ထို့ကြောင့် ကိုယ့်ရောဂါ ကိုယ်ကုသရန် အစီအစဉ်လုပ်နေသည်မှာ နှစ်လခန့်ရှိပေပြီ။

ကျွန်တော်က "ပြန်ရအောင်" ဟုဆို၍ ပက်ဂီက "မြန်မာပြည်ရောက်ရင် ဘာလုပ်စားမလဲ" ဟု ပြန်မေးက ယခုအခါဖြေပေးနိုင်ပြီ။

ကျွန်တော်ယခုလုပ်နေသည့် ဆေးကုမ္ပဏီက မြန်မာနိုင်ငံမှာ ကိုယ်စားလှယ်မရှိသေး။ အကယ်၍ ကျွန်တော်ပြန်သွားလျှင် ကျွန်တော့်အား ကိုယ်စားလှယ်ခန့်မည်ဖြစ်ကြောင်း ကတိပေးပြီးဖြစ်သည်။ လခ တစ်လကို မြန်မာငွေနှစ်ထောင်ခန့်ရမည်။ ပက်ဂီအတွက် ရန်ကုန်ရှိနိုင်ငံခြားဘာသာသင် သိပ္ပံတွင် အလုပ်ရရှိနိုင်ကြောင်း ဦးအုန်းခိုင်ထံမှ အကြောင်းပြန်စာရထား သည်။ ကျွန်တော်တို့ လစဉ်ဝင်ငွေမရှိမှာ ပူစရာမရှိတော့။ ဒီက ကားတစ်စီး ဝယ်သွားမည်။ ရှမ်းလမ်းအိမ်ကို လူငှားဖယ်၍ ကျွန်တော်တို့ပြန်နေမည်။

ဝီစကီတစ်ခွက်ကို ဖြည်းဖြည်းဆွဲသောက်ရင်း ပက်ဂီပြန်လာလျှင် ဘယ်ကစပြောရမည်ကို ကျွန်တော့်စိတ်ထဲမှာ စကားလုံးများစီကြည့်နေသည်။ အခုတလော ပက်ဂီသည် ကျွန်တော့်ကျန်းမာရေးကို အားမဖြစ်ကာ စိတ်ပူပန် နေကြောင်းကို ကျွန်တော်ရိပ်မိသည်။ ဒီအခွင့်အရေးကိုယူကာ ကျွန်တော့် ဘက်မှ မလျှော့တမ်းပြောမည်။ နားလည်သဘောပေါက်အောင် တရားချ ရလိမ့်မည်။

ကျွန်တော်သောက်နေသည့် အရက်တစ်ခွက်မကုန်မီတံခါးခေါက်သံ ကြားရပြီ။ ကျွန်တော့်ရင်ထဲက ထိတ်ခနဲပင်ခုန်သွားသည်။ တံခါးဖွင့်လိုက် သောအခါ ပက်ဂီက ထုံးစံအတိုင်း ရွှင်ရွှင်လန်းလန်းအနောက်တိုင်းဆန်သော အနမ်းကလေးဖြင့် နှုတ်ဆက်လေသည်။

ပက်ဂီသည် အထပ်ထပ်ဝတ်ထားရသော အနွေးထည်များကို ချွတ်ခဲ့ပြီး ရခိုင်လုံချည်အပြာ၊ ဆွယ်တာအပြာလေးဝတ်ကာ အိပ်ခန်းထဲမှ ပြန်ထွက်လာသည်။ ဘယ်အချိန်ကြည့်ကြည့် လှတဲ့ပက်ဂီပါပဲ။

ခဏနေတော့ လက်ထဲမှာ ဝိုင်ကလပ်ကလေးကိုကိုင်၍ ကျွန်တော့် အနားရောက်လာသည်။ ချမ်းသည့်အခါ ဒီလိုပဲ ဝိုင်အရက်ချိုချိုကို သောက် တတ်သည်မို့ မဆန်းသော်လည်း ယနေ့သူ့အမူအရာက ထူးနေသည်။ မျက်နှာ က ရွှင်နေသည်။ ပြုံးပျော်ရွှင်မြူးနေပုံနှင့်။

" ကိုယ်တို့ရဲ့ တောက်ပတဲ့ အနာဂတ်အတွက် "

သူ့လက်ထဲမှ ဝိုင်ကလပ်ကို ကျွန်တော့်အရက်ဖန်ခွက်နှင့်လာထိပြီး ပြင်သစ်လို ဆုတောင်းလိုက်ပါသည်။ ပြီးတော့ နားမလည်သလို ကြည့်နေမိ

သော ကျွန်တော့်လက်ထဲသို့ စာရွက်နှစ်ရွက် ထည့်ပေးပြီး . . . ။

" ဖတ်ကြည့်စမ်း ဒါလင်၊ ဘာလဲဆိုတာ ဖတ်ကြည့်စမ်း "

ကျွန်တော် သိချင်ဇောဖြင့် စာကို ကမန်းကတန်း ဖတ်ကြည့်လိုက်ပါသည်။

တစ်စောင်က အမေရိကန်ပြည် နယူးယောက်မြို့ ဟတ်နဲ(လ်) မိုဒယ်လင်း အေဂျင်စီ (Hartnell Modelling Agency) မှ ခင်ဆွေအေးအား ၎င်း၏ဌာနခွဲတစ်ခုတွင် အလုပ်ပေးသည့်စာ။ နောက်တစ်စောင်က ထိုအေဂျင်စီမှပင် ခင်ဆွေအေး၏ ဓာတ်ပုံများကို ကြည့်၍ ရုပ်ရည်ကို သဘောကျသဖြင့် ကိုယ်ဟန်ပြမယ်အဖြစ်လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိပါက နယူးယောက်မြို့သို့ ကိုယ်တိုင်လာရောက်ပြီး ဓာတ်ပုံအစမ်းရိုက်ခံရန် အကြောင်းကြားသည့်စာ။

" ဒါလင် အံ့ဩသွားအောင် တမင်ကျိတ်ကြိုးစားနေတာ သိလား။ ကော်တာပဲနေ့၊ ပက်ဂီသာ အောင်မြင်ရင် အခုထိပ်တန်းရောက်နေတဲ့ Model 'လောရင်းဟတ်တန်'တို့ 'ဖာရာဖောဆက် 'တို့လို မီလျံနာ ဖြစ်မှာ ကိုရဲ့၊ နယူးယောက်မှာဆိုတော့ မြို့ကြီးပြကြီး။ ကိုယ့်အတွက် အခွင့် အလမ်းတွေ အများကြီးပွင့်တယ်၊ မြန်မာတွေအများကြီးရှိလို့ ကိုယ်လည်းပျော်မှာပဲ၊ အခု ဗီဇာလဲရပြီ၊ ကိုဝမ်းမသာဘူးလားဟင်၊ ဘာလို့ငြိမ်နေတာလဲ၊ စကားလည်း တစ်ခွန်းမှ ပြန်မပြောဘူး။ နေရောကောင်းရဲ့လားဟင် "

သက်ပြင်းကိုသာ အကြိမ်ကြိမ်သာချမိပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရလေကွယ်။

ကျွန်တော် စကားပြန်ပြောပြီးသောအခါ၌ကား သူရောကျွန်တော်ပါ ငြိမ်သွားပြီး အခန်းထဲမှာ ဘယ်သူမှ မရှိသလို ခြောက်သွေ့ တိတ်ဆိတ်သွားသည်။

သူ့အိပ်မက်နှင့် ကျွန်တော့်စိတ်ကူးတို့ ထိပ်တိုက်တွေ့သောအခါ နှစ်ခုလုံးပင် ပြိုကွဲပျက်စီးသွားကြပေပြီ။

ကျွန်တော်က ကျွန်တော့်သဘောထားနှင့် အစီအစဉ်ကို တင်ပြသည်။ သူကလည်း သူ့သဘောထားနှင့် ရည်မှန်းချက်ပန်းတိုင်ဘက်က အခိုင်အမာရပ်တည်သည်။

ထိုညက ကျွန်တော်တို့နှစ်ဦး၏ အိမ်ထောင်သက်တမ်းတစ်လျှောက်၌ ပထမဆုံးအကြိမ် အကြိတ်အနယ် ငြင်းခုံကြရခြင်းပင်။ တစ်ဦး၏အလိုကို တစ်ဦးက မလိုက်နိုင်၍ ရင်ထဲမှာထိခိုက်နာကျင်နေကြလေသည်။ ထမင်းကိုလည်း တို့ကာပင့်ကာနှင့်သာ ပြီးလိုက်ကြသည်။

ပက်ဂီသည် သူ့ဘဝရည်မှန်းချက်များကို တင်ပြ၍ တင်းတင်းမာမာ အရေးဆိုသည်။ ကျွန်တော်သူ့ကို တကယ်မချစ်ဟုရန်ထောင်သည်။ အစိပ္ပာယ်မရှိ ခေါင်းမာသည်ဟု အပြစ်တင်သည်၊ နောက်ဆုံးမှပင် မျက်ရည်ပေါက်ပေါက်ကျကာ ကျွန်တော့်ကိုတင်းတင်းကျပ်ကျပ်ဖက်၍ –

" ကိုရယ် ပက်ဂီ့ကိုချစ်ရင် ဒီတစ်ခါပဲအလိုလိုက်ပါ၊ ဒီတစ်ခါပဲ တောင်းဆိုပါတယ်၊ ပက်ဂီ့ဘဝမှာ ဒီအခွင့်အရေးကို လက်လွှတ်ရရင် ပက်ဂီ ရှူးမှာပဲထင်တယ်၊ ပက်ဂီကိုသနားပါအစ်ကိုရယ် "

မျက်ရည်စတွေ စွတ်စိုနေသော သူ့မျက်နှာကို စိုက်ကြည့်ကာ ကျွန်တော်သည် ကိုအုန်းခိုင်လာစဉ်က မေးသွားသော မေးခွန်းကိုပင် ကိုယ့်ကိုယ်ကို ပြန်မေးရပါသည်။ နောက်ဆုံးတော့ . . .

ကျွန်တော့်အဖို့ ရွှေပြည်တော်သည် မျှော်တိုင်းဝေးလေပြီလား မသိတော့ပါ။

♥ ♥ ♥

သုံးရက်မြောက်သောနေ့၌ ကျွန်တော်တို့ ပဲရစ်မြို့သို့ ဦးတည် ပျံသန်းလျှက်ရှိသော ပြင်သစ်လေကြောင်းကုမ္ပဏီပိုင် လေယာဉ်ကြီးပေါ်သို့ ရောက်ရှိနေကြပါပြီ။ ပဲရစ်မှတစ်ဆင့် နယူးယောက်သို့ လေယာဉ်ပြောင်းစီး ရပါမည်။ လေဆိပ်၌ ပက်ဂီ့အဖေကြီးက လာတွေ့မည်ဟု မနေ့က ဖုန်းဆက်ထားလေသည်။

ကျွန်တော်သည် ထိုင်ခုံနောက်မှီပေါ်၌ ခေါင်းကိုမှီချကာ မျက်စိများကို မှိတ်ထားလိုက်သည်။ ပက်ဂီကတော့ အနားမှစကားတတွတ်တွတ် ပြောလာသည်။ သူ့အသံသည် ရွှင်မြူးတက်ကြွနေပေသည်။

" ဒါလင်ကို ပြောပြရဦးမယ်၊ ပက်ဂီတို့ အခန်းပိုင်ရှင် အဘွားကြီးကို သွားနှုတ်ဆက်တော့လေ သူက ...

" မင်းတို့မြန်မာပြည်ပြန်ကြမလို့လား " တဲ့ ၊ " ဘယ်ဟုတ်ရမှာလဲ၊ နယူးယောက်သွားမှာ " ဆိုတာ ပြောပြလိုက်တော့ မင်း Model လုပ်တာ အောင်မြင်လို့ မီလျံနာဖြစ်ရင် ဆွစ်ဇာလန်ကိုလာလည်ပါဦးနော်တဲ့၊ ပက်ဂီက " စိတ်ချ လာလည်ရုံဘယ်ကမလဲ ဗီဗေးမှာ နွေရာသီတိုင်းလာနေဖို့ အိမ်တစ်လုံးဝယ်ထားမယ်လို့ " ပြောလိုက်တယ်။

ဗီဗေး (Vevey) ဆိုသည်မှာ ဆွစ်ဇာလန်ပြည်ရှိ အလွန်သာယာသော မြို့ငယ်ကလေးဖြစ်၍ သန်းကြွယ်သူဌေးများ၏နွေရာသီစံအိမ်များ ရှိသည့် နေရာများဖြစ်သည်။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

ဩော် ... နောက်တိုင်းလူနေမှုစနစ်သည် ကျွန်တော့်ဇနီးပက်ဂီ၏ အာရုံကို လွှမ်းမိုးနေပြီကော။

ပဲရစ်မြို့ စီ–ဒီ–ဂို လေဆိပ်ခန်းမ၌ ပက်ဂီအဖေကြီးသည် ကျွန်တော်တို့ အလာကို စောင့်နေသည်။မျက်နှာကတော့ မကောင်းလှချေ။ ပက်ဂီသည် အပြေးကလေးသွားပြီး အဘိုးကြီးအား ဖက်၍ ...

" ဒက်ဒီ နေကောင်းရဲ့လား။ ဟင် ... ဒက်ဒီက အိတ်ကြီးဆွဲလို့ ဘယ်သွားမလို့လဲ "

" သမီးနဲ့လိုက်မလို့ "

" ပက်ဂီတို့နဲ့လိုက်ခဲ့မယ်ဟုတ်လား။ အို ... ပျော်စရာကြီးမနေ့က ဖုန်းဆက်တုန်းက ဘာလို့မပြောတာလဲ၊ ပက်ဂီတို့ကို အံ့သြသွားအောင် လုပ်တာပေါ့လေ၊ ကိုရေ ဒက်ဒီပါလိုက်ခဲ့မယ်တဲ့ "

" ကဲ ထိုင်ပါဦးသမီးရယ်၊ မောင်မျိုးခိုင် ပြောမှာကို သေသေချာချာ နားထောင်ပါဦး "

ပျော်လွန်း၍ စကားအဆက်မပြတ်ဖြစ်နေသော ပက်ဂီကို အဘိုးကြီးက အထိုင်ခိုင်းလိုက်ပါသည်။

ကျွန်တော် ငိုင်နေရာမှအားယူကာ စကားပြောရန် ကြိုးစား

သော်လည်း တော်တော်နှင့်ပြော၍မထွက်။ ရင်ထဲမှာပြောနေသော်လည်း နှုတ်ဖျားသို့ ရောက်မလာ။

ရင်ထဲမှာ ဆွေးနင့်ကြေကွဲရလွန်း၍ ရှုးရှုးရှုရှု နာကျင်လာသည်။

" ပက်ဂီ "

ကျွန်တော့်အသံသည် တုန်ယင်အက်ကွဲနေသဖြင့် ကိုယ့်အသံ ဟုပင် မထင်မိ။ တစ်ဦးတစ်ယောက်ကပဲပြောနေသလိုလို။

" ပက်ဂီ ... ကိုယ် ... ပက်ဂီနဲ့ မလိုက်တော့ဘူး "

" ဘာပြောတယ်ကို "

" ကိုမလိုက်တော့ဘူးလို့ မနေ့ကပဲ ဆုံးဖြတ်လိုက်ပါတယ်၊ ဒါ ကြောင့် ကိုယ့်ကိုယ်စား ပက်ဂီကို အန်ကယ်လိုက်စောင့်ရှောက်ဖို့ မနေ့က ဖုန်းဆက်ပြီး ပြောခဲ့တာပဲ၊ ခွင့်လွှတ်ပါပက်ဂီ၊ ကိုယ်သေသေချာချာ စဉ်းစားပြီး ကိုယ်တို့နှစ်ဦးစလုံးအတွက် အကောင်းဆုံးကို ဆုံးဖြတ်လိုက်တာပါ၊ တကယ် လက်တွေ့ကျကျ စဉ်းစားကြည့်မယ်ဆိုရင် ကိုယ်တို့နှစ်ယောက်မှာ တစ်ဦးကို တစ်ဦး ချစ်ကြသေးတယ်ဆိုတာကလွဲပြီး ဘာမှတူညီချက်မရှိကြတော့ပါဘူး"

" ပက်ဂီတို့ တစ်ဦးကိုတစ်ဦး ချစ်ကြတယ်ဆိုရင် ပြီးတာပဲ မဟုတ် လား ဒါလင်ရယ် "

" ငယ်ငယ်တုန်းကဆိုရင်တော့ ဒါဟာလုံလောက်တဲ့အချက်ပါပဲ၊ ဒါပေမဲ့ လူတွေဟာအသက်ရလာတဲ့အခါကျတော့ ငယ်ငယ်ကအရေးမကြီး ခဲ့တဲ့အရာတွေဟာ အခုအရေးကြီးတဲ့အရာတွေ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ အသက်အရွယ်က အယူအဆနဲ့ တန်ဖိုးထားချက်တွေကို ပြောင်းလဲစေ တတ်တာပဲ "

" တကယ်တော့ လင်မယားဆိုတာ တစ်ဦးရဲ့ဘဝကို တစ်ဦး က ပိုပြီးပြည့်စုံအောင်ဆောင်ရွက်ပေးကြဖို့၊ ဒါဟာ အိမ်ထောင်ရေးရဲ့ အနှစ် သာရပဲလို့ ကိုယ်နားလည်ထားတယ်၊ အခုအချိန်မှာ ကိုယ်နေချင်တဲ့ ဘဝမျိုး ကို ပက်ဂီမနေနိုင်ဘူး။ ကိုယ့်အနေနဲ့ ဘယ်လောက်စည်းစိမ်ချမ်းသာရှိရှိ၊ ကိုယ့်တိုင်းပြည်ကလွဲပြီး၊ ဘယ်မှမနေလိုတော့ပါဘူးပက်ဂီ၊ ဒါကြောင့်"

" ကိုက အပြီးလမ်းခွဲတယ်ပေါ့၊ ဟုတ်လား ကို "

" ပက်ဂီ ပြန်ချင်စိတ်ရှိတဲ့ အချိန်မှာ ပြန်လာခဲ့ပါ၊ ကို မြန်မာပြည်ကပဲ စောင့်ပါ့မယ် "

ပက်ဂီသည် ကျွန်တော့်မျက်နှာကို ခပ်စိမ်းစိမ်း စိုက်ကြည့်သည်။ သူ့မျက်လုံးများ၌ ဝမ်းနည်းခြင်း၊ နာကျည်းခြင်းတို့ ဖြတ်သန်းနေကြလေသည်။

" နယူးယောက်သို့ထွက်ခွာမည့် ခရီးစဉ်အမှတ် ( ) နှင့်လိုက်ပါမည့် ခရီးသည်များ ကျေးဇူးပြု၍ လေယာဉ်ပေါ်သို့ တက်ကြပါရန် "

ခရီးစဉ်အမှတ် ကြေညာသံထွက်ပေါ်လာပြီ။ လေယာဉ်ထွက်ရန် အချိန်နီးကပ်နေပြီ။

ပက်ဂီသည် ထိုင်ခုံမှ ထရပ်လိုက်ကာ တည်ငြိမ်သောအသံဖြင့် ပြောပါသည်။

" ပြတ်ပြတ်သားသားပဲ ကောင်းပါတယ် ကို၊ ပက်ဂီကို မြန်မာပြည်မှာ ဘယ်တော့မှ မမျှော်လင့်ပါနဲ့၊ ဝမ်းနည်းပါတယ်၊ ပက်ဂီကို ခွင့်လွှတ်ပါ "

စကားဆုံးသောအခါ ပါးမို့မို့ပေါ်သို့ မျက်ရည်နှစ်စက်သည် လက်ခနဲ ကြွေကျလာသည်။ သို့ပေမယ့် ဟိုက်ဖွမ်ဟိုတယ်ပေါ်မှာတုန်းကလို ကလေးဆန်ဆန်ရှိုက်ငိုခြင်း မဟုတ်တော့။ မျက်နှာက တင်းမာခက်ထန်နေသည်။

ဪ ... ချစ်ခြင်းနှင့်မုန်းခြင်းဟူသော ဆန့်ကျင်ဘက်အရာနှစ်ခုသည် တကယ်တော့ အနီးကပ်ဆုံးတည်ရှိကြောင်း ကျွန်တော် သိရှိနားလည်လိုက်ရပါသည်။

ခရီးသည်များ လေယာဉ်ပေါ်သို့တက်ရန် ထွက်ပေါက်ဆီသို့ ရွေ့ရှားသွားနေကြပါပြီ။

" ဂွတ်ဘိုင် ... ကို "

" ဂွတ်ဘိုင် ... ပက်ဂီ "

" သွားမယ် ... မောင်မျိုးနိုင် "

" ဟုတ်ကဲ့ ... အန်ကယ် "

ခွဲခွာခြင်းဟူသည် ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါလား။

ကျွန်တော်နေရာကမရွေ့။ ကျောက်ရုပ်လို ရပ်နေရင်း ကျောခိုင်း၍ သွားနေသော သားအဖနှစ်ယောက်ကို ငေးမျှော်၍ ကြည့်နေမိသည်။

ကျွန်တော်၏လှသူဇာသည် ကျွန်တော့်အားလှည့်မကြည့်တော့ပေ။

ခရီးသည်များကြား၌ ပက်ဂီ၏လှပသောကိုယ်လုံးကလေးသည် တဖြည်းဖြည်း ကွယ်၍ကွယ်၍သွားကာ နောက်ဆုံးမမြင်ရတော့။

ထိုအတူ ကျွန်တော့်အပါး၌ အစဉ်သင်းပျံ့နေခဲ့သော ရေမွှေးနံ့သည်လည်း။ တဖြည်းဖြည်းပြယ်၍ ... ပြယ်၍ ...

▼ ▼ ▼

ဘီအေစီပိုင် ဂျက်လေယာဉ်ကြီးသည် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်၍ လေယာဉ်တံခါးဖွင့်ပေးသည်နှင့် ကျွန်တော် အရင်ဆုံး ဆင်းလိုက်ပါသည်။

လက်တစ်ဖက်မှ အိတ်ကိုဆွဲ၍ တစ်ဖက်က ဘန်ကောက်လေဆိပ်မှ ဝယ်ခဲ့သော မြေးမလေးအတွက်အရုပ်ကိုကိုင်ကာ လျှောက်လာရင်း လေဆိပ် အဆောက်အအုံအပေါက်ဝသို့ လှမ်းမျှော်၍ကြည့်နေမိသည်။

မင်းခိုင်လာကြိုကောင်းပါရဲ့။ ကျွန်တော်ပဲရစ်မှနေ၍ သူ့အား ဖုန်းဆက်ပြီး အကြောင်းစုံပြောပြပြီး ဖြစ်ပါသည်။ မင်းခိုင်သည် ယခု ရန်ကုန် ကာကွယ်ရေးဝန်ကြီးရုံးသို့ ပြောင်းရွှေ့အမှုထမ်းရသဖြင့် သူ့မိန်းမနှင့် ကလေးပါ မင်္ဂလာဒုံ၌ နေနေကြသည်။

တွေ့ပါပြီ။

စစ်ဝတ်စုံနှင့်အလွန်မှ လိုက်လျောခန့်ညားသည့် ဗိုလ်ကြီးမင်းခိုင်။

" ဟေ့ကောင် "

ကျွန်တော်၏ လှမ်းနှုတ်ဆက်သံအဆုံး၌ မင်းခိုင်က ပြေးဖက်သည်။ သားအဖနှစ်ယောက် စကားမပြောနိုင်ကြ။ တစ်ဦးကိုတစ်ဦး တင်းတင်းကျပ်ကျပ် ဖက်ထားနေမိသည်။ ပြီးမှ တစ်ယောက်ပခုံး တစ်ယောက်ဖက်၍

ဝင်ခဲ့ကြသည်။ စစ်ဆေးခြင်း၊ ပစ္စည်းရွှေးခြင်း ကိစ္စများပြီး၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမမှ ထွက်လိုက်သောအခါ . . .

" အို ၊ သမီး မချိုပါ လာကြိုနေတာကိုး "

" ကိုကို ဖုန်းဆက်ပြီး ခေါ်လို့ ချက်ချင်း ညရထားနဲ့ လိုက်ခဲ့တာ ဖေဖေရဲ့ "

" သမီး မေမေ နေကောင်းရဲ့လား "

" ကောင်းပါတယ် ဖေဖေ "

သားနှင့်သမီးခြံရံကာ ကားရှိရာသို့ လျှောက်လာရင်း ကျွန်တော် သည် ပတ်ဝန်းကျင်ကို ကြည်နူးစွာရှုမျှော်၍ ကြည့်လိုက်သည်။

ဆောင်းနေခြည်သည် ချစ်စဖွယ်ဝင်းလက်နေ၏။ သစ်ပင် ပန်းပင် တို့သည် စိမ်းလန်းစိုပြည်နေသည်။ ပြာလွဲ့သော ကောင်းကင်ကြီးကလည်း လှပါဘိခြင်း။

အမိမြေသည် အချိန်တန်၍ အိမ်ပြန်လာသော သားသမီး တစ်ဦး အား ကြိုဆိုနေသလိုပါပဲလား။

ကျွန်တော်တို့ ကားနားသို့ ရောက်သောအခါ ကားထဲမှ တစ်စုံ တစ်ယောက်သည် တံခါးကိုဖွင့်၍ ဆင်းလိုက်သည်။

" တင်တင် "

တင်တင်သည် ကျွန်တော့်ကို မြင်သောအခါ ဝမ်းနည်း ဝမ်းသာဖြင့် မျက်ရည်များကျလာသည်။

" နေကောင်းရဲ့လား " ဟု မျက်ရည်များကို သုတ်ရင်း ကြင်နာ စွာ မေးလာသည်။

ကျွန်တော်က ခေါင်းညိတ်ဖြေရင်း သူ့လက်မောင်းကိုကိုင်၍ ကား ထဲသို့ဝင်စေပြီး ကျွန်တော်ပါ ဝင်ထိုင်လိုက်သည်။ ကျွန်တော့်နောက်ကသမီး မချို။

သားအဖသုံးယောက် ထိုင်လိုက်သောအခါ ဖင်မလိယာကားလေး ၏ နောက်ပိုင်းမှာ ပြည့်ကျပ်သွားသည်။ တစ်ဦးနှင့်တစ်ဦး ပူးကပ်နွေးထွေးစွာ ထိုင်ရင်း ကျွန်တော့်ရင်ထဲ၌ ခွန်အားတွေရှိလာသည်။ ကြည်နူးခြင်းဖြင့်

တစ်ကိုယ်လုံး သွေးတွေတထိတ်ထိတ်တိုးနေသည်။

မင်းခိုင်သည် သေတ္တာကို ကားနောက်ပိုင်းထဲသို့ ထည့်ပြီးသောအခါ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

ပြီးတော့ ကားနောက်ပိုင်းသို့ ကိုယ်ကိုလှည့်၍ ...

" ဟော့ မိချို၊ တွေ့လား၊ မေမေ ဝမ်းသာလုံးဆို့ပြီးငိုနေတာ " ဟု သူ့အမေကို စ နေသည်။

ကျွန်တော်တို့ သားအဖသုံးယောက် တင်တင်ကိုကြည့်ပြီး ရွှင်ပျစွာ ရယ်မောလိုက်ကြလေသည်။

တင်တင်သည် မင်းခိုင်၏ပခုံးကိုရှက်ကိုးရှက်ကန်းလှမ်းပုတ်ပြီး ငိုသံ တစ်ဝက်၊ ရယ်သံတစ်ဝက်ဖြင့် "လေယာဉ်ပျံက တစ်နာရီခွဲတောင် နောက်ကျ လို့ လမ်းမှာပျက်သလားလို့ မေမေစိတ်ပူနေတာ " ဟု ပြောလိုက်ပါသည်။

သြော် ... တင်တင် ... တင်တင်။

♥ ♥ ♥

အရွယ်သုံးပါး၊ ပြောင်းလဲသွားစေ၊
နွေထိမညှိုး၊ မိုးမိမယိုင်
ဆောင်းမှာခိုင်သစ်၊ မအိုရစ်ပြီ
အချစ်ပန်းကား ... နုပျို့ဆဲ ။ ။

(မောင်မြတ်ခေါင်)

မြဝတီမဂ္ဂဇင်း။ ၁၉၈၀၊ စက်တင်ဘာလ

# စိန်းမြစ်ကမ်းပေါ်ကပန်းချီဆရာ

‘ ကဲ ... ဆရာမ၊ ရောက်သခိုက် ဘယ်သွားချင်သလဲ၊ ဘာဝယ် ချင်သလဲဆိုတာပြော၊ ကျွန်တော်တို့လိုက်ပို့ပေးမယ်၊ ဘာမှအားမနာနဲ့နော်’

သံရုံးမှ မိတ်ဆွေအရာရှိဦးတိုးမြင့်က ညွှဝတ်ကျေပွန်စွာ ပြောသောအခါ မထားအေးသည် မဆိုင်းမတွ သူကြားဖူး ဖတ်ဖူးသမျှသော ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်မှ ကြည့်စရာများကို ရွတ်ပြလိုက်သည်။

‘ အီဖယ်(လ်)တာဝါ၊ နော်တာဒမ်ဘုရားရှိခိုးကျောင်း၊ လု(ဗ်)ပြတိုက်၊ တူလာရီဥယျာဉ်၊ စေးကရက်ဟတ်ကျောင်းတော်၊ ဗာဆိုင်းနန်းတော်၊ ပီဂဲ(လ်)လမ်း ’

‘ ဟား ... ဟား ... ဟား ’

မထားအေး ရွတ်လို့မဆုံးခင် ဦးတိုးမြင့်သဘောကျစွာရယ်တော့သည်။ ပြီးတော့ မီးဖိုးထဲ၌ နံနက်စာထမင်းဟင်းချက်နေသော သူ့ဇနီးကို လှမ်းပြောသေးသည်။

‘ သင်းရေ ... ဆရာမက ဘယ်ခေလို့တုံး၊ ပီဂဲ(လ်) သွားမလို့ဆိုပါလား ’

ပီဂဲ(လ်)ဆိုသည်မှာ ပဲရစ်မြို့တော်၏ လိင်ဘုံမြနန်းလမ်းကြားဖြစ်သဖြင့် မထားအေးလိုအပျိုကြီးဆရာမက သွားကြည့်မည်ဆို၍ အံ့ဩသွားသည်ထင်ရဲ့။

‘ ကျွန်မကို အထင်မသေးနဲ့နော်၊ ကိုကိုမောင်တို့ အောင်ဗလတို့ရေးတဲ့စာတွေ ဖတ်ထားတာ၊ မရောက်ဖူးပေမယ့် အကုန်သိတယ်’ဟု ပြန်

ပြောလိုက်ရသည်။

ပြောမယ့်သာပြောရသည်။ သုံးရက်ဆိုသည့် မဆိုစလောက်မျှသော အချိန်ကလေး အတွင်းမှာ ဒါတွေအကုန်သွားကြည့်နိုင်မည်တဲ့လား။

မထားအေးသည် အစ်မရှိရာ အနောက်ဂျာမနီသို့ သွားရောက်ခဲ့ပြီး အပြန်တွင် ကံကောင်းထောက်မ၍ သူအလွန်ရောက်ဖူးချင်သော ပဲရစ်မြို့တော်သို့ ဝင်ရောက်လည်ပတ်ရန် အခွင့်အရေးရခဲ့သည်။ စာဖတ်ဝါသနာကြီးသူဖြစ်၍ ပဲရစ်မြို့တော်နှင့်ပတ်သက်သည့် ခရီးသွားဆောင်းပါးတွေ ဖတ်ဖူးခဲ့သည်။ ' ပဲရစ်ကိုမရောက်ဖူးရင် ဥရောပကို ရောက်ဖူးသည် မမည်ဘူး. 'တဲ့၊ ဤမျှနာမည်ကြီးသော ပဲရစ်ကို အကုန်မဟုတ်သည့်တိုင် ရသမျှအချိန်ကလေးမှာ လက်လှမ်းမီသလောက် ကြည့်သွားမည်ဟု အားခဲထားလေသည်။

♥ ♥ ♥

အိမ်ရှင်မ သင်းသင်း ထမင်းဟင်းချက်ပြီးသောအခါ တစ်နေ့တာလည်ပတ်ရန်ပြင်ဆင်၍ အစီအစဉ်ဆွဲရသည်။ ဒီဇင်ဘာလ ဆောင်းတွင်းကြီးဖြစ်၍ ဥရောပတစ်တိုက်လုံးခိုက်ခိုက်တုန်အောင် ချမ်းနေသည့်အချိန်။ ဒီအတွက်တော့ဖြင့် မထားအေးသိပ်ပြီးကံမကောင်းလှပေ။ အပြင်ထွက်တော့မည်ဆိုလျှင် စိတ်ရှည်ရှည်နှင့် အနွေးထည်တွေ တစ်ထပ်ပြီးတစ်ထပ်ဝတ်၊ ပြီးတော့ ခြေအိတ်၊ ရှူးဖိနပ်၊ လက်အိတ်၊ ခေါင်းစွပ်၊ လည်စီး၊ စိတ်ကုန်စရာကောင်းလှသည်။

မနက်ပိုင်းအစီအစဉ်မှာ ဦးတိုးမြင့်ရုံးသွားသည့် ကားနှင့်လိုက်သွားပြီး သင်းသင်းနှင့်အတူ လု(ဗ်)ပြတိုက်မှာ နေခဲ့မည်။ ထိုမှခြေကျင်တစ်လှည့် ကားတစ်လှည့်ဖြင့် နော်တာဒမ်ကျောင်းတော်၊ အီဖယ်(လ်)တာဝါတို့ကို ကြည့်မည်။ ပြီးလျှင် စေးကရက်ဟတ်ကျောင်းတော်၊ အဲဒီကပြီး၍ အချိန်ရလျှင် ဈေးဆိုင်တွေမှာ ငေးမည်၊ မော့မည်။ မဝယ်နိုင်မှာကတော့သေချာသည်။ ဒီတော့ ငေးရုံမော့ရုံပဲပေါ့။

စိန်းမြစ်ကမ်းတစ်လျှောက် မိုင်ဝက်မျှ ရှည်လျားစွာ နေရာယူထား

သော လုပ်(ဖ်)ပြတိုက်အဆောက်အအုံကြီးကို အပြင်ကမြင်ရုံနှင့် ရင်သပ်ရှုမောရသည်။ တစ်ခါက ဘုရင့်နန်းတော် ဖြစ်ခဲ့သည်တဲ့။ ဖြစ်ထိုက်အောင်ပင် ခန့်ညားထည်ဝါလှသည်။ မထားအေးသည် ဤမျှကြီးမားပြီး ကြည့်စရာတွေ ဤမျှများပြားမည်ဟု မျှော်လင့်မထားသဖြင့် ပြတိုက်အဝင်ဝတံခါးမကြီးတွင် ရပ်ခါ စဉ်းစားရသည်။ အကုန်လုံးကို လျှောက်ကြည့်လျှင် တစ်နေကုန်တောင် ပြီးပါမည်လားမသိ။ ဒီတော့ သဘောလောက်သာ ကြည့်ရန် ဆုံးဖြတ်လိုက်ရသည်။

ဘယ်လိုပဲအချိန်နည်းနည်း ကမ္ဘာကျော် 'မိုနာလီဇာ' ကိုတော့ ကြည့်ရမည်။ ဒါမှ မြန်မာပြည်ပြန်ရောက်သောအခါ အပေါင်းအသင်းများနှင့် အစ်ကို၊ အစ်မများကို ကြွားနိုင်မည်မဟုတ်လား။ ဒါဆိုလျှင် လု(ပ်)ပြတိုက်သို့ ရောက်ရကျိုးနပ်ပြီပေါ့။

ဤသို့စဉ်းစားရင်းဖြင့် သင်းသင်းဦးဆောင်ခေါ်သွားရာ ပြခန်းများမှ နန်းစဉ်ပစ္စည်းများ။ သမိုင်းဝင်ရှေးဟောင်းလက်ရာများ။ ရုပ်တုများကို ကတိုက်ကရိုက် ကြည့်ရသည်။ ပြတိုက်၌ ပန်းချီကားပေါင်းနှစ်ထောင်ကျော် ပြထားရာ 'မိုနာလီဇာ' ဘယ်အဆောင်မှာရှိသလဲဟုမေးပြီး သူရှိရာအဆောင်သို့ အပြေးအလွှားသွားရင်း ကမ္ဘာကျော်ပန်းချီဆရာကြီးများ၏ လက်ရာကို အလျင်စလို ကြည့်သွားရမည်။ ဆောင်းတွင်းဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ လာချိန်မဟုတ်သဖြင့် ပရိသတ်များများမတွေ့ရပေ။ သို့ပေမယ့် ပြခန်းတစ်ခု၌မူ လူအတော်များများရှိနေသည်။ ပန်းချီကားတစ်ခုကို ကြည့်ရှုရန်ကျုံစီနေကြသည်။

ဟုတ်ပါသည်။ 'မိုနာလီဇာ' ကို ကြည့်လိုသော ပရိသတ်ပဲပေါ့။

' ဩော် . . . သူလိုလူတွေ အများကြီးပါပဲလား '

မထားအေး စိတ်မောသွားသည်။ သူရှိရာအဆောင်သို့ အမောတကောလာခဲ့ရသည်။ အခုဝင်ပြီးတန်းစီလျှင်ပင် နောက်ထပ်နာရီဝက်လောက် စောင့်ရဦးမည်ထင်သည်။ ဤမျှ အချိန်မပေးနိုင်ပါ။

မိုနာလီဇာ ဘယ်လိုပြုံးသလဲ။ မထေ့တတေ့ [illegible] မရှိပြုံးလေးလား။ မထားအေး လေ့လာခွင့်မရခဲ့တော့။

ပြုံးချင်သလို ပြုံးပေတော့ မိုနာလီဇာရေ။

♥ ♥ ♥

ပြတိုက်မှ ထွက်ခဲ့ပြီးနောက် နော်တာဒမ်ဘုရားရှိခိုးကျောင်းကြီး ရှိရာသို့ ခြေကျင်လျှောက်ခဲ့သည်။ နေ မမြင်ရဘဲ ကောင်းကင်ကြီးတစ်ခုလုံး မှိုင်းအုံနေသော်လည်း မိုးမရွာသဖြင့် ကျေးဇူးတင်ရသည်။ သူတို့ဆောင်းတွင်းက မိုးတဖွဲဖွဲရွာနေတတ်သည်။ သစ်ပင်များတွင် အရွက်ဆို၍ တစ်ရွက်တလေပင် မရှိ၊ ရိုးတန်းပြိုင်းပြိုင်းဖြင့် အအေးဒဏ်ကို ခံနေရသည်။ ပြတိုက်နှင့် အတော် လေး လှမ်းသော်လည်း အအေးတတ်ကြောင့် သိပ်မမောခင် ဘုရားရှိခိုးကျောင်း ကြီး၏ အဝင်ဝသို့ ရောက်လာကြသည်။

'ခါးကုန်းကြီး' ဟူသော ဘာသာပြန်ဝတ္ထု၊ 'ဟန့်ချ်ဘက်အော့ဖ် နော်တာဒိန်း' ဟူသော ရုပ်ရှင်ကားတို့ကြောင့် ဤဘုရားရှိခိုးကျောင်းကြီးသည် မထားအေးတို့ မြန်မာပရိသတ်နှင့် ရင်းနှီးပြီးသားဖြစ်လေသည်။ ထို့ကြောင့် ယခုလို ကိုယ့်ရှေ့တွင် ထီးထီးမားမားကြီးမြင်ရသောအခါ စိတ်ထဲမှာအရသာ ရှိလှသည်။ အထဲသို့ ဝင်သွားသောအခါမှာတော့ လူတွေတလှုပ်လှုပ် တရွရွ သွားလာပြေးလွှားလျက်ရှိသော မြို့ကြီးပြကြီး၏ ဆန့်ကျင်ဘက် အခြေအနေ များကို ဘွားခနဲတွေ့မြင်ရလေသည်။ ကျယ်ဝန်းလှသော ခန်းမကြီးတွင် အေးချမ်းငြိမ်သက်မှုက ကြီးစိုးနေသည်။ အလင်းရောင်မရှိ နေရောင်မဝင်၊ မှုန်မှိုင်းအေးစိမ့်နေလေသည်။

လာရောက်သူအချို့သည် ဟိုနားတစ်စုဒီနားတစ်စုထိုင်၍ ဖယောင်း တိုင်လေးများထွန်းကာ တီးတိုးညင်သာစွာ ဘုရားဝတ်ပြုနေကြသည်။ မှောင် ရိရိ အခန်းကြီးထဲ၌ ဖယောင်းတိုင်မီးကလေးများ၏ နူးညံ့သော အလင်း ရောင်သည် မျက်စိထဲတွင်အမြင်ဆန်းပြီး ရင်ထဲမှာအမောတစ်မျိုးကို ပြေသွား စေလေသည်။ ဩော် ... ကာမဂုဏ်အာရုံတို့ဖြင့် အလွန်မှုထူပြောလှသော ပဲရစ်မြို့ကြီးနှင့် နံရံတစ်ချပ်သာခြားပါသည်ဟု ယုံနိုင်စရာပင်မရှိပါလား။

အမောပြေဆယ်မိနစ်ခန့်နေပြီးသောအခါ ဘုရားကျောင်းကြီးမှ

ခွာခဲ့ကြပြန်သည်။ ဘုရားကျောင်းမှ အထွက်တွင် စိန်းမြစ်ကို ဖြတ်ထားသော တံတားရှိသည်။ ထိုတံတားပေါ်မှကျော်ပြီး နာမည်ကျော်စိန်းမြစ်ဘယ်ဘက် ကမ်းသို့ လျှောက်ခဲ့ကြသည်။ မြစ်ကမ်းတစ်လျှောက်တွင်ကျယ်ဝန်းသော ပလက်ဖောင်းခင်းထားပြီး ကမ်းနဖူး၌ အုတ်ရိုးနိမ့်နိမ့်ကာထားသည်။ မြစ်ထဲ၌ ကုန်းပတ်တစ်ခုလုံး မှန်မိုးမှန်ကာနှင့် အထက်တန်းကျလှသောသင်္ဘော တစ်စင်းသည် ကမ္ဘာလှည့်ခရီးသည်များကိုတင်ဆောင်ကာ တငြိမ့်ငြိမ့် ခုတ်မောင်းနေသည်။ စိန်းမြစ်သည် ပဲရစ်မြို့ကြီးကို အလယ်မှဖြတ်၍ ကွေ့ဝိုက်ကာ စီးဆင်းနေရာ မြစ်ကြောင်းမှကြည့်လျှင် ပဲရစ်မြို့သည် တစ်မျိုး လှပေလိမ့်မည်။

' နွေရာသီဆိုရင် ဒီနေရာတွေမှာ စာအုပ်ဟောင်းတို့ ပန်းချီကားတို့ နောက်ပြီး တိုလီမိုလီ ပစ္စည်းရောင်းတဲ့ ဈေးသည်တွေအများကြီးပေါ့ '

သင်းသင်းက ပြောပြသည်။ အခုတော့ ရာသီဥတုအေးလွန်းသဖြင့် လမ်းသွားလမ်းလာပင် အလွန်ကျဲပါးနေသည်။ စိန်းမြစ်၏ ဆောင်းရှုခင်းကို ရေးဆွဲနေသူတစ်ဦးနှစ်ဦးလောက်သာ တွေ့ရသည်။ ချမ်းချမ်းစီးစီး အအေးဓာတ်ကိုမမှုဘဲ မြစ်ကမ်းနဖူး၌ သုံးချောင်းထောက်စင်ကိုချပြီး အေးအေး ဆေးဆေး ရေးဆွဲနေကြသည်။ အနုပညာဖွဲ့ကောင်းလှပါလား။

' တီချာ '

ခပ်သွက်သွက်လှမ်းနေသော မထားအေး၏ခြေလှမ်းများ တုန့်ကနဲ ရပ်သွားသည်။ ကိုယ့်နားကိုယ်ပင် မယုံနိုင်။ ဟုတ်မှဟုတ်ရဲ့လားဟု စိတ်ထဲက ဖဝေဖဝါ။

' တီချာ ' တဲ့။ ဘယ်သူများပါလိမ့်။ ဘယ်ကျောင်းတုန်းက တပည့်များပါလိမ့်။ ဘယ်သူဘယ်ဝါမှန်းမသိရသေးသော်လည်း ' တီချာ ' ဟု ခေါ်လိုက်သောအသံသည် ဆရာမဟောင်းတစ်ဦး၏နားထဲမှာ ချိုမြ သွားလေသည်။

နှစ်အတန်ကြာ ဆရာလောက၌ကျင်လည်ခဲ့သူတစ်ဦးအဖို့ သွား လေရာဌာနမှာ တပည့်ဟောင်းတို့နှင့် ဆုံတွေ့ရတတ်သည်။ ကိုယ့်ရပ်ရွာရှိ ဘုရားမှာ၊ ဈေးမှာ၊ ရုံးမှာ၊ ဆေးရုံမှာ။ တွေ့တိုင်းလည်း ဆရာသမားကို

သူတို့ တတ်နိုင်သည့်ဘက်မှ အကူအညီပေးကြ၊ လောကွတ်ပြုတတ်ကြသေးသည်။ ချစ်စရာကောင်းသော မြန်မာ့ယဉ်ကျေးမှုထုံးစံတစ်ရပ်အတွက် မထားအေး အပြဲဝမ်းမြောက်ဂုဏ်ယူခဲ့ရသည်။

' တီချာ၊ အိမ်လိုက်ပို့ရမလား။ ကျွန်တော့်ကားပါတယ် ' ဂျူတီကုတ်နှင့်၊ နားကြပ်နှင့် စတိုင်ကျကျတပည့်နှင့် တွေ့သောအခါ ဝမ်းမြောက်ဂုဏ်ယူမိသလို . . .

' တီချာ ကျွန်မကိုမှတ်မိလား။ သန်းသန်းမြင့်လေ အထက(၂) ၈ တန်းတုန်းက။ ကျွန်မ ဒီဈေးမှာရောင်းနေတာကြာပြီ တီချာ ... ဒန့်သလွန်သီးတွေ အချဉ်ဟင်းချက်ဖို့ ယူသွားပါဦး ''

စာသင်ခန်းကိုကျောခိုင်းပြီး မိဘတို့၏ ဘဝတိုက်ပွဲတွင် စစ်ကူဝင်ရသူလေးများနှင့် ဆုံရတော့လည်း ကရုဏာသက်ရပြန်သည်။

ကိုယ့်ရပ်ရွာမှာ တပည့်တို့နှင့် မကြာခဏဆုံရတာ မဆန်းသော်လည်း၊ ယခုလို တိုင်းတစ်ပါးမှာတော့ လုံးလုံး မမျှော်လင့်မိသဖြင့် ကြားနေကျ ' တီချာ ' ခေါ်သံပင် နားထဲမှာထူးဆန်းနေတော့သည်။ ပြီးတော့ ခါတိုင်းထက်ပိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

' တီချာ ကျွန်တော့် မှတ်မိလား '

သူသည် မြစ်ကမ်းနဖူးအုတ်တံတိုင်းကို မှီရပ်နေရာမှ မထားအေးရှိရာသို့ ခပ်သွက်သွက် လျှောက်လာကာ ကြာမြင့်စွာကွဲကွာနေသူတို့ မေးလေ့ရှိသောမေးခွန်းကို မေးလာသည်။

အသားဖြူဖြူ၊ အရပ်ရှည်ကိုင်းကိုင်း၊ ပိန်လှီသောကိုယ်လုံးကိုယ်ထည်နှင့် မဖြီးမသင်မညှပ်ဘဲထားသောဆံပင်က ပခုံးပေါ်မှာဝဲနေသည်။ မျက်နှာပေါက်ကတော့ လူချောကလေးပါပဲ။ သို့ပေမယ့် နုတ်ခမ်းမွှေးကြောင့် မျက်စိထဲမှာ အကြည့်ရထောင့်လှသည်။

အဝတ်အစားတွေ ကြည့်လိုက်ပါဦး။ ဘောင်းဘီက မွဲကြေနေသည်။ ဆောင်းဝတ် ဂျာကင်အပေါင်းက ညစ်ထေးထေး။ အတွင်းက ဆွယ်တာ အထူကလည်း၊ အို့ သူ့တစ်ကိုယ်လုံးကို ခြုံကြည့်လိုက်လျှင် လွတ်လပ်မှုကို ကိုးကွယ်ကာ စည်းကမ်းမထား။ စိတ်ထင်သလို တောတောပေပေ နေတတ်

သော ဒီကလူငယ်တစ်ချို့၏ပုံစံ အထင်သားပေါ်လွင်နေတော့သည်။

သူ့ကို ခြေဆုံးခေါင်းဆုံး စစ်ဆေးသလိုကြည့်ပြီး ဘယ်ကျောင်းတုန်းက တပည့်ဖြစ်မလဲဟု အပြေးအလွှား စဉ်းစားရသည်။

သူကတော့ ' တီချာ မြေနိုင်ရင်ဖြေလေ'ဟု စိန်ခေါ်သည့် မျက်နှာပေးဖြင့် ခပ်ပြုံးပြုံး ကြည့်နေသည်။

ဘယ်လိုမှ စဉ်းစား၍ မပေါ်။

မထားအေး အရှုံးပေးသည့်ဟန် ပေါ်သွားသောအခါ သူက သဘောကျသလို ရယ်တော့သည်။ ရယ်လိုက်မှပင် သွားတက်ဖွေးဖွေးလေး နှစ်ဖက်ပေါ်လာသည်။ သည်လိုနှုတ်ခမ်း သည်လိုအပြုံးမျိုး သိဖူးမြင်ဖူး အကျွမ်းဝင်ဖူးပါသည်။ ဘယ်သူလဲ ဘယ်သူလဲ၊ ဦးနှောက်ကိုတော်တော် အလုပ်ပေးပြီးသောအခါမှ

' အို၊ သိပြီ သိပြီ၊ မင်း ကျော်စိုးလွင် မဟုတ်လား ' ဟု လက်ညှိုးထိုးမေးလိုက်တော့ သူက အရယ်ရပ်ခါ အလွန်သဘောကျသွားဟန်နှင့် ...

' တီချာ ... သိပ်တော်တာပဲ ' ဟု ချီးကျူးလေသည်။

သူ ဘယ်သူဘယ်ဝါဟု သိလိုက်ရသောခဏ၌ မထားအေး မယုံနိုင်အောင် အံ့ဩလွန်း၍ ဘာစပြောရမှန်းပင်မသိ။ သူ့ကို ငေးကြည့်နေမိပြီးမှ ...

' မင်း ဘယ်လိုဖြစ်တာလဲကလေးရယ် ' ဟု မေးလိုက်မိသည်။

' သူက ဘာမျှပြန်မပြော ခေါင်းငုံ့ပြီး ပြုံးနေသည်။ ဒီအမူအရာလေးကတော့ ငယ်ငယ်တုန်းကလိုပါပဲ၊ စီးကရက်ကိုင်ထားသော လက်ကို နောက်ပစ်ပြီး ကွယ်ထားသည်။

ဩော် ... ဆရာသမားကို လေးစားသည့် အမူအရာလေးတော့ ကျန်သေးရဲ့ဟု ကြံဖန်ပြီး ကျေနပ်လိုက်ရသေးသည်။

' ဖေဖေ မေမေတို့ကော '

' ဒက်ဒီနဲ့ မာမီက ကနေဒါမှာပါ '

' မင်းက ... '

' ကျွန်တော်က ဒီမှာပန်းချီဆွဲနေတယ်လေ တီချာရဲ့ ဟိုမှာ မတွေ့ဘူးလား '

မနီးမဝေးရှိ သုံးချောင်းထောက်စင်နှင့် ဆွဲလက်စ ပန်းချီကားကို လက်ညှိုးထိုးပြသည်။

' အေးပါ ဟုတ်ပါပြီ၊ မင်းက ကျောင်းပိတ်လို့ ဒီကို ခဏလာလည်တာလားလို့ မေးတာ '

သူ ချက်ချင်းမဖြေပါ။ ခေါင်းငုံ့ထားသည်။ အတော်လေးကြာမှ မပွင့်တပွင့်အသံနှင့် ...

' ကျွန်တော် ဒီရောက်နေတာ တစ်နှစ်ကျော်ပြီ '

' ဟေ ... ဘယ်လို ဘယ်လို၊ ပြန်ပြောစမ်းပါဦး '

မထားအေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားပုံကို ကြည့်ပြီး သဘောကျသလို ပြုံးနေသည်။ ဘာမျှတော့ ပြန်မပြော ...

' ဒါဖြင့် မင်း ဆရာဝန်မလုပ်ဘူးပေါ့ '

ဒီမေးခွန်းကို မေးလိုက်တော့ ရယ်စရာပျက်လုံးတစ်ခုကိုကြားရသလို ဟက်ဟက်ပက်ပက် ရယ်တော့သည်။

' ရယ်မနေနဲ့ ကျော်စိုးလွင်၊ တီချာ့ကိုကောင်းကောင်း ဖြေစမ်း။ မင်း ဒီလိုနေနေတာကို ဒက်ဒီတို့မာမီတို့က ခွင့်ပြုထားသလား ... ဟင်'

မထားအေး မျက်နှာထားခပ်တည်တည်နှင့် မေးမှ အရယ်ရပ်ခါ အသံမှန်ဖြင့် ဖြေသည်။

' ကျွန်တော် ဒီမှာရောက်နေတာ ဒက်ဒီတို့မသိဘူး တီချာ '

' အမယ်လေးတော် ... အံ့သြပါရဲ့၊ ဒီလိုဆို မင်းက အိမ်ပြေးပေါ့။ ဟုတ်လား '

မထားအေး ရင်ကိုဖိကာ ပြောမိသည်။

' တီချာလဲ မာမီတို့လိုပဲနော် ... ၊ ကျွန်တော့်ကို ကလေးလို့ အောက်မေ့တုန်းပဲ၊ ကျွန်တော့်အသက် ဘယ်လောက်ရှိပြီထင်လို့လဲ၊ နှစ်ဆယ့်ငါးနှစ်ရှိပြီတီချာရဲ့၊ ဒီအသက်အရွယ်ရောက်မှတော့ ကျွန်တော့်ဘဝကိုကျွန်တော် စိတ်ကြိုက်ဖန်တီးခွင့်ရှိပြီ မဟုတ်ဘူးလား '

' လမ်းမှန်လျှောက်နေရင် အသက်နှစ်ဆယ့်ငါးနှစ်ဆိုတာ မင်း ပြောသလိုလူကြီးပေါ့။ လမ်းမှားပေါ်မှာဆိုရင်တော့ နှစ်ဆယ့်ငါးနှစ် မဟုတ်ဘူး။ သုံးဆယ်ငါးနှစ်လဲ လူကြီးမဖြစ်သေးဘူးဟေ့ '

' ကျွန်တော် ခုလိုနေတာကိုတီချာတို့က မှားတယ်ထင်နေတာကိုး။ ကျွန်တော့်အတွက်တော့ မှန်နေတာပဲ '

' တော်ပါတော့ ကျော်စိုးလွင်ရယ်၊ မင်းလုပ်နေတာတွေ ဟုတ်ကို မဟုတ်ဘူး။ မင်း မိဘတွေ မင်းကိုဘယ်လောက်ချစ်ကြတယ်ဆိုတာ တီချာ အသိဆုံးပဲ၊ အခုဆိုရင် ဘယ်လောက်များ စိတ်သောကဖြစ်နေကြမလဲ၊ သူတို့ကို မင်းမသနားဘူးလားဟင် '

' ဒါတော့ သူတို့ ပူတတ်လို့ပူကြတာပဲ တီချာရယ်၊ ကျွန်တော် မတတ်နိုင်ဘူး။ သနားတော့သနားပါတယ်။ ကျွန်တော် လုပ်ချင်တာနဲ့ သူတို့ဖြစ်စေချင်တာနဲ့ တူမှမတူတာကိုး။ ကျွန်တော် ဟိုက်စကူးအောင် တုန်းကလဲ ဆေးဘက်မလိုက်ချင်ဘူးဆိုလို့ မာမိတို့နဲ့ကျွန်တော်နဲ့ အကြီး အကျယ်စကားများရတယ်၊ နောက်တော့အားနာတာနဲ့ ဆေးဘက်လိုက် ဖြစ်ပါတယ်၊ နှစ်နှစ်တက်ပြီးတော့ စိတ်မပါလို့ ထွက်လိုက်တယ် '

' ပြီးတော့ကော '

' ဓာတ်ခွဲခန်းတစ်ခုမှာ အလုပ်လုပ်တယ်၊ မပျော်လို့ ထွက်လိုက် တယ်။ အဲဒါပြီးတော့ ပန်းချီသင်တန်းတစ်ခုတက်တယ်၊ ပြီးအောင် မတက်ဖြစ် ပါဘူး။ အများအားဖြင့် အပေါင်းအသင်းတွေနဲ့ပန်းချီဆွဲတယ်၊ ဒီလိုနေရင်း နယူးယောက်မှာရှိတဲ့ ဒက်ဒီ့ နှမတစ်ယောက်ကခေါ်တာနဲ့ သွားနေတာ ခြောက်လလောက်ကြာတယ်၊ အဲဒီကနေပြီး သူငယ်ချင်းတစ်ယောက်နဲ့ ပေါင်း မိပြီး ဒီကိုထွက်လာတာ၊ ဘယ်သူ့ကိုမှအသိမပေးခဲ့တော့ဘူး။ ကျွန်တော် လွတ်လွတ်လပ်လပ်ပညာရှာချင်လို့ပဲ၊ ကျွန်တော်တို့ စိတ်တူသဘောတူ လူငယ်တွေစုပြီး အခန်းငှားနေကြတယ်၊ အားလုံး ဆင်းဆင်းရဲရဲနဲ့ ဖြစ်သလို နေပြီး ပညာရှာရင်း ပျော်နေကြတာပဲ၊ အစကတော့ ခြောက်လလောက် နေပြီးရင် ပြန်ကြမယ်ပေါ့။ အခုတော့ တစ်နှစ်ကျော်ပြီ မပြန်ဖြစ်ကြသေးဘူး။ ဘယ်လောက်ကြာကြာနေဖြစ်မလဲ မသိသေးဘူး။ [illegible]ကြီးမှာ ကိုယ်

လုပ်ချင်တာလုပ်နေရမှ လူဖြစ်ကျိုးနပ်မှာပေါ့၊ မဟုတ်ဘူးလား တီချာ '

မထားအေး သက်ပြင်းချလိုက်မိသည်။ သူတပည့်သည် လွယ်လွယ်ကူကူ ဖျောင်းဖျ၍ရမည့်ပုံ မပေါ်ပေ။ စကားလက်စပြတ်သွားမှ သူ့ဘေးမှရပ်နေသူ သင်းသင်းကိုသတိရပြီး ကျော်စိုးလွင်နှင့် ကမန်းကတန်း မိတ်ဆက်ပေးလိုက်ရသည်။ သူကလဲ မြစ်ကမ်းနဖူးမှာရပ်နေသော သူ့သူငယ်ချင်း မျက်နှာဖြူကောင်မလေးနှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သူ့သူငယ်ချင်းဆိုသူမှာလည်း သူ့လိုပင် ဆံပင်ရှည်ညစ်ထပ်ထပ် စုတ်ပြတ်ပြတ်။ အနုပညာသမားတို့၏ ဖက်ရှင်ပဲဖြစ်မည်ထင်ရဲ့။

သူအခု ဘာပဲပြောနေနေ၊ ဒါလောက်နဲ့တော့ မထားအေး စိတ်မလျှော့နိုင်၊ တွေ့တုန်းဆုံတုန်းမှာ ဆရာသမားတို့ ဝတ္တရားအတိုင်း အကျိုးသင့် အကြောင်းသင့် ဆုံးမစကားတော့ ပြောခဲ့ချင်သေးသည်။

' အေးကွယ်၊ မင့်ဘက်ကလဲ အမြင်တစ်မျိုးပေါ့၊ ဘာပဲဖြစ်ဖြစ် မိဘမေတ္တာစေတနာကိုတော့ လျစ်လျူမရှု ကောင်းပါဘူး။ မမျှော်လင့်ဘဲ မင်းနဲ့ တွေ့ရတာ သိပ်ဝမ်းသာတာပဲ အေးအေးဆေးဆေးလဲ စကားပြောချင်ပါသေးတယ်၊ မင်း တီချာ့ကိုလာတွေ့နိုင်မလား '

' တီချာ . . . ဘယ်တော့ ပြန်မှာလဲ '

' သန်ဘက်ခါ '

' ဘယ်ဟိုတယ်မှာ နေသလဲ '

' အမယ်လေး ဟိုတယ်မှာမတည်းနိုင်ပါဘူးတော်၊ ပေဘာဒီ မမတို့ အိမ်မှာတည်းတယ်၊ သူ့အမျိုးသားက သံရုံးကအရာရှိတစ်ယောက်ပဲ၊ မင်းလာတွေ့နိုင်အောင် လိပ်စာပေးခဲ့မယ်၊ သင်းသင်း လိပ်စာပြောလိုက်ပါဦး '

မထားအေး ပြင်သစ်လမ်းနာမည်များကို အသံမထွက်တတ်၍ သင်းသင်းကို ပြောခိုင်းရသည်။ သူက ဘောင်းဘီအိတ်ထဲမှ စက္ကူလေးတစ်ရွက်ထုတ်ပြီး ရေးယူသည်။ ဖုန်းနံပါတ်ပါ မှတ်သွားသည်။

' မင်း ဆက်ဆက်လာခဲ့နော်၊ မလာနိုင်လဲ ဖုန်းတော့ ဆက်ဖြစ်အောင်ဆက် '

မထားအေးက အထပ်ထပ်မှာသည်။

' ဟုတ်ကဲ့ . . . တီချာ ' သူက လက်ဆွဲနှုတ်ဆက်ရင်း ပြောသည်။

သူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီးသောအခါ မထားအေးတို့ စိန်းမြစ်ကမ်းပါးအတိုင်း ဆက်လျှောက်လာကြသည်။ ဆယ်မိနစ်ခန့် လျှောက်ပြီးသောအခါ ချမ်းလာသဖြင့် တက္ကစီကားစီးကာ အီဖယ်(လ်) မျှော်စင်ကြီးရှေ့သို့ ဆင်းကြသည်။

ဤမျှော်စင်ကြီး၏ပုံစံကို ဓာတ်ပုံထဲမှာ ပို့စကဒ်တွေထဲမှာ မကြာခဏ မြင်ဖူးနေ၍ မထားအေး စိတ်ထဲတွင် သိပ်ပြီးထူးဆန်းမနေတော့။ သို့ပေမယ့် တကယ်အနီးကပ်တွေ့ရသောအခါ အံ့ဩသွားတာတစ်ခုတော့ ရှိသည်။ မျှော်စင်ကြီး၏ ထုနှင့်အရွယ်အစားပင်ဖြစ်သည်။ ဓာတ်ပုံထဲတွင် သာမန်ဟုသာထင်သော မျှော်စင်အောက်ခံထောက်ကြီးလေးခုသည် ထုထည်အားဖြင့် သူထင်ထားသည်ထက် အလွန်ကြီးမားနေပြီး တစ်ခုနှင့်တစ်ခု တစ်ခေါ်ကြီးဝေးနေသည်။ မျှော်စင်ပေါ်တွင် စကြံသုံးဆင့်ရှိရာ ပထမအဆင့်ကိုသာ တက်ခွင့်ပြုထားသည်။ ဒုတိယနှင့် ထိပ်ဆုံးဆင့်ကို ရာသီဥတုအေးလွန်းသဖြင့် ပိတ်ထားလေသည်။ အမြင့်တက်ရန် ကြောက်တတ်သူ မထားအေးသည် ပထမအဆင့်ကိုပင် တက်မည်လုပ်ပြီးမှ ကြောက်လာသဖြင့် မတက်တော့ပဲ အောက်ခြေမှမော့ကြည့်ရုံနှင့် ကျေနပ်ပြီးပြန်ခဲ့တော့သည်။

အီဖယ်(လ်)မျှော်စင်ကြီးမှ ထွက်ခဲ့ပြီးနောက် နာမည်ကျော် စေးကရက်ဟတ်ကျောင်းတော်သို့ သွားကြသည်။ ဤကျောင်းတော်သည် ပဲရစ်မြို့၏ အမြင့်ဆုံးတောင်ကုန်းပေါ်၌ တည်ရှိသဖြင့် ပဲရစ်မြို့ကို အပေါ်စီးကြည့်ရှုနိုင်သည်။ နတ်ဘုံ၊ နတ်နန်းတမျှ ခမ်းနားလှပသော ပဲရစ်မြို့ရှုခင်းကို ဟမ်ဘာဂါစားရင်း တဝကြီးကြည့်ပစ်လိုက်သည်။

ပြီးတော့ မိမိကိုယ်ကိုယ်လည်း မေးခွန်းတစ်ခုကို အတည်ပေါက် မေးကြည့်မိသည်။

ဆိုပါစို့ ၊ ဤပဲရစ်မြို့တော်ကြီးမှာ အပြီးလာနေခွင့်ရမည်၊ မိမိအတွက် ငွေရေးကြေးရေးလဲ ဖူလုံပြည့် စုံစေမည်ဆိုလျှင် လာ[illegible]လော ဆိုသည့် မေးခွန်းဖြစ်၏။ စဉ်းစားကြည့်မိမျှနှင့်ပင် မှတ်[illegible]က နတ်ဘုံ

နတ်နန်းတို့ကွယ်ပျောက်ခါ အမိမြေမှ တစ်မျှော်တစ်ခေါ်လယ်ကွင်းပြင်များ ဘုရားကျောင်းကန်စေတီများကို မြင်ယောင်ပြီး လွမ်းစိတ်တွေဝေလာသည်။

ဩော် ... အကြောင်းကြောင်းကြောင့် ကိုယ့်နိုင်ငံကိုစွန့်ကာ တစ်ရပ်တစ်ကျေး၌ အခြေစိုက်ပျော်ပိုက်နိုင်သူများကို မထားအေး အံ့ဩမိတော့သည်။

ကျောင်းတော်မှ ဆင်းကြပြီးနောက် တောင်ခြေရှိဈေးဆိုင်တန်းများကို လျှောက်ကြည့်ကြပြီး ညနေလေးနာရီထိုးခါနီးမှ ခြေကုန်လက်ပန်းနှင့် အိမ်ပြန်ရောက်ကြသည်။ ဆောင်းဥတုတွင် နေအစောကြီးဝင်သဖြင့် မှောင်နေပေပြီ။

မထားအေး မောလွန်းသဖြင့် ညစာစားပြီးသောအခါ အိမ်ရှင်များနှင့် အာလာပသလ္လာပစကားပင် မဆိုနိုင်တော့ဘဲ အိပ်ရာထဲသို့အစောကြီး ဝင်နားရသည်။

သို့ပေမယ့် ရုတ်တရက် အိပ်မပျော်နိုင် စိတ်ထဲတွင် မနက်တုန်းက မြစ်ကမ်းနဘေး၌ မမျှော်လင့်ဘဲ တွေ့ခဲ့ရသော ကျော်စိုးလွင်ကိုသတိရနေသည်။

သူ့မျက်စိထဲမှာ ဆံပင်ရှည်ရှည်နှင့် ညစ်ထေးစုတ်ပြတ်နေသော လူငယ်တစ်ဦးကိုမမြင်။ အမြဲတမ်း သန့်ရှင်းသပ်ရပ်စွာဝတ်ပြီး အတန်းထဲတွင် အေးချမ်းငြိမ်သက်စွာနေလေ့ရှိသော ဆယ့်သုံးနှစ်သား အရွယ် ကျောင်းသားလေးကို မြင်နေလေသည်။ ပြီးတော့ နေရာကလည်း စိန်းမြစ်ကမ်းဘေးမှာ မဟုတ်၊ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်းမှာ။

♥ ♥ ♥

' ကျွန်တော် ဆရာမအတန်းက ကျော်စိုးလွင်ရဲ့ အဖေပါ '

မထားအေး ဆရာများနားရာအခန်း၌ နေ့စဉ်မှတ်တမ်းရေးနေစဉ် ကျောင်းသားမိဘတစ်ဦး ရောက်လာသည်။

' ဟုတ်ကဲ့ ... ပြောပါ '

' ဒီလိုပါ ... ကျော်စိုးလွင်ကို အလယ်တန်းဘောလုံးအသင်းက ထွက်ခွင့်ပြုပါလို့ ပြောချင်လို့ပါ '

' ဪ ... ရပါတယ်၊ အရန်ရွေးထားတဲ့ ကျောင်းသားတွေရှိနေတာပဲ၊ အစားထိုးထည့်လို့ ရပါတယ်။ ဒါနဲ့ ဘာဖြစ်လို့ မကစားစေချင်တာပါလိမ့်၊ ကျွန်မ သိသလောက်တော့ သူဘောလုံးသိပ်ကန်ချင်တာပဲ '

' အဲ ... အဲဒါကြောင့်မို့ပေါ့ ဆရာမရဲ့၊ ကျွန်တော်တို့က အိပ်ဆာဆိုက်ရရုံလောက် ကစားစေချင်တာ၊ အစကတော့ သိပ်ဝါသနာပါပုံ မရပါဘူး။ အခုကန်ရင်းနဲ့ အလယ်တန်းကျောင်းလက်ရွေးစင်ဖြစ်လာတော့ သိပ်စိတ်ပါလာတယ်၊ အရင်တလောက အ.ထ.က (၃)နဲ့ ကန်မယ့်ညက ဆိုရင် ထမင်းမစားနိုင် မအိပ်နိုင်ဘူး။ ကျွန်တော်သိလို့ ဗေလီယံ တိုက်ထားရတယ်၊ အဲဒီလောက်စိတ်လှုပ်ရှားတယ်။ ကြာရင် ဝါသနာသိပ်ပါသွားပြီး ကျောင်းစာဘက်လျော့သွားမှာ သူ့အမေက စိုးရိမ်တယ်. ဒါကြောင့်ပါ.'

' ဪ ... ကလေးကဖြင့် ၆ တန်း ရှိသေးတယ်၊ စိုးရိမ်ကြီးကြရန်ကော ' ဟု မထားအေး စိတ်ထဲက မဲ့ လိုက်မိသည်။

ကျောင်းက လူကုံထံရပ်ကွက်တစ်ခုမှာရှိပြီး ယခင်က နာမည်ကြီး သာသနာပြုကျောင်း ဖြစ်ခဲ့သည်။ ကျောင်းသား၊ကျောင်းသူ ရှစ်ဆယ်ရာခိုင်နှုန်းသည် လူကုံထံမိဘများ၏သားသမီးများ ဖြစ်ကြလေသည်။ ကျောင်းဆင်းချိန်ဆိုလျှင် ကျောင်းရှေ့မှာ ကားရောင်စုံ ပြည့်ကျပ်နေပြီး လာကြိုသူမိဘများနှင့် စည်ကားလှသည်။ တတ်နိုင်သူ မိဘများ၏ သဘာဝ ဓတိုင်း မိမိတို့သားသမီးများနှင့် ပတ်သက်၍ တော်စေတတ်စေလိုသော ဆန္ဒ လွန်ကဲမှုများ မကြာခဏ တွေ့ရလေသည်။

ယခုလည်း ကျော်စိုးလွင်သည် အတန်းထဲတွင် အမြဲပထမစွဲသည့် ကလေးဖြစ်ရာ၊ နံပါတ်တစ်မှ တရွေ့သားမျှ အလျော့မခံနိုင်သော မိဘများက သူ့ဝါသနာကို ပိတ်ပင်နေပြီ။

မိဘများ နည်းလမ်းမကျပုံကို ဘဝင်မကျနိုင်သောမထားအေးသည် အတန်းအားချိန်တွင် အခြားဆရာ–ဆရာမများအား အဖြစ်အပျက်ကို ပြောပြတိုင်တည်မိသည်။

' ကျော်စိုးလွင် အဖေအမေတွေ အကြောင်းလား။ ဆရာမက ဒီနှစ်မှရောက်တာ ဘယ်သိဦးမလဲ၊ ကျွန်တော်တို့ကတော့ ရိုးနေပြီ၊ ကျော်စိုးလွင် ကေ–ဂျီမှာကတည်းက သူ့အမေက တစ်ချိန်လုံးပြောနေတာ၊ သူ့သား ကြီးလာရင် ဆရာဝန်လုပ်ခိုင်းရမယ်၊ သူတို့တစ်မျိုးလုံးက ဆရာဝန်တွေချည်း ပဲတဲ့ ဆယ်တန်းဖြေရင် ဆေးဘက်မဝင်မှာ၊ အမှတ်နည်းမှာကို ကေ–ဂျီ ကတည်းက ပူနေရတာ၊ တကယ်စိတ်မောဖို့ကောင်းတယ်ဗျာ '

အလယ်တန်းဆရာ ဦးမိုးဇော်က စိတ်မောသံကြီးနှင့် ပြောပြသည်။

' ကျော်စိုးလွင် အိုင်ရင်းအတန်းမှာရှိတုန်းက လပတ် စာမေးပွဲ တစ်ခုမှာ ဒုတိယဖြစ်သွားလို့ သူ့အမေဆိုတာ မျက်ရည်တောင်ကျတော့မလိုပဲ သိလား။ တစ်ဦးတည်းသော သားလေးဆိုတော့ သိပ်ချစ်၊ သိပ်အားထား နေကြတာ '

မူလတန်းကိုသင်ခဲ့သော ဆရာမဒေါ်အိုင်ရင်းကလည်း သူ ကြုံခဲ့ရပုံ ကို မမေ့နိုင်ဘဲပြောပြသည်။

' အေးဗျာ ... ဒီခေတ်မိဘတွေကို ဘယ်လိုဖြစ်နေကြသလဲမပြော တတ်ပါဘူး။ ဆရာမ စဉ်းစားကြည့်စမ်းပါ။ ကျွန်တော်တို့ငယ်ငယ်က ကျောင်း နေတာ ကျူရှင်ယူရသလား။ အိမ်ကမိဘတွေက ခုလိုလိုက်ပို့၊ လာကြို မုန့်ကျွေး။ အတန်းပိုင်ဆရာမ လက်ဆောင်ပေး။ စာမေးပွဲဖြေတော့ ကျောင်းဝင်း အပြင်ဘက်ကစောင့်၊ ဓာရထာ ပရိတ်ရွတ်၊ ဒါမျိုးတွေလုပ်ရဖူးသလားဟင်၊ မှတ်မိသလောက်တော့ ကျွန်တော့်အမေဟာ ကျောင်းကို လိုက်မလာပေါင်ဗျာ၊ စာမေးပွဲရှိလဲ ဒီလိုဖြေလိုက်ကြတာပဲ '

' ဆရာရယ် ... အဲဒီတုန်းကတော့ အခုလို လူဦးရေကျောင်းသား ဦးရေ မများသေးတော့ ဆရာ၊ဆရာမတွေ အနေနဲ့ တစ်ဦးချင်း ကြပ်မတ်ပြီး သင်ပေးနိုင်တယ်၊ ဒီတော့ အိမ်ကမိဘအနေနဲ့ ဝင်စရာမလိုဘူးပေါ့၊ နောက်ပြီး ကောလိပ်တွေမှာလဲ နေရာတွေ အများကြီးရှိနေတော့ အမှတ်စနစ်နဲ့ မဟုတ် ဘူး။ ကိုယ်လိုချင်တဲ့ ဘာသာကို ယူလို့ရတယ်မဟုတ်လား။ အခုအခါမှာတော့ ဆရာသိတဲ့အတိုင်း အမှတ်က စကားပြောတယ်၊ အမှတ်ကောင်းမှ ကိုယ်လို ချင်တဲ့ ဘာသာယူခွင့်ရပြီး ကိုယ်ဖြစ်ချင်တာဖြစ်မှာဆိုတော့ မိဘတွေလဲ

ကိုယ့်သားသမီးအတွက် အစွမ်းကုန်ကြိုးရတော့တာပေါ့၊ ဆယ်တန်းဆိုပေမယ့် ဘဝကို အဆုံးအဖြတ်ပေးမယ့်ပွဲကိုး။ ဒါကြောင့် ပိုတဲ့နေရာပို၊ လွန်တဲ့နေရာ လွန်သွားရင်လဲ 'မိဘမေတ္တာ' လို့ပဲ မြင်ပါဆရာရယ်၊ ကျွန်မတို့ကို မျက်စိ စပါးမွေးမစူးပါနဲ့နော် '

သားကြီး ဆယ်တန်းဖြေမည့်နှစ်မို့ နှစ်စကတည်းက ရင်တမမ ဖြစ်နေရသော ဆရာဒေါ်သန်းသန်းဝင်းက ရယ်ကာမောကာ တောင်းပန်စကား ဆိုသည်။

'ဆရာမ ပြောတာလဲ ဟုတ်ပါတယ်၊ကျွန်တော်ကလည်းအားလုံးကို မဆိုလိုပါဘူး။ အစွန်းရောက်တဲ့ တချို့မိဘတွေ၊ ဥပမာ– ကျော်စိုးလွင်အမေလို မိဘတွေကို ကျွန်တော်ကပြောတာပါ၊ အဲဒီအမျိုးသမီးဆိုရင် သူ့သား ဆရာဝန်လိုင်းမရရင် လူဖြစ်ရှုံးတော့မလိုကိုထင်နေတာ၊ အခုသူ့သား ခင်ဗျား အတန်းထဲမှာ ရှိနေတယ်မဟုတ်လား ဒေါ်ထားအေး။ အဲ ... စောင့်ကြည့်ပါ၊ ခင်ဗျားဆီကို ခဏခဏ လာပါလိမ့်မယ် စိတ်သာချ '

ထိုနေ့က ကျော်စိုးလွင်ကို အကြောင်းပြုပြီး ပညာရေးဆွေးနွေး ပွဲလေးတစ်ခုလိုပင် ဆွေးနွေးပြောဆိုမိကြလေသည်။

ဆရာဦးမိုးဇော်ပြောသလိုပင် နောက်ပိုင်း၌ ကျော်စိုးလွင်၏မိခင် ဒေါ်နီနီသည် အတန်းပိုင်ဆရာမထားအေးကို မကြာခဏဆိုသလို လာတွေ့ သည်။ အကြောင်းကြီးငယ်ရှိ၍မဟုတ်၊ သူ့သား ဘယ်ဘာသာရစ်မှာလိုသလဲ၊ စာရရဲ့လား။ ဘယ်သူနဲ့ပေါင်းသလဲ အကြောင်းရှိကပြောပါ၊ ဆုံးမပါ စသည် တို့ကို လာတိုင်းပြောခြင်းဖြစ်သည်။

' ကိုယ့်သားလေးကိုယ် ချစ်ရှာလွန်းလို့ပေါ့လေ ' ဟု အောက်မေ့ပြီး ဒေါ်နီနီကို ခွင့်လွှတ်ရပါသည်။

အိမ်က ဂရုစိုက်လွန်းသဖြင့် ကျော်စိုးလွင် စာတော်သော်လည်း အများအမြင်တွင် လူပျော့ကလေး ဖြစ်နေသည်။ အိမ်နှင့်ကျောင်းက သိပ်မဝေး သဖြင့် မိုးမရွာလိုက်နှင့်၊ ဒေါ်နီနီတစ်ယောက် ဆွယ်တာကိုင်ပြီး အတန်းဝ ရောက်လာပြီ။ ဆရာမကိုခွင့်တောင်း။ သူ့သားကိုဒေါ်ထုတ်ပြီး ဆွယ်တာ ဝတ်ပေးလေသည်။ များသောအားဖြင့် ဒီအရွယ်ယောကျ်ားလေးများသည်

အိမ်ကမိဘက လူရှေ့သူရှေ့မှာ ယုယုယယလုပ်လျှင် မခံလိုကြတော့။ 'ဟာ-မေမေကလဲ' ဟုတော့ အနည်းဆုံးပြန်ပြောပေလိမ့်မည်။ ကျော်စိုးလွင်ကတော့ ဘယ်တော့မှပြန်မပြော။ သူမှာမီ စီမံခန့်ခွဲသည်ကို နာခံသည့် အကျင့်သူ့မှာ ခိုင်နေပြီထင်သည်။ ဒေါ်နီနီသူ့သားကိုချစ်တာ မှန်သော်လည်း စာနှင့်ပတ်သက်လျှင်တော့ နည်းနည်းလေးမှ အထိမခံ အလိုမလိုက်တတ်ပေ၊ သူ့စည်းကမ်းအတိုင်း ဖြစ်ကိုဖြစ်ရသည်။ ညစဉ် မှတ်သတ်ထားသည့်အချိန်အတွင်း စာကြည့်စားပွဲမှမထရ၊ သူပါထိုင်စောင့်ပြီး စာကျက်ခိုင်းသည်။ လစဉ်အမှတ်တွေ အပြတ်အသတ်နှင့် ပထမချည့်ရနေပါလျက် တော်သည်ထက်တော်အောင် ကျူရှင်ယူရသည်။ ကျော်စိုးလွင်သည် ညနေ ကျောင်းဆင်းလျှင် အိမ်မပြန်ရ။ မထားအေးအိမ်ကို မုန့်ဘူး ကော်ဖီဘူးများနှင့်တစ်ခါတည်းလိုက်လာပြီး စာဆက်သင်ရသည်။ 'ကျူရှင်မလိုပါဘူး'ဟု မထားအေးက ဘယ်လိုပြောပြော ဒေါ်နီနီကနားမထောင်၊ ရောက်လေရာ အတန်းမှာသူ့သားကို အတန်းပိုင်ဆရာမနှင့် ကျူရှင်ပေးရမှ ဒေါ်နီနီကျေနပ်သည်။

ဆရာဦးမိုးဇက်ကတော့ ' သူတို့ တတ်နိုင်လို့ပဲဗျာ ပြောမနေစမ်းပါနဲ့ သင်ပေးလိုက်စမ်းပါ ' ဟု ပြောသည်။

ကျော်စိုးလွင် ကိုယ်တိုင်ကလည်း မထားအေး အိမ်သို့ လိုက်လာပြီး ကျူရှင်တက်ရသည်ကို ပျော်နေပုံရလေသည်။ သူ့အဖို့ အခိုက်အတန့်အားဖြင့် လွတ်လပ်မှုတစ်မျိုး ရနေသလိုရှိသည်။ စာသိပ်သင်ပေးစရာ မလိုသည့်ကလေးမို့ ဂဏန်းလေး ငါးပုဒ်နှင့် အင်္ဂလိပ်စာ လေ့ကျင့်ခန်းနှစ်ခုလောက်လုပ်ပြီးလျှင် မထားအေးက စာသင်လက်စ သိမ်းပေးလိုက်သည်။ သူလည်းဝမ်းသာအားရ လွတ်လွတ်လပ်လပ် အိမ်ကခွေးနှင့်ဆော့၊ ကြောင်နှင့်ဆော့၊ ပုံဆွဲ၊ လုပ်ချင်တာလုပ်ပြီး ပျော်နေတော့သည်။ လစဉ်စာမေးပွဲအတွက် စာကျက်စရာပါလျှင် စာသင်လျှော့ပြီး စာကျက်ခိုင်းထားလိုက်သည်။ စာရပြီးလျှင်တော့ ကြိုက်သလိုဆော့။ ထိုအခါမျိုးတွင် သူက ' တီချာ မာမီလာကြိုရင် ကျွန်တော် စာကျက်ပြီးပြီဆိုတာ ပြောလိုက်ပါနော် 'ဟု ပြောတတ်သည်။ ထို့ကြောင့် အချိန်တန်၍ ဒေါ်နီနီ သူ့သားကို လာကြိုသောအခါ ကျော်စိုးလွင် စာရပြီဖြစ်ကြောင်း ကားနားသွားပြီး ထောက်ခံချက်ပေးလိုက်ရသည်၊

အကြောင်းမညီညွတ်၍ ဒေါ်နီနီလိုက်မလာနိုင်လျှင် စာရေးပေး လိုက်ရသည်။ အဲသလိုမှ ရေးမပေးလိုက်လျှင် ရပြီးသားစာများကို အိမ်မှာ ထပ်ကျက်နိုင်း ပြန်တော့မည်။ စာကြည့်စားပွဲက ထရတော့မည်မဟုတ်။ ဒေါ်နီနီကစာနှင့် ပတ်သက်လျှင် ဘယ်သူမှ ပြောမရပေ။ တစ်ခါက အဘိုး မွေးနေ့ဖြစ်၍ တစ်အိမ်လုံး သမ္မတရုံမှာရုပ်ရှင် သွားကြည့်ကြသည်။ လစဉ် စာမေးပွဲရှိနေသဖြင့် ဒေါ်နီနီက သူ့သားကို မထည့်၊ သူပါ နေရစ်ခဲ့သည်တဲ့။

' စာမေးပွဲပြီးမှ အဲဒီကားကို မာမီလိုက်ပြတယ်၊ ဒါပေမယ့် နှစ်ယောက်တည်းသွားကြည့်တော့ ဘယ်ပျော်စရာကောင်းတော့မလဲ' ဟု ကျော်စိုးလွင်က ထုတ်ပြောဖူးသည်။

အတန်းထဲ၌ ကျော်စိုးလွင်၏ အခင်ဆုံးသူငယ်ချင်းမှာ သူနှင့် ကပ်လျက်ထိုင်သည့် ရဲအောင်ဆိုသော ကလေးဖြစ်သည်။ ရဲအောင်၏ အဖေသည် ကမာရွတ်ရှိ ဆပ်ပြာစက်မှ အလုပ်သမားတစ်ဦးဖြစ်သည်။ အတန်းထဲတွင် လက်လုပ်လက်စားမိဘများ၏ သားသမီးအနည်းငယ်မျှသာရှိရာ ထိုလူနည်းစုတွင် ရဲအောင်ပါဝင်လေသည်။

မထားအေး မှတ်မိသေးသည်၊ ကျောင်းဖွင့်စတုန်းက ထုံးစံအတိုင်း မိဘဆရာအသင်းကြေးနှင့် အဆောက်အအုံရန်ပုံငွေကောက်ခံရာ ကျောင်းသားများ အိမ်ကယူခဲ့ဖို့ မေ့မေ့လာကြသဖြင့် တော်တော်နှင့်စာရင်း မပြတ်နိုင်၊ တစ်နေ့တွင် မထားအေး ဒေါပွပွနှင့်အော်ပစ်လိုက်သည်။

' အေး ... ဒီနေ့ ဗုဒ္ဓဟူးနေ့နော်၊ သောကြာနေ့ နောက်ဆုံးပဲ၊ မယူလာတဲ့သူ ဆရာမကြီးရုံးခန်းကို ပို့မယ်၊ အားလုံးကြားသလား '

' ကြားပါတယ်တီချာ ' တစ်တန်းလုံး ပြိုင်တူအော်ကြသည်။

နောက်တစ်နေ့ ရဲအောင် ကျောင်းပျက်သည် နောက်တစ်နေ့ သောကြာနေ့မှာလည်းမလာ။ နေ့လယ်ကျမှ ဆရာများအနားယူခန်းသို့ ရဲအောင် လွယ်အိတ်တွေထီးတွေနှင့် မောကြီးပန်းကြီးဝင်လာပြီး မထားအေး အလုပ်လုပ်နေသော စားပွဲနားမှာ လာရပ်နေသည်၊မော့ကြည့်လိုက်သောအခါ။

'ဟဲ့ ... ဟဲ့၊ အို၊ ဘာဖြစ်လို့တုန်း တီချာ့ကိုပြောစမ်းပါဦး '

မထားအေး ထိတ်ထိတ်ပျာပျာနှင့် ချော့မော့ခေါ်လည်း သူ့မှာ

တော်တော်နှင့် မပြေနိုင်။ နုငယ်သော မျက်နှာလေးနှင့် မလိုက်အောင် ကြီးမားသော မျက်ရည်ပေါက်ကြီးတွေသာ၊ ပါးပေါ်မှာ တလိမ့်လိမ့်ကျဆင်းနေသည်။

အခန်းထဲတွင်ရှိနေသော ဆရာမနှစ်ယောက် သုံးယောက်ပါ ဝိုင်းအုံလာပြီးမေးမှ သူ့ခမျှာ အထစ်ထစ် အငေါ့ငေါ့နှင့် အသံထွက်လာသည်။

'သုံး ... သုံးဆယ့်ငါးကျပ် မ ... မပြည့် ...ပြည့်ဘူး တီချာ'

မထားအေး သိလိုက်ပြီ၊ မိဘဆရာအသင်းကြေး ဆယ့်ငါးကျပ်နှင့် အဆောက်အဦကြေးနှစ်ဆယ်။ စုစုပေါင်းသုံးဆယ့်ငါးကျပ်ပေးရန် ဒီနေ့နောက်ဆုံးဟု သူ့ရာဇသံပေးထားသည်မဟုတ်လား။

' ဩော် ... ဒါလား ကိစ္စမရှိပါဘူးကွယ်၊ တီချာက မင်းတို့မေ့မေ့လာကြလွန်းလို့ အလကား ခြောက်တာပါ။ ရှုံ့ခန်းကို ဘယ်ပို့ပါ့မလဲ၊ တိတ်-တိတ်၊ အခုလဲ မင်းမှာ အဆင်မပြေရင် တီချာစိုက်ထားမှာပေါ့ ဟုတ်လား'

ဒီလိုပြောလိုက်မှ ရှိုက်သံနည်းနည်းပြေသွားသည်။

' အဖေက စက်ရုံကိစ္စနဲ့ သန်လျင်သွားနေရတယ်၊ ကျွန်တော်အဲဒီကိုလိုက်သွားတာ အဖေကဒါပဲရှိတယ်တဲ့ ...'

တစ်ဆယ်တန်နှစ်ရွက်ကို ကွန်ပါဘူးထဲမှ တရိုတသေထုတ်ပေးသည်။

ပြည့်စုံသူတွေချည့်သာ စုဝေးနေသောပတ်ဝန်းကျင်တွင် ရဲအောင်လိုကလေးများ ဝမ်းနည်းအားငယ်ရသည်မှာ အထူးအဆန်း မဟုတ်ပေ။

ထိုနေ့က မထားအေး အတန်းဝင်ချိန်တွင် သူ့နောက်မှ နီရဲမို့အစ်နေသော မျက်လုံးအစုံနှင့် ရဲအောင်ပါလာသည်ကို အတန်းထဲရှိ ကျောင်းသားများ နားမလည်သလိုကြည့်ကြ တီးတိုးပြောကြ ဖြစ်နေသည်ကို မထားအေး မသိချင်ယောင်ဆောင်နေရသည်။

ညနေကျူရှင်အချိန်၌ ကျော်စိုးလွင်က မေးသောအခါမှာတော့ အကြောင်းစုံပြောပြလိုက်သည်။

' တီချာ အဲဒီငွေသုံးဆယ့်ငါးကျပ်ကို ကျွန်တော်ပေးချင်တယ် '

' မင့် မာမီကို ပြောပါဦးကွယ် '

' ရပါတယ် တီချာ၊ ကျွန်တော့်မွေးနေ့တုန်းက ရထားတဲ့ ကျွန်တော့်ကိုယ်ပိုင် ပိုက်ဆံရှိပါတယ် '

သူ့စိတ်ထဲမှာ သိပ်သနားသွားသည်ထင်ပါရဲ့။ ဒီတစ်ကြိမ်တင်မဟုတ်၊ နောက်အကြိမ်ကြိမ်လိုသည့်အခါတိုင်းလည်း ကျော်စိုးလွင်ကပင် ထုတ်ပေး၊ ဝယ်ပေးလေသည်။

နောက်ပိုင်း၌ ရဲအောင်ကိုအကြောင်းပြု၍ပင် ကျော်စိုးလွင်နှင့် ပန်းချီနီးစပ်သွားခဲ့လေသည်။ ရဲအောင်၏ဘကြီးသည် ရုပ်ရှင်ရုံပိုစတာများ ရေးဆွဲသော ပန်းချီဆရာတစ်ဦးဖြစ်သည်။ မျိုးရိုးလိုက်၍ပဲလား၊ အထုံပါရမီပါ၍လားမသိ၊ ရဲအောင်က အရွယ်နှင့်မလိုက်အောင် ပုံဆွဲတော်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံ၊ ရုပ်ရှင်မင်းသမီး ဆိုဖီယာလိုရင်းပုံတို့ကို ခဲနှင့်ကူးဆွဲသည်မှာ အလွန်တူသဖြင့် ကျောင်းအုပ်ဆရာမကြီးကပင် ချီးကျူးရသည်။

ကျောင်းဖွံ့ဖြိုးရေး အသင်းတစ်ခုဖြစ်သော ပန်းချီအသင်းတွင် မထားအေးက ခေါင်းဆောင်ဖြစ်ရာ ရဲအောင်ကိုပင် အားကိုးနေရသည်။ ဆရာမကြီးက ပြပွဲအတွက်ဆိုင်းဘုတ်ကလေးတွေ ရေးပေးပါဦး၊ ပောာပြောပွဲအတွက် ခေါင်းစီးရေးပေးပါဦးဟု ပန်းချီအသင်းကို တာဝန်ပေးလျှင် မထားအေးက ရဲအောင်ကိုပင်ခိုင်းရသည်။ ရဲအောင်နောက်လိုက်က ကျော်စိုးလွင်။ ရဲအောင်ကို ကူညီကိုင်တွယ်ပေးရင်းနှင့် သူလည်းပုံဆွဲဝါသနာပါလာပြီး မုန့်စားဆင်းချိန်ဆိုလျှင် တခြားကလေးတွေလို ပြေးလွှားမကာစားကြတော့ဘဲ အတန်းထဲမှာပင် ငြိမ်သက်စွာ ပုံဆွဲနေကြသည်။

တစ်နေ့တွင် ပန်းချီပညာအုပ် ဦးလုထွန်း ကျောင်းသို့ရောက်လာပြီး ပန်းချီအသင်း လှုပ်ရှားမှုများကို မေးမြန်းရင်း ရဲအောင်တို့နှစ်ယောက်၏ လက်ရာများကိုကြည့်၍ အလွန်သဘောကျသွားလေသည်။

' သူတို့နှစ်ယောက်စလုံး အဆင့်တော်တော်ရှိတယ်။ လေ့ကျင့်ပေးလိုက်ရင် အလားအလာသိပ်ကောင်းတယ်ဆရာမ။ သူတို့လက်ရာတွေကို နိုင်ငံခြားပို့ပြီး ပြိုင်ပွဲဝင်ခိုင်းချင်တယ်။ ဒီတော့ သူတို့အတွက်ပုံဆွဲစက္ကူ ကျွန်တော့်ရုံးကို လာထုတ်ပါ '

မထားအေးသည် သူတပည့်နှစ်ယောက်အတွက် အလွန်ဂုဏ်ယူ

အားတက်စွာဖြင့် နောက်တစ်နေ့တွင် ဆရာကြီးဦးလှထွန်းရုံးသို့ အရောက် သွားပြီး ပုံဆွဲစက္ကူအချပ်နှစ်ဆယ်ကို ထုတ်ယူခဲ့သည်။

ထိုနေ့မှစ၍ ကလေးနှစ်ယောက် ခေါင်းမဖော်ကြတော့။ ကျောင်း ဆင်းသည်နှင့် စုတ်တံကိုယ်စီကိုင်ပြီး ဆေးခြယ်နေကြတော့သည်။ သူတို့ ရှေ့မှာလည်း ဝါတာကာလာဘူးတွေ၊ ရေခွက်တွေ ရှုပ်ပွလျက်။ သူတို့ပုံဆွဲနေ သည်ကို အားကျ၍လာကြည့်ကြသည့် ကလေးပရိသတ်ကလည်း မနည်းလှ။

ဆရာကြီးဦးလှထွန်းကိုယ်တိုင်လည်း တစ်ခေါက်လာကြည့်ပြီး ရေးဆွဲရမည့် အကြောင်းအရာ၊ အရောင်စပ်ပုံနှင့် ဆေးသားပြည့်ပြည့် ဘယ်လို ခြယ်ရမည် စသည်တို့ကို ညွှန်ကြားပြသပေးသဖြင့် ဆရာမရော၊ တပည့်များပါ အလွန်အားရကျေနပ်မဆုံးရှိနေချိန်တွင် ကျော်စိုးလွင်၏မိခင် ဒေါ်နီနီ မထား အေးရှိရာ ဆရာအခန်းသို့ရောက်လာသည်။

' ဆရာမရေ ... ဆရာမတပည့်အကြောင်း ပြောပြရဦးမယ်'ဟု အစချီသည်။

' တီချာ သိတဲ့အတိုင်းပဲ၊ သူက တစ်ခုခုကိုစွဲမိရင် ထမင်းမေ့၊ ဟင်းမေ့မဟုတ်လား။ ခုတလော ပန်းချီအရူးထနေပြန်ပြီလေ၊ ရုပ်ရှင်သွား တာတောင်မလိုက်ဘူး။ ပုံပဲဆွဲနေတယ်၊ ပြိုင်ပွဲဝင်ရမယ် ပြောတာပဲ။ ဟိုနေ့ည ကလဲ တစ်အိမ်လုံးအိပ်နေပြီ သူ့အခန်းက မီးလင်းနေပါတယ်ဆိုပြီး သွား ကြည့်တော့ ပန်းချီထဆွဲနေတာ၊ အတင်းပြန်အိပ်ခိုင်းရတယ်။ အဲဒါကို သူ့ အဘိုးက ပြောနေပြီ၊ ဆရာဝန်မဖြစ်ဘဲ ပန်းချီဆရာဖြစ်နေဦးမယ်တဲ့။ သူ့ကိုလဲ ပြောရတယ်၊ သားသားတို့ စာမေးပွဲကြီးလဲ နီးနေပြီလို့ '

ဒေါ်နီနီ သူ့သားအကြောင်း ရှည်ရှည်ဝေးဝေး ဖွဲ့နွဲ့ပြောဆိုပြီး သောအခါ နောက်ဆုံးလိုရင်းအချက်ကို မထားအေးသိရတော့သည်၊ 'ကျော် စိုးလွင်ကို နောက်ထပ်ပုံဆွဲစက္ကူ ထုတ်မပေးရန်' ဖြစ်လေသည်။

ကိုယ့်သားသမီးကို လောကမှာ အမြင့်ဆုံး။ အတော်ဆုံးဖြစ်စေချင် သော အာသီသကလွဲပြီး တခြားဘာကိုမှုမသိသော ဒေါ်နီနီလိုမိဘမျိုးကို မထားအေး စိတ်ကုန်မိသည်။ ပစ္စည်းရှိ၊ ပညာတတ်၊ မိဘတွေဖြစ်လျက် ဤမျှကျဉ်းမြောင်းရသလား။ ကလေးအပေါ်နားလည်မှု ဤမျှနည်းရသလား။

ပြောနေ၍လည်း နားလည်မှုရှိလာလိမ့်မည်ဟု မမျှော်လင့်သဖြင့် နောက်ဆုံးတော့ ' သူတို့သားသမီး သူတို့သဘောပေါ့ 'ဟု စိတ်လျှော့ပြီး ဘာမျှမပြောလိုက်တော့ပေ။ သို့သော် ဒေါ်နီနီ၏ နောက်ဆက်တွဲ မေတ္တာရပ်ခံချက်ကို ကြားရသောအခါမှာတော့ ဒေါ်မပွဲဘဲမနေနိုင်တော့ ..။

' ဒီတော့ ဆရာမရယ် ... သားသားကို အဲဒီပုံဆွဲသင်ပေးတဲ့ ကောင်လေးနဲ့မပေါင်းမိအောင် သူတို့ချင်းခွဲထိုင်ခိုင်းလိုက်ပါလားဟင်၊ သူငယ်လေးကို နောက်တန်းပို့လိုက်ရင်ကော ...'

မထားအေးဆရာမတစ်ယောက်၏ အမူအရာတွေပျက်မသွားအောင် ကိုယ့်စိတ်ကိုမနည်းထိန်းသိမ်းပြီး အပြတ်ပြောလိုက်ရသည်။ ထိန်းထားလျက်နှင့်ပင် လေသံကခပ်မာမာဖြစ်သွားသေးသည်။

' ဝမ်းနည်းပါတယ် ဒေါ်နီနီ၊ အဲသလိုတော့ ကျွန်မဘာယ်နည်းနဲ့မှ လုပ်မပေးနိုင်ပါဘူး။ နောက်တန်းကို ပို့ချင်းပို့ရင် ကျော်စိုးလွင်ကိုပဲ ပို့ရမှာပဲ။ ဒေါ်နီနီသဘောတူရင် ဒီနေ့ပဲ ပို့လိုက်ပါမယ် '

ဒါကိုတော့ ဒေါ်နီနီသဘောမတူနိုင်။ ကျောင်းစဖွင့်သည့်နေ့မှာ ကိုယ့်သားသမီး ရှေ့ဆုံးတန်းကရအောင် အစောကြီးလာပြီး နေရာဦးတတ်ကြသည့် မိဘတွေထဲမှာ ဒေါ်နီနီလည်း အပါအဝင်ဖြစ်လေသည်။

နောက်ပိုင်း၌ ကျော်စိုးလွင် ပုံဆွဲစက္ကူတောင်းတိုင်း အကြောင်းမျိုးစုံပြပြီး မပေးဘဲနေရသဖြင့် မထားအေး စိတ်မကောင်းဖြစ်ရသည်။ ကြာတော့ ကျော်စိုးလွင် ရိပ်မိသွားပုံရသည်။

' မာမိက ပြောလို့လား တီချာ '

နုနယ်တဲ့ဦးနှောက်ကလေးထဲမှာ မိခင်ကိုစိတ်ခုပြီမြင်သွားမည်ကို မလိုလားပါ။ ' မဟုတ်ပါဘူးကွယ် ' ဟု ပြောလိုက်ရသည်။ ရဲအောင်ကို ပုံဆွဲစက္ကူများ သူ့ရှေ့တင် ထုတ်ပေးနေရသဖြင့် ကြာတော့ မထားအေး မနေနိုင်တော့ပဲ သူ့ကိုခေါ်ပြီးပြောမိသည်။

' မင်းပုံဆွဲချင်ရင် စက္ကူထုတ်ပေးမယ်။ အိမ်မှာတော့ မဆွဲနဲ့၊ ကျောင်းမှာပဲဆွဲ၊ ဟုတ်လား '

တခဏမျှ တွေတွေကလေးစဉ်းစားနေပြီးနောက် ' မယူတော့ပါဘူး၊

တီချာ 'တဲ့။

ဘယ်လောက်လိမ္မာသည့်ကလေးပါလဲ။ မိဘစကားကို ရှေ့တင်ရော၊ ကွယ်ရာမှာပါ နားထောင်ရှာသည်။

ဒေါ်နီနီသည် သူ့ကိုခပ်ပြတ်ပြတ်ပြောလွှတ်လိုက်သော မထားအေးကို စိတ်မဆိုးနိုင်။ သူ့သား ပညာရေးကိုတော့ အထိမခံ၊ အောက်ကျို့ခံပြီး နွေကျောင်းပိတ်ရက်မှာလဲ သူ့သားကို ကျူရှင်ဆက်သင်ပေးပြောသဖြင့် ကျော်စိုးလွင်ကို စာဆက်သင်ပေးရသည်။ ယခင်ကလိုပင် မကြာခဏလာတွေ့သည်။ ထိုနှစ်က ကျောင်းများပြန်ဖွင့်၍ နှစ်လလောက်ရှိသောအခါ တစ်နေ့မှာ ဒေါ်နီနီ မထားအေးကို လာတွေ့သည်။ ဒီတစ်ခါတော့ သူ့သားအကြောင်းကိစ္စ မဟုတ်တော့။မထားအေးကို အပြီးနှုတ်ဆက်ရန် ဖြစ်လေသည်။

သူတို့မိသားစုအားလုံး အမေရိကားကို သွားကြတော့မည်တဲ့။

' တီချာတော့ ညနေတိုင်း မင်းကို သတိရနေမှာပဲကွာ ' ဟု မထားအေး ဝမ်းနည်းပန်းနည်းပြောမိသည်။

' ကျွန်မတို့လဲ မခွဲချင်ပါဘူးဆရာမရယ် ... သားသားပညာရေးအတွက်မို့သာပါ။ ကျွန်မအမေကဆို ကျွန်မကိုအငယ်ဆုံးမို့ သိပ်ချစ်တာ၊ အခု သွားခါနီးလို့ အရင်တစ်ပတ်က ပဲခူးကိုသွားနှုတ်ဆက်တော့ အမေက ငိုလိုက်တာ ကျွန်မသေသလိုပဲ ' ဒေါ်နီနီ၏ မျက်လုံးအစုံမှာ မျက်ရည်လည်နေဆဲပင် ရှိသေးသည်။

' သားသား ... မင်းတီချာကို ကန်တော့လေ '

မထားအေးအကျင့်က သွားခါနီးကန်တော့လျှင် ဝမ်းနည်းတတ်သည်။ ယခုလည်း သမံတလင်းပေါ်၌ထိုင်လျက် ကန်တော့နေသော တပည့်ဖြစ်သူကိုကြည့်ပြီး အသံတုန်တုန်ယင်ယင်နှင့်ပင် ဆုပေးလိုက်ရသည်။

' ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပါစေ၊ ပညာတွေတတ်ပြီး အောင်မြင်တဲ့ဆရာဝန်ကြီး ဖြစ်လာပါစေ '

♥ ♥ ♥

' ဆရာမတပည့်က ဆေးများစွဲနေရော့သလား '

နံနက်အိပ်ရာထ ကော်ဖီသောက်ကြရင်း မထားအေးက ကျော်စိုးလွင် အကြောင်း ပြောပြသဖြင့် ဦးတိုးမြင့်က သူ့သံသယကိုထုတ်ပြောသည်။

' ဘာဖြစ်လို့လဲဆိုတော့ ဒီမှာပညာရှာရင်း ဆေးစွဲပြီး တေတေပေပေနဲ့ ဘဝကိုရေစုန်မျှောနေတဲ့လူငယ်တွေ အများကြီးရှိတယ် ဆရာမ '

ကျွန်မတပည့်လေး ဘယ်လိုဖြစ်သွားတယ်ဆိုတာ မစဉ်းစားတတ်တော့ပါဘူး ဦးတိုးမြင့်ရယ်၊ ငယ်ငယ်က အလွန်ချစ်စရာကောင်းပြီး မိဘစကားကိုလဲ အလွန်နားထောင်တဲ့ ကလေးပါ '

' ဒါက ဒီလိုရှိတယ်ဆရာမ၊ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုထုံးစံကိုက သိတတ်တဲ့အရွယ်ကစပြီး လူကြီးမိဘစကားကိုနားထောင်ရပါတယ်၊ နားမထောင်ရင် ရိုင်းရာကျပါတယ်။ မိဘကလဲ သားသမီးကို ရင်အုပ်မကွာထားပြီး 'ဟဲ့ ... ဒီလိုမနေနဲ့၊ ဟဲ့ ... ဒီလိုမပြောနဲ့' လို့ အမြဲ ဆိုဆုံးမပါတယ်။ အမြင်မတော်တာတွေ့ရင် ဒီလိုသွန်သင်ဆုံးမဖို့က သူတို့ ဝတ္တရားပေကိုး။ ဒီတော့ ကျွန်တော်တို့မှာမိဘက တဟဲ့ဟဲ့ဆုံးမတာ၊ ပြောတာကို နာခံရင်းကြီးပြင်းရလို့ အကျင့်ပါပြီး စိတ်ထဲမှာ ကျဉ်းကျပ်တယ်လို့ မအောက်မေ့တော့ဘူး မဟုတ်လား '

' ဒီမှာတွေကတော့ အဲဒီလိုမဟုတ်ဘူးဆရာမ၊ ကိုယ်ပိုင် လွတ်လပ်မှုကိုကြိုက်တယ်၊ တန်ဖိုးထားတယ်၊ စိတ်လွတ်လပ်မှုနဲ့ စိတ်ဆန္ဒကို ဦးစားပေးတယ်၊ မိဘနဲ့သားသမီးလဲ အရွယ်ရောက်လာရင် သူ့စည်း ကိုယ့်စည်းထားပြီး လွတ်လပ်စွာနေကြတာ သူတို့ရဲ့ထုံးစံပဲ၊ အသက်နှစ်ဆယ်ကျော်ရင် သားသမီးဘဝထဲကို ဝင်မပြောကြတော့ဘူး။ သူတို့ဘဝ သူတို့ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိကြပြီ။ ကျွန်တော်တို့အမြင်နဲ့ဆိုရင်တော့ ဒီကမိဘနဲ့သားသမီး ဆက်ဆံရေးဟာ စိမ်းတဲ့သဘောဖြစ်နေတာပေါ့။ ဒါကတော့ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ်ပေါ့လေ။ ခုနက 'ကျွန်မတပည့်လေး ဘယ်လိုဖြစ်သွားတာပါလိမ့်' လို့ ဆရာမကမေးတယ်မဟုတ်လား။ ကျွန်တော်ကဖြေချင်တယ်၊ ဒီမှာ နေတာကြာလို့ ဒီကလိုဖြစ်သွားတာပါပဲလို့ '

' မမရေ . . . ဒီအကြောင်းနဲ့ပတ်သက်ရင် သင်းသင်းလဲ ပြောပါရစေဦးနော်''

ဦးတိုးမြင့်စကားဆုံးလျှင် မီးဖိုထဲ၌ထမင်းဟင်းချက်နေသော သင်းသင်း ခဏထွက်လာပြီး ကော်ဖီစားပွဲမှာ လာထိုင်သည်။

' တစ်ခါတုန်းက ကိုတိုးမြင့်ရဲ့မိတ်ဆွေ ပြင်သစ်လင်မယားစုံတွဲကို အိမ်မှာဖိတ်ပြီး မြန်မာထမင်းဟင်းကျွေးတယ် မမရဲ့၊ ဧည့်သည်ရှိနေရင် ငြိမ်ငြိမ်နေဖို့တို့၊ မဆူဖို့တို့ သားနဲ့သမီးကိုလဲ သေသေချာချာ ပြောထားရတာပေါ့။ သူတို့လာကြတော့ ကလေးရှိတဲ့အိမ်ဆိုပြီး ဆူဆူညံညံမကြားရလို့တဲ့ အံ့ဩနေကြတယ်။ ပြန်ခါနီးတော့ ပြောသွားသေးတယ်၊ မင်းတို့ကလေးတွေကို ဒီလိုပဲ သူတို့နေချင်သလိုနေခွင့်မပေးဘဲ ချုပ်ချယ်ထားရင် သူတို့ကာယ ဉာဏစွမ်းရည် ဘယ်မှာဖွံ့ဖြိုးတိုးတက်တော့မလဲတဲ့။ သူတို့အမြင်က ဟိုလို မလုပ်နဲ့၊ ဒီလိုမလုပ်နဲ့ဆိုတာတွေဟာ ကလေးတွေရဲ့ စွမ်းရည်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေတယ်ပေါ့မမရယ်။ အဲဒီလင်မယားပြန်သွားတော့ ကိုတိုးမြင့်က သူတို့ပြောတာဟုတ်တယ်၊ တို့ကလေးတွေကို ဟန့်တာတွေ များနေတာအမှန်ပဲ၊ ဒီကနေ့ကစပြီးကိုယ်တို့ 'ဟဲ့'တာ၊ 'ဟန့်'တာတွေ လျှော့ကြစို့။ သားနဲ့သမီးကို ဒီကကလေးတွေလို လွတ်လွတ်လပ်လပ်နေပါစေ။ ဆော့ပါစေပေါ့၊ တစ်လလောက်ရှိတော့ ကိုတိုးမြင့်ကဘယ်လိုပြောသလဲ ဆိုရင် 'သင်းရေ ... မဖွံ့ဖြိုး မတိုးတက်ချင်လဲ နေပါစေတော့ကွာ၊ မြန်မာ ကလေးတွေ မြန်မာလိုကြီးတာပဲ ကောင်းပါတယ်၊ ရုံးကပြန်လာရင် နားဆူ လွန်းလို့ ' တဲ့။

သင်းသင်းပြောပုံကိုသဘောကျ၍ မထားအေးရယ်မိသည်။

'မိဘစကားကို နားထောင်စရိမ့်နားထောင်တာ ဆရာမရဲ့၊ ပြီး တော့ မိဘတွေကအသွန်အသင်နည်းရင် သားသမီးက မသိတတ်ဘူးပေါ့'

ကျော်စိုးလွင်ကိုအကြောင်းပြုပြီး အရှေ့နှင့်အနောက် လူနေမှုစရိုက် ကွာခြားပုံများကို သတိပြုမိသလောက်ပြောကောင်းကောင်းနှင့် ပြောနေလိုက် ကြသည်မှာ နံနက် ၁၀ နာရီထိုးသွားသဖြင့် ဦးတိုးမြင့်အမေကြီးကလာပြီး သတိပေးမှ စကားဝိုင်းကိုအမြန်သိမ်းပြီး အပြင်ထွက်ရန်ပြင်ဆင်ရသည်။

စနေနေ့ရုံးပိတ်သဖြင့် ဦးတိုးမြင့်ကိုယ်တိုင် ကားမောင်းပြီး ဗာဆိုင်း နန်းတော်ရှိရာ ပဲရစ်မြို့ပြင်သို့ ထွက်ခဲ့ကြသည်။

ကြီးမားရှည်လျားလှသော အဆောက်အအုံကြီးကို ကွင်းပြင်ထဲ၌ အဝေးကြီးမှ လှမ်းမြင်နေရသည်။ နီးလာလေ ပို၍ ပို၍ ကြီးလာလေနှင့် အနားရောက်၍ ကားပေါ်မှ ဆင်းလိုက်သောအခါမှာတော့ ဤမျှကြီးမားသော အဆောက်အအုံကြီးကို ရှေးက လူသားတို့ ဘယ်လိုများ ဆောက်နိုင်ကြပါလိမ့် ဟု အံ့သြမဆုံးဖြစ်ရသည်။

အထဲ၌ လောကီစည်းစိမ်ရေချိန်မြင့်လှသော မင်းနှင့်မိဖုရားတို့၏ အသုံးအဆောင်များကို တခမ်းတနားပြထားသည် သူတို့သုံးခဲ့သော ကန့်လန့်ကာ ခန်းဆီးပင် နဂိုအတိုင်းရှိနေသေးသည်။ ရှေးဟောင်းပစ္စည်း အနုပညာ လက်ရာတို့ကို အမြတ်တနိုးထိန်းသိမ်းရာမှာတော့ ပြင်သစ်လူမျိုးကို ဘယ်သူမှ မှီမည်မထင်။

ဩော် ဒီလို အနုအလှတွေကို တသသတန်ဖိုးထား ထိန်းသိမ်း ပြီး အရိပ်တကြည့်ကြည့်နှင့် ခံစားမွေ့လျော်နိုင်အောင်လည်း သူတို့တိုင်းပြည် က ငြိမ်းချမ်းခြင်း ချမ်းသာကြွယ်ဝခြင်းဆိုသော မင်္ဂလာတို့နှင့် ပြည့်စုံပေသကိုး ဟု မထားအေးသဘောပေါက်လာမိသည်။

နန်းတော်အတွင်းခန်းများကို တစ်နာရီကျော်ကျော် လျှောက်ကြည့် ကြပြီးသောအခါ ပြန်ခဲ့ကြသည်။

ညနေဘက်တွင် ပဲရစ်မြို့၌ အခြေချနေထိုင်သော မြန်မာမိသားစု အိမ်တစ်အိမ်က ထမင်းစားဖိတ်ထားသေးသဖြင့် တခြားဘယ်မှ လျှောက် မသွားတော့။ အိမ်တန်းပြန်ပြီး နားရန်ဆုံးဖြတ်ကြသည်။ လမ်းတွင် ဦးတိုးမြင့်က ကားမောင်းရင်း . . .

' ဒါက အာ့(ခ်)ဒီ ထရိုင်ရင့်၊ မြန်မာလိုတော့ အောင်မုခ်ဦးပေါ့။ ဒါက နာမည်ကျော် ရှောင်ဇေလီ ဇေလမ်းမကြီး။ ဒါက ၁၆ အဲဗင်းနယူး။ ဒီရပ်ကွက်မှာ ဆိုဖီယာလိုရင်းတို့၊ မိုနာကိုမင်းသမီး ကာရိုလိုင်းတို့ရဲ့ တိုက်ခန်း တွေရှိသတဲ့ခင်ဗျာ '

စသဖြင့် ဧည့်လမ်းညွှန်လုပ်သည်ကို နားခံမှတ်သားရင်း လိုက်ပါခဲ့ရ

သည်။

အိမ်ပြန်ဖို့ လမ်းဆုံရောက်တော့ မကွေ့ဘဲ ဆက်မောင်းသွားသဖြင့် သင်းသင်းက အလန့်တကြား အသိပေးသည်။

' ဟော၊ အဖေအိမ်ပြန်မယ်ဆို၊ ဘာလို့မကွေ့ဘဲ ဆက်မောင်းတာလဲ '

' ဟိုလေ ... ဆရာမတပည့်ကျော်စိုးလွင်ကိုများ တွေ့မလားလို့၊ စိန်းမြစ်တစ်ဖက်ကမ်းကို သွားကြည့်ကြရအောင် '

စိတ်ထဲတွင် ဘယ်လိုဝမ်းသာသွားရမှန်းမသိ။ သူ့စိတ်ထဲရှိတာကို ဦးတိုးမြင့်ဘယ်လိုများသိနေပါလိမ့်။

' ကျေးဇူးတင်လိုက်တာ ဦးတိုးမြင့်ရယ်၊ ဖုန်းဆက်မယ်ဆိုပြီး ဖုန်းလဲမဆက်၊ လူလဲရောက်မလာလို့ ကျွန်မသွားတွေ့ချင်နေတာ '

' ကျွန်တော်သိပါတယ်၊ အိမ်မှာဖုန်းသံကြားတိုင်း ဆရာမ နား တစွင့်စွင့် ဖြစ်နေတာ '

' ဟုတ်တယ် ဦးတိုးမြင့်၊ ကျွန်မအနေနဲ့ တစ်ကြိမ်လောက်တော့ တွေ့ပြီးပြောပြချင်သေးတယ်၊ နားထောင်တာ မထောင်တာတော့ သူ့သဘောပေါ့လေ '

' ကျွန်တော်တို့ မြန်မာလူမျိုးကိုက မေတ္တာထားတတ်၊ သံယောဇဉ်တွယ်တတ်တယ်နော်၊ အခုကြည့်လေ ကျော်စိုးလွင်ဟာ တပည့်ဆိုပေမယ့် ကွဲကွာနေတာကြာလှပြီပဲ၊ ဒါပေမဲ့ ဆရာမအနေနဲ့ လျစ်လျူရှုမထားနိုင်ဘူး မဟုတ်လား။ နည်းလမ်းမကျတာကို ဒုက္ခခံပြီးဆုံးမသွန်သင်ချင်တဲ့ စေတနာ အပြည့်ရှိတယ်၊ ဒီမှာဆိုရင် ဆရာတပည့်ဆက်ဆံရေးဟာ အလုပ်သဘော အရပဲ ခင်ဗျ။ ဒါ့ထက်ပိုလေ့မရှိကြဘူး။ ဂါရဝလဲ သိပ်ပေးနေစရာမလိုဘူး '

ပြောဆိုနေရင်းကပင် မထားအေးတို့ကားသည် နော်တာဒမ် ဘုရားရှိခိုးကျောင်းကြီး ရှေ့သို့ ရောက်လာကြသည်။ ထိုမှ တံတားကို ကျော်ဖြတ်လိုက်သောအခါ စိန်းမြစ်တစ်ဖက်ကမ်းသို့ ရောက်လေသည်။ ဦးတိုးမြင့်က ကားကိုအရှိန်လျှော့ပြီး ဖြည်းဖြည်းလေးမောင်းပေးသည်။ ဒီကနေ့ မိုးမှုန်လေးတွေ တဖွဲဖွဲကျနေသဖြင့် မြစ်ကမ်းပါးတစ်လျှောက်၌ ပန်းချီဆွဲသူ တစ်ယောက်

တစ်လေမျှပင် မတွေ့ရတော့။ ရှေ့နားကျလျှင် တွေလိမ့်နိုး၊ မြင်ရလိမ့်နိုးဟု ရင်ထဲကတထိတ်ထိတ် မျှော်လင့်ရင်းနှင့်ပင် အိမ်ပြန်ရောက်ခဲ့ကြသည်။ တွေ့တုန်းက လိပ်စာလေးမှမမေးမိဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး။

' တေပေပြီး အငတ်ခံနေမှ အနုပညာသမား ပီသတာမဟုတ်ပါဘူး။ သာမန်လူတစ်ယောက်လိုနေပြီး ကိုယ်ဖြစ်ချင်တာကို ဖွဲ့ရှိရှိ ကြိုးစားလို့လဲရပါတယ်။ မိဘစိတ်ချမ်းသာအောင်လုပ်ရင် ကိုယ်လဲစိတ်ချမ်းသာ ရမှာပဲ၊ မိဘစိတ်ဆင်းရဲအောင် လုပ်ရင် . . . '

ကျော်စိုးလွင်နှင့်တွေ့လျှင် ပြောမည်ဟု စိတ်ကူးထားခဲ့သော စကားများဖြစ်ပါ၏။

ဩော် . . . အခုတော့ သူ့ကံအတိုင်းပေပဲ။

' တေတေပေပေနှင့်ပင် စိတ်ထင်သလို ဘဝကို ရေစုန်မျှောဦးတော့ကွယ့်'

▼ ▼ ▼

လေယာဉ်ပေါ်သို့ရောက်လျှင် ပြတင်းပေါက်နှင့်အနီးဆုံး အောက်သို့ငုံ့ကြည့်လျှင်မြင်နိုင်မည့် ထိုင်ခုံကိုရွေးထိုင်လိုက်သည်။ ခရီးသည် သုံးပုံနှစ်ပုံ ခန့်သာပါသဖြင့် ကိုယ်ကြိုက်သည့်နေရာကို ထိုင်နိုင်ကြသည်။ ဝင်လာခါစမှာတော့ ကိုယ့်ပစ္စည်းကိုယ် နေရာချကြ၊ အနွေးထည်တွေ ခေါက်ကြ၊ သွင်းကြနှင့် တလှုပ်လှုပ် တရှုရှု အလုပ်ရှုပ်နေကြပြီး ခဏနေ၍ အားလုံးငြိမ်သက်သွားကြသည်။

လေယာဉ် ထွက်ပေပြီ။

တငြိမ့်ငြိမ့်တက်နေစဉ် မထားအေး မြေပြင်သို့ ငုံ့ကြည့်လိုက်သည်။ ဒီကနေတော့ ထူးထူးခြားခြား နံနက်ကတည်းက ရာသီဥတု ကောင်းနေသည်။ မိုးမရွာသည့်အပြင် နေရောင်ခြည်လင်းလင်းကလေးရှိနေသဖြင့် ခမ်းနားလှပသော ပဲရစ်မြို့ကြီးကို ရှုမငြီးဖွယ်ရာတွေ့မြင်ရသည်။

စစ်မက်မရှိ ငြိမ်းချမ်းသော တိုးတက်ချမ်းသာလျက်ရှိသော

တိုင်းပြည်တစ်ပြည်၏ မြင်ကွင်းသည် ကျက်သရေမင်္ဂလာ တစ်ပါးပါလာ၏။

ခေတ်မီ တိုက်တာ အဆောက်အဦးကြီးတွေကြားမှာတော့ ပြာလဲ့လဲ့ ခဲသားရောင်ရှိသော စိန်းမြစ်သည် ဖဲပြားကြီးတစ်ခုကို အသာအယာ ချထားသလို ကွေ့ကာဝိုက်ကာစီးဆင်းနေသည်။

ဩော် ... အခုလိုနေသာသည့် နေ့မျိုးဆိုလျှင်တော့ ထိုမြစ်၏ ဘယ်ဘက်ကမ်းပါးတစ်နေရာ၌ လေလွင့်နေ သော အိမ်ပြေးလူငယ် တစ်ဦးသည် မပြီးနိုင်သေးသော ပန်းချီကားတစ်ချပ်ကို ရေးဆွဲလျက်ရှိပေလိမ့်မည်။

မထားအေးတွေးနေဆဲမှာပင် ပဲရစ်မြို့ကြီးသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့တော့သည်။

♥ ♥ ♥

'တီချာ'

အဝေးရောက်နေသဖြင့် ခြောက်လခန့် ပစ်ထားခဲ့ရသော ပိန်းပင်ကလေးများကို အိုးပြောင်းရန် အုတ်ခဲကျိုးထုနေစဉ် ခေါ်သံကြားရသဖြင့် ခြံတံခါးဆီသို့ လှမ်းကြည့်လိုက်သည်။ ယောက်ျားကလေး တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်၊ ဝင်းတံခါးပျဉ်ချပ်က ကွယ်နေသဖြင့် သူတို့ မျက်နှာများကို ကောင်းကောင်းမမြင်ရပေ။ 'တီချာ' ဟု ခေါ်တော့ တပည့်ဟောင်းကလေးများပင် ဖြစ်မည်။

' အေးဟေ့၊ လာပြီ. လာပြီ '

လက်မှတူကိုချကာ ခြံတံခါးကို သွားဖွင့်ပေးလိုက်သည်။

ယောက်ျားကလေးက အသားညိုညို၊ မျက်နှာလုံးလုံး။ မိန်းကလေးကတော့ ဖြူဖြူသွယ်သွယ်လေး။ နှစ်ဦးစလုံး သပ်ရပ်ရည်မွန်စွာ ဝတ်ဆင်ထားကြပြီ။ ပြုံးပန်းပွင့်တွေ တဝေဝေနှင့်။

ပြန်သာပြုံးပြနေရသည်၊ မထားအေး သူတို့ကို ဘယ်သူဘယ်ဝါမှန်း မသိ၊ မမှတ်မိ။

' တီချာ ကျွန်တော့် မှတ်မိသလား '

မထားအေး အားနာနာနှင့်ဆက်ပြုံးနေသဖြင့် တပည့်ဖြစ်သူက အလိုက်သိစွာ နာမည်ထုတ်ပြောရှာသည်။

' ကျွန်တော်ရဲအောင်လေ တီချာ '

' အမယ်လေး ရဲအောင်၊ မင်း ရဲအောင် ဟုတ်လား။ တီချာ ဝမ်းသာလိုက်တာကွယ် '

သူ့ပခုံးကို လှမ်းကိုင်ပြီး ဝမ်းသာအားရ ပြောမိသည်။ ညှော်ခန်း၌ ထိုင်မိကြသောအခါ ရဲအောင်က သူနှင့်ပါလာသူ မိန်းကလေးနှင့် မိတ်ဆက် ပေးသည်။

' တီချာ သူ့နာမည်က အေးအေးခင်လို့ ခေါ်ပါတယ်၊ စာပေးစာယူ မှာ စာစဉ်နည်းပြ လုပ်နေပါတယ်။ ကျွန်တော်နဲ့ ပတ်သက်ပြီး အေးအေးခင် ကိုလဲ တီချာတပည့်လိုပဲ အောက်မေ့ပါ တီချာ '

အတော်လာသည့် ရဲအောင်ပါလား။ သူ့ မိန်းကလေးဖြစ်ကြောင်း ဆရာမကို အသိပေးပုံလေးက လိမ္မာယဉ်ကျေးလှသည်။

မထားအေး မျက်စိထဲမှာတော့ မိဘဆရာအသင်းကြေးမပေးနိုင် သဖြင့် မျက်ရည်တွေပါးပေါ် တလိမ့်လိမ့်ကျနေသောကောင်လေးကို မြင် ယောင်နေသည်။

' မင်း အခု ဘယ်မှာလုပ်နေသလဲ '

တပည့်ဟောင်းများနှင့် ဆုံသည့်အခါ လွှတ်ခနဲ မမေးမိအောင် အမြဲသတိထားရသည့် မေးခွန်းတစ်ခုပါပဲ၊ ဘွဲ့ရပြီး ခြောက်ကျပ်ပြားငါးဆယ် စား နေစားအလုပ်ကလေးတစ်ခုကိုပင် မရှိတ်မိနိုင်သဖြင့် စိတ်ပျက် အားငယ် နေသော တပည့်ကလေးများကို မေးမိ၍သူ့မှာမကြာခဏ အားတုံ့အားနာနှင့် စိတ်မကောင်းဖြစ်ရသည်။ ကိုယ်ကအကူအညီ ပေးနိုင်သူလည်းမဟုတ်။ ဒီတော့ အခြေအနေအရ အလုပ်အကိုင်လေးရှိပုံပေါ်မှပင် ရဲရဲမေးဝံ့သည်။

' အလုပ်ကတော့ မရသေးပါဘူး တီချာ၊ ကျွန်တော့်ထ(ဲ) စော တဲ့လူတွေတောင် မရကြသေးတော့ ကြာဦးမှာပါပဲ၊ အခု လောလောဆယ် တော့ အပြင်ဆေးခန်း၊ တနေ့ကို နှစ်ချိန်ထိုင်ပါတယ် '

' ဟော ... မင်း မင်း ဆရာဝန်ပေါ့ ဟုတ်လား '

မထားအေး အံ့ဩလွန်းသဖြင့် စကားပင်ဖြောင့်ဖြောင့်တန်းတန်း ထွက်မလာ။ ပြီးမှ သိပ်အံ့ဩနေလျှင် တစ်ဖက်သားကို အထင်သေးရာ ကျသဖြင့် သတိရပြီး ဣန္ဒြေပြန်ဆည်ရသည်။

' ရဲအောင်၊ တီချာ သိပ်ဝမ်းသာတာပဲကွယ် '

သူ့ကို လက်ကမ်းပေးရင်း လှိုက်လှိုက်လှဲလှဲကြီး ပြောမိသည်။

' တီချာက ကျွန်တော့်အခြေအနေတွေ အကုန်သိနေတော့ သိပ် အံ့ဩနေမှာပေါ့နော် '

' အေးကွယ် ... မင်းနဲ့ အဆက်ပြတ်သွားတာကလည်း ဆယ်နှစ် ကျော်ပြီလေ၊ မှတ်မိသလောက်ဆိုရင် မင်းရှစ်တန်းအောင်တဲ့နှစ်မှာ တီချာက ပညာရေးတက္ကသိုလ်ကို တစ်နှစ်သင်တန်းသွားတက်ရတယ်၊ သင်တန်း ပြီးတော့ တခြားကျောင်းကိုပြောင်းရတယ်၊ နောက်တော့ဆေးပင်စင် ယူရတယ်။ အဲဒီကတည်းက မင်းတို့နဲ့ မတွေ့တော့တာပဲ '

' ဒီလိုဆို တီချာကို ဆယ်တန်းအောင်တဲ့နှစ်ကစပြီး ပြောပြရမှာပေါ့ တီချာ သိတဲ့အတိုင်း အိမ်က ကျပ်ကျပ်တည်းတည်းနဲ့ပဲ ကျွန်တော်ဆယ်တန်း ကို ဂုဏ်ထူးသုံးခုနဲ့အောင်ပါတယ်၊ အမှတ်ကလဲ ဆေးတက္ကသိုလ် ဝင်ဖို့ မီပါတယ်၊ ဒါပေမယ့်တီချာရယ်၊ အိမ်ကအခြေအနေကြည့်လိုက်တော့အဖေက အစာအိမ်ရောဂါဖြစ်လို့ ဆေးရုံခဏခဏတက်နေရတယ်၊ အဘွားက လေဖြတ် ထားလို့ အိမ်မှာနာတာရှည်လူမမာ၊ ကျွန်တော်ကသားအကြီးဆုံး။ တာဝန် အရှိဆုံးလူ၊ ကျွန်တော့်အောက်မှာ အငယ်လေးယောက်ရှိသေးတယ်။ အခြေ အနေက မဖြစ်နိုင်သလောက် ဖြစ်နေတော့ ဆုံးဖြတ်ရတာ ရှုံးတောင် ရှုံးချင် ပါတယ်။ ဒါပေမယ့် ဖြစ်ချင်ရာဖြစ် နောက်မှကြည့်လုပ်မယ်ဆိုပြီး ဆေး တက္ကသိုလ်ပဲ လျှောက်လိုက်တော့ရပါတယ်။ ဒါပေမယ့် တစ်လ ရှိ နဲ့ မလောက်ဘူး တီချာ၊ ကျွန်တော် အလုပ်ထွက်လုပ်သင့်တဲ့အချိန်မှာ ကျောင်း ဆက်နေနေတော့ ဘယ်လိုမှအသက်မရှူသာတော့ဘူး။ ဒါနဲ့ တစ်ဖက် တစ်လမ်းက အလုပ်လုပ်ပြီး ဝင်ငွေရှာရတာပေါ့။ ရေစည်တွန်းလှည်း တစ်စီး ဝယ်ပြီး ညီငယ်နှစ်ယောက်နဲ့အတူ ရပ်ကွက်ထဲမှာရေပို့တယ်၊ လက်ဖက်ရည် ဆိုင်မှာ ညစောင့်အိပ်တဲ့အလုပ်လဲလုပ်တယ်၊ လက်ဖက်ရည် ဆိုင်က ညကို

တော်တော်နဲ့ ဆိုင်မသိမ်းဘူး။ ဆိုင်သိမ်းပြီးတော့လည်း ကျွန်တော့် တာဝန်က စားပွဲတွေကို ရေနဲ့သုတ်၊ သမံတလင်းကြမ်းပြင်ကို ရေဆေး ပေးရသေးတယ်။ အဲဒါတွေပြီးမှ ကျွန်တော်စာဖတ်ရတော့ ဒုတိယနှစ်မှာ တစ်ဘာသာ ဆပ်ပလီ ထိရော၊ စာကျက်ချိန်က သိပ်နည်းတာကိုး။ ကျွန်တော် အဲသလို အခက်အခဲ ဖြစ်နေတာကို ကျွန်တော်ရေသွားသွားပို့ရတဲ့ အိမ်က ဗိုလ်မှူးကသိသွားတော့ ခေါ်မေးတယ်၊ ကျွန်တော်က တွေ့နေရတဲ့ အခက်အခဲတွေကို ပြောပြတော့ သနားပြီး 'မင်းစိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့နဲ့၊ ငါတစ်လကို ငွေတစ်ရာ ငါးဆယ် ထောက်ပံ့မယ်၊ အလကားတော့ မဟုတ်ဘူး။ မင်းဆရာဝန်ဖြစ်တဲ့ တစ်နေ့မှာ ဒီငွေကိုပြန်ဆပ်ရမယ်တဲ့'။ ' ကျွန်တော် ဝမ်းသာအားရ လက်ခံ လိုက်တယ်။ ဒါ တင်မကဘူး။ အဖေ့ကိုလဲ သူ့မိတ်ဆွေဆရာဝန်ကြီးနဲ့အပ်ပြီး ဆေးကုသပေးတယ်။ ကျွန်တော့်ညီလေးတစ်ယောက်ကိုလဲ စက်ရုံမှာ အလုပ် သွင်းပေးတယ်၊ အခုတော့ အဖေလဲ ဗိုက်ခွဲပြီးနေကောင်းလို့ အလုပ်ကောင်း ကောင်းလုပ်နိုင်နေပါပြီ။ ညီလေး နှစ်ယောက်လဲ အလုပ်လုပ်ရင်း စာပေးစာယူ ဖြေနေကြတယ်။ အားလုံး ချောင်ချောင်လည်လည်နဲ့ အဆင်ပြေနေပြီ ဆိုပါ တော့ တီချာရယ် '

' စဉ်းစားကြည့်ရင် ကျွန်တော်ဟာ တကယ်ကို ကံကောင်းတဲ့ လူတစ်ယောက်လို့ ဆိုရမှာပေါ့နော်။ အကျဉ်းအကျပ် အခက်အခဲတွေ့ရင် ကျွန်တော့်ကို ကူညီမယ့်သူ အမြဲပေါ်လာတယ်။ တီချာသိတဲ့အတိုင်း ငယ် ငယ်တုန်းကလဲ ကျော်စိုးလွင်နဲ့တွေ့ရတယ်၊ ဟော့ အခုတော့လဲ မမျှော်လင့်ပဲ ကူညီမယ့်သူ တွေ့ပြန်တယ် '

' ဪ့ ဒါကတော့ မင်းကလဲ လိမ္မာလို့ သိတတ်လို့ပေါ့ကွယ်။ လူဆိုတာ လိမ္မာတဲ့သူ သိတတ်တဲ့သူကိုသာ အကူအညီ ပေးချင်ကြတာ ထုံးစံပဲ၊ အရေးကြီးတာက ကိုယ့်အပေါ်ပြုဖူးတဲ့ ကျေးဇူးကို ဘယ်လောက် ကြာကြာ မေ့မသွားရဘူး။ ဘယ်တော့မှလျှော့မတွက်ရဘူး။ ဒါကြောင့် မင်းရဲ့ကျေးဇူးရှင် ဗိုလ်မှူးကို အမြဲကန်တော့ပါ၊ သိတတ်ပါ၊ ကျေးဇူးပြုပါနော်။ ငွေဘယ်လောက်ရှိရှိ ဒီလိုကူညီတတ်တဲ့ လူ့မှုဝန်ထမ်းစိတ်ရှိတဲ့သူ အလွန်ရှား တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကို တီချာသိပ်ချီးကျူးပါတယ် '

' ဟုတ်ပါတယ် ... တီချာ၊ မိုလ်မှူးက ရိုးတယ်၊ ဖြောင့်တယ်၊ စကားအပိုမပြောဘူး။ ဒါပေမယ့် စေတနာ အလွန်ကောင်းပါတယ်။ သူ အခုမရှိတော့ပါဘူး တီချာ။ ကျွန်တော် အလုပ်သင်ဆရာဝန်လုပ်နေတုန်းမှာပဲ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်လို့ ဆုံးသွားပါတယ်။ ဟောဒီ အေးအေးခင်ဟာ သူ့သမီးပါပဲ။ သူတို့က သားအမိ နှစ်ယောက်တည်းကျန်ရစ်တာ၊ အခုတော့ စောင့်ရှောက်ဖို့ ကျွန်တော့်အလှည့်ပဲ ဆိုပါတော့ တီချာ'

ဖတ်ပေါင်းမိပေပြီ။

ဝမ်းမြောက်ကြည်နူးဖွယ် ကောင်းလှသော ဖတ်လမ်းလေးတစ်ပုဒ်ပါပဲ။

တပည့်ဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရသည့် အကြိမ်ပေါင်း မနည်းလှသည့်အနက် သည်တစ်ကြိမ်သည် မထားအေးရင်ထဲမှာ ကြည်နူးမိဆုံးဟု ထင်မိပေသည်။

ကျော်စိုးလွင်နှင့် တွေ့ခဲ့ရပုံကို ပြောပြတော့ ရဲအောင်က ...

' သူ မြန်မာပြည်မှာသာ နေရင် ဆရာဝန်ဖြစ်မှာပဲ ထင်တယ်နော်။ ကျွန်တော်တောင် ဖြစ်သေးတာ ' ဟု ပြောလေသည်။

' တီချာ ... အေးအေးတို့ မင်္ဂလာဆောင်ကျရင် ဆက်ဆက်လာပြီး ချီးမြှင့်ပါနော် '

သွားခါနီးထိုင်ကန်တော့ရင်း အေးအေးခင်က ပြောသည်။ မထားအေး သူတို့နှစ်ယောက်ကို ခြံဝအထိလိုက်ပို့ပြီးသောအခါ ဝင်းတံခါးကို ရုတ်တရက်ပြန်မပိတ်သေးဘဲ ရပ်ကြည့်နေမိသည်။

နံနက်ခင်းနေခြည်အောက်မှာ လျှောက်သွားကြသော နုပျို လန်းဆန်းသည့် လူငယ်နှစ်ဦး။

ခဲရာခဲဆစ်ဆွတ်ခူးရရှိသော ဘွဲ့ဒီဂရီတစ်ခု။ ဂုဏ်ရှိသော အသက်မွေးဝမ်းကျောင်းပညာ။ ပြီးတော့ သင့်တော်သော ဘဝအဖော်မွန်ဘစ်ယောက်။

လူ့ဘဝမှာ လိုလားတောင့်တအပ်သော အရာများနှင့် ပြည့်စုံပြီ ဖြစ်သော တပည့်အတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ပီတိ ဖြစ်ရသည်။ လောက၌ ဆရာတစ်ယောက်ဖြစ်ရခြင်း၏ အရသာဆိုသည် ဒါပဲဖြစ်လိမ့်မည်

ထင်သည်။

မထားအေး အိမ်ထဲသို့မဝင်ဖြစ်သေး။ ကြည်လင်အေးမြသော စိတ်ဖြင့် ပတ်ဝန်းကျင်သို့မျှော်ကြည့်မိပြန်သည်။

ဆောင်းနေခြည်သည် ချစ်စဖွယ်ဝင်းပနေသည်။

သစ်ရွက်စိမ်းစိမ်းတို့က နှင်းစက်တို့ဖြင့် လန်းစိုနေဆဲ။

ခြံထဲရှိ စံပယ်ရုံတွင် စံပယ်ပန်းတို့က ဖွေးလျက်၊ မွှေးလျက်။

မြန်မာပြည်၏ ဆောင်းဥတုသည် သာတောင့်သာယာ ရှိလျက် ပါကလား။

လွန်ခဲ့သည့် တစ်လခန့်က ကြုံတွေ့ခဲ့ရသော ပဲရစ်မြို့တော်၏ ဆောင်းတွင်းနှင့်နှိုင်းယှဉ်ကြည့်လိုက်တော့ 'အို၊ အပြတ်အသတ်ကွာတာပဲ' ဟု မထားအေးစိတ်ထဲက ရဲရဲကြီးမှတ်ချက်ချလိုက်မိလေသည်။

လုံမလေးမဂ္ဂဇင်း။ ၁၉၈၆ ဇန်နဝါရီ

# အမေမနေတတ်ဘူး

တစ်နေ့လုံးရထားစီးခဲ့ရသဖြင့် ' မောမောနှင့် အိပ်လိုက်မယ် ' ဟု စိတ်ထဲကကြုံးဝါးထားသော်လည်း တကယ်တန်းအိပ်ရာထဲရောက်တော့အိပ်မပျော်။ စောင်ခြုံထားပါလျက် ဒေါ်အေးမေစိတ်ထဲက ဟာတာဟာတာကြီးနှင့် တစ်စုံတစ်ခုလိုနေသလို ခံစားနေရသည်။ နောက်တော့မှ " သြော် ... ခြင်ထောင်နဲ့ အိပ်နေကျ၊ ခြင်ထောင်မပါလို့ကိုး "ဟုသတိပြုမိလေသည်။ တစ်အိမ်လုံးခြင်ဆန်ခါတပ်ထားတော့ ခြင်ထောင်မလိုဘူးပေါ့။ ဟိုဘက်စောင်း သည်ဘက်လှည့်နှင့် နာရီပြန်နှစ်ချက်လောက်မှ မှေးခနဲ အိပ်ပျော်သွားလေသည်။

သို့သော် ၅ နာရီထိုးသည်နှင့် တစ်သက်လုံး ကျင့်သားရနေတဲ့ မျက်စိက ဒက်ခနဲပွင့်တော့သည်။ ဒါကလည်း ငယ်ငယ်လေးထဲက ကျေးဇူးရှင်မိဘများ လေ့ကျင့်ပေးလိုက်တဲ့အကျင့်။ နေမြင့်အောင်အိပ်လျှင် လာဘ်တိတ်သတဲ့။ ဒေါ်အေးရွှေတို့ မိဘများက သားသမီးများကို စောစောအိပ်၊ စောစောထပြီးဆွမ်းချက်၊ သောက်ရေအိုးရေဖြည့်။ ရေအိုးဖုံးနှင့် သောက်ရေဖလား ဆေးကြော။ ဘုရားရေတော်လဲ၊ ဆွမ်းတော်ပွဲပြင် စတဲ့ မင်္ဂလာရှိသောအလုပ်တွေကို ဆောင်ရွက်စေခဲ့သဖြင့် ဒီအကျင့်တွေက အဘွားကြီး ဖြစ်လာသည့် အချိန်အထိ ခိုင်မြဲနေခဲ့သည်။

ဒေါ်အေးရွှေသည် ခုတင်ဘေးကြမ်းပေါ်တွင် ပိုးစိုးပက်စက် အိပ်နေသော အိမ်ဖော်မလေးနိုးပြီလားဟု အကဲခတ်သည်။ တုတ်တုတ်မျှမလှုပ်သေး။ နိုးပြီဆိုတာနှင့် အိပ်ရာထဲမှာ နှပ်မနေတတ်။ ချက်ချင်းထချင်တဲ့

အကျင့်ကလဲ သူ့မှာတစ်ဒုက္ခ။ ယခုလည်း ထချင်လှပြီ၊ ညောင်းလှပြီ။ သို့ပေမယ့် ကိုယ့်အိမ်မဟုတ်၊ ကိုယ့်သမီးအိမ်။ ညကမှရောက်တာဆိုတော့ ညှိသည်လို ဘယ်နား ဘာရှိမှန်းပင် မသိသေး။ သူအရင်ရောက်ဖူးတာက ပြည်ထောင်စုရိပ်သာက အစိုးရတိုက်ခန်း။ ယခုအိမ်က ဆောက်ပြီးတာ မကြာသေးသည့် ကိုယ်ပိုင်ခေတ်မီနှစ်ထပ်တိုက် ဖြစ်သည်။

အိမ်သစ်သို့ပြောင်းပြီးနောက် သမီးနှင့်သမက်တို့က အတန်တန် ခေါ်ပေမယ့် ဒေါ်အေးရွှေ တစ်ခေါက်မျှမရောက်ဖြစ်ခဲ့၊ အသက်ကြီး၍ ခရီးသွားရမှာ ဝန်လေး၍လား၊ ကိုယ့်ဇာတိမြို့လေးနှင့် ကိုယ့်အိမ် ကိုယ့်ယာ၊ ကိုယ့် အသိုက်အဝန်းလေးကို ကြာလေတွယ်တာလေ ဖြစ်နေ၍လားဆိုတာတော့ သူသေသေချာချာ မစဉ်းစားမိခဲ့ချေ။

ဒီတစ်ခေါက်တော့ သမီးကြီးကမွေးသည့် မြေးဦး ဆရာဝန်ဘွဲ့ရ မသန္တာ ဆရာဝန်တစ်ယောက်နှင့် လက်ထပ်တော့မည်ဖြစ်၍ ဤမင်္ဂလာပွဲကို အကြောင်းပြုပြီး ဒေါ်အေးရွှေရန်ကုန်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ဒေါ်အေးရွှေတွင် မိမိအေးနှင့် မိမိထွေးဟူ၍ သမီးနှစ်ယောက်သာ ရှိရာ နှစ်ယောက်လုံး ခေတ်ပညာတတ်ဘွဲ့ရများဖြစ်သည်။ သမီးကြီး မိမိအေး ၏ခင်ပွန်းက ဌာနကြီးမှူးအရာရှိကြီးဖြစ်၍ မိမိအေးကလည်း လစာ ၈၀၀ စား အရာရှိတစ်ဦးဖြစ်သည်။ သမီးအငယ် မိမိထွေးကတော့ တက္ကသိုလ်မှ လက်ထောက်ကထိက၊ သူ့ယောက်ျားက ဆရာဝန်ဖြစ်သည်။ ယခု သူတို့ နှစ်ဦးလုံး အလုပ်မှထွက်ပြီး နိုင်ငံခြားမှာအလုပ်သွားလုပ်နေကြသည်။

ခေတ်ပညာတတ် ကတော်စာရင်းဝင် သမီးနှစ်ယောက်အတွက် ဒေါ်အေးရွှေ ဂုဏ်ရှိလှပါ၏။ ကျောင်းပိတ်သည့်အခါ သို့မဟုတ် သမက်လုပ်သူ တာဝန်နှင့် နယ်ထွက်သည့်အခါတွင် သမီးနှင့်မြေးများ လိုက်လာတတ်ကြ သည်၊ ထိုအခါမျိုးတွင် ဒေါ်အေးရွှေတို့အိမ်ရှေ့မှာ ကားတွေ အစီအရီရပ်ထားမှ ဖြင့် အရပ်ကထွက်ကြည့်ရသည်။ သို့ပေမယ့် သမီးတို့နှင့် ကျောင်းနေဖက်၊ သူငယ်ချင်းတချို့ ဒီမြို့ဒီရွာမှာပင် အခြေကျပြီး မိဘများနှင့် မခွဲမခွာနေကြ သည်များကို တွေ့ရသည့်အခါမျိုးမှာတော့ ဒေါ်အေးရွှေ ဝမ်းနည်းသလိုလို ခံစားရသည်။ သူတို့ကို တက္ကသိုလ်တက်ပြီး ခေတ်ပညာတတ်ကြီးတွေ

ဖြစ်စေခြင်းသည် မိမိ၏ ဇာတိရပ်ရွာနှင့် တစ်သက်လုံး ကင်းကွာသွားအောင် စီမံဖန်တီးပေးလိုက်သလိုပါပဲလားဟု အောက်မေ့မိ၏။

လွန်ခဲ့သည့် ၁၀ နှစ်ကျော်က သူတို့ဖခင်ကွယ်လွန်သောအခါ ရန်ကုန်ရှိ သမီးများ၊ သမက်များက သူတို့ အိမ်တွေမှာလာနေဖို့ လိုလိုချင်ချင် ကြင်ကြင်နာနာ ခေါ်ကြပါရဲ့။ သို့ပေမယ့် စိတ်ပြေလက်ပျောက် ခဏတစ်ဖြုတ် သွားလည်သည်မှအပ ဘယ်သမီးနှင့်မျှ လိုက်မနေခဲ့ပေ။ ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ ကိုယ်နေထိုင်ကြီးပြင်းခဲ့ရာ ဒီမြို့လေးက ကိုယ့်အိမ် ကိုယ့်ယာ မှာပင် ခင်ဆင့်တို့လင်မယားမိသားစုနှင့် အတူနေထိုင်ခဲ့သည်။ ခင်ဆင့်ဆိုတာ ကတောမှခေါ်ထားသော ဆွေမျိုးနီးစပ်မိန်းကလေးဖြစ်သည်။ ဒေါ်အေးရွှေတို့ အိမ်ကို ရှစ်နှစ်သမီးလောက်ကရောက်လာခဲ့သူမို့ ဝမ်းမနာသမီးပဲ ဆိုပါတော့။ ယခု အသက် ၃၈ နှစ်အရွယ်ရှိပြီ။ ကုန်သွယ်ရေးမှ စာရေးဝန်ထမ်းတစ်ဦးနှင့် အိမ်ထောင်ကျပြီး ကလေးသုံးယောက်ပင်ရနေပြီ။ ဒေါ်အေးရွှေနှင့် အတူတူ နေလျက် ဝတ်ကြီးဝတ်ငယ်ပြုနေခဲ့သည်မှာ အနှစ် ၃၀ ကျော်ပေါ့ လို့မှာသည်၊ သိတတ်သည်။ ဒေါ်အေးရွှေကို အမေအရင်းလို ချစ်ခင်တွယ်တာလေသည်။

ခင်ဆင့်သမီးအကြီးဆုံး မခင်ခင်ဝင်းက ယခုနှစ် ရှစ်တန်း၊ အသက် ၁၃ နှစ်သာ ရှိသေးပေမယ့် လူကြီးကလေးလို အိမ်အလုပ်များကို ဒေါ်အေးရွှေ လက်ကျ ကူညီလုပ်ကိုင်တတ်သည်။ အငယ်နှစ်ယောက်ဖြစ်တဲ့ ၁၁ နှစ် အရွယ် ခင်ခင်သင်းနှင့် ၆ နှစ်သား ဖိုးလူတို့ကတောင် ဒေါ်အေးရွှေအတွက် ဆေးပေးမီးယူ လက်တိုလက်တောင်း ခိုင်းလို့ကောင်းနေပြီ။

ဒီအချိန်ဆို ခင်ဝင်းတို့ ဘုရားရှိခိုးပြီးကြ၍ စာကျက်နေကြရော့မည်။ ဒေါ်အေးရွှေ ချပေးသည့်စနစ်အတိုင်း အားလုံး စောစောအိပ် စောစောထပြီး စာကျက်ကြရသည်။ သွေးရင်းသားရင်း မဟုတ်ပေမယ့် ကိုယ့်ရှေ့တွင် မွေးဖွား ကြီးပြင်းလာသူလေးတွေဖြစ်၍ ကိုယ့်မြေးအရင်းတွေနှင့်မခြား သံယောဇဉ် တွယ်နေခဲ့သည်။ ထို့ကြောင့်ပင် သမီးက အိမ်ဆောက်ပြီးပြီဖြစ်၍ 'ကျယ်ကျယ် ဝန်းဝန်း ချမ်းချမ်းသာသာ လာနေလှည့်ပါတော့'ဟုခေါ်တော့ သူ့မှာ ချီတုံ ချတုံနှင့် အဖြေမပေးနိုင်ခဲ့။

လွန်ခဲ့သည့် ခြောက်လခန့်ကတော့ သွေးတိုးရောဂါဖြစ်လာပြီး

မကြာခဏ မူးတတ်လာသည်။ အသက်က စကားပြောပြီး၊ ဇရာက ဇာတိပြပြီး၊ တစ်ကြိမ်ကဆိုလျှင် ၁၀ ရက်ခန့် အိပ်ရာကမထနိုင်အောင်ဖြစ်ခဲ့၍ သမီးဖြစ်သူကိုယ်တိုင် အလုပ်မှခွင့်ယူလိုက်လာပြီး အနီးဆုံးမြို့ကြီးရှိ သူ့မိတ်ဆွေ ဆရာဝန်ကြီးကိုပင့်၍ ပြသပေးခဲ့ရလေသည်။

ဒီတော့ ရပ်ရွာအပေါင်းအသင်းများက 'မအေးရွှေနော်၊ စိတ်ကူးမလွဲနဲ့နော်၊ ကိုယ့်သမီးအရင်းတစ်ယောက်လုံး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ရှိနေတာ အတူတူသွားနေဖို့ကောင်းပြီ။ ကိုယ်တကယ်ဖြစ်တော့ ခင်ဆင့်တို့က ဘာနားလည်လို့တုံး။ သမီးတွေ သမက်တွေကသာ တတ်နိုင်တာ၊ အရှည်ကို စဉ်းစားပါ' စသဖြင့် စေတနာထား၍ တိုက်တွန်းပြောဆိုလာကြသည်။ သူတို့ပြောတာလဲ ဟုတ်ပေသားပဲ။ ဒီလိုဆိုလျှင်လည်း လက်ရှိအိမ်နှင့် ဝိုင်းကွက်ကို ရောင်း၊ ခင်ဆင့်တို့ မိသားစုအတွက် သင့်တင့်သော အိမ်ကလေးတစ်လုံးဝယ်ပေးပြီး ကျန်ငွေကိုတော့ မသေခင်မှာ မညီမညာရရ တစ်ခုခုလှူဒါန်းလိုက်ရလျှင် ကောင်းမှာဟု စိတ်ကူးမိသည်။ ယခု မြေးကြီး မသန္တာမင်္ဂလာဆောင်ကို လာခြင်းသည် တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဤအစီအစဉ်ကို သမီးအား ပြောပြတိုင်ပင်ရန် ဖြစ်လေသည်။

၆ နာရီသံချောင်းခေါက်သံသည် ဒေါ်အေးရွှေအတွေးများကို ရပ်ဆိုင်းသွားစေခဲ့သည်။ သူ့ခုတင်ဘေးကြမ်းပေါ်မှာ အိပ်မောကျနေသော မချောလေးသည် လူးလဲထကာ သူ့ဖျာနှင့်ခေါင်းအုံးကိုသိမ်းပြီး အခန်းထဲမှ ထွက်သွား၏။ မီးဖိုဆီမှလည်း အိုးသံ ခွက်သံ စတင်ကြားရပြီ။

ဒေါ်အေးရွှေ အိပ်ရာမှထသည်။ ရေချိုးခန်းသို့ဝင်၍ မျက်နှာသစ်၊ ပါလာသော သနပ်ခါးဘူးလေးထဲမှ ခင်ဝင်းတို့ ခင်သင်းတို့ အသင့်သွေးပေးလိုက်သော သနပ်ခါးကိုထုတ်ပြီး မျက်နှာကိုပွတ်သည်။ ပြီးတော့ ခေါင်းဖြီး၊ ညဝတ်အင်္ကျီ၊ လုံချည်များကို လဲလှယ်ကာ မီးဖိုခန်းသို့ထွက်ခဲ့၏။

' ရေနွေးကျိုတုန်း ... ခဏနေမှ ကော်ဖီရမယ် အဘွား '

ထမင်းချက်အမျိုးသမီးက ဆီးပြောသည်။

' အင်း ... ၆ နာရီခွဲပြီ။ ရေနွေးကျိုတုန်းတဲ့။ အိမ်ကြီးရှင်[illegible] တစ်ယောက်မှ ထသေးဟန်မတူ။ မီးဖိုဘက်ရှိ ရှေ့[illegible]ါက်မှ ခြံထဲဆင်း၊

လျှောက်ရင်း ရွတ်နေကျ တရဏာပရိတ်နှင့်မေတ္တာသုတ်ကို ရွတ်သည်။ ပြီး၍ အိမ်ထဲပြန်ဝင်လာတော့ ထမင်းစားပွဲပေါ်မှာ ကော်ဖီနှင့် ပေါင်မုန့်မီးကင် ထောပတ်သုတ် အသင့်ဖြစ်နေပြီ။

အေးအေးဆေးဆေး စားသောက်ပြီး၍ နာရီကြည့်လိုက်တော့ ၇ နာရီခွဲ။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေဆဲပင်ရှိသေးသည်။ ဆွမ်းကပ်ရန် ထမင်းကျက်ပြီလားဟု မီးဖိုထဲဝင်၍ အခြေအနေကိုကြည့်တော့ ဆန်က ဆေးတုန်း။

ဒေါ်အေးရွှေ ပြန်လှည့်ခဲ့ပြီး အိပ်ခန်းထဲမှာပင် ဘုရားရှိခိုးသည်။ ပြီးတော့ ကြာကြာနေမည်ဟုရည်ရွယ်၍ သားရေသေတ္တာနှင့်အပြည့် ယူလာသော အဝတ်အစား အနွေးထည်၊ ဆေးဝါးနှင့် သူနေ့စဉ်သုံးနေကျ အသုံးအဆောင်လေးများကိုထုတ်ပြီး နေရာချ။ အဲဒါပြီးတော့ လုပ်စရာမရှိတော့၍ အခန်းကို လှည့်ပတ်ပြီး ကြက်မွေးလှည်း။ ဖုံသုတ်အလုပ်ရှာလုပ်ရင်း သမီးနှင့် မြေးများ အိပ်ရာမှ နိုးထမည့်အချိန်ကို စောင့်နေလေသည်။

၈ နာရီထိုးပြီ။

‘ ဟင် ... မေမေ နိုးနေပြီလား။ ညကအိပ်ပျော်ရဲ့လား ’ သမီး မိမိအေးက အခန်းဝမှာ လာရပ်ပြီး မေးသဖြင့် –

‘ ပျော်ပါတယ်သမီးရယ် ’ ဟု မုသားသုံးလိုက်ရသည်။

‘ မေမေ့မြေးတွေနဲ့ သူတို့အဖေတော့ ညက ဗွီဒီယို နှစ်ကား တွဲကြည့်လို့ မထနိုင်ကြသေးဘူး။ ရုံးပိတ်ရက်ဆို ဒီလိုပဲမေမေရေ၊ မိမိ ဟင်း စီစဉ်လိုက်ဦးမယ်နော် ... ’

ပြောပြောဆိုဆို ခပ်သုတ်သုတ် ထွက်သွားသောသမီးကိုကြည့်ကာ အသက် ၅၀ လို့ပြောရင် ဘယ်သူမှယုံမှာမဟုတ်ဘူး။ ငါ့သမီးက အရွယ်တင် လိုက်တာဟု ကျေနပ်သွားသည်။ သူ့ဒီအရွယ်တုန်းက ဘီးဆံပတ်ကြီးနှင့် တကယ့်အဘွားကြီးလို မဟုတ်လား။ အခုတော့ မိမိက ဘလောက်စ်အင်္ကျီနှင့် ကောက်ထားသော ဆံပင်တိုလေးကို အိမ်နေရင်းမို့ ချည်နှောင်မထားတော့ တကယ့်ကို နုပျိုလှသည်။

၈ နာရီခွဲတော့ အပေါ်ထပ်မှကျယ်လောင်သော ကက်ဆက်သီချင်း

သံကို စတင်ကြားရလေသည်။ မျက်စိနှစ်လုံးပွင့်သည်နှင့် ကက်ဆက်ခလုတ် အရင်ဆုံးနှိပ်ကြဟန်တူပါရဲ့။ လူရောက်မလာသေးဘဲ တီးသံ၊မှုတ်သံ တဒုန်း ဒုန်းကိုသာ ကြားနေရခြင်းဖြစ်သည်။

တစ်အောင့်လောက်နေတော့ ထမင်းစားခန်းဆီမှ သီချင်းသံရော၊ စကားပြောသံတွေပါ ကြားလာရသဖြင့် ဒေါ်အေးရွှေအခန်းမှထွက်ခဲ့ပြီး၊ ကော်ဖီသောက်နေသော မြေးများရှိရာသို့လာခဲ့၏။ ညတုန်းက ရထားဆင်းစ ခေါင်းထဲက မူးတိမူးနောက်မို့ မြေးများကို သေသေချာချာ မကြည့်နိုင်ခဲ့။ အခုမှ စားပွဲထိပ်မှထိုင်ပြီး တစ်ဦးချင်းအားရပါးရကြည့်ရလေသည်။

စက်မှုတက္ကသိုလ်ကျောင်းသားမြေးအကြီးဆုံး အောင်မိုးလှိုင်က အသက် ၁၈ နှစ် မပြည့်သေးပေမယ့် အသက်နှင့်မလိုက်အောင် ထွားကျိုင်း လှသည့် လူချောကြီးပါလား။ အဖျိုတွေ ဝိုင်းဝိုင်းလည်နေဦးမှာပေါ့။ သူ့ထက် အငယ် အောင်စိုးလှိုင်ကလည်း အရပ်ကြီးရှည်လာလိုက်တာ ဒီနှစ် ၁၀တန်း ဖြေရမှာမို့ စာကျက်ရထင်ပါရဲ့၊ ပိန်ရှည်ရှည်ကြီး ဖြစ်နေသည်။ ကိုးနှစ်အရွယ် သမီးထွေးလေး ခင်စန္ဒာလှိုင်ကတော့ သူ့အမေအသက် ၄၀ ကျမှမွေးသည့် ကလေး။ ငယ်ငယ်တုန်းက အလွန်ချူချာခဲ့သည်။ အခု ကျန်းကျန်းမာမာဖြစ် နေလျှင် ဒေါ်အေးရွှေဝမ်းသာရသည်။ အကြီးဆုံးမသတို့သမီးလောင်း တင်သန္တာလှိုင်ခေါ်မီးမီးက အပေါ်ထပ်မှ ဆင်းမလာသေးပေ။

' မင်းတို့မမကြီးကော မနိုးသေးဘူးလားကွယ့် '

' နိုးပြီ ဘွားဘွားရဲ့၊ ဒါပေမယ့် သူကအလှပြင်နေတုန်း နောက်ထပ် တစ်နာရီလောက်နေရင် ပြီးမှာပါ။ ဟဲ ... ဟဲ '

အငယ်ကောင်ကိုစိုးက သူ့ဝသီအတိုင်း ရွှတ်နောက်နောက် ရယ် ကျဲကျဲပြန်ဖြေသည်။

' တီတီ ... တီ ... တီ '

အိမ်ရှေ့မှကားဟွန်းသံကြားသဖြင့် ကိုစိုး ကမန်းကတန်းပြေးထွက် သွားကြည့်သည်။

' ဟောဒီမှာ မုန့်ဟင်းခါးလာပြီဗျို့ ' ဟုအော်ရင်း လေးဆင့်ချိုင့်ကြီး ကိုဆွဲ၍ ကိုစိုး ချက်ချင်းပြန်ဝင်လာသည်။ သူ့နောက်မှ ကျင်းဆောင်းဘီနှင့်

တီရှပ်ဝတ်ထားသော ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ ကောင်လေးတစ်ယောက် လည်းပါလာသည်။ ထမင်းစားခန်းမှ ဆူဆူညံညံအသံများကြောင့် သူတို့အမေ မီးဖိုထဲမှထွက်လာပြီး ငေးသည်ကိုနှုတ်ဆက်သည်။

' ဟော၊ ကိုဖြိုးလာပြီ ၊ မင်း မုန့်ဟင်းခါးဝယ်ခဲ့မယ်ဆိုလို့မင့်ညီတွေ စောင့်နေကြတာ မြင်တယ်မို့လား။ သြော် ... မေမေ၊ ဒါ မေမေ့မြေး သတို့သားလောင်းလေ၊ နာမည်က ဇေယျာဖြိုးတဲ့၊ ကိုဖြိုးလို့ပဲ ခေါ်ကြပါတယ်'

ထိုအခါ သူငယ်လေးက ခါးလေးညွှတ်ပြီး ' နေကောင်းပါရဲ့လားဘွားဘွား ' ဟု ရိုရိုသေသေနှုတ်ဆက်သည်။' ကောင်းပါတယ်ကွယ် 'ဟု ဒေါ်အေးရွှေက အလိုက်သင့်ပြန်ဖြေရင်း စိတ်ထဲက ' အင်း ... ဆရာဝန်ဆိုပြီး ကျားကျားလျားလျား မရှိလိုက်တာနော်၊ ဝတ်စားထားပုံကလဲ မသိတဲ့သူဆိုရင် ကျောင်းသားလို့ ထင်မှာပဲ ' ဟု တွေးနေမိ၏။

မအေက ချိုင့်တွေဖြုတ်ပြီး မုန့်ဟင်းခါးပွဲတွေ ပြင်ပေးတော့ လေးယောက်သား ပိုးစာကျွေးသလို၊ တရှူးရှူး တရှဲရှဲ စားလိုက်ကြတာ။

မြေးတွေအစားကောင်းပုံကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေစဉ် ကိုစိုးက ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီး ...

' အားလုံးသတိ။ မကြာခင် ဟေမာနေဝင်း ရောက်လာပါတော့မယ် ခင်ဗျာ 'ဟု ခပ်တည်တည်အော်လိုက်သဖြင့် အားလုံးကြောင်သွားပြီး အဝင်ပေါက်ဆီသို့ လှည့်ကြည့်မိကြတော့သည်။ ထိုစဉ် မသန္တာသည် ခုံမြင့်ဖိနပ် တဒေါက်ဒေါက်ဖြင့် ကြော့ကြော့လေး ဝင်လာပြီး ကိုစိုးအနီးသို့ သွားကာ ဘာမပြောညာမပြော ခေါင်းကိုဒေါက်ခနဲခေါက်လိုက်ရာ ကိုစိုးက 'အောင်မလေးဗျ၊ နာတယ်ဗျို့ 'ဟု အော်သဖြင့် အားလုံးဝိုင်းရယ်ကြလေသည်။ ပြီးမှ မသန္တာသည် သူ့အဘွားရှေ့မှာ လှလှလေးရပ်ပြီး ...

' ဘွားဘွား ... ဟိုမှာ သန္တာလူ တွေ့ပြီလား 'ဟု အသံချိုချိုလွင်လွင်ဖြင့်မေးသည်။

' တွေ့ပါပြီတော် ... တွေ့ပါပြီ '

ဒေါ်အေးရွှေက ပြန်ဖြေရင်း မြေးဖြစ်သူကို တအံ့တသြစိုက်ကြည့်နေမိလေသည်။

ဒါလားတော် ဆရာဝန်မ၊ ဆံပင်တိုနဲ့နဲ့၊ နားဆွဲကြီးတစ်တောင်လောက်၊ ထဘီဒူးဆစ်ရောက်နှင့်၊ တီဗွီမှာသွားပြီး အဆိုတော်လုပ်ဖို့သာကောင်းတော့သည်။ ဒီခေတ်လူငယ်တွေ ကိုယ့်အလုပ် ကိုယ့်ဂုဏ်ဒြပ်နှင့်အညီ သိက္ခာရှိရှိ မဝတ်မစားတတ်ကြတာကို ဒေါ်အေးရွှေ ဝမ်းနည်းမိသည်။ ခေတ်ကာလကို အပြစ်တင်ရမလား။ အသွန်အသင်နည်းတဲ့ မိဘတွေကိုပဲ အပြစ်တင်ရမလား။။ ဒေါ်အေးရွှေကတော့ မိဘကိုသာ အပြစ်ဆိုချင်သည်။

' ကဲ ... ကဲ ... မြန်မြန်စား မိသန္တာ၊ဝေရမယ့် ဖိတ်စာတွေက အများကြီး။ စောစောထွက်မှနော် '

မအေက မုန့်ဟင်းခါးပန်းကန်ချပေးရင်း။ လောဆော်သော်လည်း မသန္တာက ချက်ချင်းမစားသေးဘဲ –

' ကိုဖြိုး 'မီး' ညကခေါင်းတစ်အားကိုက်တယ်။ အခုမနက်လည်း ကိုက်တုန်းပဲ ဖျားသလား မသိဘူး ' ဟု ချွဲချွဲနွဲ့နွဲ့ပြောနေသည်။

' အခုစားပြီးရင် ပါရာစီတာမောတစ်လုံး သောက်လိုက်ပေါ့ '

ကိုဖြိုးက မုန့်ဟင်းခါးစားမပျက် ခပ်ပေါ့ပေါ့ပြန်ဖြေလိုက်သဖြင့် နှုတ်ခမ်းစူသွားပြီး မျက်စောင်းထိုးကြည့်သည်။

'စမ်းလဲမကြည့်ဘဲနဲ့ အဲဒီလိုရမ်းမပြောနဲ့ မယုံရင်စမ်းကြည့် စမ်းကြည့် တကယ်ပူတယ် သိလား' ဟုပြောရင်း ကိုဖြိုးလက်ကိုဆွဲယူ၍သူ့ပါး၊ နဖူးနှင့် လည်ပင်းများကို စမ်းခိုင်းနေသဖြင့် အသက် ၇၀ ကျော် အဘွားကြီး ဒေါ်အေးရွှေ မျက်နှာမထားတတ်၍ စားပွဲမှအသာထခဲ့ရလေသည်။

ခေတ်ကာလလူငယ်များ တယ် အသိတရား နည်းကြရှာသည်၊ လူကြီးတွေ မျက်စိအောက်မှာ သူတို့နှစ်ယောက်တည်းရှိသလို ချွဲနွဲ့ ကျီစယ်နေခြင်းသည်၊ တကယ်တော့ လူကြီးများကို မရိုသေရာ ကျပါကလားဟု သိကြဟန်မတူ။ အမေလုပ်သူကလည်း သမီးကို ဒီလိုနေဒီလိုထိုင်ဟု ဆုံးမထားပုံမရ။ ' အင်း ' ဟု စိတ်ထဲက အင်းရှည်ကြီးသာ ဆွဲမိတော့သည်။

ဒေါ်အေးရွှေ အိမ်ရှေ့ပန်းခြံထဲ၌ လမ်းလျှောက်နေစဉ် မသန္တာတို့ဂုံတွဲလက်ချင်းတွဲချိတ်၍ထွက်လာပြီး ကားဖြင့်ထွက်သွားကြလေသည်။ လက်မထပ်ရသေးပေမယ့် တကယ့်ဇနီးမောင်နှံနှစ်ဦးလို ရင်း[illegible] ထိပိုင်နိုင်နိုင်ပါပဲ။

သူ့တုန်းက သူနဲ့သူတို့အဘိုးကိုဘာအုန်း စေ့စပ်ထားစဉ်တုန်းက ခုလို ပါးလေး စမ်းကြည့်ဖို့ဝေးလို့၊ လက်ချင်းချိတ်ဖို့ဝေးလို့ အို ့ တွေးကြည့်လျှင် ခုတောင် ရှက်ပြုံး ပြုံးမိချင်သေးသည်။

♥ ♥ ♥

' အရွှေ ... နင့်ကို ကျောက်ဆည်က ရွှေနေဦးဘာသိန်းသားက သဘောကျလို့ အမေတို့က ပေးစားဖို့သဘောတူလိုက်ပြီတဲ့တော့ သိလား'

အစ်မ မအေးမေက ဒီလိုပြောလိုက်တော့ မအေးရွှေ နားတွေ၊ ပါးတွေ ပူတက်သွားအောင် ရှက်လိုက်တာ။ ဒါတောင် အနီးအနားမှာ ဘယ်သူမှရှိသည်မဟုတ်။ သည်တုန်းကတော့ မိဘများက ကောင်းသည် ထင်၍ စီမံသည်ကို သားသမီးများက ချီသည် ခါးသည်မပြောဘဲ လက်ခံ နားထောင်ကြသည်မှာ ထုံးစံဖြစ်သည်။ မအေးရွှေတို့ ညီအစ်မသုံးယောက်တွင် မရွှေက အလတ်ဖြစ်သည်။ အစ်မကြီးကို ကျော်ပြီး သူ့ကိုလိုချင်ပါသည်ဆို သော ဦးဘာသိန်း၏သားဆိုသူကို သူ တစ်ကြိမ်သာ မြင်ဖူးခဲ့သည်။ မြင်ဖူး တယ်ဆိုတာတောင် သေသေချာချာမြင်ဖူးသည်မဟုတ်၊ သူတို့မိသားစု ရန် ကုန်က အပြန် အိမ်ခဏဝင်ကြတော့ အမေက ဒါသမီးတွေပဲဟု ဧည့်ခန်း ထဲမှာ ခဏထိုင်နိုင်းပြီး ပြလိုက်တာ ငါးမိနစ်လောက်ပဲ ရှိမှာပါ။ ယောကျ်ားပျို ရှိနေ၍ သူတို့ညီအစ်မသုံးယောက်လုံး ခေါင်းမဖော်ရဲ ဟိုလူကလည်း မိန်းက လေးတွေရှေ့မို့ ရှက်နေလို့ ခေါင်းကြီး ငုံ့ထားသဖြင့် သူ့မျက်နှာ ဘယ်လိုပုံ ပန်းရှိမှန်းပင် မအေးရွှေတို့ မသိလိုက်ရပေ။

ဒီလိုနှင့်ပင် သူနှင့် ကိုဘာအုန်းတို့ လူကြီးချင်း စေ့စပ်ကြောင်းလမ်းပြီး စီးခဲ့ရသည်။ ကြောင်းလမ်းပြီးပေမယ့် သတို့သားခများ အခု သူတို့လို ရဲရဲ တင်းတင်းလာတွေ့ရဲသည်မဟုတ်၊ နေတာကလည်း တစ်မြို့တစ်ရွာစီမို့ မင်္ဂလာဆောင်ဖို့သုံးရက်အလိုမှပင် နှစ်ဦးတည်း သက်သက် စကားပြောခွင့်ရ ခဲ့လေသည်။

မှတ်မိသေးသည်။

အိမ်ဝင်းထဲမှာ မင်္ဂလာမဏ္ဍပ်ထိုးနေပြီ။ သတို့သားမိသားစုက သုံးအိမ်ကျော်က ဆွေမျိုးအိမ်မှာ တည်းခိုနေပြီး ထမင်းကိုတော့ အိမ်မှာ လာစားကြသည်။ ထို့ကြောင့် နှစ်ဦးသားနေ့တိုင်းတွေ့နေရသော်လည်း မိဘ ဆွေမျိုးများရှေ့မှာဖြစ်၍ စကားပြောမထွက်ကြပေ။

သန်ဘက်ခါ မင်္ဂလာဆောင်ဆိုတော့ ဒီနေ့လိုနေ့မှာ မအေးရွှေ အနည်းငယ်နေမကောင်းဖြစ်သည်။ သတို့သမီးလောင်းကို အရိပ်ကြည့်နေ သော လူကြီးများက ဆေးနီတိုက်ပြီး အိပ်ရာထဲမှာပင်နားနေစေသည်။ နေ့လယ် ၁ နာရီလောက်တွင် –

' မအေးရွှေ … မအေးရွှေ ' ဟု ခပ်အုပ်အုပ်ခေါ်သံကြားသဖြင့် အိပ်ရာထဲမှထကာ အိမ်ရှေ့ခန်းသို့ ကြည့်လိုက်တော့ 'သူ' ဖြစ်နေသည်။ အဲဒီအချိန်မှာ ဖေဖေက အပြင်သွားသည်။ အမေက တစ်မနက်လုံး စီမံ ခန့်ခွဲနေရသဖြင့် နေ့လယ်ဘက်မှာ မောမောနှင့် တစ်ရေးတစ်မောအိပ်နေဆဲ။ မမနှင့်ညီမလေးက မင်္ဂလာဆောင်မှာ ပန်မည့်ပန်းကို မကြိုက်သေး၍ ပြန်လဲရန် ဈေးထဲသွားကြသည်။

အခုမှတကယ့်ကို သူတို့နှစ်ယောက်တည်း –

' နေမကောင်းဘူးဆိုလို့ ဖျားနေသလား ' သူက စိုးရိမ်ပူပန်သော မျက်နှာဖြင့်မေးသည်။

' ဟို … အဖျားမရှိတော့ပါဘူး။ ချွေးထုတ်လိုက်လို့ ကောင်းသွား ပါပြီ '

အဲသလို ပြန်ဖြေပြီးတော့ ဘာဆက်ပြောရမှန်းမသိတော့။ မအေးရွှေ ကလည်း အထဲဝင်ထိုင်ပါလားလို့မခေါ်မိ။ သူကလည်း အပေါက်ဝမှာ မတ် တတ်ကြီးရပ်လို့၊ နှစ်ဦးသား ရင်တစ်ခုန်ခုန်နှင့် တစ်ဦးကို တစ်ဦး ကြည့်နေပြီး ခဏနေတော့ သူက …

' ဒါဖြင့် သွားတော့မယ်နော် ' တဲ့။

ကဲ အဲဒါ မအေးရွှေနှင့် ကိုဘအုန်းတို့ ပထမဆုံးပြောတဲ့ မေတ္တာ စကားပါပဲ။

မအေးရွှေကို ဘာကြောင့်ရွေးချယ်ရသည်ဆိုတာကိုတော့ မင်္ဂလာ

ဆောင်ပြီး အတော်ကြာမှ ကိုဘာအုန်းက ပြောပြသည်။

'အဲဒီနေ့က အရွှေတို့ ညီမအစ်သုံးယောက်က ဝိုင်းကြည့်နေတော့ ကိုယ်က ဘယ်ပြန်ကြည့်ရဲမှာလဲ။ အိမ်ရောက်တော့ အဖေကအဲဒီသုံးယောက်ထဲက ဘယ်သူ့ သဘောကျသတုံးတဲ့။ ကိုယ်မဖြေတတ်ဘူး။ ဘယ်သူလှတယ်ဆိုတာ မျက်နှာမှမြင်ခဲ့ရတာ၊ ခေါင်းငုံ့ထားလို့ ခြေထောက်တွေပဲ မြင်ခဲ့တယ်၊ မှတ်မိသလောက်တော့ အလယ်ကထိုင်တဲ့ကောင်မလေးရဲ့ ခြေထောက်က အဖြူဆုံးပဲ၊ ဒီတော့ ခြေထောက်ဖြူရင် မျက်နှာလည်းဖြူဖြူချောချောလေးနေမှာပဲဆိုပြီး အလယ်က မိန်းကလေးလို့ ပြန်ဖြေလိုက်တာပေါ့' တဲ့။

ကိုအုန်းရဲ့ မိန်းမရွေးနည်းက တကယ့်ကို မှတ်လောက် သားလောက်မို့ ပြန်ပြောတိုင်း သူမှာ ကျေနပ်နှစ်သိမ့်စွာ ရယ်မောခဲ့ရလေသည်။

'ယခုလို တစ်ချိန်လုံးတွဲပြီး တစ်ဦးကိုတစ်ဦး လေ့လာခွင့်မရဘဲ ခြေထောက်ကလေးကြည့်ပြီးရွေးလို့ ညားခဲ့တဲ့ အိမ်ထောင်ရေးသည်လည်း တစ်သက်တာ ရိုးမြေကျ သာယာခိုင်မြဲခဲ့ကြပါတယ်နော်' ဟု ဒေါ်အေးရွှေ သူ့မြေး မသန္တာကို ကြားလိုက်ချင်တော့သည်။

♥ ♥ ♥

ဒေါ်အေးရွှေ သမီးအိမ်ရောက်တာ နှစ်လနီးပါးရှိပေပြီ။ သို့ပေမယ့် အထာမကျသေး။ သူ့စိတ်ထဲက ညှော်သည့်ကြီးတစ်ယောက်လို ယောင်နနကြီး ဖြစ်နေဆဲပင်ရှိသေးသည်။

ရာထူးအဆင့်မသေးသောသမက်၏အရှိန်အဝါ အဆောင်အယောင်များဖြင့် ဒေါ်အေးရွှေနေရထိုင်ရတာ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာရှိလှပါ၏။ သမီးတို့မိသားစု၏ အနေအထိုင် အဆင့်အတန်းမြင့်ပုံကို ကိုယ်တွေ့မြင်ရတော့မှ အညာက သူတို့အနေအထိုင်နှင့်များစွာ ကွာခြားနေပုံကို သတိပြုမိလေသည်။ ဒီအိမ်မှာ ကားနှစ်စီးရှိသည်၊ ဒရိုင်ဘာရှိသည်။ ထမင်းချက်သီးသန့်နှင့် အဝတ်လျှော် တံမြက်လှည်းရန် အိမ်ဖော်ရှိသည်။ မာလီ

ရှိသည်။ အားလုံးပြည့်စုံနေသည်။ ဒေါ်အေးရွှေ အလကားမနေတတ်၍ အိမ်အလုပ်ကို ကူညီလုပ်ပေးချင်၍သော်မှ လုပ်စရာအကွက်မတွေ့။

ရုံးဖွင့်ရက်များဆိုလျှင် ၉ နာရီ အချိန်မီထွက်နိုင်ရန် သူတို့ သားအမိ တစ်တွေ ပျားပန်းခတ်မျှ ပြင်ကြဆင်ကြ၊ စားကြသောက်ကြ၊ ရုံးကြို၊ ကျောင်းကြို၊ ကျူရှင်ကြိုရန် ကားစီစဉ်ကြနှင့် ဆူညံနေတတ်သည်။ဒီအလုပ်မျိုး တွေက သူလုပ်နေကျအလုပ်မျိုးမဟုတ်၍ ဒေါ်အေးရွှေ ကူညီနိုင်စွမ်းမရှိ။ ထို့ကြောင့် သူတို့ ဆူညံပူညံ လှုပ်ရှားနေကြသည်ကို စိတ်မောမောနှင့်ကြည့် သာနေရလေသည်။

အဲ ... မီးဖိုထဲသွားပြီး ကန်စွန်းရွက်ကလေးဆိတ်၊ ချဉ်ပေါင်ရွက် ကလေး သင်ပေးမယ် လုပ်ပြန်တော့ ထမင်းချက်က –

‘ ရတယ် အဘွားရတယ်မလုပ်နဲ့။ အဘွားဘာသာ အေးအေး ဆေးဆေးအပြင်မှာနေပါ ’ တဲ့။ ယဉ်ယဉ်ကျေးကျေးနှင့် နှင်ထုတ်သည်။ ဒီတော့သမီးအိမ်မှာ သူဟာတကယ့်ကို ဧည့်သည်ကြီးတစ်ယောက်ပါပဲ။

အညာကအိမ်မှာတော့ သူကအိမ်ထောင်ဦးစီးလေ။ နှစ်ထပ် ပျဉ်ထောင်အိမ် သွပ်မိုးမို့ လှလှပပ ထည်ထည်ဝါဝါ မဟုတ်ပေမယ့် အိမ်ထောင် ဦးစီးဟာ အိမ်ထောင်ဦးစီးပဲပေါ့။ ဒီတော့ အိမ်မှုကိစ္စမှန်သမျှကို သူပဲ စီမံခန့်ခွဲ ရသည်။

နံနက်စောစောထ ဘုရားဝေယျာဝစ္စဆောင်ရွက်ပြီးလျှင် ခင်ဆင့်ကို ဈေးလွှတ်။ ဘာဟင်းချက်၊ ဘာဝယ်ခဲ့ဆိုတာပြော။ ကျောင်းသွားမည့် ခင်ဝင်း တို့ မောင်နှမသုံးယောက်ကို မုန့်ဖိုးထုတ်ပေး။ ပြီးလျှင် ဆွမ်းတစ်အုပ်နှင့် အိမ်ရှေ့မှာ ဆွမ်းစောင့်လောင်း။ စောင့်ရင်းခြံထဲမှာ တံမြက်စီးလှည်း။ အိမ်ရှေ့က ရွက်လှပင်၊ ဆွမ်းမွှေးပင်ကလေးတွေ ရေလောင်း။ ဆွမ်းခံသံဃာ ကုန်တော့ အရပ်ထဲမှာ သာရေးနာရေးကိစ္စရှိလျှင် ထီးကလေးဆွဲပြီး သွားလိုက်ရသေး သည်။

ဘာမျှအရေးမကြီးတဲ့လုပ်နေကျ ဒီအိမ်အလုပ်တွေကို နှစ်ပေါင်း များစွာ လုပ်လာခဲ့ရာတွင် ဒေါ်အေးရွှေ၏စိတ်ထဲ၌ ဘယ်လိုမှမနေခဲ့ အခုလို ဆောင်ရွက်ရန် မလိုတော့သည့်အခါကျမှပင် ‘အရေးမပါသူ’ ဟု ထင်ခဲ့သော

တာဝန်ဝတ္တရားလေးများသည် တကယ်တော့ ဘဝရဲ့အဓိပ္ပာယ်ပါလားဟု နားလည်သဘောပေါက်မိလေသည်။

♥ ♥ ♥

' ဒီအပိုဒ်ရအောင်ကျက်၊ မရရင် မအိပ်ရဘူး။ ဒါပဲ မျက်ရည်မကျနဲ့ ဟောဒီမှာ ပေတံ ကြည့်ထား '

ညကြီးမင်းကြီး တရှုပ်ရှုပ်ငိုသံနှင့် ခပ်တိုးတိုးမာန်မဲသံတို့ကြောင့် ဒေါ်အေးရွှေအိပ်ရာမှ နိုးလာပြီး အပြင်သို့ထွက်ကြည့်သည်။

စာကြည့်စားပွဲ၌ စာအုပ်ရှေ့မှာဖွင့်ပြီး မျက်ရည်ကျနေသော မြေးမလေးမစန္ဒာနှင့် ပေတံကိုင်ပြီး မျက်နှာထားထန်ထန်ဖြင့် ကြိမ်းနေသူသမီးကို စိတ်မောဖွယ်တွေ့ရလေသည်။

' ဟဲ့–မိမိရဲ့၊ နာရီများလည်း မော့ကြည့်ပါဦး။ ၁၁ နာရီဆိုတာ လေးတန်းကလေး စာကျက်ရမယ့် အချိန်လား။ အခုမရသေးရင်မနက်စောစောထ ကျက်ခိုင်းပေါ့လို့ ' မနေနိုင်တော့၍ ဝင်ပြောရသည်။

' မနက်စောစောတော့ ကိုယ်လဲ ရုံးသမားမို့ မထနိုင်ဘူး။ သူလဲ နီးမှာ မဟုတ်ဘူး။ ဒါကြောင့် ဒီညပဲ အပြီးကျက်ခိုင်းရတာ မေမေ၊ မနက်ဖြန် လစဉ်စာမေးပွဲ ရှိတယ်၊ သူက အကြီးတွေတုန်းကလို မဟုတ်ဘူး။ အတန်းထဲမှာ အဆင့်ကအမြဲ ၂၀ ကျော်နေတာ '

' ဒါကတော့ တစ်ဦးနဲ့တစ်ဦး ဉာဏ်ချင်းဘယ်တူကြပါ့မတုံး။ *ပညာဆိုတာ အထုံပါရမီပေါ်တည်ပါသေးတယ်။ အတင်းလုပ်ယူတိုင်း မရပါဘူး* မိမိရယ်။ အခုတော့ ညည်းဟာက ကျူရှင်တွေ အချိန်ပြည့်ပေး။ တစ်ချိန်လုံး စာကျက်ခိုင်းနဲ့ ကြာရင် ကလေးဦးနှောက် ပျက်ရချည်ရဲ့ '

' အို ... မေမေ မသိပါဘူး။ ဒီခေတ်မှာ ဒီလိုမလုပ်လို့ မရဘူး။ မေမေတို့ တောလို မဟုတ်ဘူး '

သမီး၏ ခပ်ပြတ်ပြတ်လေသံကြောင့် ရင်ထဲရုတ်ချည်း ဖြစ်ပေါ်လာသော ဒေါမနဿလေးကို အချိန်မီထိန်းပြီး ဒေါ်အေးရွှေလှည့်ထွက်

ခဲ့လေသည်။

ကိုယ်ကတော့ နည်းလမ်းမကျဘူးထင်၍ပြောတာပဲ၊ သူတို့အိမ်ထောင် သူတို့သားသမီးကိစ္စဆိုတော့ သူတို့သဘောပေါ့လေဟု အောက်မေ့လိုက်ရသည်။

အမြင်မတော်တာ၊ နည်းလမ်းမကျတာ၊ ကိုယ့်သမီးကိုယ် အားမရတာတွေကတော့ ဒေါ်အေးရွှေ မကြာခဏဆိုသလို တွေ့နေရတာပါပဲ။

အခု မိဘတွေက သားသမီးကို ကျောင်းစာတော်ပြီး အမှတ်ကောင်းကောင်းနဲ့ ဆေးကျောင်းဝင်လျှင်ပြီးရောလို့ အောက်မေ့နေကြတယ်ထင်ပါရဲ့၊ သူ့သမီးမိမိဆိုလျှင် သားသမီးတွေ ပညာရေးအတွက် အစွမ်းကုန်အားထုတ်လုံးပမ်းသည်။ ငွေကုန်သည်။ သူရောက်စက မြေးများ၏ လစဉ်ကျူရှင်စရိတ်ကို သိရတော့ ဒေါ်အေးရွှေ ရင်သပ်အံ့ဩခဲ့ရသည်။ နှစ်ယောက်လခနှင့် ဤမျှ ငွေအကုန်ခံ ကျူရှင်ပေးနိုင်သည့် သမီးနှင့်သမက်ကိုလည်း အံ့ဩချီးကျူးမိပါရဲ့။

မိမိအေးတို့ ညီအစ်မ ငယ်ငယ်တုန်းကများ ဒေါ်အေးရွှေတို့ ယခုလို ပေတံတစ်ချောင်းနှင့် ထိုင်စောင့်ပြီး စာသင်ပေးစရာမလိုပေါင်၊ သင်လည်း သင်မပေးတတ်။ ကျူရှင်ဆိုတာလည်း မရှိခဲ့။ မတတ်တာ၊ နားမလည်တာရှိလျှင် သူတို့ကျောင်းက ဆရာ့အိမ်ကို ညနေဘက် သွားမေးတတ်ကြရဲ့၊ တစ်ခါတစ်ရံလည်း ဖအေက ပြပေးသည်။ ဒီလိုနှင့် ၁၀ တန်းအောင်ပြီး တက္ကသိုလ်ရောက်၍ ဘွဲ့ရခဲ့ကြသည်။

မြေးတို့ ခေတ်မှာတော့ ပညာရေးကို ငွေနှင့်စက်၍ လိုက်နေကြရပြီ။

မိမိအေးရုံးကပြန်လာလျှင် လက်ဆွဲခြင်းချပြီး အမောမပြေအားသေး။ ' မီးငယ် ကျူရှင်ဆရာမ လာရဲ့လား '၊ ' ကိုစိုး သင်္ချာကျူရှင်မီရဲ့လား '၊ ' နို့ သောက်ရဲ့လား ' စသည်ဖြင့် ပူတောင့်ပူပန် စစ်မေးသံကို ကြားရမြဲဖြစ်သည်။ ညဘက် ဘယ်လောက်ညဉ့်နက်ပါစေ၊ သားသမီးများ စာမေးပွဲအတွက် အစီအစဉ်ပုတီးပတ်ကို ပြည့်အောင်စိပ်ပြီးမှ အိပ်ရာဝင်သည်။

ဤမျှပညာရေးအတွက် လုံးပမ်းနေပေမယ့် ကလေးတွေ [illegible] ခရီးခြားရှိအောင်၊ အနေအထိုင်ပီရိအောင်၊ လူကြီးမိဘ[illegible] ရိုသေ

တတ်အောင်၊ အသုံးအစွဲချွေတာတတ်အောင် သွန်သင်တာမျိုးကိုတော့ တစ်ခါမျှ မတွေ့ရသဖြင့် ဒေါ်အေးရွှေဘဝင်မကျ ဖြစ်ရသည်။ သွန်သင်ဖို့ မေ့များနေကြရော့သလား။ ' ဒါတွေကိုအရေးမကြီးဘူးလို့ထင်လို့လား သမီးရယ် ' ဟု မေးလိုက်ချင်သည်။

သားတွေ မုန့်ဖိုးတောင်းလျှင် ခပ်လွယ်လွယ်ပင် ထုတ်ပေးတတ်သည်။ ရှစ်ရာတန် ဖိနပ်တို့၊ ငါးရာတန်ဂျာကင်တို့ ပူဆာလျှင်လည်း ပထမတော့ ဆူသလို၊ မာန်သလိုနှင့် နောက်ဆုံးတော့ လိုက်လျောလိုက်သည်က များသည်။ ဗွီဒီယိုခွေတွေ ဘယ်နခွေငှားလာလာ ဟန့်တားလေ့မရှိ။ ကားကောင်းလျှင် သူတို့လင်မယားပါဝင်ကြည့်ကြသည်။

ကျောင်းအားသည့်ရက်မှာ သားတစ်ယောက်က ရေကူးကန်ပို့ပါ၊ တစ်ယောက်က ဖန်ဖဲယား။ သမီးက မွေးနေ့ပွဲအပြန် ဘယ်အချိန် ဟိုကိုကြိုပါ၊ ဒီကိုကြိုပါဆိုတာမျိုးတွေကို အကုန်အလိုလိုက်သဖြင့် အိမ်ကကားနှင့် ဒရိုင်ဘာမှာ နားရသည်မရှိ။

စားတဲ့နေရာကျတော့ကော၊ အမေ့ဖို့၊ အမေ့ဖို့ ဦးဦးဖျားဖျား ထားတာတို့၊ ဘာတို့ နားမလည်။ ဘယ်သူ့ဖို့ မကျန်ကျန် ရေခဲသေတ္တာထဲရှိတာ သူငယ်ချင်းတစ်သိုက်နှင့် အကုန်စား အကုန်သောက်ပစ်ကြလေသည်။

' ကွာပါ့နော် ... ကွာပါ့ ' ဒေါ်အေးရွှေ စိတ်ထဲက မြည်တမ်းမိသည်။

ဒေါ်အေးရွှေတို့ ငယ်ငယ်ကဆို မိဘဘိုးဘွားများအတွက် စားစရာရှိက ဦးဦးဖျားဖျား အမြဲထားရသည်။ သူတို့ ဝေယျာဝစ္စကို တရိုတသေဆောင်ရွက်ပေးကြရသည်။

ကိုယ်မိဘဖြစ်လာတော့လည်း၊ သမီးနှစ်ယောက်ကို ' ဟဲ့ ... ညည်းတို့ အဖေ ရုံးကပြန်လာပြီ၊ ရေခပ်ပေးလိုက်ဦး။ ငှက်ပျောသီးစားဦးမလား မေးနော် '၊ 'အဖေထမင်းစားပြီးပြီ၊ လက်ဖက်အုပ်သွားပေးချေ 'အဲသလို အသေးအဖွဲ့လေးများကို ကိုယ်ကတတွတ်တွတ်ပြောရင်း နိုင်းရင်းဖြင့် ဖအေကိုရိုသေ ကိုင်းရှိုင်းရန် ဦးစားပေးရန် အထူးသွန်သင်စရာမလို။ အလိုလိုသိတတ်လာကြသည်။

မိမိအေးတို့ မိဘဖြစ်လာတဲ့အလှည့်မှာတော့ သူတို့တုန်းကလို ကံမကောင်းဟု ဒေါ်အေးရွှေထင်မိသည်။ ရုံးကပြန်လာသောအဖေနှင့် အမေကို ဘယ်သားသမီးကမှ ပျာပျာသလဲထွက်ကြိုသည်ကိုမတွေ့ရ။ ဗွီဒီယိုအကြည့် မပျက်၊ စာဖတ်မပျက်ပေါင်။ အိမ်ဖော်ကသာ ပြေးထွက်ပြီး ကားပေါ်မှ ခြင်းတောင်းချ၊ ထမင်းချိုင့်ချ လုပ်ရသည်။

ကိုယ်ကသိတတ်အောင်ပြောဆိုတော့ တောကလာတဲ့ ဘွားအေမို့ ထင်ပါရဲ့၊ မြေးတွေက တကယ်အရေးမလုပ်ကြ။ ဒီတော့ ကိုယ့်သမီးကိုယ်ပဲ–

' မိမိရဲ့ ...၊ ညည်းတို့ ငယ်ငယ်က မိဘအိမ်မှာ ဒီလိုတာဝန်မဲ့ နေခဲ့ရသလား။ ဒီလို စည်းစနစ်မရှိ ငွေကိုသုံးခဲ့ရသလား။ သားသမီးကို စာမေးပွဲအောင်ရင်ပြီးရောဆိုပြီး လွှတ်မထားပါနဲ့၊ စာတော်တာနဲ့ သိတတ်တာနဲ့ တစ်ခြားစီပါအေ ' ဟု သတိပေးရသည်။ ထိုအခါမျိုးတွင် –

' ဟာ ၊မေမေတို့ငယ်ငယ်ကလို၊ အားနေတာမဟုတ်ဘူး။ မိမိ မှာ အလုပ်တစ်ဖက်နဲ့ သူတို့ကို ကြည့်ပြောနေဖို့ အချိန်မရှိဘူး 'တဲ့။သမီးက ဆင်ခြေပေးတတ်သည်။ ရုံးအလုပ်သမားမို့ အချိန်မရှိတာတော့ မှန်ပါသည်။ သို့ပေမယ့် ဒီလိုသွန်သင်စရာလေးတွေက အချိန်ပြည့်ထိုင်ပြော နေစရာမလို။ အခါအခွင့်သင့်သလိုသွားရင်းလာရင်းပြောရင်းဆိုရင်းဖြင့် အကျင့် ဖြစ်လာကြခြင်းပါ။

အင်း ...ဖအေက ရုံးအလုပ်တာဝန်ကြီးသူမို့ အိမ်အခြေအနေကို ဘာမျှသိပုံမရ။ မိမိလုပ်နေပုံနှင့်တော့ ကလေးတွေ အထိန်းအကွပ်မရှိ စည်းကမ်းမရှိ၊ တာဝန်မသိတဲ့သူလေးတွေ ဖြစ်ကုန်မှာသေချာသည်။ ဘယ် အိမ် ထောင်စုမဆို ဖအေကိုတော့ မအေထက် ပိုကြောက်တော့ ပိုလေးစားရတာ ထုံးစံဖြစ်သည်။ ဒီတော့ သမက်ဖြစ်သူကို တစ်နေ့လောက်မှ အေးအေး ဆေးဆေး ပြောပြပြီး ကလေးတွေ အသုံးအစွဲ အနေအထိုင်နှင့် ပတ်သက်၍ မိမိနှင့်ချည်း ပစ်မထားဘဲ၊ ကိုယ်တိုင်ကြပ်မတ်ဖို့ သတိပေးရဦးမည်ဟု စိတ်ကူး ထားလေသည်။

♥ ♥ ♥

' ဩော် ခုလိုတော့လည်း အိမ်က တိတ်ဆိတ်အေးချမ်းလိုက်တာ ပါလား ' .

ဒေါ်အေးရွှေ အိမ်ရှေ့ခန်းမှာထိုင်၍ ပုတီးစိပ်ရင်း စိတ်ထဲက မှတ်ချက်ချမိသည်။ ရုံးသမားတွေက ရုံးသို့ ကျောင်းသမားတွေက ကျောင်းသို့ အသီးသီး ထွက်ခွာသွားကြပြီ။ ရုံးသမားလည်းမဟုတ်၊ ကျောင်းသမားလည်း မဟုတ်သည့် အလုပ်မရှိသေးသော မသန္တာတို့ဆရာဝန်စုံတွဲကလည်း ဆေး ခန်းငှားရန်ကိစ္စနှင့် အပြင်သွားကြသည်။ ဒေါ်အေးရွှေအား ထမင်းကျွေး ပြီးပြီဖြစ်၍၊ ထမင်းချက်က အိမ်နောက်ဘက်တန်းလျားရှိ သူ့အခန်းသူ ပြန်နားသည်။ အိမ်ဖော်နော်အဲမေက အဝတ်ပေါင်းတစ်ထုပ်နှင့် နောက်ဖေး ရေတိုင်သို့ သွားလေပြီ။

ဒီလိုအချိန်မျိုးကျတော့ ဒေါ်အေးရွှေက အိမ်ရှေ့ခန်းမှာ ဧည့်လာ စောင့်လာနှင့် တယ်လီဖုန်းသံနားထောင်ရန် စောင့်ပေးရသည်။ ဒီအိမ်မှာ သူအသုံးဝင်တာ ဒီတစ်နေရာပဲရှိသည်လေ။

အညာက သူ့အိမ်မှာတော့ တိတ်ဆိတ်ငြိမ်သက်ခြင်းက အမြဲ ကြီးစိုးနေတတ်၍ အထူးအဆန်းမဟုတ်ပေ။ ခင်ဝင်းတို့ မောင်နှမတစ်တွေက ဘွားဘွားရွှေ မကြိုက်မှန်းသိ၍ စကားကျယ်ကျယ်လောင်လောင်မပြော တတ်ကြ။ ကြမ်းကိုနင်းလျှင် ဖွဖွလေးနင်းကြရသည်။ အငယ်ဆုံး ဖိုးလူက ခြေနင်းကြမ်းလျှင် သူတို့အချင်းချင်း သတိပေးကြသည်။

' ကလေးတွေ ငါ့ကိုမျှော်နေကြမှာဘဲ ' ဟု ဒေါ်အေးရွှေစိတ်ထဲ က အလိုလိုသိပြီး သနားနေသည်။ ဘွားဘွားရွှေ သူတို့ကိုစွန့်ခွာသွားဖို့ ကြံစည်နေသည်ကို သိရှာမည်မဟုတ်။ တကယ် စဉ်းစားကြည့်လျှင် သမီး အရင်း မိမိအေးထက် ခင်ဆင့်က ဒေါ်အေးရွှေ၏ အကြိုက်ကိုပို၍ သိသလို၊ ခင်ဆင့်၏ သားသမီးတွေက မြေးအရင်းတွေထက် သူ့ကို ပိုချစ်၊ ပိုခင်တွယ် ကြသည်။ ဒီအိမ်မှာလို 'မေမေ မသိပါဘူး'တို့၊ 'ဘွားဘွားမသိပါဘူး'လို့ ဆိုတဲ့ အပြောမျိုးများဝေးပါသေးရဲ့။ ခင်ဆင့်တို့လင်မယားက ဘာမဆို 'မေမေ ရွှေသဘော'။ ကလေးတွေက ဘွားဘွားရွှေပြောတာဆို တစ်သဝေ မတိမ်း။

ဒါတင်မကသေး။ သူက ဖော်ကလေးချို၊ ကြောကလေး လက်နှင့် ထောက်တာ မြင်လျှင် ခင်ဝင်းတို့၊ ခင်သင်းတို့က ဘွားဘွားရွှေ ဖော်ကြောဆွဲပေးရမလား။ အနင်းခံ ဦးမလားဟု အလိုက်တသိ မေးမြဲဖြစ်သည်။

ဒီကမြေးတွေရဲ့လက်ကလေးတွေကတော့ ... ကက်ဆက်ဖွင့်ဖို့ တီဗွီ ခလုတ်နှိပ်ဖို့လောက်သာတတ်ကြတဲ့ လက်ကလေးတွေပဲ။ ဘွားအေကို နှိပ် ပေးဖို့ဆိုတာကတော့ ...။

' တီ ... တီတီ '

အိမ်ရှေ့မှ ကားဟွန်းသံကြားသဖြင့် အတွေးပေါင်းစုံကို အသာထား ပြီး၊ ဒေါ်အေးရွှေ အိမ်ရှေ့သံတံခါးသွားဖွင့်ရပြန်သည်။ သားကြီးကိုမိုး ကျောင်းနေ့တစ်ဝက်ဖြင့် ပြန်လာခြင်းဖြစ်သည်။ အခုမှ ၁၂ နာရီရှိသေးသည်။ ခါတိုင်း ဒီအချိန်ပြန်လာလေ့မရှိပေ။

' အလို ... သူ့နောက်မှ ကောင်မလေး ချောချောတစ်ယောက် ပါလာပါလား။ ခေတ်ဆန်သော အဆင်အပြင်နှင့်၊ ရှိလှရင် ၁၆ နှစ်၊ ၁၇ နှစ်ပေါ့။ ယောက်ျားလေးတစ်ယောက်အိမ်လိုက်လည်တာပေမယ့် ရှက်ရွံ့သော ဟန်မရှိ။ ခပ်တည်တည်ပင် ကိုမိုးနှင့် ယှဉ်ပြီးထမင်းစားခန်းထဲ တန်းဝင် သွားကြ၏။ ပြီးတော့ အေးအေးဆေးဆေး လီမွန်–ဘာလီ ဖျော်သောက်နေ ကြသည်။ ဒေါ်အေးရွှေ လူကြီးပီပီ မျက်နှာလွှဲ၍ အိပ်ခန်းထဲဝင်ခဲ့ပြီး အိပ်ရာ ပေါ်မှလှဲရင်း စောင့်နေလိုက်သည်။

စောင့်ရင်း မှေးခနဲအိပ်ပျော်သွားရာ ဖျတ်ခနဲနိုးတော့ နံရံပေါ်က နာရီက ၂ ချက်ထိုးနေပြီ။ နိုးလျှင်နိုးချင်း ခုတင်ဘေး၌ မီးပူတိုက်နေသော နော်အဲမ်မကို မေးရသည်။

' ဟဲ့ ... ကိုမိုးတို့ ပြန်ထွက်သွားကြပလား '

မျက်နှာပြုံးစိစိနှင့်ပြောလိုက်သော နော်အဲမ်မေ၏အဖြေကြောင့် ဒေါ်အေးရွှေ၏ ရင်တစ်ခုလုံး ဒိန်းခနဲ လှုပ်ရှားသွားတော့သည်။

' မပြန်သေးဘူး အဘွား။ ဗွီဒီယိုအခန်းထဲမှာ တံခါးပိတ်နေကြတယ် ဟီဟိ ' တဲ့။

အလိုဘုရား ကယ်တော်မူပါ။

ဆွေမတော်၊ မျိုးမတော်ယောကျ်ားလေးနှင့် မိန်းကလေးနှစ်ယောက်တည်း အခန်းတံခါးပိတ်နေကြသတဲ့။ ကြားရတာတောင် ကြက်သီးထစရာ။ အသက် ၇၀ ကျော် အဘွားကြီးတောင်ရှက်မိပါရဲ့။ လူငယ်တွေ အန္တရာယ်မမြင်အတင့်ရဲလှချည်လား။ မဖြစ်ဘူး သူ့အမေကို ဖုန်းဆက်ခေါ်မှ၊ အခုတောင် နောက်ကျနေပြီ ထင်ပါရဲ့။

ဒေါ်အေးရွှေ စိတ်ပူလွန်း၍ ပျာယာခတ်နေ၏။ နော်အဲမေကို မိမိအေးရုံးဖုန်းနံပါတ် ရှာခိုင်းပြီး ဖုန်းဆက်ခိုင်းသည်။

' ဘွားဘွား ဒေါ်မိမိအေးက တစ်ခြားရုံးကို အစည်းအဝေးသွားတက်နေတယ် မရှိဘူးတဲ့ ' ဟု ပြောသဖြင့် စိတ်မောသွားပြန်သည်။ သူကိုယ်တိုင် တံခါးခေါက် အဖွင့်ခိုင်းပြီး အကျိုးသင့်အကြောင်းသင့် ပြော၍ မိန်းကလေးကို ပြန်ပို့ခိုင်းလျှင်ကောင်းမည်လားဟု စဉ်းစားသည်။ ဒါလဲ မဖြစ်သေး။ အဘွားကြီးမို့ လေးလေးစားစား ရှိကြမည်မထင်။ တော်တော်ကြာ မြေးလုပ်သူက ရှက်ရမ်းရမ်းပြီး မချေမငံ ပြန်ပြောလျှင် အို ... သူတို့သားသမီး သူတို့ကိုယ်တိုင်ပြောတာပဲ ကောင်းပါတယ်။ သူ့အဖေကို ဖုန်းဆက်ခိုင်းပြီး ကိုယ်တိုင်ပြောခိုင်းတာ အကောင်းဆုံး ပါပဲ။

အိပ်ခန်းထဲမှာ ထိုင်လိုက်ထလိုက် ချီတုံချတုံဖြစ်နေစဉ် နော်အဲမေ သုတ်သီးသုတ်ပျာ ဝင်လာပြီး -

' အဘွား ... အန်ကယ်ကြီး ရုံးကခဏပြန်လာတယ်။လေဆိပ်ကို ဧည့်သည်လိုက်ပို့ပြီးပြန်လာသတဲ့။ အခု အိမ်ပေါ်တက်ပြီး ဘာလဲမသိ ယူနေတယ် '

'အမယ်လေး ... အခန့်သင့်လိုက်တာနော်' ဟု ဒေါ်အေးရွှေပြောမပြတတ်အောင် ဝမ်းသာသွားလေသည်။ ယောကျ်ားလေးဆိုတာ ဖအေမှ ကြောက်တာမျိုးမို့ ဖအေတစ်ခါလောက် မာမာထန်ထန်ပြောလိုက်လျှင် နောင်လုပ်ရဲတော့မည်မဟုတ်။ ဟိုမိန်းကလေးကိုလဲ အားနာရလို့ သိပ်စိတ်မဆိုးအောင်တော့ ဖြည်းဖြည်းသက်သာ ပြောပြရမှာပေါ့။ မမီလိုက်မည် စိုး၍ ဒေါ်အေးရွှေအခန်းထဲမှ ခပ်သွက်သွက်ထွက်ခဲ့တာတောင် သမက်က ကားနားရောက်နေပြီ။

' ဒီမှာ ... မောင်တင်လှိုင်။ ဒေါ်ဒေါ် ပြောစရာလေးရှိလို့ ခဏနေပါဦး'

ဒရိုင်ဘာနှင့် ကားရှေ့ခန်းမှာ ထိုင်နေသော အရာရှိလေးတို့ မကြား ရအောင် သမက်ကို ခပ်လှမ်းလှမ်းသို့ခေါ်ကာ တိုးတိုးနှင့် တိုတို တုတ်တုတ် ပြောပြလိုက်သည်။ သူ့စကားဆုံးသောအခါ သမက်က ပြန်ပြောလိုက်ပုံကို တော့ ဒေါ်အေးရွှေ ဘယ်တော့မှ မေ့မည်မဟုတ်။

'အံ့မယ် ... ဒီကောင်တယ်စွံနေပါလား ဟား ... ဟား ... ဟား။ ဒီခေတ်ကလေးတွေကတော့ ဒီလိုပဲ ဒေါ်ဒေါ်ရေ အဲဒါသာကြည့်တော့၊ ကျွန်တော် ရုံးပြန်ပြေးလိုက်ဦးမယ်၊ အလုပ်တွေလက်စမသပ်သေးလို့ပါ 'တဲ့။

သမက်၏ အဖြေကြောင့် ဒေါ်အေးရွှေ အောင့်သက်သက် မခံချည့် မခံသာနှင့် စိတ်ပျက်အားလျော့စွာ ဆင်ဝင်လှေကားထစ်ပေါ်သို့ ထိုင်ချလိုက် မိလေတော့သည်။

♥ ♥ ♥

နံနက်ခင်းနှင်းမှုန်များ မကွဲခင်ကပင် အိမ်ရှေ့၌ စားပွဲချပြီး ဆွမ်း အုပ်က အသင့်ဖြစ်နေပြီ။ ပြူနေကျဝတ္တရားကိုပင် အခုတော့ အဆန်းဖြစ်ကာ ဒေါ်အေးရွှေ စိတ်လှုပ်ရှားနေသည်။

'ဘွားဘွားရွှေ ... သံဃာတော်တွေကြွလာပြီ၊ဒီမှာတဘက်'

ခင်ဝင်းက တဘက်ကို ဒေါ်အေးရွှေပခုံးပေါ် အလိုက်သင့်တင်ပေး တော့ -

' ဆွမ်းအုပ်ကို သမီးကိုင်ထားပေးမယ်နော် 'ဟု အငယ်မ ခင်သင်း က အားမကျမခံ ပြောသည်။

ရှေ့ဆုံးမှကြွသော ကျောင်းထိုင်ဆရာတော်ဘုရားက ဒေါ်အေးရွှေ ကို မြင်သောအခါ ဝမ်းပြောက်သွားဟန်နှင့် နှုတ်ဆက်စကားဆိုတော်မူသည်။

' ဒကာမကြီး ပြန်လာပြီကိုး '

' တင်ပါ '

' နေကောင်းရဲ့လား '

' ကောင်းပါတယ် ဘုရား '

' သမီးများ၊ မြေးများကခေါ်လို့ ရန်ကုန်မှာအပြီးတောင်နေတော့ မလိုလိုနဲ့ အခုတော့ သုံးလတောင် မပြည့်ပါလား '

' တင်ပါ သွားလေသူဒကာကြီးခေါင်းချတဲ့ ပောဘီမြို့မှာပဲ တပည့်တော်လဲ ခေါင်းချဖို့ဆုံးဖြတ်ပြီးပါပြီ ဘုရား '

ဆရာတော်ဘုရားက အနည်းငယ်ပြုံးတော်မူပြီး ဆက်လက် အမိန့်ရှိသည်။

' မသေခင် သံယောဇဉ်တွေဖြတ်၊ တရားများများ အားထုတ်၊ သေတော့ ကိုယ်ပြုသမျှပဲပါတယ်။ သမီးတွေ၊ မြေးတွေ၊ ပစ္စည်းတွေပါလာမှာ မဟုတ်ဘူး '

' တင်ပါ့ဘုရား '

ဆွမ်းလောင်းပြီးစီး၍ တည်ငြိမ်သော ဣန္ဒြေများဖြင့် ကြွသွားသော သံဃာတော်များကို ဒေါ်အေးရွှေ လက်အုပ်ချီ မျက်စိတစ်ဆုံး ငေးမျှော်၍ ကြည့်နေမိသည်။

အေးမြသန့်စင်သော အညာဆောင်း နံနက်ခင်းဝယ် ချစ်စဖွယ် နေခြည်က ဝင်းပထွေးနွေးလှသည်။

' ဩော် ... မြင်ကွင်းက သာယာလှပါဘိ '။

' စိတ်ထဲတွင် ကြည်လင်လိုက်ပါဘိ '။

လုံမလေးမဂ္ဂဇင်း ၁၉၈၉ ဖေဖော်ဝါရီလ

# မျှော်သူမှာမောရရှာတယ်

‘ သွားရာမှာလဲ သတိ၊ စားရာမှာလဲ သတိ၊ လျောင်းရာမှာလဲ သတိ ’ဟု တရားရိပ်သာမှ ဆရာတော်ဘုရားက ယောဂီများကိုမှာကြားတော်မူသည်။ ယခု ဒေါ်အေးရွှေ၏ စိတ်အာရုံမှာတော့ ‘ သွားရာမှာလဲ ဒီစိတ်၊ စားရာမှာလဲ ဒီစိတ်၊ အိပ်ရာမှာလဲ ဒီစိတ် ’ဟု ပြောရမလိုပင် ဖြစ်နေသည်။

တစ်နေ့လုံး ဘာလုပ်လုပ် ဒါကိုပဲ တွေးနေမိသည်။

ကုန်ကုန်ပြောရလျှင် ဘုရားရှိခိုးတာတောင် မပြောင့်၊ ဒီအတွေးက ဝင်ဝင်နှောင့်နေ၍ သူ့ကိုယ်သူ ဒေါသဖြစ်ရသည်အထိပင်။

‘ ငါ့နှယ်နော် – နေ့စဉ်တရားထိုင် ပုတီးစိပ်လုပ်နေပါလျက်နဲ့ စိတ်တွေ ဒါလောက်ယောက်ယက်ခတ် လှုပ်ရှားရသတဲ့လား။ သတိ – သတိ ဆရာတော်ဘုရားပြောတဲ့ သတိ ’

ကိုယ့်ကိုယ်ကိုယ် ဤသို့ကြိတ်၍ ဆုံးမနေရသည်မှာ ယနေ့ပါနှင့်ဆို လေးရက်ရှိပါပြီကော ...။

အတော်အတန်ရထားသော သူ့သမာဓိလေးကို ပျက်စေဖို့ဖန်တီးလာတာကတော့ လွန်ခဲ့တဲ့ လေးရက်ကပေါ့။ နေ့လယ်ခင်း အိမ်အောက်ထပ်က ကွပ်ပျစ်ပေါ်မှာ သင်ဖြူးလေးခင်းပြီး အေးအေးလူလူ လဲလျောင်းနေစဉ် တစ်အိမ်ကျော်၌နေသော ဆေးလိပ်ကိုယ်စားလှယ် ကိုတင်မောင်၊ မမြခင်တို့အိမ်မှ သူငယ်လေးတစ်ယောက်၊ ရေးကြီးသုတ်ပျာနှင့် ရောက်လာပြီး အိမ်ရှေ့မှ အော်ခေါ်သည်။

‘ ဘွားဘွားရွှေ ...ဘွားဘွားရွှေ ...ရန်ကုန်က တယ်လီဖုန်းလာ နေတယ်၊ အခု မြန်မြန်လာခဲ့ပါတဲ့၊ ဦးလေးက အခေါ်ခိုင်းလိုက်လို့ ’

ရန်ကုန်က တယ်လီဖုန်းဆိုတာနဲ့ – သမီးကြီး မိမိအေးဆီကဆိုတာ ချက်ချင်းသိလိုက်ပြီ။ သူ့ကို ဖုန်းဆက်မည့်သူ အခြားသူမရှိ၊ ဒေါ်အေးရွှေတွင် သမီးနှစ်ယောက်ရှိရာ သမီးကြီးမိမိအေးတို့ မိသားစုက ရန်ကုန်မှာနေသည်။

အငယ် မိမိထွေးတို့ကတော့ နိုင်ငံခြားရောက်နေကြသည်မှာ ကြာလှပြီ။ ဒီတော့ ဖုန်းဆက်မည့်သူမှာ သမီးကြီးမိမိအေးမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

ဒေါ်အေးရွှေ လှဲနေရာမှ ကမန်းကတန်းထကာ ခွေခေါင်ခေါင်းနေပုပ္ပ ခေါင်းပေါ်မှာ တဘက်ကလေးအုပ်ဖို့ပင် သတိမရဘဲ ချက်ချင်းလိုက်ခဲ့သည်။

တယ်လီဖုန်းက ဆက်ရခက်၍တစ်ကြောင်း၊ အိမ်ရှင်ကိုတင်မောင်တို့ကို အားနာ၍တစ်ကြောင်း၊ အကြောင်းကြီးငယ်ရှိမှသာ ဆက်လေ့ရှိရာ၊ အခုလည်း ဘာများပါလိမ့်၊ အသက် ၅၀ ပြည့်ပြီးဖြစ်သော သမီးမှာသွေးတိုးရှိကြောင်း၊ ယခင်တစ်ခေါက် ရန်ကုန်ရောက်စဉ်က သူသိခဲ့ရသည်။

' မေမေသွေးတိုးပြီး မူးလဲသွားလို့ ဆေးရုံတင်လိုက်ရတယ် 'လို့များ မြေးတစ်ယောက်ယောက်က ပြောလိုက်လေမလား။ ဘုရား ... ဘုရား။ မဟုတ်ပါစေနဲ့၊ လွဲပါစေ၊ ဖယ်ပါစေ၊ သတင်းကောင်းသာ ကြားရပါစေ ဘုရား။ ရင်ထဲမှ အသံတိတ်ဆုတောင်းရင်း၊ တယ်လီဖုန်းကိုလက်တုန်တုန်ဖြင့် ကောက်နားထောင်လိုက်သည်။

' ဟဲလို ... မေမေလား ... မိမိပါ။မေမေနေကောင်းလား ' •

' ဟော့ ...၊ အေး ... အေး၊ ကောင်းပါတယ် '

တစ်ဖက်မှသမီး၏အသံကို ကြားလိုက်ရသဖြင့် ဒေါ်အေးရွှေ ရင်ထဲက အပူလုံးကြီးကျသွားလေသည်။နှုတ်မှ ' အေး ... အေး 'ဟု ဖြေလိုက်သလို၊ ရင်ထဲမှာလဲ အေးသွားပြီး၊ အသံပါသွက်လက်ရွှင်လန်း လာသည်။

' သမီးတို့လည်း နေကောင်းပါတယ်၊ မေမေ့ကို ဝမ်းသာစရာပြောမလို့ ဆက်တာ၊ အထွေးတို့ အခုလာမယ့် ၁၉ ရက်နေ့မှာ လာကြမလို့တဲ့။ အချိန်မရလို့ ကြာကြာတော့ မနေနိုင်ဘူးတဲ့။ ရန်ကုန်ရောက်ပြီး ၂ ရက် ၃ ရက်နေရင် မေမေတို့ဆီကို ကားနဲ့လာကြလိမ့်မယ်။ အဲဒါ မေမေဝမ်းသာ အောင် စီစဉ်ထားနိုင်အောင် ကြိုပြောထားတာ။ ရက်အတိအကျ သေချာ

တော့ မိမိဖုန်းထပ်ဆက်ပါ့မယ် '

' အေး ... အေး ၊ ကောင်းတယ်၊ ဝမ်းသာတယ်၊မောင်အေးနိုင်နဲ့ ကလေးတွေကော ပါမှာပေါ့နော် ...' မြေးတွေပါ မပါ သေချာအောင် ထပ်မေးရသည်။

' ပါမှာပါမေမေ၊ အားလုံးပါမှာ မေမေတို့နဲ့ ၅ ရက်လောက်နေပြီးမှ မန္တလေး ဆက်သွားကြလိမ့်မည်။ ကလေးတွေကို မန္တလေးနဲ့ ပုဂံရောက်ဖူးစေချင်လို့ ... တဲ့ '

' အေး ... အေး ...၊ ကောင်းတယ် ... ကောင်းတယ် '

ဒေါ်အေးရွှေဝမ်းသာလုံးဆို့ကာ ' ကောင်းတယ် 'က လွဲပြီးဘာမျှ ထပ်မပြောတတ်တော့။

ဟုတ်ပါသည်။ မတွေ့ရတာ ၇ နှစ်နီးပါးတောင် ရှိပြီးဖြစ်သော သမီး၊ သမက်နှင့် မြေးတို့ကို ပြန်တွေ့ရမည်ဆိုတော့ ဒါထက်ကောင်းတာဘာ ရှိဦးမှာတုံးနော်။ လူကြုံနှင့်ပို့ပေးတတ်သော ဆေးရောင်စုံဓာတ်ပုံလေးများ ကိုသာကြည့်၍ တင်းတိမ်ခဲ့ရသော မြေးကလေးတို့၏ ရုပ်ပုံကို လူကိုယ်တိုင် တွေ့မြင်ရတော့မည်။

တွေးကြည့်ရုံနှင့်ပင် ဒေါ်အေးရွှေရင်ထဲက တဒိတ်ဒိတ်ခုန်လာ လေသည်။

♥ ♥ ♥

သမီးနှင့် စကားပြောပြီး တယ်လီဖုန်းချလိုက်ကတည်းက သူ ဦးနှောက်က စီစဉ်စရာတွေ၊ ပြင်ဆင်ထားစရာတွေကို တစ်သီတစ်တန်းကြီး တွေးပြီး ပြန်လာခဲ့ရာ၊ အိမ်ရှင် ကိုတင်မောင်တို့ကိုပင် နှုတ်ဆက်ခဲ့မိရဲ့လားဟု ကိုယ့်ကိုယ်ကိုယ် အိမ်ကျမှ မနည်းတွေးကြည့်ယူရသည်။

ဒေါ်အေးရွှေ၏သမီး မိမိအေးနှင့်မိမိထွေး နှစ်ယောက်လုံး ခေတ် ပညာတတ်ဘွဲ့ရများ ဖြစ်သည်။ သမီးကြီးမိမိအေး၏ ခင်ပွန်းက ဌာနကြီးမှူး အရာရှိကြီးဖြစ်ပြီး မိမိအေးကလည်း အလယ်အလတ် အရာရှိမ တစ်ဦး

ဖြစ်သည်။ သမီးငယ် မိမိထွေးက တက္ကသိုလ်မှလက်ထောက်ကထိက။ သူ့ခင်ပွန်းက ဆရာဝန်။ လွန်ခဲ့သည့် ၇ နှစ်ခန့်ကတော့ သူတို့နှစ်ဦးလုံး အလုပ်မှထွက်ပြီး နိုင်ငံခြားသို့ အလုပ်သွားလုပ်ခဲ့ကြလေသည်။

ခေတ်ပညာတတ်ကတော်စာရင်းဝင် သမီးနှစ်ယောက်အတွက် ဒေါ်အေးရွှေ ဂုဏ်ရှိလှပါ၏။ သို့ပေမယ့် သမီးတို့နှင့် ကျောင်းနေဘက် သူငယ်ချင်းတချို့ ဒီမြို့ဒီရွာမှာပင်အချေကျပြီး မိဘများနှင့် မခွဲမခွာနေကြသည်များကို တွေ့ရသည့်အခါမျိုးမှာတော့ ဒေါ်အေးရွှေ ဝမ်းနည်းသလိုလို ခံစားရသည်။

ဩော် ... သူတို့ကို တက္ကသိုလ်ပို့ပြီး ခေတ်ပညာတတ်ကြီးတွေဖြစ်စေခြင်းသည် တစ်နည်းအားဖြင့် မိမိဇာတိရပ်ရွာနှင့် တစ်သက်လုံးကင်းကွာသွားအောင် စီမံဖန်တီးပေးလိုက်သလိုပါပဲလားဟု အောက်မေ့မိ၏။

ဒေါ်အေးရွှေက ကိုယ့်ဇာတိမြို့လေးနှင့် ကွယ်လွန်သူ ခင်ပွန်းသည်နှင့်အတူ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရာ ဒီအိမ်ဂေဟာကို အလွန်တွယ်တာသူဖြစ်လေသည်။ ရာထူးလက်ရှိ အိုးပိုင်အိမ်ပိုင်နှင့် ချမ်းချမ်းသာသာနေနိုင်သော သမီးကြီးတို့က ဘယ်လောက်ခေါ်ခေါ်လိုက်မနေ။အလည်အပတ် သွားရောက်လျှင်လဲ တစ်လနှစ်လထက် ပိုမနေဘဲ ပြန်လာတတ်သည်။ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ခြောက်ခြောက်သွေ့သွေ့ ဤမြို့သိမ်မြို့ငယ်လေးသည် သူ့အဖို့တော့ ဘုမ်နက်သန် နေရာမှန်ဖြစ်လေသည်။ ဒီမှာက ဆွေမျိုးတမျှခင်မင်သော ကိုယ့်အသိုက်အဝန်း ငယ်ပေါင်းမိတ်ဆွေများ ရှိသည်။ ပကာသနမဖက် ရိုးသားသန့်စင်သော ဒီအသိုက်အဝန်းလေးမှာပင် သူပျော်လေသည်။

ပြီးတော့ ခင်ဆင့်တို့ မိသားစု။ ခင်ဆင့်ဆိုတာကတော့မှခေါ်ထားသော ဆွေမျိုးနီးစပ်မိန်းကလေး ဖြစ်သည်။ အိမ်ကို ရှစ်နှစ်သမီးလောက်က ရောက်လာခဲ့သူမို့ ဝမ်းမနာသမီးပဲ ဆိုပါစို့။ ကိုယ့်အိမ်မှာပင် အရွယ်ရောက် အိမ်ထောင်ကျ၍ ယခုတော့ ကလေးသုံးယောက်ရနေပြီ။ ဒေါ်အေးရွှေနှင့် အတူတူနေလျက် ဝတ်ကြီးဝတ်ငယ် ပြုနေခဲ့သည်မှာ အနှစ်သုံးဆယ်ရှိပေါ့။ ခင်ဆင့်က ရိုးသည်။ လိမ္မာသည်။ သိတတ်သည်။ ဒေါ်အေးရွှေကို အမေအရင်းလို ချစ်ခင်တွယ်တာလေသည်။

သူ့ယောက်ျား မောင်တင်မြင့်က ကုန်သွယ်ရေးရုံးမှ စာရေးဝန်ထမ်းတစ်ဦး ဖြစ်သည်။ သဘောကောင်းသည်၊ အလိုက်သိသည်၊ ကျိုးနွံသည်၊ ဒေါ်အေးရွှေ စိတ်တိုင်းကျတဲ့ သူငယ်လေးပါပဲ။

ခင်ဆင့်သမီး အကြီးဆုံးခင်ခင်ဝင်းက ရှစ်တန်း။ အသက် ၁၃နှစ်သာရှိသေးပေမယ့် လူကြီးကလေးလို အိမ်အလုပ်များကို ဒေါ်အေးရွှေလက်ကျကူညီလုပ်ကိုင်တတ်သည်။ အငယ်နှစ်ယောက်ဖြစ်တဲ့ ၁၁ နှစ်အရွယ် ခင်ခင်သင်းနှင့် ၆ နှစ်သား ဖိုးလူတို့ကတောင် ဆေးပေးမီးယူ လက်တို လက်တောင်းခိုင်းလို့ရနေပြီ။ သွေးရင်းသားရင်း မဟုတ်ပေမယ့် ကိုယ့်ရှေ့တွင် မွေးဖွားကြီးပြင်းလာသူလေးတွေဖြစ်၍ ကိုယ့်မြေးအရင်းတွေနှင့်မခြား သံယောဇဉ်တွယ်နေတော့သည်။

' ခင်ဆင့်ရေ ... '

' ရှင် ... '

' ဂုန်နီအိတ်နဲ့ထုပ်ပြီး လိပ်ထားတဲ့ဖျာတွေထုတ်ပြီး နေလှမ်း။ ပြီးတော့ ကျွန်းသေတ္တာကြီးထဲက ခေါင်းအုံးတွေစောင်တွေလဲထုတ်၊ နေလှမ်းထား'

အထူးညွှန်သည် စောင်သည်လာမှ ထုတ်သုံးလေ့ရှိသော ကတ္တီပါအနားကွပ် သင်ဖြူးတွေ၊ စောင်၊ ခေါင်းအုံးတွေ ထုတ်ခိုင်းပြီး ဒေါ်အေးရွှေကိုယ်တိုင် စစ်ဆေးကြည့်ရှုသည်။ ခေါင်းအုံးစွပ်တွေက သိမ်းထားတာကြာ၍ အနည်းငယ်ဝါနေသဖြင့် ဈေးထဲကပိတ်စချက်ချင်းဝယ်ပြီး အစွပ်တွေကိုကိုယ်တိုင်ချုပ်သည်။ အသက် ၇၀ ကျော်ဆိုပေမယ့် မျက်စိမမှုန်သေး၍ ဒေါ်အေးရွှေ စက်နင်းနိုင်သေးသည်။ အပ်ပေါက်ကိုတော့ ကလေးတွေထိုးခိုင်းရသည်။

' ခင်ဝင်းတို့၊ ခင်သင်းတို့လာကြဦး။ သမီးတို့က အပေါ်ဆပ်ကို တံမြက်စည်းလှည်း ဖုန်သုတ်ကြ။ အမိုးက ပိုးအိမ်တွေကိုတံမြက်စည်းရှည်ကြီးနဲ့နော် '

' ဟုတ်ကဲ့ ဘွားဘွား '

ညီအစ်မနှစ်ယောက် တံမြက်စည်းအတိုအရှည်တွေနှင့် ဖျာလျှော်ပါပါ၊ အိမ်အပေါ်ထပ်သို့ တက်သွားကြလေသည်။

' ဩော် မေ့နေလိုက်တာ၊ ခင်ဆင့်ရေ ...၊ ပန်းကန်အသစ်တွေ ထုတ်ဦးမှပေါ့၊ ပန်းကန်သေတ္တာသော့တောင် ဘယ်နားထားမိပါလိမ့်၊ တိုင်မှာ ချိတ်ထားတဲ့ သော့တွဲကြီးထဲမှာထင်ပါရဲ့ '

' စိတ်ချပါ မေမေရွှေရဲ့၊ ခင်ဆင့်အကုန်လုပ်ထားပါမယ်။ ချဉ်ရည်အိုး ကျရင် အားပါပြီ ' စိတ်စောတတ်သူ မေမေရွှေအကြောင်းကို ခင်ဆင့်က သိသဖြင့် စိတ်အေးအောင် အာမခံချက်ပေးထားရသည်။

ထူးထူးခြားခြားလုပ်စရာဟူ၍မရှိ နေ့စဉ်လုပ်နေကျ အိမ်မှုကိစ္စများ နှင့်သာ အေးချမ်းစွာရှိတတ်သော ဒေါ်အေးရွှေတို့အိမ်မှာ အခုတော့ အိမ်သား အားလုံး ပျားပန်းခတ်မျှ လှုပ်ရှားအလုပ်များနေကြပြီ။

သမီးတို့မိသားစုလာနေခိုက် အထူးသဖြင့် သမက်ဆရာဝန်က လည်း ပါဦးမည်မို့ သူ့အိမ်မှာလိုလေသေးမရှိ အဆင်ချောစေချင်သည်။ ရန်ကုန်ရှိ သမီးကြီး၏အိမ်မှာ နှစ်လကျော်ကျော် နေခဲ့စဉ်ကပင် ဒီက ဒေါ် အေးရွှေတို့အနေအထိုင်နှင့် ရန်ကုန်က သမီးတို့မိသားစု၏အနေအထိုင် အဆင့် အတန်းချင်းမတူကြကြောင်း သူကောင်းကောင်းကြီးသိခဲ့ရသည်။ အခု မိမိထွေးတို့က ဘိလပ်ကလာကြမှာဆိုတော့ ပိုလို့တောင် ကွာခြားဦးမည်ပေါ့။

အဆင့်အတန်းမြင့်မြင့် နေထိုင်နေကျ သမီးသမက်နှင့်မြေးများကို သူ့အိမ်မှာ ကသိကအောက် မဖြစ်စေလို။ ထို့ကြောင့် ဒေါ်အေးရွှေ အဘက် ဘက်မှ ထောင့်စေအောင် စဉ်းစားစီမံနေရသဖြင့် စားရာမှာလဲ ဒီစိတ်၊ သွားရာမှာ လဲ ဒီစိတ်ဖြစ်နေရခြင်းပါပဲ။

နေရာထိုင်ခင်း အိပ်ရာ အိပ်ခင်းစီစဉ်ရင်းကပဲ သမီးတို့ကို ဘာဟင်း တွေ ချက်ကျွေးရပါမလဲဟု အစားဘက်စိတ်က ရောက်သွားပြန်သည်။

အထွေးက ပြောင်းဖူးကြော်တို့၊ ပဲကြီးနှပ်တို့ကို အလွန်ကြိုက်သည်။ အခုတော့ ဘိလပ်သူကြီးဖြစ်၍ ဒါမျိုးတွေ ကြိုက်ပါဦးမည်လား။ မြေးတွေကို တော့ အညာထွက်မုန့်ပဲသွားရေစာတွေ အစုံရမည်။ သူတို့ ငယ်ငယ်ကလေး က နိုင်ငံခြားရောက်သွားကြသည်မို့ နှမ်းပျစ်တို့၊ မြေပဲယိုတို့၊ ပဲကြီးလှော်တို့ကို မှတ်မိကြတော့မည်မထင်။ ပေါက်ပေါက်ဆုပ်ဆို မြင်တောင်မြင်ဖူးကြမည် မဟုတ်။ နောက်ပြီး မုန့်ပျစ်သလက်တို့၊ ဘူးသီးကြော်၊ ရေမုန့်တို့ကော

အထွေးက ရေမုန့်ဆိုသိပ်ကြိုက်တာ၊ စာထဲမှာတောင် ' အညာက ဘူးသီးကြော်နဲ့ ရေမုန့်ကိုတော့ အလွမ်းဆုံးပဲ မေမေရေ 'လို့ မကြာခဏထည့်ရေးခဲ့သည်မဟုတ်လား။

' ဆွမ်းတော်မျို့ '

ဆွမ်းစောင့်လောင်းရင်း အတွေးလွန်သွားသဖြင့် အိမ်ရှေ့က ဆွမ်းခံကိုယ်တော်နှင့်ကျောင်းသားလေးကို မမြင်မိ။ ဆွမ်းဟင်းခြင်း သယ်သည့်ကျောင်းသားလေးတွေက အသံကျယ်ကျယ်နှင့် အော်လိုက်မှပင် ထိုင်ရာမှလန့်ဖျပ်ထပြီး ဆွမ်းအုပ်ကို ကမန်းကတန်း လှမ်းကိုင်လိုက်ရလေသည်။

▼ ▼ ▼

အနန္တစကြဝဠာ–အနန္တသတ္တဝါအပေါင်းတို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ ... ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

အရှေ့အရပ်၌ရှိကုန်သော အနန္တစကြဝဠာ အနန္တသတ္တဝါ ...

'ဟဲ့ ... မောင်တင်မြင့်ရေ ... ပန်ကာ ပန်ကာ၊ အရေးအကြီးဆုံးကိုမှ မေ့နေလိုက်တာ။ ဗီရိုကြီးပေါ်က ပန်ကာချပြီး စမ်းဖွင့်ကြည့်စမ်းဦးကွယ်၊ မဖွင့်တာကြာလှပြီ၊ စက်မှ ကောင်းသေးရဲ့လားမသိဘူး'

ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး မေတ္တာပို့နေရင်း ပန်ကာက ခေါင်းထဲဝင်လာသဖြင့် ဒေါ်အေးရွှေ အိမ်ထဲသို့လှမ်းပြောလိုက်ရသည်။ မေတ္တာပို့ရင်းပေမယ့်လဲ မတတ်နိုင်၊ သတိရတုန်းပြောထားမှ အခု သတိရပေမယ့် ခဏနေတော့ မေ့ချင်မေ့သွားတတ်သည်။ ရုပ်အိုတော့ နာမ်လဲ အိုပြီလေ။

နွေရာသီကြီး ပူပူလောင်လောင်နဲ့ကလေးတွေအတွက် ပန်ကာက တော့ မုချလိုမည်ပဲ။ သူကိုယ်တိုင်ကတော့ ပန်ကာလေကြိုက်သူ မဟုတ်၍ ဘယ်တုန်းကမှ ဖွင့်လေ့မရှိ။ သမီးကြီးမိမိအေး ရန်ကုန်ကဝယ်ပို့လိုက်ထဲ့က သူစိတ်ကျေနပ်အောင် တစ်ခါနှစ်ခါ ဖွင့်သုံးပြီးနောက် အ... ထဲ ပြန်ထည့်

ထားလိုက်သည်မှာ မေ့တောင်နေပေါ့။နွေအခါပူလျှင် အိုက်လျှင် ခေါင်းရင်းက ပြတင်းပေါက်နှစ်ဆင့် အကုန်ဖွင့်ပြီး အိပ်လိုက်ရင်ပြီးတာပါပဲ။ အခု သမီးနှင့် မြေးများ လာကြမည်ဆိုတော့ ချောင်ထိုးခံထားရသည့် ပန်ကာက သူတန်ဖိုးကို ဖော်ထုတ်ချေပြီ။

လိုအပ်မည့် ပစ္စည်းတွေကလည်း စဉ်းစားလိုက်တိုင်း တဖြည်းဖြည်း ပေါ်ပေါ်လာလိုက်တာ၊ ကိုယ့်အိမ်ရှိတာနှင့် မလုံလောက်တော့၍ အိမ်နီးချင်း တွေထံကပါ အကူအညီတောင်းရတော့သည်။ မွေ့ယာအပိုက အိမ်မှာတစ်ခု တည်းရှိသဖြင့် ဧည့်သည် စောင်သည် မပြတ်လာ၍ အိပ်ရာခင်းပြည့်ပြည့်စုံစုံ ထားရှိတတ်သော ကိုတင်မောင်–မမြခင် တို့အိမ်မှ မွေ့ယာနှစ်ခုငှားထားရ သည်။ သူတို့ကလဲ ကောင်းရှာကြပါသည်။

' ဒေါ်ဒေါ်ရွှေ – ဘာမှမပူနဲ့ လိုတာသာပြော၊ အားလုံးကျွန်တော် တို့တာဝန်ထားပါ ' တဲ့။ ဧည့်သည်တွေရောက်လာရင် ထမင်းလဲဖိတ်ကျွေးဦး မည်တဲ့၊ အိမ်နီးချင်းဆိုပေမယ့် နှစ်ပေါင်းများစွာ အတူတကွ နေခဲ့ကြသူတွေမို့ တူလိုသားလိုဖြစ်နေပြီး ဆွေမျိုးရင်းချာလိုပင် ဒေါ်အေးရွှေကို ရိုရိုသေသေ နေရာထား၍ ကူညီနေကျဖြစ်လေသည်။

' အင်း – ရေခဲလည်း သူတို့အိမ်ကပဲ တောင်းရမယ်။ သူတို့မှာ ရေခဲသေတ္တာရှိတယ်၊ အပြင်က ရေခဲတွေမသန့်ဘူး။ ပူတော့အိုက်တော့ ကလေးတွေက ရေခဲရေသောက်ချင်မှာပဲ 'ဟု စိတ်ထဲက မှတ်ထားလိုက်ရ ပြန်သည်။ သူကိုယ်နှိုက်ကတော့ ရေခဲရေဘယ်တော့မှမသောက်။ သဲတောအိုး ထဲက သဘာဝရေ အေးအေးလေး သောက်လိုက်ရမှ ရင်ထဲအေးမြသွားမြဲ ဖြစ်ပါသည်။

စီစဥ်ပြင်ဆင်စရာတွေကို သတိရတိုင်း ခိုင်းတန်တာ ခိုင်းလိုက်၊ ကိုယ်တိုင် လုပ်တန်တာလုပ်လိုက်၊ ပုတီးပြန်စိပ်လိုက်နှင့်ပင် တစ်နေကုန် တော့သည်။

ညအိပ်ရာထဲ ရောက်ပြန်တော့ မျက်စိမမှိတ်သေးခင် မရောက်လာ သေးသည့်မြေးတို့ကို စိတ်ထဲက မြင်ယောင်မှန်းဆပြီး ကြည့်နေမိသည်။

အကြီးဆုံးမ ' ကေသီ 'ငယ်ငယ်က ပုံပြင်အလွန်ကြိုက်သည်။

အဘွားနားကပ်ပြီး ' ဘွားဘွား– ဟိုပုံ ပြောပါဦး။ ဒီပုံပြောပါဦး ' နှင့် ခဏခဏပူဆာလွန်း၍ ဒေါ်အေးရွှေ စိတ်ပုတီးပင်ဖြောင့်အောင်မစိပ်ခဲ့ရပေ။ အခုတော့ ၁၃ နှစ်သမီး ရှိပြီမို့ အပျိုပေါက်ကလေး ဖြစ်နေလောက်ပြီ။ အင်္ဂလိပ်လို ရှက်ရှက် ဒွတ်ဒက်နဲ့ မှတ်နေရောပေါ့။ အငယ် ' နေခြည်ကတော့သွားတုန်းက သုံးနှစ်သမီးရှိသေး၍ ဘွားအေကို မှတ်မှုမှတ်မိပါဦးမည်လား။

အဲ – ဟိုရောက်မှ မွေးတဲ့နောက်တိုးသားထွေးလေးကတော့ ၄ နှစ်သားပင် ရှိရော့မည်။ ဘွားအေကလည်း မြေးကိုမမြင်ဖူး။ မြေးကလည်း ဘွားအေကို မမြင်ဖူးသေးသည့်အဖြစ် ' ဓာတ်ပုံပြထားလို့ ဘွားအေကိုသိနေပါသည် 'တဲ့ အထွေးရဲ့စာထဲမှာပါသည်။

သူကလည်း အကြီးမတွေတုန်းကလို ပုံပြောခိုင်းနေဦးမလားမသိ။ ပုံတွေပြန်စဉ်းစားတော့ မပြောရတာကြာလို့ ထင်ပါရဲ့ တချို့လည်းမေ့ကုန်ပြီ။ ပြောရင်းနဲ့ ပြန်ပေါ်လာမှာပါပဲလေဟု ဒါကိုတော့ ဒေါ်အေးရွှေ စိတ်ချလက်ချ ထားလိုက်ပါသည်။

▼ ▼ ▼

ပြင်ရင်းဆင်ရင်း စီစဉ်ရင်းနှင့်ပင် တစ်ပတ်ဆိုတာ ဘာမျှမကြာလိုက်သလို ကုန်သွားလေသည်။

တစ်အိမ်သားလုံး စိတ်လှုပ်ရှားပြီး ယနေ့မနက် ခါတိုင်းထက်စောပြီး အိပ်ရာကထကြသည်။ နာရီကို တမော့ကြည့်ကြည့်၊ ကားသံကို နားတစွင့်စွင့်နှင့် လုပ်စရာရှိသည်တို့ကို လုပ်နေကြသော်လည်း စိတ်မဖြောင့်ကြ။

ညနေ ၃ နာရီလောက်တွင် အိမ်ရှေ့မှာ ဆလွန်းကားတစ်စီး ဆိုက်သည်။ ကားသံကြားလျှင်ကြားချင်း ခင်ဆင့်တို့လင်မယားနှင့် ကလေးသုံးယောက် ခုန်ပေါက်ပြေးထွက်ပြီး ကြိုကြလေသည်။

ဒေါ်အေးရွှေကတော့ လက်မှာ ပုတီးလေးကိုင်ရင်း တလှိုက်လှိုက် ခုန်နေသော ရင်ဝကို လက်ပိုက်၍ မသိမသာဖိရင်း ခြံဝမှပင် ရပ်ကြည့်ကြိုနေလိုက်သည်။

' မေမေ '

သမီးမိမိတွေးက အော်ခေါ်ရင်း ကားရှေ့ခန်းမှ ဦးဆုံးပြေးထွက်လာပြီး ဒေါ်အေးရွှေ၏ခါးကို တအားဖက်ထားလိုက်သည်။ ပြီး – သူ့ခေါင်းလေးကို စောင်းငဲ့ကာ အမေ့ခေါင်းနှင့် ကန့်ကရ ထိထားလိုက်လေသည်။

ထိုအခိုက်အတန့်မှာ သားအမိနှစ်ယောက်လုံး စကားမပြောနိုင်ကြ။ လောကကြီးမှာ သူတို့နှစ်ယောက်မှအပ ဘာကိုမျှ သတိမရ။ အားလုံးပြီးပြည့်စုံနေသလို ခံစားမိကြသည်။ အတန်ကြာမှ ကိုယ်ချင်းခွာလိုက်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတော့၊ နှစ်ဦးစလုံးမှာ မျက်ရည်တွေနှင့်။ သားအမိနှစ်ယောက် မျက်ရည်သုတ်ရင်း ရယ်လိုက်ရတာ။

ဩော် ..လူတွေဟာ အသက်ဘယ်လောက်ကြီးကြီး နှလုံးသားသံယောဇဉ်နှင့် ပတ်သက်လာမှဖြင့် အရူးလိုပါပဲကလားဟု ဒေါ်အေးရွှေ သတိပြုဆင်ခြင်လိုက်မိပါသည်။

သမီးနှင့်အလွမ်းသယ်ပြီး ငိုလိုက်ရယ်လိုက်ဖြစ်နေ၍ သူ့အလွန်တွေ့ချင်မြင်ချင်နေသော မြေးလေးသုံးယောက်ကိုပင် ရုတ်တရက်မေ့သွားခဲ့သည်။ သတိရ၍ လှည့်ကြည့်လိုက်တော့ အမေနှင့်အဘွားကို ကြည့်ပြီး ပြုံးစိစိလေးတွေလုပ်လို့ ... ။

' လာပါဦး – ငါ့မြေးတွေ ဘွားဘွားအနား လာကြပါဦး '

ဒေါ်အေးရွှေက လှမ်းခေါ်မှ ညီအစ်မနှစ်ယောက် ရှက်ရွံ့ရွံ့အမူအယာလေးတွေနှင့် ဒေါ်အေးရွှေဘေး တစ်ဖက်တစ်ချက်မှာ လာရပ်ကြသည်။ မြေးနှစ်ယောက်၏ပခုံးကို အလိုက်သင့်ဖက်ထားရင်း။

' ကြည့်စမ်းပါဦး ...ထွားလိုက်ကြတာ၊ သူတို့အရပ်ကြီးတွေက အဘွားထက်ကျော်သွားပြီ၊ ကြည့်ကြပါဦး ဟဲ့ ...ခင်ဝင်းတို့ရဲ့ သူတို့အသားလေးတွေက ဖြူနုနေလိုက်တာ။ ဘိုမကြီးတွေကျနေတာပါပဲတော် ... '

ဖြူဖြူဖွေးဖွေး၊ ထွားထွားကျိုင်းကျိုင်းရှိလှသော မြေးမနှစ်ယောက်၏ အလယ်မှာ ရပ်လိုက် အကြီးမျက်နှာ ကြည့်လိုက်၊ အငယ်မျက်နှာကြည့်လိုက်နှင့် ဒေါ်အေးရွှေ တအံ့တဩ အော်ပြောနေလေသည်။

' ဟုတ်ပါရဲ့နော် – မေမေရွှေ၊ သိပ်ထွားကြတာပဲ။ အသက်နဲ့

တောင် မလိုက်ဘူး။ မထွေးကလဲ အသားတွေဖြူပြီး ပိုတောင်နုလာသေးတယ် '

ခင်ဆင့်က အထုပ်အပိုးတွေ နေရာချရင်းဝင်ပြောတော့ မိမိထွေးက သူ့ကိုကြည့်ပြီး ...

' နင်ကတော့ ပိန်တယ် ခင်ဆင့်ရယ်၊ နေကောင်းရဲ့လား။ နင့်ဖို့ ဆွယ်တာပါတယ်။ ကလေးတွေအတွက်လဲ ပိတ်စတွေ ဝယ်လာတယ်။ မောင်တင်မြင့်အတွက်လဲ ရှပ်အင်္ကျီပါတယ် 'ဟု ကြင်နာစွာပြောသည်။

' ဟာ၊ ရှပ်အင်္ကျီပါတယ်တဲ့၊ ပွတာပဲ ... ၊ နိုင်ငံခြားရှပ်ဝတ်ရဦး မှာပေါ့ '

မောင်တင်မြင့် သေတ္တာကြီးဆွဲလာရင်း သူ့အတွက် ရှပ်အင်္ကျီပါသည်ဆို၍ ပြုံးပျော်ရွှင်မြူးသွားလေသည်။

သူတစ်ခွန်း ငါတစ်ခွန်းစကားသံတွေဖြင့် ဆူညံနေစဉ် အငယ်ဆုံးသားလေးဝဏ္ဏက ဘာမပြောညာမပြော ဒေါ်အေးရွှေရှေ့မှာ ငုပ်တုတ်ကလေးထိုင်ပြီး ဦးချနေသဖြင့် တစ်အိမ်လုံး သဘောကျပြီး တသောသော ရယ်မောကြရပြန်သည်။

' ဟောဒီမှာ ကြည့်ကြစမ်းဟေ့ ... သားသားက ကန်တော့နေတယ်။ အံမယ်လေး – လိမ်မာလိုက်တာတော်၊ ငါ့မြေးကြီး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ဟုတ်သားပဲ ငါ့မြေးကို မေ့နေကြတာကိုး။ သူ့ကို နှုတ်မဆက်မိဘူး၊ လာပါဦး၊ ဘွားဘွားအနားကို ... '

ဒေါ်အေးရွှေက ဆုပေးပြီး ... သူ့ကို ခေါ်တော့ရက်ကိုရက်ကန်း ထပြေးပြီး သူ့အမေခါးကိုဖက်ပြီး ခေါင်းဝှက်ထားလိုက်သည်။

' ဟိုမှာကတည်းက အဘွားကိုတွေ့ရင် ကန်တော့ရမယ်လို့ သူ့အဖေက မှာထားလို့ မေမေရဲ့ '

အထွေးက ရှင်းပြသည်။

' ဩော် ... ဟုတ်ပါရဲ့ သူ့အဖေဆိုမှ မောင်အေးနိုင်ကို သတိရတယ်၊ မောင်အေးနိုင် မပါဘူးလားသမီး '

' သူကလဲ သူ့အမေရှိတဲ့ မုဒုံကိုသွားချင်တယ်၊ သမီးကလဲ

မေတို့ဆီလာချင်တယ်။ ဒီတော့ လူခွဲပြီး သူက မုဒုံသွား။ သမီးတို့ကဒီကို
ာတာပေါ့။ ဒါတောင် သုံးရက်ပဲနေနိုင်မှာ'

' ဟင် ... သုံးရက်တည်း '

ဒေါ်အေးရွှေရင်ထဲက ခံစားချက်ကို မဖုံးမဖိနိုင်ဘဲ ဝမ်းနည်းသံလေး
ငှ် နှုတ်မှယောင်ရမ်းပြီး ဆိုလိုက်မိသည်။

' ကလေးတွေကို ပုဂံတို့ မန္တလေးတို့ ပို့ချင်လို့ပါမေမေရယ်၊
ချိန်က လုနေရလို့ပါ။ ကြာကြာမနေရင် မေမေတို့ စိတ်မကောင်းဖြစ်မယ်
ဆိုတာ သိပါတယ်။ နောက်တစ်ခေါက်လာရင်တော့ ဒီကို သပ်သပ်လာဖို့
ဆုံးဖြတ်ထားပါတယ် '

သမီးအသံက အားနာသံ၊ အမေကိုတောင်းပန် တိုးလျှိုးသံလေး
ဖြစ်လေသည်။

' ဟာ ၊မမထွေးကလဲ လုပ်တော့မယ်၊ ခင်ဆင့်တို့အလွမ်း တောင်
မပြေသေးဘူး ပြန်ဖို့ပြင်နေပြီ '

' ဟုတ်ပါတယ် မမထွေးရယ်၊ ကျွန်တော်တို့က ၅ ရက်နေမယ်
ဆိုတာတောင် နည်းလို့ တစ်ပတ်၊ ဆယ်ရက် လောက်တော့ နေပါလို့အတင်း
တားမယ် စိတ်ကူးထားတာ၊ နော် ... မေမေရွှေ '

' ဟုတ်တယ်၊ ဟုတ်တယ်၊ ကြီးကြီးထွေးတို့ကို တစ်ပတ်နေရမယ်
လို့ ပြောလိုက်ပါနော် ... ဘွားဘွား ၊ ဘွားဘွား ပြောရင် ကြီးကြီးထွေးက
ရပါတယ် '

မိမိထွေး စကားဆုံးအောင် မပြောနိုင်ခင် ခင်ဆင့်တို့ မိသားစုက
တစ်ယောက်တစ်ခွန်း ဝိုင်းပြောလိုက်သည်မှာ ဆူညံသွားလေသည်။

ဩော် ... ကိုယ့်လင်ကိုယ့်သား ကိုယ့်အိမ်ထောင်နှင့်ကိုယ်
ဖြစ်သောကြပြီဆိုတော့ မိဘတို့၏လိုအင်ဆန္ဒများ အလိုလိုနောက်တန်း ရောက်
သွားကြတာ မမွေတာပါပဲ။ ကိုယ်က ၅ ရက်တော့ နေပါအေ 'ဟု ဆိုလိုက်လျှင်
သမီးမှာ အမေ့ကိုလည်းမငြင်းချင်၊ သားသမီးများကိုလည်း ရောက်ဖူးစေချင်
နှင့် အဖြေရခက်ရှာဦးတော့မည်။ ဒါမျိုးတွေ အရွယ်ငယ်တုန်းက ကြုံဖူးပါ့နော်။
ကိုယ်ချင်းစာတတ်ပါ့။

ဒေါ်အေးရွှေ ဘာမျှမပြောဘဲ သူ့သမီးကို ပြုံးပြုံးကြီး ကြည့်နေလိုက်ပါသည်။

♥ ♥ ♥

‘ ဟောဒါက ညည်းငယ်ငယ်က အလွန်ကြိုက်တဲ့ ပဲကြီးနှပ်၊ ခင်ဆင့်က စပယ်ရှယ်အိုးကပ်အောင် နှပ်ထားတာ … စားစမ်း။ ဒါက ဖရုံသီးနဲ့ ချဉ်ရည်ဟင်းလေး’

ညစာထမင်းပွဲတွင် ဒေါ်အေးရွှေ ထမင်းတစ်လုပ်မျှ သူ့ပါးစပ်ထဲ မထည့်ဖြစ်သေး။ ကြက်မကြီးက သူ့သားသမီး ကြက်ကလေးတွေကို တကက်ကစ်ခေါ်ကျွေးသလို နှုတ်မှတတွတ်တွတ်ပြော လက်ကလည်းထည့်ပေးနှင့် အလုပ်ရှုပ်နေသည်။ ကိုယ့်အရိပ်အာဝါသမှ ထွက်ခွာသွားသည်မှာ ကြာလှပြီဖြစ်သော်လည်း သမီးအကြိုက်ကို အသေးစိတ်မှတ်မိနေသေးသည်မှာ အံ့ဩစရာပင်။

‘ ငါ့မြေးကြီးမကေသီ ပန်းကန်ထဲမှာ ဘာဟင်းမှလဲ မထည့်သေးပါလား။ ထည့်စားလေ၊ သားသားကော ဘာစားမလဲ၊ ကြက်သားလား။ အမဲသားလား။ မစပ်ပါဘူး သားသားရဲ့ ငရုတ်သီးပါလေကာနဲ့ ချက်ထားတာ ပြောလေ ဘာဟင်းစားမလဲ ’

ဘွားအေ မေးတာကို ဘယ်သူမှမဖြေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးစိစိပဲ လုပ်နေကြသည်။ ကြာတော့ မအေလုပ်သူက စိတ်မရှည်တော့သလို ‘ ဘွားဘွားမေးတာ ပြောကြလေ ’ဟု ဝင်ပြောမှ အငယ်ဆုံးဝဏ္ဏက ဖြေသည်။

‘ ချစ်ကင်၊ ’

‘ ဘာတဲ့တုန်းဟဲ့ ဘာပြောတာတုံး ’ ဒေါ်အေးရွှေက နားမလည်၍ အလန့်တကြား ပြန်မေးလိုက်သဖြင့် စားနေသူများရော ထမင်းပွဲကြည့်နေသူ ခင်ဆင့်တို့ပါ ရယ်ကြလေသည်။

‘ ကြက်သားဟင်းတဲ့ မေမေ ’

မိမိထွေးက ဘာသာပြန်ပေးလိုက်၍ ဘွားအေကြီး နားလည်သွားပြီး 'ရတယ်တော် ရပါတယ်'နှင့် ကျေကျေနပ်နပ်ကြီးပြုံးရင်း မြေး၏ ပန်းကန်ထဲသို့ ကြက်သားဖတ်များ ခပ်ထည့်ပေးလေသည်။

' မေမေလဲ သမီးထည့်ကျွေးရ မြေးထည့်ကျွေးရနဲ့ ကိုယ့်ဗိုက်ထဲကို ထမင်းမရောက်တော့ဘူး။ ဧည့်သည်မှ မဟုတ်ဘဲနဲ့ သူတို့ဘာသာ ထည့်စားပါလိမ့်မယ်၊ မေမေ စားပါတော့ '

သမီးကပြောမှပင် သတိရပြီး ဒေါ်အေးရွှေ ထမင်းလုတ်ကို ပါးစပ်ထဲထည့်ဖြစ်တော့သည်။ ' ဧည့်သည်မဟုတ်ပေမယ့် ညည်းတို့လာပုံက ခရီးသွားတန်လွှဲ သုံးရက်ထဲရယ်၊ အချိန်ရတုန်းလေး ငါ့မြေးတွေကို ကျွေးချင် တာတွေ ကျွေးစမ်းပါရစေအေ 'ဟု စိတ်ထဲ ပြန်ပြောနေမိ၏။

' မာမီ ... ဝေါတားပလိစ် '

'ဟော ...ပြောပြန်ပြီ ဘာဟင်းစားမတဲ့တုန်း။ ပြောကြပါဦးဟဲ့'

ထမင်းသုံးလေးလုတ် စားမိကာရှိသေး ဝဏ္ဏအသံထွက်လာသဖြင့် လက်ထဲက ထမင်းလုတ်ပြန်ချပြီး မြေး၏ဆန္ဒကိုဖြည့်ရန် ဘေးလူတွေကို အကူအညီတောင်းရပြန်လေသည်။

' ဟင်း ထည့်ခိုင်းတာမဟုတ်ဘူး မေမေ၊ ရေသောက်ချင်လို့ပါ ခင်ဆင့် ရေတစ်ခွက်ယူခဲ့ပါကွယ် '

သူအမေက ရေတိုက်ပြီးသောအခါ သားအမိနှစ်ယောက် အင်္ဂလိပ်လို အပြန်အလှန် ပြောနေကြသေးသဖြင့် ဒေါ်အေးရွှေက သိချင်ဇောဖြင့် ငေးနားထောင်နေသည်။

' ကြက်သားဟင်းက စပ်တယ်တဲ့၊ ဒါကြောင့် ချွေးတွေထွက်လာတယ်လို့ ပြောတာပါ '

' ဟုတ်မှာပေါ့ ဒါကြောင့် ငရုတ်သီးမထည့်ပါနဲ့ဆိုတာ ခင်ဆင့်က မေမေ့ရွှေဟင်းက လူမမာဟင်းကြီးလိုဖြစ်နေပြီ အရောင်အဆင်းလေးရအောင် အတောင့်ပွလေးတော့ ထည့်ပါဆိုလို့ ထည့်လိုက်တာ၊ မနက်ဖြန်တော့ အဖြူထည်ပဲ ချက်တော့မယ် ကြည့်ပါဦး ... ကလေးမှာ ချွေးတောင်ပြန်နေပြီ။ ခင်ဝင်းတို့၊ ခင်သင်းတို့ နောက်ကနေ ယပ်ခပ်ကြစမ်း '

ခင်ဝင်းတို့ညီအစ်မက ယပ်တောင်တွေ အပြေးအလွှားယူပြီး တဖြန်း ဖြန်းခပ်ကြလေသည်။

သူတို့မြေးအဘွားဖြစ်နေပုံကို ကြည့်ပြီး ဘေးလူတွေ မပြုံးဘဲ မနေနိုင်တော့။

' သူ့ကို သိပ်ဂရုစိုက်မနေနဲ့ ဂရုစိုက်ရင် မေမေ့မြေးက ဂျီး(ကြေး) များရော ... မေမေ စားမှာသာစား '

အထွေးကဝင်ပြောမှ ဒေါ်အေးရွှေ ထမင်းဆက်စားဖြစ်သည်။

ယခုလို သမီးနှင့်မြေးတွေနှင့် ထမင်းတစ်ဝိုင်းတည်း လက်ဆုံစား ရတာလောက် ပျော်စရာကောင်းတာမရှိ၊ ဒေါ်အေးရွှေ ဝမ်းသာကြည်နူးလွန်း သဖြင့် ဗိုက်ထဲမှာ အလိုလိုပြည့်ပြီး ခါတိုင်းလောက် ထမင်းမစားနိုင်မှန်း ကိုယ်ကိုယ့်ကိုယ် သတိပြုမိသည်။

ဩော် ... ဒီလိုသာ အမြဲနေရရင် ဘယ်လောက်ကောင်းမလဲ။

မြေးကလေးတွေ ကြည့်လိုက်ပြန်တော့ ချစ်စရာကောင်းလိုက်တာ၊ အားလုံး ဖြူဖြူစင်စင် ကျန်းကျန်းမာမာ၊ ထွားထွားကျိုင်းကျိုင်းကြီးတွေ၊ အဝတ်အစားတွေကလဲ သားသားနားနား၊ လှလှပပနဲ့ဆိုတော့ မျက်စိထဲမှာ ကြည့်လို့ပဲ မဝနိုင်တော့။ ဒီကခင်ဝင်းတို့မောင်နှမ သုံးယောက်နှင့် အသက်ချင်း မတိမ်းမယိမ်းတွေဆိုပေမယ့် အသွင်အပြင်ချင်းကတော့ ဆန့်ကျင်ဘက် တွေလို အကွာကြီးကွာနေသည်မှာ အထင်းသားပါပဲ။ ခင်ဝင်းတို့မှာတော့ အညာနေအောက်မှာ ခြေကျင်ကျောင်းသွား၊ အသင့်အတင့်သော အနေအစား အဆင့်အတန်းဖြင့်သာ ကြီးပြင်းရသူတွေမို့ ထင်ပါရဲ့၊ သူတို့မောင်နှမ သုံး ယောက်လုံး ညှိုညှိုကျစ်ကျစ် လှိုလှိုကလေးတွေ ဖြစ်နေသည်။ ပြီး အဝတ် အစားတွေကလဲ မြို့ကြီးပြကြီးက ဝယ်တာမဟုတ်လေတော့ အဆင့် အတန်း မရှိလှ။ ဒီတော့· ကလေးချင်းယှဉ်လိုက်လျှင် အသရေချင်းက တခြားစီ။ အင်း ... ရာသီဥတု ရေမြေသဘာဝ အခြေအနေတွေလိုက်ပြီး ရုပ်ကလဲ ပြောင်းတာပေါ့လေ။ ကေသီတို့၊ နေခြည်တို့၊ ဝဏ္ဏတို့ ဘိလပ်မှာမဟုတ်ဘဲ ဒီမြို့လေးမှာပဲ မွေးဖွား။ ဒီမှာပဲကြီးပြင်း။ ဒီမှာပဲကျောင်းနေကြလျှင် သူတို့ထဲ ခင်ဝင်းတို့လိုပဲ ညှိုကျစ်ကျစ်ကလေးတွေ ဖြစ်နေမည်သာပေါ့ ဒေါ်အေးရွှေ

ကြဲကြဲဖန်ဖန် စဉ်းစားမိသည်။

ဒါဖြင့်ရင် မြေးတွေကို ကိုယ့်အနီးမှာပဲ ခင်ဝင်းတို့၊ ခင်သင်းတို့ ဖိုးလူတို့လို နေစေချင်သလား။

တိုင်းတစ်ပါးအဝေးမှာပဲနေပြီး အခုလို အထက်တန်းကျကျ ဖြစ်စေချင်သလားဟု မေးလျှင်တော့ ဒေါ်အေးရွှေ ဒီနှစ်လမ်းကို အရွေးရခက်လှပါသည်။

♥ ♥ ♥

ထမင်း စားပြီးကြသောအခါ ခင်ဆင့်က လက်ဖက်ရည်ကြမ်းတစ်ကရားနှင့်အတူ ထန်းလျက်၊ နှမ်းပျစ်၊ မြေပဲယို၊ နို့တော်ဖီတို့ကို တိုက်ပန်းကန်ပြားအသစ်တွေနှင့် အပြည့်အမောက် ထည့်ယူလာသည်။

' မမထွေး ... အတိုးချပြီးစားစမ်းပါဦး။ ကေသီ ဒီမှာ နှမ်းပျစ်လေ မှတ်မိသေးရဲ့လား။ စားကြည့်ပါဦးသမီးရယ်၊ နေခြည်ကော ယူလေ '

ခင်ဆင့်က ပန်းကန်ကိုတိုးပေးပြီး အတင်းကျွေးမှသူတို့လေးတွေက တစ်ခုစီလှမ်းယူပြီး စားနေကြသည်။

' မြေပဲယိုနဲ့ နှမ်းပျစ် ဘယ်ဟာကြိုက်သလဲ '

ဒေါ်အေးရွှေက မေးသောအခါ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အသံမထွက်ဘဲ ရယ်နေကြသည်။

ဘယ်သူမှ မဖြေသဖြင့် မအေက လေသံမာမာဖြင့် ...

' ပြောလေ ... ဘွားဘွားမေးရင် ဖြေရတယ် 'ဟု ဆိုလိုက်မှ အလတ်မ နေခြည်က နှမ်းပျစ်ပန်းကန်ကို လက်ညှိုးထိုးပြသည်။

' မရဘူး။ ပါးစပ်က ပြော '

မအေက မာန်တော့ မျက်လွှာချထားကြသည်။ နှုတ်ကတော့ တစ်ခွန်းမှ ထွက်မလာ။

' အထွေးရယ် ... ညည်းသားသမီးတွေ မြန်မာစကားတတ်မှတတ်ကြသေးရဲ့လားအေ၊ ရောက်ကတည်းက တစ်ခွန်းမှ ပြောသံမကြား

သေးဘူး '

ဒေါ်အေးရွှေ စိတ်ပူပန်စွာ မေးမိသည်။

' တတ်ပါတယ် မေမေရဲ့၊ ဒီမှာ သမီးတို့နော် ဖေဖေ ဘာပြောထားသလဲ၊ မြန်မာပြည်ရောက်ရင် အားလုံးမြန်မာလို ပြောရမယ်လို့ ပြောထားတယ် မဟုတ်လား။ အခု ဘွားဘွားက သမီးတို့ မြန်မာစကားမတတ်ဘူးလားတဲ့ မေးနေပြီ၊ သမီးတို့တတ်တယ်ဆိုတာ သိအောင်ခုနက ဘွားဘွားမေးတာကို ဖြေလိုက်စမ်း '

မအေက လက်ညှိုးတစ်ထောင်ထောင်နှင့် ပြောတော့ အစ်ကြီးမက လက်ကိုင်ပဝါနှင့် ပါးစပ်ကိုပိတ်ထားပြီး ရှက်ကိုးရှက်ကန်း ပြုံးနေသည်။

' ကမ်းမွန် ... ကေသီ '

မအေက စိတ်မရှည်တော့ပဲ ခပ်ထန်ထန်အမိန့်ပေးလိုက်သဖြင့် မအေစိတ်ဆိုးမှာလည်းကြောက်၊ နှုတ်ကလည်းပြောမထွက်နှင့် ကေသီ မျက်နှာလေး နီရဲလာသည်။

အားလုံးက သူပြောမှာကို စောင့်နေကြသဖြင့် ပိုဆိုးလေသည်။ အတော်ကြာမှ သူ့ကိုယ်သူစိတ်ထိန်းပြီး နှုတ်မှအသံတိုးတိုးလေး ထွက်လာသည်။

' မြေပဲယို '

' ဟော ... တတ်သဟဲ့ ၊ တတ်သဟဲ့။ အမယ်လေး ... တော်ပါသေးရဲ့ ငါ့မြေးတွေ မြန်မာစကားမတတ်ကြတော့ဘူးလားလို့ ပူလိုက်ရတာ၊ အခုမှပဲ စိတ်ချမ်းသာ သွားတော့တယ် '

ဒေါ်အေးရွှေက သူ့ရင်ပတ် သူဖိပြီး ဝမ်းသာအားရအော်ပြောလိုက်သဖြင့် သူ့ကိုကြည့်၍ အားလုံးရယ်မိကြလေသည်။

' ဒီလိုမေမေရယ်၊ ဒီကိစ္စမှာ အထွေးတို့ အပြစ်လည်းပါပါတယ်။ အိမ်မှာ အဖေနဲ့အမေက မြန်မာလိုပဲ ပြောကြပါတယ်။ ဒါပေမဲ့ ကျောင်းမှာ တော့တစ်ချိန်လုံး အင်္ဂလိပ်လိုပြော အင်္ဂလိပ်ကလေးတွေနဲ့ပဲ ပေါင်းရတာ အိမ်ပြန်ရောက်တော့ သူတို့ကကျောင်းစာလုပ်ကြ၊ အ[illegible] အိမ် အလုပ်လုပ်ရနဲ့ မောပန်းနေလို့ အေးအေးဆေး[illegible]ပြောချိန်ရယ်လို့

မရှိပါဘူး။ ဒီတော့ အင်္ဂလိပ်လိုပြောရတဲ့အချိန်က များနေရော။

ခက်တာက အထွေးတို့နေတဲ့မြို့မှာ မြန်မာမိသားစုမရှိဘူး။ လန်ဒန်မှာတော့ အများကြီးပါပဲ။ ကြာတော့ အင်္ဂလိပ်လိုပြောတာ အားသန်သွားပြီး တဖြည်းဖြည်း မြန်မာလိုပြောတဲ့အကျင့် မရှိတော့ဘူး။ သူတို့မောင်နှမ အချင်းချင်းလဲ အင်္ဂလိပ်လိုပြော၊အဖေနဲ့အမေက မြန်မာလိုပြောလဲ သူတို့ကအင်္ဂလိပ်လိုပဲ ဖြေကြတော့တယ်။

ပထမတော့ အထွေးရော သူတို့အဖေရော ကြိုးစားပြီး သူတို့ကို မြန်မာလိုပြောဖို့ စည်းကမ်းလုပ်ကြပါသေးတယ်။ နောက်တော့ အထွေးတို့မှာ အလုပ်ပင်ပန်းတာရယ်၊ အချိန်သိပ်မရှိတာရယ်နဲ့ ကြာရှည်မကြပ်မတ်နိုင်တော့ဘူးမေမေရော၊ ဒီလိုပဲ လွှတ်ထားလိုက်ရတော့တယ်။

အခုလဲ အကြီးနှစ်ယောက်က မြန်မာစကားနားလည်ပါတယ်၊ ပြောလဲပြောတတ်ပါတယ်။ ဒါပေမယ့် ပါးစပ်က ထွက်ရမှာရှက်ပြီး နှုတ်မရဲဘဲဖြစ်နေတာပါ။ အထူးသဖြင့် ဒီကလူတွေရှေ့မှာ ပိုမရဲဘူး '

မိမိထွေးက မအေကျေနပ်အောင် ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်သည်။

' ဝဏ္ဏကကော '

' ဒီကောင်လား။ ဒီကောင်ကတော့ မြန်မာစကား လုံးဝမပြောတတ်ဘူး မေမေ '

' ဟောတော့ . . . '

ဒေါ်အေးရွှေ မျက်လုံးပိုင်းသွားပြီး။ နှုတ်မှ ဝမ်းနည်းပမ်းနည်း ငြီးလိုက်မိလေသည်။

♥ ♥ ♥

တစ်နေ့လုံး စိတ်လှုပ်ရှားရလွန်းသဖြင့် ညအိပ်ရာထဲရောက်သည့်တိုင် ဒေါ်အေးရွှေတော်တော်နှင့် အိပ်မပျော်၊ ခါတိုင်းများ ခေါင်းအုံးပေါ် ခေါင်းချပြီးတာနဲ့ တရားမှတ်ရင်းမကြာခင် ချမ်းသာစွာ အိပ်ပျော်မြဲပါပဲ။

ဒီညမှာတော့ တရားမှတ်လို့လည်း အာရုံကမငြိမ်၊ မနက်ဖြန် ဘာဟင်းတွေချက်ရကောင်းမလဲဟု စိတ်စောလိုက်။ ပူပူအိုက်အိုက်နဲ့ ကလေးတွေ အိပ်မှအိပ်နိုင်ကြပါ့မလားဟု စိုးရိမ်လိုက်နှင့် ၁၁ နာရီလောက်တော့ ရှိရော့မည်။

သူနှင့်အတူတူအိပ်သော ခင်ဝင်းကတော့ သူ့ဘေးမှာ တရှူးရှူး အိပ်မောကျနေပြီ။

ဒေါ်အေးရွှေတို့အိမ်က အညာအိမ်များထုံးစံအတိုင်း အပေါ်ထပ်၌ အိပ်ခန်းနှစ်ခန်းနှင့် ဘုရားစင်ထားရှိသော အိမ်ဦးခန်းမကြီးရှိသည်။ အိပ်ခန်းတစ်ခန်းမှာ ဒေါ်အေးရွှေနှင့်ခင်ဝင်းအိပ်သည်။ နောက်တစ်ခန်းမှာတော့ တစ်ခါတစ်ရံမှသာ သုံးလေ့ရှိသော ပစ္စည်းပစ္စယများထားသည်။ အောက်ထပ် အိပ်ခန်းမှာက ခင်ဆင့်တို့လင်မယားနှင့် ကလေးငယ်နှစ်ယောက်။

ယခု အထွေးတို့မိသားစုလာတော့ အိမ်ဦးခန်းကြီးတွင် သင်ဖြူးတွေ အပြည့်ခင်း။ အဲဒီအပေါ်ကမှ မွေ့ယာများခင်း၍ ပြင်ပေးထားသည်။ လေရအောင် ပြတင်းပေါက်တွေ အကုန်ဖွင့်ပြီး အိပ်ရာဘေးမှာ ပန်ကာထားပေးသည်။ ညည့်နက်၍ လေအေးကလေးတိုက်လျှင် အအိုက်သက်သာ၍ အိပ်နိုင်ကြကောင်းပါရဲ့။

တွေးရင်းဖြင့်ပင် အာရုံတွေက မြည်းဖြည်းကျဲသွားပြီး မျက်ခွံများ လေးလံလာသည်။ အိပ်ပျော်လုလုလေးမှာ ခပ်တိုးတိုး စကားပြောသံ ရယ်သံများကြောင့် ဒေါ်အေးရွှေ မျက်လုံးကျယ်သွားပြန်တော့သည်။

' ခစ် ... ခစ် ... ခစ် ... ဟီး ... ဟီး ... ဟီး ... ဟီး ... '

'ရှပ်တပ်(ပ) ဒုန့်မိတ် နိုက်စွ၊ နိုး . နိုး . ယူမတ်ဖင့်ဂိုးအောက်'

ဝဏ္ဏနှင့် သူ့အမေတို့အသံ။

ကလေးက တခစ် –ခစ် ရယ်လိုက်ပြောလိုက်။ မအေက အိပ်ချင်မူးတူးအသံနှင့် မာန်လိုက်။

တိတ်သွားနိုး။ တိတ်သွားနိုးနှင့် နားစွင့်နေရာ၊ တော်တော်နှင့်မရှိမ ဘာများဖြစ်နေကြပါလိမ့်ဟု သိချင်လာသဖြင့် မနေနိုင်တော့ဘဲ အိပ်ရာထဲမှ

နေ၍ လှမ်းအော်မေးမိတော့သည်။

' ဟဲ့ ... အထွေး၊ မအိပ်ကြသေးဘူးလား။ ကလေးကဘာလို ချင်လို့တုန်းပြောလေ '

သမီးကလည်း အပြင်မှ ပြန်အော်ပြောသည်။

' *ဘာမှမလိုချင်ဘူး မေမေရေ မေမေ့မြေးက ခြင်ထောင်နဲ့တစ်ခါမှ* မအိပ်ဖူးတော့ ခြင်ထောင်ချလိုက်ကတည်းက မအိပ်တော့ဘူး။ သဘောကျ ပြီး ထကြည့်လိုက် ရယ်လိုက်လုပ်နေတယ်။ အမေးအမြန်းကလည်း ထူလိုက် *တာ၊ 'ကျွတ် ကျွတ်' 'ကျွတ် ကျွတ်' မြည်တာ ဘာကောင်လဲတဲ့။* နံရံမှာ ချိတ်ထားတဲ့ အုန်းသီးမှာ ဘာလို့ဖဲကြိုးနီတွေ ချည်ထားတာလဲတဲ့၊ စုံနေတာပဲ။ မေမေအိပ်တော့လေ၊ ညည့်နက်လှပြီ '

' အေး ... အေး ငါ့သမီးလည်း အိပ်တော့လေ '

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အိပ်ခိုင်းရင်း သန်းခေါင်ကျော်မှပင် အိပ်ပျော်သွားကြလေသည်။

▼ ▼ ▼

နံနက်စောစော အုန်းမောင်းမခေါက်မီကပင် မီးဖိုချောင်မှ အိုးသံ ခွက်သံတွေ ကြားရသည်။ ခင်ဆင့်တစ်ယောက် ဝီရိယလွန်ပြီး အစောကြီး ထ၍ ကောက်ညှင်းပေါင်းပေါင်းနေပြီ။ ဒေါ်အေးရွှေ နိုးနေသော်လည်း ညက တော်တော်နှင့်အိပ်မပျော်ခဲ့၍ ချက်ချင်းမထသေးဘဲ ငြိမ်ငြိမ်သက်သက်ကလေး မှိန်းရင်း အတွေးဆန့်နေလိုက်သည်။

ဩော် ... ဘဝကံဆိုတာ အံ့သြစရာပါပဲ။ ဒီမြို့လေးမှာ မွေးဖွား ကြီးပြင်းခဲ့တဲ့ သူ့သမီးသည် ယခုလို ဝေးမြေရပ်ခြား တိုင်းတစ်ပါးမှာ သွား ရောက် နေထိုင်ရလိမ့်မည်ဟု သူအိပ်မက်ပင် မမက်ခဲ့မိ။ ဘွဲ့ရပြီး အလုပ်ဝင် လျှင် အလွန်ဆုံးဝေးလှ မြိတ်၊ ထားဝယ်ပေါ့ဟုသာ တွက်ခဲ့မိသည်။ သူတို့ နိုင်ငံခြားသွား အလုပ်လုပ်ကြမည်ဆိုတုန်းကလည်း ကြာလှ သုံးနှစ်ပေါ့ဟု ထင်ခဲ့မိသည်။ အခုတော့ ရ နှစ်ပင် ကျော်ခဲ့ပြီ။ ဘယ်အချိန် ဘယ်ကာလမှ

ကိုယ့်ပြည်ကိုယ့်ရွာ ပြန်လာကြမည်ဆိုတာ စိတ်ကူးထဲမှာပင် မရှိကြသေး။

ခေတ္တအလည်အပတ် ပြန်လာကြမည်ဆိုတော့လဲ မြေးတွေကို တွေ့မြင်ချင်စောနှင့် ကျေးချင်မွေးချင်စောသာကပ်ပြီး မြန်မာစကားမပြော တတ်သောအဖြစ်မျိုးကို ဒေါ်အေးရွှေ လုံးဝမျှော်လင့်မထားခဲ့မိပေ။

အခုလို မြန်မာလူမျိုးစစ်စစ်ကလေးတွေက မြန်မာစကား မပြော တတ်၊ မြန်မာလိုနှုတ်ကထွက်ရမှာ မံ့လွှမရဲဖြစ်နေတာတွေ့ရတော့ သူ့ရင်ထဲမှာ အားမလိုအားမရနှင့် တစ်မျိုးကြီးခံစားနေရသည်။ ဒါ့အတွက် သမီးနှင့် သမက်ကို မကျေနပ်ချင်။ သူတို့ကိုပြောလျှင် အလုပ်များလို့ အချိန်မရှိဘူးနဲ့ ဆင်ခြေပေးဖို့ပဲ တတ်သည်။ သမီးနှစ်ယောက်က မကြာခင် အရွယ်ရောက် ကြတော့မည်။ အရည်တွေးကြည့်တတ်လျှင် ရင်လေးစရာ ကောင်းလှချည့်ရဲ့။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကလေးတွေ နောင်ရေးနှင့်ပတ်သက်ပြီး အတွေးကို သတိပေးဖြစ်အောင် ပေးရမည်။ သူတို့က ငွေရှာဖို့ပဲ အဓိက ထားနေတာ။

တွေးရင်း စိတ်မောရင်းဖြင့် ၅ နာရီထိုးသွား၍ အိပ်ရာမှ ထခဲ့ရ သည်။ အိမ်ဦးခန်းမှာတော့ သမီးနှင့်မြေးများ တန်းစီထောင်ထားသော ခြင်ထောင်များထဲမှာ အိပ်မောကျနေကြလေသည်။ ညတုန်းက ခြင်ထောင်ထဲ အိပ်ရတာ အဆန်းဖြစ်ပြီး တခွိခွိရယ်နေခဲ့သောကောင်လေးလဲ ခေါင်းအုံးကြီး ဖက်ပြီး အိပ်မောကျလို့။ သူ့ကိုကြည့်၍ ဒေါ်အေးရွှေ ပြုံးမိရသေးသည်။

မျက်နှာသစ်ပြီးသောအခါ မြေးများနိုးသွားမည်စိုး၍ အသံတိုးတိုးဖြင့် ဘုရားရှိခိုး ဆွမ်းတော်ကပ်လိုက်ရသည်။ နံနက် ၈ နာရီထိုးမှပင် သမီးများ၊ မြေးများအိပ်ရာမှ နိုးကြလေသည်။

♥ ♥ ♥

' မေမေ ... ဆရာကြီးဦးသောင်းကတော် နာမည်ဘယ်သူပါလိမ့်၊ အတွေးမေ့နေလို့ '

' ဒေါ်အေးကြွယ်လေ ... သမီးကလဲ ဒေါ်အေးကြွယ်တောင် မမှတ်မိတော့ဘူးလား '

' ဟုတ်တယ် ... ဟုတ်တယ် ... ဒေါ်ဒေါ်ကြွယ် အဘွားကြီးက ခေါင်းမူးတတ်လို့ အော်ဒီကလုံးရေမွှေး၊ ဆရာကြီးဖို့က တိုက်ပုံအင်္ကျီစ '

မိမိထွေးက ကန်တော့စရာလက်ဆောင်ပစ္စည်းများကို အသင့်ပါလာသော ပန်းစက္ကူများဖြင့် သွက်လက်စွာထုပ်ပြီး အပေါ်မှ နာမည်အသီးသီး ရေးသည်။

နံနက်စာအဖြစ် ခင်ဆင့်လက်ရာ ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်အပြင် ကလေးများအတွက် ကော်ဖီ၊ ပေါင်မုန့်၊ ကြက်ဥကြော် တို့ကို အဝစားသောက်ပြီးနောက် ရင်းနှီးသော မိတ်ဆွေသင်္ဂဟများနှင့် လူကြီးမိဘ ဆရာသမားဟောင်းများကို သွားရောက်ကန်တော့ရန် ပြင်ဆင်နေကြခြင်း ဖြစ်လေသည်။

' ဝဏ္ဏကိုတော့ ထားခဲ့မယ်မေမေ၊ ခင်သင်းတို့၊ ဖိုးလူတို့နဲ့ ကစားနေနိုင်းရင် ရပါတယ်။ သူပါလာရင် ဘယ်အိမ်မှာမှ စကားဖြောင့်ဖြောင့် ပြောရမှာမဟုတ်ဘူး၊ ရှုပ်နေမှာပဲ '

' ဖြစ်ပါ့မလားအေ ... ညည်းသားက ဘိုလိုပဲ ပြောတော့ နားလည်ကြမှာ မဟုတ်ဘူး '

' ဖြစ်ပါတယ် မေမေရဲ့ '

မိမိထွေးက ပြောပြောဆိုဆို သူ့သားကို အနားခေါ်ပြီး အင်္ဂလိပ်လို ပြောလိုက်သည်။ သားကလဲ ပြန်ပြောသည်။ အင်္ဂလိပ်လို မတတ်သော်လည်း ပြောဆိုနေသော ဟန်အမူအရာကိုကြည့်ပြီး မအေကနေခဲ့ဖို့ချော့တာကို သားက လက်မခံ၊ အတင်းလိုက်မယ်ပြောနေကြောင်း ဒေါ်အေးရွှေသိနေသည်။

သားအမိနှစ်ယောက် အချီအချပြောနေကြသည်မှာ မြန်မာလို တစ်ခွန်းမှမပါ။ တကယ့် ဘိုသားအမိပြောနေသလိုပါပဲ။ အရင်လို စိတ်မျိုးနဲ့ ဆိုလျှင် မြေးကလေးအခုလို အင်္ဂလိပ်လိုတရွှတ်ရွှတ် ပြောနိုင်တာကိုကြည့်ပြီး ဂုဏ်ယူကျေနပ်နေမိမည်ဖြစ်သော်လည်း ယခုတော့ ဒေါ်အေးရွှေဝမ်းမသာနိုင်။ ဝမ်းနည်းသလိုလို၊ တစ်ခုခု ဆုံးရှုံးနေသလိုလို ခံစားနေရပြီ။

' ခင်ဝင်းရေ ... နေကြာစေ့ တစ်ထုပ်ပေးပါဟေ့၊ သားသားက နေရစ်မယ်တဲ့၊ သိပ်လိမ္မာတာပဲ။ ကဲ ... မောင်တင်မြင့် ... တို့လဲသွားကြစို့၊

သွားစရာအိမ်တွေကအများကြီးပဲ '

နောက်ဆုံးမှာ သားအမိနှစ်ယောက် နေကြာစေ့တစ်ထုပ်နှင့် အပေး အယူတည့်သွားကြဟန် တူပါရဲ့။ ဝဏ္ဏာ နေရစ်ပြီး အထွေးက သမီး နှစ်ယောက် နှင့် အဖော်အဖြစ် မောင်တင်မြင့်ကိုခေါ်ကာ လက်ဆောင်တွေ တစ်ပွေ့ တစ်ပိုက်နှင့် ထွက်သွားကြလေသည်။

♥ ♥ ♥

ဒေါ်အေးရွှေသည် သူ့ခေါးမှာထိုင်၍ နေကြာစေ့တစ်ထုပ်နှင့် အလုပ်များနေသော ဖြူဖြူဖွေးဖွေး ပါးဖောင်းဖောင်းနှင့် ချစ်စဖွယ်မြေးငယ်ကို ကြည့်ပြီး သဘောကျနေ၏။

နေကြာစေ့ကို ကိုက်၍ ထောက်ခနဲ အခွံခွဲတတ်သော်လည်း မကျင်လည်သေး၍ အဆံက မကြာခဏ ခုန်ထွက်ပြီး အောက်သို့ကျသွား သည်။ သူက လျင်မြန်စွာလိုက်ဖမ်း၍မိသွားလျှင် ဒေါ်အေးရွှေက လက်ခုပ် တီး၍ ချီးကျူးသည်။ ပြီး မြေးအဘွား နှစ်ယောက်သဘောကျစွာ ရယ်မော ကြလေသည်။ အဘွားနှင့် မြေးတို့၏ ဆက်သွယ် ရင်းနှီးမှုက ဒါလောက်ပါပဲ။

ဝဏ္ဏသာ မြန်မာစကားတတ်လျှင်တော့ ညက သူ့အမေကို မေး သလို 'ကျွတ် – ကျွတ် – ကျွတ် – ကျွတ်' မြည်တာ ဘာကောင်လဲတို့၊ အုန်းသီးကို ဘာလို့ဖဲကြိုးချည်ထားသလဲလို့ဆိုတဲ့ မေးခွန်းမျိုးလေးတွေမေးလို့ သူကလဲ စိတ်ရှည်လက်ရှည်ဖြေလို့ မည်မျှပျော်စရာကောင်းလိုက်မလဲ။

အခုတော့ အဘွားနှင့်မြေး နီးလျက်နှင့်ဝေးနေကြပြီ။

ထိုစဉ် ဆွမ်းခံကိုရင်လေးနှစ်ပါး ကြွလာသောကြောင့် ဒေါ်အေးရွှေက ကိုရင်လေးများကို လက်ညှိုးထိုးပြပြီး

' သားသားကော သူတို့လို ဝတ်မလားဟင် 'ဟု မေးရာ ဝဏ္ဏက နိုး . . . နိုး . . . ဟု ခေါင်းရမ်းပြလေသည်။

နေကြာစေ့တစ်ထုပ်ကုန်သောအခါ ဝဏ္ဏက ဖျင်းလာဟန်နှင့် ခုံတန်း လျားပေါ်မှာထိုင်ရင်း ကိုယ်ကိုလိမ်တွန့်ပြီး ကျောကုန်းပိုးတဲ့ ခေါင်းကုပ်လိုက်

လုပ်နေသည်။

' ဟဲ့ ... ခင်သင်းတို့၊ ဖိုးလူတို့ လာကြဦး။ ဒီမှာ ကလေးနဲ့လာ ကစားကြဦးဟေ့၊ ဖိုးလူစာသင်သွားတာ ခုထိပြန်မလာသေးဘူးလား '

ဒေါ်အေးရွှေ ခေါ်သံကြောင့် ခင်သင်းနှင့်ဖိုးလူတို့ အပြေးရောက် လာပြီး၊ ဝဏ္ဏကိုခေါ်သွားကြလေသည်။

ခဏနေတော့ အိမ်အပေါ်ထပ်မှ တမြှုန်းမြှုန်း၊ တဝုန်းဝုန်း ပြေးသံ လွှားသံများနှင့်အတူ ပျော်ပျော်ပါးပါး အော်ဟစ်ရယ်မောသံများ ကြားရတော့ သည်။

အင်း ... ကလေးချင်းကျတော့ စကားမတတ်ပေမယ့် အလုပ် ဖြစ်ကြသားပဲဟု ဝမ်းသာစိတ်အေးသွားပြီး တစ်မနက်လုံး မကိုင်ရသေးသည့် စိပ်ပုတီးလေးကို လည်ပင်းမှချွတ်ယူလိုက်သည်။

' အရဟံ – သမ္မာသမ္ဗုဒ္ဓေါ – ဝိဇ္ဇာစရဏ – သမ္ပန္နော – သု ဂတော – လောကဝိဒူ ... '

' အား အူး '

အပေါ်ထပ်မှ ဝဏ္ဏ၏စူးစူးဝါးဝါး ငယ်သံပါအောင် အော်လိုက်သော အသံကြောင့် ဒေါ်အေးရွှေ စိပ်လက်စပုတီးလွှတ်ချပြီး နှုတ်မှလည်း အော်ရင်း ခေါ်ရင်း လှေကားရှိရာသို့ အမြန်လာခဲ့သည်။

' ဟဲ့ ... ဘာဖြစ်သတုံး၊ ကလေးဘာဖြစ်လို့တုံး။ ခင်ဆင့်တို့ ခင်ဝင်းတို့ လာကြပါဦးဟဲ့၊ အပေါ်မှာဘာဖြစ်မှန်းမသိဘူး '

လှေကားရင်းရောက်တော့ ဟင်းမွှေတဲ့ဇွန်းကိုပင် လက်ကမချမိဘဲ မီးဖိုထဲမှ ပြေးထွက်လာသော ခင်ဆင့်နှင့်ဆုံမိပြီး အပေါ်ထပ်သို့ အမြန်ဆုံး တက်ခဲ့ကြသည်။

ဒေါ်အေးရွှေတို့ အိပ်ခန်းထဲမှာ ခင်သင်းက ဝဏ္ဏကို မနိုင့်တနိုင် ခါးတစ်ခွင်ချီလို့။ ဝဏ္ဏကလည်း မျက်ရည်လည်ရွဲငိုလို့၊ ပါးစပ်ကလည်း ဘာ တွေ ပြောမှန်းမသိ ပြောလို့။

' သမီးတို့ တူတူပုန်းနေကြတာ သူကဟောဒီဗျာလိပ်ထဲမှာ ဝင်ပုန်း တယ်၊ ဖိုးလူက ဝရံတာမှာ 'တူပီ' လို့ အော်သံကြားလို့ သမီးကရှာမယ်

လုပ်တုန်း။ သူက ဖျာလိပ်ထဲက အလန့်တကြားထွက်လာပြီး ကုန်းအော်တာပဲ။ ဘာလို့အော်မှန်း သမီးတို့လဲမသိဘူး '

ခင်သင်းက ရှင်းပြသည်။

' ဖျာလိပ်ထဲက ကင်းမြီးကောက်များ ထိုးလိုက်သလားအေ၊ ဖျာကို ရှာကြည့်ကြပါဦး '

ဒေါ်အေးရွှေကပြောသဖြင့် ခင်ဆင့်က ဖျာလိပ်ကိုကောက်ယူပြီး တဖြန်းဖြန်းခါလိုက်သည်။ ဘာကောင်မှ ထွက်မလာပေ။

' သူ့ကျောလှန်ကြည့်စမ်း။ နီနေသလား။ အကောင်တစ်ကောင်များ ကိုက်လိုက်သလားပဲ '

ခင်သင်း ဝတ္ထုဝတ်ထားသော အင်္ကျီကို လှန်ကြည့်ပြီး ..

' ဘာမှမရှိပါဘူး ဘွားဘွား။ မိတ်ဖုတွေပဲရှိတယ် 'ဟု ပြန်ဖြေသည်။

ဒါဖြင့် ပူလို့မိတ်တွေက စပ်လို့များ ငိုတာလားမသိဘူး ...နော် မေမေရွှေ 'ဟု ခင်ဆင့်က ပြောနေသဖြင့် –

' အိုအေ မိတ်စပ်တာ ဒီလောက်ကြီး ငယ်သံပါအောင် အော်ပါ့မလား 'ဟု ဒေါ်အေးရွှေစိတ်မရှည်တော့ဘဲ ငေါက်လိုက်ရသေးသည်။

ကလေးက ထိတ်လန့်နေပုံရသဖြင့် ရေတစ်ခွက်ခပ်ခိုင်းပြီး တိုက်လိုက်သည်။

' အင်း ... ခက်တော့တာပဲ၊ ဘာဖြစ်တာမှန်းလဲမသိ။ သူပြောတာလဲ ကိုယ်ကနားမလည်နဲ့ဘာလုပ်ရပါ့မလားလဲဟု စိတ်မောနေစဉ် ဝတ္ထုက တစ်နေရာကို လက်ညှိုးထိုးပြပြီး ' THAT ... THAT ' ဟုအော်သည်။

သိချင်ဇောဖြင့် မော့်ကြည့်လိုက်ကြတော့ ထွားထွားကျိုင်းကျိုင်း ပိုးဟပ်ကြီးတစ်ကောင် နံရံမှာကပ်လို့ ...'

အားလုံး ငိုအားထက် ရယ်အားသန်ဖြစ်သွားကြလေသည်။

♥ ♥ ♥

' အထွေး ... ညည်းသားသမီးတွေပြောဦး အမေကြည့်နေတယ်၊

သူတို့တစ်နေ့လုံး ရေခဲတွေနဲ့ ဘီလပ်ရည်တွေပဲ သောက်နေတယ်။ ရာသီက ပူပါဘိသနဲ့ ကြာရင် ရေငတ်ဝမ်းကျဖြစ်ကုန်မယ်နော်၊ ရေခဲရေချည်း သောက်နေရင် ပိုပြီးရေငတ်မယ်ဆိုတာ နားလည်အောင်ပြောစမ်းပါဦး '

တစ်နေကုန် ရိုးရိုးရေမသောက်၊ ရန်ကုန်မှသေတ္တာလိုက် သယ်လာသော ဘီလပ်ရည်ပုလင်းများကိုသာ တစ်လုံးပြီးတစ်လုံးဖွင့်ပြီး ရေခဲနှင့် သောက်နေကြသော မြေးများအတွက်စိုးရိမ်ပူပန်စွာ သမီးကိုသတိပေးရသည်။

ဒီတော့ အလတ်မက ဘွားအေကိုမကြည့်ဘဲ၊ သူ့အမေကို အင်္ဂလိပ်လို တစ်ခွန်းနှစ်ခွန်း လှမ်းပြောသည်။

ဘာအကြောင်းပြောမှန်း မသိ၍ ဒေါ်အေးရွှေမှာ ကြောင်ငေးငေးဖြစ်နေသည်။ အထွေးက အားနာသွားပြီး ကြားက ဝင်ပြောပေးလေသည်။

' ရေက ငန်လို့ပါတဲ့ ... မေမေရဲ့ '

' ဒီလိုဆိုလဲ လက်ဖက်ရည်ကြမ်းသောက်၊ ဒါမှ ရေငတ်ပြေမယ်လို့ '

' လက်ဖက်ရည်ကြမ်းကလည်း ခါးတယ်တဲ့ မေမေရေ '

မအေက ဘွားအေနှင့်မြေးများကြားတွင် စကားပြန်ဖြစ်မှန်းမသိ ဖြစ်နေလေသည်။ သူတို့အမေ ဘယ်လိုပြောပြော ကောသီတို့ ညီအစ်မက ပြောနေမကျသေး၍ မြန်မာလိုပြောဖို့ ရှက်ရွံ့နေဆဲပင်ဖြစ်သည်။ မြန်မာစကားပြောရမှာ ဝန်လေးနေသဖြင့် ဒီကအိမ်သားများနှင့် အာလာပသလ္လာပဟူ၍ မပြောဖြစ်။ မေးမှသာ တစ်ခွန်းချင်း ပြောကြသည်။

အဲ ... ဒေါ်အေးရွှေအများဆုံးကြားမိတာကတော့ 'သင်းခယူး'ဆိုတာပဲ ဖြစ်သည်။ 'သင့်ခယူး'ကတော့ ဘွားအေကိုလဲ 'သင်းခယူး' ခင်ဆင့်တို့ကို လည်း 'သင်းခယူး' သူ့အမေကိုလဲ 'သင်းခယူး' အားလုံးကို သင်းခယူးပါပဲ။

ယနေ့တော့ မိဘဘိုးဘွားများ လက်ထက်ပင် ကိုးကွယ်ဆည်းကပ်ခဲ့သော ဘုန်းကြီးကျောင်းနှစ်ကျောင်းသို့ သွားရောက်၍ ဆရာတော်တို့အား လှူဖွယ်ပစ္စည်းများကပ်သည်။ ပြီးတော့ ဖခင်ဦးဘအုန်း၏ဂူကို သွားရောက်ကန်တော့ကြလေသည်။

မနေ့က ဆွေးမျိုး မိတ်သင်္ဂဟများ အိမ်ကို သွားရောက်နှုတ်ဆက်ကြရာ၊ သွားသမျှအိမ်က ရှိသမျှ မုန့်ပဲသရေစာများကိုထုတ်၍ အတင်းကျွေးမွေး ညှဉ့်ခံကြသဖြင့် သားအမိသုံးယောက်လုံး ညက ဗိုက်မကောင်း ဖြစ်ကြသည်။

တချို့က ထမင်းကျွေးပါရစေဟု အတင်းဖိတ်ကြသော်လည်း ခင်ဆင့်လက်ရာ ဟင်းတွေလွတ်ကုန်မှာ စိုးသဖြင့် မိမိထွေးက ဖွတ်ငြင်းခဲ့ရသည်။

▼ ▼ ▼

သုံးရက်ဆိုတာကလဲ ဘာမျှမကြာလိုက်ပါလား။

အစီအစဉ်အရ မနက်ဖြန်မနက်စောစောမှာ မန္တလေးသို့ ထွက်ကြတော့မည်။

ယနေ့ညှ ထမင်းပွဲကတော့ ခင်ဆင့်၏ စပယ်ရှယ်လက်ရာ၊ မိမိထွေး အကြိုက် အညာဟင်းတွေချည့် စားပွဲနှင့် အပြည့်ဖြစ်နေလေသည်။

' မမထွေး ... အားရပါးရစားနော်၊ မမထွေးအကြိုက်တွေချည်း စဉ်းစားပြီး ချက်ထားတာသိလား။ နွားနို့ခဲက ဈေးနေ့မဟုတ်လို့ ဝယ်မရလို့ ရွာလှကို ကိုတင်မြင့်စက်ဘီးနဲ့သွားဝယ်ပြီး ချက်ထားတာ '

ဘယ်ညှဉ့်သည်မျိုးမဆို အစွမ်းကုန်ပြုစု ကျွေးမွေးရမှ ကျေနပ်လေ့ရှိသောဒေသဖြစ်၍ ဒေါ်အေးရွှေစိတ်ထဲမှာ ဘယ်လိုမှမနေသော်လည်း သမီး မိမိထွေးရဲ့ မျက်နှာကတော့ စိတ်ထိခိုက်သွားဟန်နှင့် ထမင်းစားပွဲအနီးမှာ ယပ်ခပ်ပေးနေသော ခင်ဆင့်တို့လင်မယားကို ဖျတ်ခနဲလှမ်းကြည့်သည်။

' နင်တို့ကလဲဟာ ဘာလို့ ဒီလောက်ကြီးအပင်ပန်းခံရတာလဲ တခြားဟင်းတွေလဲ အများကြီးဥစ္စာ '

မိမိထွေးအသံက အားနာသံပြီးတော့သူ့အတွက် ဤမျှမေတ္တာစေတနာထားကြသဖြင့် ဝမ်းသာဝမ်းနည်း ဖြစ်ရသည့်အသံမျိုး။

' အို ... မမထွေးကလဲ မပင်ပန်းပါဘူး။ တစ်ခါတစ်ရံလာတုန်း

လေး ကျွေးရတာ၊ ကလေးတွေကို ထည့်ပေးပါဦး 'မောင်တင်မြင့်က ပြုံးပြုံး ရွှင်ရွှင် ပြန်ပြောသည်။

မအေက အညာသူမို့ အညာဟင်းလျာများကို မက်မောသော်လည်း ကလေးတွေကတော့ စားနေကျမဟုတ်၍ သိပ်ကြိုက်ကြဟန်မတူ။ တို့ခနန်း ဆိတ်ခနန်းသာ စားနေကြသဖြင့် ခင်ဆင့်တို့မှာ အားမလိုအားမရ ဖြစ်ရသည်။ မိမိထွေးကတော့ အားရပါးရ နယ်ဖတ်စားနေလိုက်တာ နောက်ဆုံးမှပြီးသည်။

' စားလို့ ကောင်းလိုက်တာ ခင်ဆင့်ရာ၊ ဟင်းတွေ အကုန်လုံး သိပ်ကောင်းတာပဲ၊ နင့်ကိုသာ ဟိုခေါ်သွား လိုက်ချင်တော့တာပဲ၊ တကယ်ပါ ပြောရင် ယုံမှာမဟုတ်ဘူး။ ဟိုမှာ ဘာမဆိုဝယ်လို့ ရပေမယ့် တို့သားအမိ တစ်တွေ နေ့စဉ်ထမင်းဟင်း ကျကျနန ချက်မစားနိုင်ဘူး။ မနက် လင်းတာနဲ့ မနက်စာ ပေါင်မုန့်တို့ဘာတို့ ကသုတ်ကရက်စား။ တို့နှစ်ယောက်က အလုပ်သွား၊ ကလေးတွေက ကျောင်းသွား၊ နေ့လယ်စာကို ရုံးမှာ ကျောင်းမှာပဲ စားကြရော၊ ညနေ အိမ်ပြန်ရောက်တော့ စနေ -တနင်္ဂနွေတုန်းက ချက်ထားတဲ့ ထမင်းတို့ဟင်းတို့ကို ရေခဲသေတ္တာထဲကထုတ်၊ ပြန်နွှေးပြီး စားကြရတယ်။

ဒီမှာလို နေ့စဉ်ထမင်းရယ်၊ ဟင်းရယ်ဆိုပြီး ကျကျနန ချက်စားနေဖို့ အချိန်သိပ်မရှိဘူး။ ဟိုမှာကျတော့ အချိန်က သိပ်ကုန်လွယ်တာပဲ။ အများအားဖြင့်တော့ ပြီးလွယ်တဲ့စည်သွတ်ဘူးတွေ ဖွင့်စားလိုက်ကြတာများပါတယ်။ စနေ တနင်္ဂနွေကျတော့ တစ်ပတ်လုံး ဝတ်ထားတဲ့အဝတ်တွေ လျှော်ရသေးတယ်။ ဟိုပြန်ရောက်ရင် ဒီကထမင်းပွဲအသင့် ယပ်ခတ်ကျွေးတဲ့ စည်းစိမ်ကို ငါတော့လွမ်းနေတော့မှာပဲဟယ် '

နိုင်ငံခြားမှာ ထမင်းချက်တို့၊ အိမ်ဖော်တို့ မငှားနိုင်ကြဘူးဆိုတာ သမီးထံမှစာများအရ သိထားပေမယ့် ယခုလိုကိုယ်တိုင် ကိုယ်ကျပြောပြတာ ကြားရတော့ 'ငါ့သမီးတို့ ပင်ပန်းလိုက်တာနော်'ဟု ဒေါ်အေးရွှေ စိတ်မကောင်း ဖြစ်မိသည်။

အင်း ... သူတို့ချမ်းသာတာကတစ်မျိုး။ ကိုယ်ချမ်းသာတာက တစ်မျိုး။ တစ်မျိုးစီပေါ့လေဟု စိတ်ကိုဖြေရလေသည်။

♥ ♥ ♥

တိုင်ကပ်နာရီကြီးမှ နံနက် ၉ နာရီထိုးသံ ကြားရ၏။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထုံးစံအတိုင်း အိမ်ရှေ့ခုံတန်းလျားလေးမှာ ဒေါ်အေးရွှေဆွမ်းတစ်အုပ်နှင့်ထိုင်ရင်း သံဃာတော်များကို စောင့်နေသည်။

နံနက်စောစောကပင် သမီးတို့မိသားစု ခရီးဆက်လက်ထွက်ခွာသွားကြလေပြီ။ သွားခါနီး နှုတ်ဆက်ကြ၊ ကန်တော့ကြပုံမြင်ကွင်းကို အာရုံတွင် လန်းလန်းဆတ်ဆတ် မြင်ယောင်နေဆဲဖြစ်သည်။ မြေးကလေးများက နူးညံ့သောနှုတ်ခမ်းလေးများဖြင့် ပြွတ်ခနဲပြွတ်ခနဲ နမ်းသွားသော သူ့ပါးပြင်နှစ်ဖက်သည် ယခုတိုင် နွေးနွေးလေးရှိနေဆဲဟု ထင်မိ၏။

သမီးကကန်တော့ရင်းငိုတော့ သူလည်းမျက်ရည်သုတ်ခဲ့ရသည်။ ခင်ဆင့်ကတော့ နဂိုကဝမ်းနည်းတတ်သူမို့ အသံထွက်အောင်ပင် ရှိုက်၍ငိုသည်။ ငယ်ငယ်ကတည်းက အတူတူနေခဲ့သဖြင့် အထွေးကို အစ်မအရင်းလိုချစ်သူ ဖြစ်လေသည်။

မြေးတွေကတော့ ဘယ်လိုမှနေပုံမရ။ သူတို့အမေ ငိုတော့ဖြင့် အကြီးမနှစ်ယောက်က စိတ်မကောင်းသလို မျက်နှာငယ်လေးတွေနှင့် ကြည့်နေကြရဲ၊ အငယ်ကောင်ကတော့ အားလုံးမျက်ရည်လည်ရွဲ ငိုနေကြပုံကို ကြည့်ပြီး ပြုံးစိစိတောင် လုပ်နေသေးသည်။

ကားထွက်တော့ ဘွားအေကို 'ဘိုင့်ဘိုင်'ဟု အော်နှုတ်ဆက်သွားလေသည်။

' မေမေရွှေ – ကျွန်တော်ဖျာတွေ ခေါင်းအုံးတွေ အားလုံးသိမ်းခဲ့ပြီးပြီ၊ ပန်းကန်တွေတော့ ခင်ဆင့်ပြန်ထည့်ပါလိမ့်မယ်၊ သမီးတို့ကို အပေါ်ထပ်တံမြက်စည်းလှည်းခိုင်းထားခဲ့တယ်။ ဦးတင်မောင်တို့အိမ်ကမွေ့ယာတော့ကျွန်တော် ရုံးကပြန်မှ ဗိုပေးမယ်နော် '

မောင်တင်မြင့်က အနားလာပြီး ပြောလိုက်သဖြင့် ဒေါ်အေးရွှေ

အာရုံထဲမှ မြင်ကွင်းကလေး ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

စက်ဘီးကို တွန်း၍ထွက်သွားသော မောင်တင်မြင့်၏ကျောပြင်ကို ကြည့်ရင်း ' အင်း ... သူ့ခမျာပင်ပန်းရှာသည်။အထွေးတို့ရှိစဉ် ရုံးမှ ခွင့်ယူထားပြီး စက်ဘီးတစ်စီးနှင့် ဟိုပြေးလိုက် ဒီပြေးလိုက် ဘာမှလိုလေသေးမရှိအောင် ဂရုစိုက်ရှာသည်။ သားတစ်ယောက်လို အားကိုးရသူပါပဲ မောင်မင်းကြီးသား ဘုန်းကြီးလို့သက်ရှည်ပါစေဟု စိတ်ထဲကဆုပေးနေမိ၏။

တကယ်တော့ သူတင်မဟုတ် တစ်အိမ်သားလုံး ပင်ပန်းကြခြင်းဖြစ်သည်။ ခင်ဆင့်ဆိုတာတော့ မပြောနှင့်တော့၊ ပူပူအိုက်အိုက်နှင့် မီးဖိုထဲမှာ ချွေးတလုံးလုံး။

နောက်ဆုံး ခင်သင်းတို့ ဖိုးလူတို့ပင် ဝဏ္ဏကိုထိန်းရ၊ ချော့ရ၊ မိတ်ကုတ်ပေးရ၊ ကြည့်ချင်သည် ပူဆာ၍ ဖားဖမ်းပေးရ၊ ယင်ကောင်ဖမ်းပေးရနှင့် မနားကြရရှာ။

အခုတော့ တစ်အိမ်သားလုံး ပုံမှန်ပြန်ဖြစ်သွားပေပြီ။

ဒေါ်အေးရွှေကိုယ်တိုင်လဲ အခုမှရင်ထဲ ပေါ့သွားသည်။ ဘာနှင့်တူသလဲဟု နှိုင်းပြရလျှင် ရပ်ဝေးမှဧည့်သည်များ လာရောက်တည်းခိုသဖြင့် အစွမ်းကုန် ဧည့်ဝတ်ပြုလိုက်ကြပြီးနောက် ပြန်သွားကြတော့ အိမ်ရှင်တို့စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလိုမျိုး ဖြစ်လေသည်။

သမီးနှင့် မြေးတွေနှင့် ပြန်လည်ခွဲခွာရပြီကော ...ဟု ရင်ထဲမှာ ဟာမနေ၊ လွမ်းဆွတ်မနေဘဲ ဧည့်သည်တွေ ပြန်သွားသလောက်သာ ခံစားရသည်ဆိုတော့

' ငါ့နှယ် မဟုတ်သေးပါဘူး' ဟု ကိုယ့်ကိုကိုယ်ပင် မကျေမနပ်ဖြစ်လာသည်။

နေသွားသည့်ရက်က သုံးရက်တည်းမို့ ဧည့်သည်တွေလို့ သူ့စိတ်က ထင်နေတာလား။

ဩော် ... မြေးရယ်၊ အဘွားရယ်လို့ စကားလေး တစ်ခွန်း နှစ်ခွန်းသော်မှ ရင်းရင်းနှီးနှီးမပြောနိုင်ခဲ့လို့ ငါ့စိတ်က စိမ်းသွားပြီလား။

သံယောဇဉ်နှောင်ကြိုးဆိုတာကလည်း အနေနီးမှရစ်ပတ်နှောင်ဖွဲ့ဖို့

အလှမ်းမီသည်ထင်ပါရဲ့။

စသည်ဖြင့် ဒေါ်အေးရွှေစိတ်ထဲမှာ အတွေးများစုံဝင်နေတော့သည်။

ကေသီတို့ နေခြည်တို့ ငယ်ငယ်က အတူတူမနေကြရဘူးဆိုပေမယ့် ဘွားအေကိုအလွန်ချစ်ကြသည်။ နွေကျောင်းပိတ်ရက် သူတို့အမေနှင့်ရန်ကုန်မှ လာရောက်ကြသည့်အခါ ဘွားအေကြီး အနားကပ်ပြီး တွတ်တီး တွတ်တာနှင့် ပုံပြောခိုင်း၊ လက်ဖက်ကျွေးခိုင်းတာတွေ ပြန်တွေးမိတော့ ထိုအချိန်များကို အခုပင် လွမ်းမိပါသည်။

ကိုယ့်အတွေးဖြင့်ကိုယ် လုံးချာပတ်ချာဖြစ်နေစဉ် ဆွမ်းခံ ကိုယ်တော်ကြီး ဦးနန္ဒိယကြွလာသဖြင့် အတွေးများကို ရုတ်သိမ်းပြီး ဆွမ်းလောင်းရန် အသင့်ပြင်ရလေသည်။

' ဒကာမကြီး – သားသမီးတွေ၊ မြေးတွေ ပြန်သွားလို့ လွမ်းကျန်ရစ်ပြီးမှတ်တယ် '

နှစ်ရှည်လများ ဆွမ်းခံကြွနေကျကိုယ်တော်ဖြစ်၍ ရင်းနှီးကျွမ်းဝင်စွာ ပဋိသန္ထာရသဘောဖြင့် မေးလိုက်ခြင်းဖြစ်သော်လည်း ဒေါ်အေးရွှေအဖို့တော့ ဤမေးခွန်းကို ရုတ်တရက်အဖြေရခက်သွားလေသည်။

အမှန်အတိုင်းဖြေရလျှင် သူ့အဖြစ်က လူကဲ့ရဲ့စရာတောင်ကောင်း နေသည် မဟုတ်လား။ သူ့ကိုယ်သူပင် ဘဝင်မကျ၊ အားမလိုအားမရဖြစ်နေရသည့်ကိစ္စကို အမှန်အတိုင်းပြောသင့် မပြောသင့်စဉ်းစားသည်။ နောက်ဆုံးမှာတော့ အိုလေ ...ဘုန်းကြီးကို မညာချင်ပါဘူး။အမှန်အတိုင်း လျှောက်ထားလိုက်တာ ကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်ပါသည်။

' မလွမ်းပါဘူး ဘုရား။ အမှန်အတိုင်းပြောရရင် သူတို့ကိုတစ်ရပ်တစ်ကျေးက ဧည့်သည်တွေ၊ ခေတ္တအိမ်လာတည်းပြီး ပြန်သွားကြတယ်လို့ပဲ အောက်မေ့လို့ ကိုယ့်စိတ်ကိုတောင်မယုံနိုင်အောင် အံ့ဩမိပါတယ်ဘုရား'

' မအံ့ဩနဲ့လေ ... ဒကာမကြီးရဲ့၊ ဒါအမှန်ပဲဥစ္စာ၊ သူတို့မှ မဟုတ်ဘူး။ လောကကြီးမှာ လူတွေအားလုံးဟာ ဧည့်သည်တွေချည်းပဲ၊ ဒကာမကြီးတို့ ကျုပ်တို့အပါအဝင်ပေါ့ ... မဟုတ်ဘူးလား '

' အားလုံးဧည့်သည်တွေချည်းပဲ ' တဲ့။

ဟုတ်ပါရဲ့၊ ဘုန်းကြီးမိန့်ကြားမှပင် သူသတိရသွားသည်။

စဉ်းစားကြည့်လျှင် သူလဲညည့်သည်၊ ကိုယ်လဲညည့်သည်မို့ ညည့်သည်ကို ညည့်သည်လို့ထင်တာ မမှားပါဘူးလေ။ သဘာဝကျပါတယ်ဟု ကိုယ့်စိတ်ကိုဖြေသိမ့်ရင်း ဘုန်းကြီးကို ပြန်လည်တင်လျှောက်လိုက်ပါသည်။

'တင်ပါ့ ... အားလုံးညည့်သည်တွေချည်းပါပဲဘုရား ...'

လုံမလေးမဂ္ဂဇင်း ၁၉၉၁ ဇန်နဝါရီလ

# ရှက်လို့

ဘာမျှမထူးဆန်းသော သာမန်နာမည်လေးနှစ်လုံးကို ကြားလိုက်ရုံနှင့် သူ့ရင်ထဲမှာ ဤမျှထိတ်ထိတ်ပျာပျာတုန်လှုပ်သွားလိမ့်မည်ဟု သင်းသင်းခင် ဘယ်တုန်းကမှမထင်မိ။ ကိုယ့်ကိုယ်ကိုယ်တောင်အံ့ဩသည်။ဒီနေ့မနက် ၈ နာရီခွဲ ရုံးသွားခါနီးမှာပေါ့။ အိမ်ဦးနတ်သခင် ဦးတင်အောင်စိုးက သူ့ဝသီအတိုင်း သုတ်သီးသုတ်ပျာနှင့် ရုံးယူမည့်လက်ဆွဲအိတ်ထဲသို့ စာအုပ်တွေဖိုင်တွဲတွေ မျက်မှန်တွေထိုးထည့်ရင်း အမှတ်မထင်ပြောလိုက်တဲ့စကားက–

" သင်းရေ ... ပြောဖို့မေ့နေလိုက်တာ၊အမေရိကားက အိုင်ရင်းရောက်နေတယ်ကွ " တဲ့။

" အိုင်ရင်း ... အိုင်ရင်း "

မကြားရတာ ကြာပဲကြာလှပြီဖြစ်သော ဤနာမည်သည်သူ့ရင်ထဲမှာ ပဲ့တင်ထပ်သွားလိုက်တာ ... လှုပ်ရှားသွားလိုက်တာ ဘာပြန်ပြောရမှန်းကို မသိအောင်ပါပဲ။ ဖြစ်ရမယ်လေ၊ဖြစ်ရမယ် ဘာကြောင့်လဲဆိုတော့ အိုင်ရင်းဆိုတာ ကိုစိုးရဲ့ရည်းစားဦး။

သင်းသင်းခင် ချက်ချင်းသတိဝင်လာပါသည်။ သူက ဘာမှအရေးမကြီးသလိုပြောလာတော့ ကိုယ်ကလည်း ဟန်မပျက် ညကသားအဝိတ်စတွေတီဗွီကြည့်ရင်းစားထားသော နေကြာစေ့ပန်းကန်ကိုသိမ်းရင်း ...

" ဟုတ်လား ... ဘယ်တုန်းကရောက်နေသတဲ့လဲ " ဟု ပြန်မေးလိုက်နိုင်သည်။

" သောကြာနေ့ နေ့လယ်က "

ဒီနေ့ တနင်္လာနေ့၊ ကြည့်စမ်း၊ ခုမှပြောတယ်၊ ပြီးတော့လည်း၊ အတိအကျ သိနေလိုက်တာ၊ သူသွားကြုံသ[illegible] သင်းသင်းရင်ထဲ

ထောင်းခနဲ ဖြစ်သွားသည်။

" ရောက်ရောက်ချင်း ကိုယ့်ကိုဖုန်းဆက်ပြောတယ်၊ ပုဂံ–မန္တလေး သွားချင်လို့ လေယာဉ်လက်မှတ်စီစဉ်ပေးပါတဲ့၊ သူဒီနေ့ ရုံးလာခဲ့ဦးမယ်ပြော တယ်၊ အစည်းအဝေးကလဲရှိ . . . တွေ့ပါ့မလား မသိပါဘူးကွာ "

သူကကားပေါ်တက်ရင်း ဗလုံးဗထွေးပြောသွားသည်။ သင်းသင်းခင် ကတော့ ကားထွက်သွားပြီတောင်မှ တံခါးကိုချက်ချင်းမပိတ်မိ။ စိတ်ထဲမှာ ဒေါပွသလိုလို၊ သဝန်တိုသလိုလို၊ စိုးရိမ်သလိုလို၊ မကျေနပ်သလိုလို အဲသည် လိုလိုတွေနှင့် ပြည့်သိပ်ကျန်ရစ်လေသည်။

တကယ်စဉ်းစားကြည့်တော့ သူ့အသက်က ၄၆ နှစ်၊ သမီး ဆေးကျောင်းသူ၊ သား ၁၀ တန်းတို့ရဲ့ မိခင်။ ခင်ပွန်းသည် ဦးတင်အောင်စိုးက အသက် ၅၀၊ ဌာနဆိုင်ရာ အရာရှိကြီးတစ်ဦး။ ရာထူးအရှိန်အဝါနှင့်၊ ကိုယ်ပိုင် အိမ်နှင့်ကားနှင့်။ သူတို့ဘဝမှာ တင့်တင့်တယ်တယ် ခိုင်ခိုင်မာမာ ရပ်တည် နေနိုင်သော ပျော်ရွှင်ဖွယ်သိရိဂေဟာမိသားစုလေးပါ။ ဒီအသက် ဒီအရွယ် ဒီအခြေအနေတွေရောက်မှတော့ ရည်းစားဦးမကလို့ သိကြားမင်းကြီး လာဖျက် စေတော့ ပျက်နိုင်စရာအကြောင်းမရှိ။

ဒါဆို သူဘာကိုပူပန်နေတာလဲ။ ဟုတ်ပါရဲ့ . . . ငါ့နယ်အမိပ္ပာယ် မရှိ၊ ဒီအရွယ်ကြီးရောက်ခါမှ ပူစရာမရှိပူနေလိုက်တာ၊ ကိုစိုးသိရင် စိတ်တောင် ဆိုးဦးမည်ထင်သည်။ သားနှင့်သမီးသိလျှင်လဲ ဖခင်နှင့်အတူ မအေကို 'ဟား' ကြဦးမည်။ ဒီလိုတွေးမိတော့လဲ သင်းသင်းစိတ်ထဲ ပေါ့ပါးသွားရုံမက ကိုယ့်ကိုယ်ကိုယ်ပင် ရယ်ချင်သလိုလို၊ရှက်သလိုလိုဖြစ်မိလေသည်။ သို့ဖြင့် ခါတိုင်းနေ့များအတိုင်း လုပ်နေကျအိမ်အလုပ်များကို ဆက်လုပ်သည်။ အိမ်ဖော်မပြုံး ကို ခိုင်းစရာရှိတာခိုင်း။ ခြံထဲဆင်း ပန်းပင်ရေလောင်း။ သူစိုက်ထားသောပန်းပင် လေးတွေ ခရုစားမစား သွားကြည့်ပေါ့လေ။

အင်း . . . သို့ပေမယ့် ခက်တာက အိုင်ရင်းကတော့ တစ်နေ့လုံး သူ့ရင်ထဲက မထွက်ပါလား။

ဆယ့်တစ်နာရီထိုးလို့ တစ်ယောက်တည်း ထမင်းထိုင်စားရင်လဲ " ခုလောက်ဆို ဟိုမိန်းမ ရုံးရောက်နေပြီလားမသိဘူး။ ကိုစိုးရှေ့မှာ ထိုင်၊

အိုက်တင်တွေပေးပြီး စကားလက်ဆုံ ပြောမကုန်ဖြစ်နေကြရောပေါ့။ ကိုစိုးက လဲ ငယ်ငယ်တုန်းက ချစ်ရေစင်ကို အလွမ်းသယ်နေမှာ အမှန် ''

ဒီအတွေးမျိုးတွေဝင်လာတော့ ဘယ်လောက်ပဲ ကိုယ့်တပ်ကလုံလုံ၊ သူ မယုံချင်တော့ပေ။ ခဏလေးပဲ ဖြစ်စေတော့ သူတို့နှစ်ဦး ကြည်နူးနေမှာကို မခံချိ မခံသာဖြစ်နေသည်။

'' အိုင်ရင်းကလဲ သူနဲ့ သက်တူရွယ်တူဆိုပေမယ့် နိုင်ငံခြားမှာ အနေကြာတော့ ခေတ်မီတဲ့ အပြုအပြင်၊အဆင်အယင်တွေနဲ့ နုပျိုချောလှ နေဦးမှာ၊ အိုင်ရင်းကိုကြည့်ပြီး ကိုစိုးရင်ခုန်နေမှာမြင်သေး၊ ဟိုကလဲ တစ်ခုလပ် ဆိုတော့ . . . ''

ဒီတွေးလုံးတွေနှင့်ပင် ထမင်းသာစားပြီးသွားသည်၊ စားကောင်း သလား မကောင်းသလား။ ဟင်းတွေ ပေါ့သလား။ ငန်သလားပင် သတိမထား လိုက်မိ။

စိတ် . . . စိတ် . . . တော်တော် ခက်တဲ့စိတ်ပါလား။

သင်းသင်း ထမင်းစားပြီးလျှင် အိပ်ရာပေါ်မှာ သတင်းစာဖတ်ရင်း ခဏလေးတော့ မှေးလိုက်ရမှ တစ်နေ့လုံးနေလို့ကောင်းသည်။သူ့မှာတစ်မနက် လုံး တတောက်တောက်လျှောက်ပြီး အိမ်အလုပ်တွေကို ကိုယ်တိုင်ဝင်လုပ် တန်တာလုပ်၊ မမြိုင်ကို ခိုင်းတန်တာခိုင်းနှင့် တစ်ခါတစ်ရံ အိမ်ကြီးရှင်မသူ့မှာ မမြိုင်ထက်ပင် ပင်ပန်းသေးသည်ဟုထင်မိသည်။ ထမင်းစားပြီး အိပ်ရာပေါ်မှာ ကျောဆန့်ရင်း ခုလိုတစ်ရေးလောက်မှေးလိုက်ရမှပင် ကျန်နေ့ဝက်အလုပ် ဆက်ရန် အင်အားတွေရှိလာသည်။

ဩော် . . . ဒီနေ့တော့ ယခင်နေ့များကလို ခေါင်းအုံးပေါ်ခေါင်းချ လိုက် သည်နှင့် မှေးခနဲပျော်မသွား။ ရင်ဘတ်ပေါ် သတင်းစာကြီးတင်လို့၊ သတင်းစာ လဲ မဖတ်ချင်။ စိတ်တွေကလဲ အတိတ်ကို ပြန်သွားနေလိုက်တာ။ မျက်စိထဲမှာ ဗွီဒီယိုမှတ်တမ်းတင်ကားရိုက်ထားတာကို ပြန်ကြည့်နေရသလို မြင်ယောင်နေသည်။

တက္ကသိုလ်ကျောင်းသူ သင်းသင်းခင်။ နပျိုနေတဲ့ ဖေဖေနဲ့ မေမေ။ ပြီးတော့ ငယ်ဘဝကနေထိုင်ခဲ့ရာ စမ်းချောင်းဖျာပုံလမ်းက တိုက်ကာလေး။ အိမ်ချင်းကပ်နေထိုင်ခဲ့ကြသော ကိုစိုးတို့မိသားစု။ ကိုစိုး၏ ညီမလေးများ ဖြစ်သည့် ကြည်ကြည်စိုးနှင့် ရီရီစိုးတို့ညီအစ်မ။ အခြားခင်မင်သော တစ်လမ်း ထဲနေ သူငယ်ချင်းများ။

အဲဒီတုန်းက ကိုတင်အောင်စိုးက နောက်ဆုံးနှစ် စက်မှုတက္ကသိုလ် ကျောင်းသား။ သူက အသားလတ်လတ်၊ အရပ်ရှည်ရှည်နှင့် အတော်ကြည့် ကောင်းသော လူချောတစ်ယောက်ဆိုတော့ သင်းသင်းခင်အပါအဝင် လမ်း ထဲက အပျိုတွေက စိတ်ဝင်စားကြသည်။အံ့မယ် ... သူကတော့ သင်းသင်း တို့ကို စိတ်မဝင်စား။ သူ စိတ်ဝင်စားနေသူက "အိုင်ရင်း" ဆိုတဲ့ နိုင်ငံခြား ဘာသာသင်သိပ္ပံမှ အင်္ဂလိပ်စာနည်းပြဆရာမတဲ့။ အသားဖြူဖြူ ကိုယ်လုံး ကိုယ်ပေါက် ကြော့ကြော့ရှင်းရှင်းနှင့် 'ဘို' ဆန်ဆန်ချောသူဖြစ်သည်။ သူက အပြောအဆို အမူအရာအနေအထိုင် အပေါင်းအသင်း အကုန်လုံး အနောက် တိုင်းဆန်သည်။ အိုင်ရင်းတို့မိသားစုကို သံရုံးညှိခံပွဲတွေမှာ သံရုံးမိသားစု အလှူငွေရှာပွဲတွေမှာ အမြဲတွေ့ရပြီး သာမန်မြန်မာလူလတ်တန်းစားများနှင့် ရင်းရင်းနှီးနှီးဆက်ဆံခြင်း မရှိလှပေ။ ရန်ကုန်မြို့မှ နာမည်ကြီးဆရာဝန်ကြီး တစ်ဦး၏သမီး။ ချမ်းသာပြီး လူကုံထံအသိုင်းအဝိုင်းမှာသာ မွေ့လျော်သော အိုင်ရင်းလိုမိန်းကလေးသည် သင်းသင်းတို့နေထိုင်ရာ စမ်းချောင်းရပ်ကွက်သို့ လာရန်စိတ်ကူးထဲပင်ထည့်မည်မဟုတ်သော်လည်း အခုတော့ကိုတင်အောင်စိုး ကြောင့် သူတို့အိမ်ရှေ့သို့ မကြာခဏရောက်လာသည်ကို တွေ့ရသည်။

လာတဲ့အခါလဲ ကြည့်ပါဦး။

ကားကိုယ်တိုင်မောင်းပြီး အိမ်ရှေ့မှာရပ်။ ဟွန်းကို တပွမ်ပွမ်နှိပ် ခေါ်သည်။ ကိုစိုး ချက်ချင်းအိမ်ထဲမှထွက်မလာလျှင် အပြင်ထွက်၊ ကားကို နွဲ့နွဲ့လေးမှီရပ်ပြီး အိမ်အပေါ်ထပ်ကိုမော့ကြည့်ရင်း ဟွန်းကို အရှည်ကြီးနှိပ် ထားသည်။ ဘေးအိမ်တွေက ထွက်ကြည့်ကြလည်း မချောက ဂရုမစိုက်ပေါင်။ ခပ်တည်တည် လက်ကလေးပိုက်ရပ်လို့။ ကိုစိုးမှာသာ အိမ်နီးချင်းများကို အားနာသလိုလို ရှက်သလိုလိုနှင့် အပြေးထွက်လာပြီး ကားပေါ်အမြန်ဆုံး

တက်လိုက်ရသည်။

ဒီလိုချွေးမမျိုးကို ကိုတင်အောင်စိုး၏အမေကြီး သဘောမတွေ့တာလည်း ဘာမျှမထူးဆန်းလှပါ။ အဘွားကြီးက ပခုက္ကူမှ ရက်ကန်းရုံပိုင်ရှင်၏ သမီး။ ပိုက်ဆံရှိပေမယ့် အညာသူပီပီ အနေအထိုင်ရိုးသားသည်။ ဘုရားတရား အလွန်ကြည်ညိုသည်။ ကိုတင်အောင်စိုးအဖေကလည်း အလယ် အလတ်တန်း အစိုးရအရာရှိ။ စကားနည်းသော လူအေးကြီးတစ်ယောက် ဖြစ်သည်။

ကြည်ကြည်တို့ ရီရီတို့က အိုင်ရင်းကို နည်းနည်းမျှကြည့်မရပေမယ့် အစ်ကိုကိုတော့ မပြောရဲ။ သင်းသင်းကိုတော့ အိမ်နီးချင်းညီအစ်မတွေလို ဖြစ်နေ၍ အကုန်ပြောပြ ရင်ဖွင့်ကြသည်။

" ကိုကိုက ပထမတုန်းက စိတ်မဝင်စားပါဘူးသင်းရယ်၊ ကိုကိုက အေးအေးဆေးဆေးပဲ နေတတ်တာ သင်းလဲအသိပဲ၊ သူကကို မျက်နှာသာ ပေးလွန်း လိုက်လွန်းလို့ ဖြစ်သွားရတာ၊ ညတိုင်း ညဉ့်နက်မှ ဖုန်းဆက်တယ်၊ စကားတွေပြောလိုက်တာလဲ အကြာကြီးမှ အကြာကြီး။ ကိုကို စာကြည့်ပျက်လို့ မေမေကဒေါပွ၊ ရီတို့နဲ့တွေ့လို့ကတော့ ခေါ်မပေးပါဘူး။ မရှိဘူး လို့ပြောပြီး ချလိုက်တာပဲ၊ ဒါနဲ့လဲ အဲဒီဟာမက အရှက်ကိုမရှိဘူး။ ထပ်ခါထပ်ခါ ပြန်ဆက်တယ်၊ မေမေကလဲ မင်းကို ဒီမိန်းကလေးနဲ့တော့ တို့သဘောမတူဘူးလို့ ကိုကို့ကို အပြတ်ပြောပြီးသား။ ဟိုဟာမကလဲ သိပါတယ်၊ ဒါနဲ့တောင် မျက်နှာပြောင်တိုက်ပြီး မွေးနေ့မှာ ရေမွှေးနဲ့နက္ကတိုင် လက်ဆောင်ပို့ခိုင်းလိုက်သေးတယ်"

" မင်းတို့အစ်ကိုက အမေ့စကား နားထောင်ပါ့မလား"လို့ သင်းသင်းက မေးတော့ –

" ကိုကိုက အမေ့ကိုသိပ်ချစ်တာ၊ အမေ စိတ်မချမ်းသာမှာလဲ ကြောက်. ဟိုဟာမကလဲ ဆွဲအားကောင်းဆိုတော့ ဗျာများနေတာပေါ့"ဟု ကြည်ကြည်က ပြောပြသည်။

သူနှင့်မဆိုင်ပေမယ့် သင်းသင်းစိတ်ထဲမှာ ကိုတင်အောင်စိုးကို နှမြောနေမိသည်။ သူ့ကို အိုင်ရင်းလိုမိန်းကလေးနှင့် မရချေ။ အနည်းဆုံး ကိုယ်နှင့် ကိုယ့်မိသားစုအသိုင်းအဝိုင်းနှင့် စရိုက်ချင်းတူသည့် မိန်းကလေး

မျိုးဆိုလျှင် တစ်သက်တာအိမ်ထောင်ရေးမှာ ပိုပြီး အဆင်မပြေပေဘူးလား။

မဆိုင်ဘူးဆိုတာတောင်မှ တကာယ်တမ်း မလိမ်ကြေး မညာကြေး ဝန်ခံရလျှင် သင်းသင်းရင်ထဲမှ ကိုတင်အောင်စိုးကို တိတ်တခိုးမျှော်လင့်ခဲ့မိတာ အမှန်ပါပဲ။ ကြည်ကြည်တို့ ရိပ်မိမည်စိုးသဖြင့် ကိုတင်အောင်စိုးနှင့် ပတ်သက်လျှင် မမေးမိအောင် အထူးသတိထားသည်။ သင်းသင်းက တစ်ဦးတည်းသော သမီး။ ရိုးသားအေးဆေးသော မိဘနှစ်ပါးနှင့် ရှေးဆန်သော ကြီးဒေါ် အပျိုကြီး၏ အုပ်ထိန်းမှုအောက်မှာ နေရသူဖြစ်လို့ သူမှာစောင့်စည်းရတာ တွေကလဲ များလှသည်။ တစ်ဖက်အိမ်မှာ လူပျိုရှိသဖြင့် ကြည်ကြည်တို့နှင့် ခင်ပေမယ့် မကြာခဏသွားလည်တာကို မကြိုက်။ ' ကိုယ်က အပျိုလေးနော်၊ တော်ကြာ မိန်းမနောက်ပိုးထင်နေဦးမယ်'ဟု ကြီးတော်ကြီးက ပြောတတ်သည်။ ကြည်ကြည်တို့ ညီအစ်မကသာ ခဏခဏကူးလာပြီး အိမ်က အကြောင်းတွေ ရင်ဖွင့်ကြသဖြင့် သင်းသင်းအကုန်သိနေခြင်းဖြစ်သည်။

သင်းသင်း ကိုတင်အောင်စိုးကို သဘောကျမိတာက ရုပ်ချောလို့ တစ်ခုတည်းမဟုတ်ပါ။ တည်ကြည်တာ၊ ဟန်ကြီးပန်ကြီး မလုပ်တတ်တာ၊ ' ရှိုး ' မများတာ အဲဒါတွေအကုန်ပါသည်။ ရုပ်ချောသော တချို့ယောကျာ်း များက သူတို့ချောတာသူတို့သိပြီး 'စတိုင်'များနေတတ်ကြသည်။ ကိုတင်အောင်စိုးတစ်ယောက်ကတော့ သူရုပ်ဖြောင့်တာ သတိပင်ရပုံမပေါ်ပါ။ ဒါကြောင့် မာနမကြီး။ ' ရှိုး ' မများ။ စက်မှုတက္ကသိုလ်ကျောင်းသူတွေကြားမှာ ရေပန်းစားသော်လည်း မပွေမရှုပ်၊ ရည်းစားပင်အတည်တကျမရှိခဲ့။ ယခုနောက်ဆုံးနှစ်ရောက်မှပင် အလှနတ်သမီးအိုင်ရင်းနှင့် တွေ့ပြီး ဘယ်ပုံဘယ်နည်း ညှို့ယူဖမ်းစားလိုက်လေသည်မသိ၊ လပိုင်းအတွင်းမှာပင် ငြိတွယ်ပါသွားလေသည်။ ယခုတော့ ပေါ်ပေါ်တင်တင်တွဲနေကြပေပြီ။

သင်းသင်းရင်ထဲမှာ ကြာမြင့်စွာက ဖြစ်တည်နေခဲ့သည့် မျှော်လင့်ချက် ပါးပါးလေးပင် လွင့်ပါးသွားခဲ့ပြီ။

တကယ်တော့ သင်းသင်းသည် အိုင်ရင်းကဲ့သို့ အလှနတ်သမီး တစ်ပါးမဟုတ်ပေမယ့် စီးပွားရေးတက္ကသိုလ်မှာတော့ လူသိများသည့် အလှ စာရင်းဝင်တစ်ဦးပါ။ သူ့နည်းသူ့ဟန်နှင့် ကြည့်ကောင်းသူတစ်ဦးဆိုတာ လူတိုင်း

အသိအမှတ်ပြုကြရသည်။ သူ့ကို လိုက်ကြသူ၊ ချစ်ရေးဆိုသူတွေ ရှိပေမယ့် ဘယ်သူ့ကိုမှ ချစ်သူဖြစ်သွားလောက်အောင် စိတ်မဝင်စားခဲ့။ ခင်ခင်မင်မင် ဆက်ဆံရေးဖြင့်သာ တက္ကသိုလ်ကျောင်းသူဘဝကို လွတ်လပ်ပျော်ရွှင်စွာ ဖြတ်သန်းခဲ့သည်။ ဘွဲ့ရပြီး ကျူတာဖြစ်လာတော့လည်း အလုပ်ဝင်စလူငယ်တို့ သဘာဝ အတွေ့အကြုံသစ်၊ မိတ်ဆွေသစ်တွေနှင့် ကိုယ့်ဘဝကိုကျေနပ် ပျော်ပိုက်နေသဖြင့် အချစ်ဆိုတာ မေ့လျော့၍ပင်နေခဲ့သည်။

ကိုတင်အောင်စိုးကတော့ ဘွဲ့ရပြီးမကြာခင် အလုပ်ရ၍ နယ်ပြောင်း သွားရသည်။ သူနှင့်အိုင်ရင်းတို့ ဘွဲ့ရပြီးပြီးချင်း စေ့စပ်ကြတော့မလိုလို၊ လက်ထပ်ကြတော့မလိုလိုနှင့် ကိုတင်အောင်စိုး နယ်ပြောင်းသွားရတော့ ခေတ္တဆိုင်းငံ့လိုက်သည်ထင်ပါရဲ့။ ကြည်ကြည်တို့ထံမှ ဘာသတင်းထူးမှ ပြောသံမကြားရ။ သင်းသင်းကတော့ သူ့အလုပ်မှာ နေသားကျစပြုပြီး စိတ် ဝင်စားနေသဖြင့် ကိုတင်အောင်စိုးနှင့် သူ၏လှသူဇာတို့အကြောင်းကို သိပ် စိတ်မဝင်စားမိတော့ပါ။

သို့ပေမယ့် ကိုတင်အောင်စိုး နယ်ရောက်ပြီး ခြောက်လခန့်အကြာမှာ လုံးဝ မျှော်လင့်မထားမိသည့် သတင်းတစ်ပုဒ် သတင်းစာထဲမှာ ပါလာသည်။ အိုင်ရင်း၏ လက်ထပ်မင်္ဂလာသတင်း။ သတို့သားက အများထင်ထားသည့် ကိုတင်အောင်စိုးမဟုတ်။ နိုင်ငံခြားမှာ အချိန်ကြာမြင့်စွာကတည်းက သွား ရောက် အလုပ်လုပ်နေသည့် မြန်မာအမျိုးသားတစ်ဦး။ မြန်မာနိုင်ငံသို့ ခေတ္တ လာလည်ရင်း အိုင်ရင်းနှင့်တွေ့ပြီး တစ်လအတွင်း ဆုံးဖြတ် လက်ထပ်လိုက် ကြတာတဲ့။

ဖြစ်ရလေ ကိုစိုးရယ်။

" ကြည်ကြည်ကတော့မအံ့ဩပါဘူး သင်းသင်းရယ်၊ အိုင်ရင်းလို မိန်းကလေးဟာ အိမ်ထောင်ရေးကို နှလုံးသားနဲ့ရွေးမှာမဟုတ်ဘူးဆိုတာ စကတည်းက မျှော်လင့်ပြီးသားပါ၊ သူတို့က အမှတ်ပေးစနစ်နဲ့ရွေးမှာ၊ အခု ကိုကိုက ဟိုလူ့နဲ့စာတော့ အမှတ်နည်းနေလို့ ရှုံးတာပေါ့၊ တစ်နည်းအားဖြင့် တော့လဲ ကောင်းတာပါပဲ " ဟု ပြောသည်။

သင်းသင်းကတော့ 'သူတော်တော်ကြီး ခံ[illegible]' ဟု တွေးပြီး

ကိုတင်အောင်စိုးကို သနားနေသည်။ 'တော်တော်ရက်စက်တဲ့ မိန်းမ၊ တော်တော်ပြောင်တင်းတဲ့ မိန်းမ' ဟု အိုင်ရင်းကို ဒေါသဖြစ်မိသည်။

ထင်သည့်အတိုင်းပါပဲ။ ကိုတင်အောင်စိုး စိတ်ထိခိုက်နေသည်။ စိတ်လေပြီး အရက်တွေသောက်နေသည်စသော သတင်းများကြားရတော့ သင်းသင်းစိတ်ထဲမှာ အိုင်ရင်းကို ပိုမုန်းနေမိသည်။ ပထမဆုံးသော အချစ်ကို လွယ်လွယ်လေး ဆုံးရှုံးလိုက်ရသူအဖို့ ချစ်ဒုက္ခက ပိုဆိုးပေမည်။ သူ့ တစ်သက်မှာ အိုင်ရင်းဆိုသောမိန်းကလေးကို မေ့နိုင်စွမ်းမှရှိပါ့မလား။

အိုင်ရင်း နိုင်ငံခြားသို့လိုက်ပါသွားပြီးနောက် ၆ လ ခန့်ကြာသော အခါ ကိုတင်အောင်စိုး ရန်ကုန်သို့ သင်တန်းတစ်ခုလာတက်ရင်း ပထမဆုံး အကြိမ် အိမ်ပြန်ရောက်လာသည်။ ကြည်ကြည်ဖျားနေတာသွားမေးရင်း ကြုံကြိုက်၍ သင်းသင်း၊ သူနှင့်တွေ့ဆုံဖြစ်သည်။ ခုတော့လဲ ဘာမှမဖြစ်သလို ကြည့်ရတာ တည်တည်ငြိမ်ငြိမ်ပါပဲလား။ ရင်ထဲကအသည်းကွဲဒဏ်ရာကျက်သွားပြီပေါ့။ သူ့အတွက် သင်းသင်းဝမ်းသာမိပါသည်။ ဒဏ်ရာမြန်မြန်ကျက်တာကိုက စိတ်ဓာတ်နိုင်မာခြင်းကိုပြသဖြင့် စိတ်ထဲကကြိတ်ပြီး အမှတ်ပေးလိုက်မိသည်။ ယောကျ်ားဆိုတာဒီလိုမှပေါ့။

တချို့ဆို ရည်းစားပူမိသဖြင့် နလုံးသားကိုအရက်နှင့်စိမ်ပြီး လွမ်းဆွေး။ မိန်းမတွေအားလုံးစိတ်နာ။ ဘဝရည်မှန်းချက်တွေပျောက် ဖြစ်သွားတတ်ကြသည် မဟုတ်လား။ အဲသလို ယောကျ်ားတွေထဲမှာ ကိုတင်အောင်စိုး မပါဘူးပေါ့နော်။

သင်းသင်းနှင့်တွေ့တုန်းကလဲ ဝမ်းသာအားရ ထလာနှုတ်ဆက်ပြီး " ဘယ်လိုလဲ ဆရာမကြီး . . . အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား။ ပျော်လား " နှင့် ယခင်ကထက်ပင်ဖော်ဖော်ရွေရွေရင်းရင်းနှီးနှီးစကားပြောသည်။ မျက်နှာကတော့ ခပ်တည်တည်ပဲ။ သူ့ ကျန်ရစ်ဖြစ်တာကို ရက်နေတယ် ထင်ပါရဲ့။

သင်တန်းပြီးဆုံးသောအခါ သူတာဝန်ကျရာမြို့သို့ ပြန်သွားသည်။ သင်းသင်းကို နှုတ်ပင်ဆက်မသွားပါ။ပြော် ... နှုတ်ဆက်လောက်အောင်လဲ ရင်းမှမရင်းနှီးခဲ့ဖူးတာလေ။

သို့ပေမယ့် တစ်လခန့်ကြာသောအခါမှာတော့ သင်းသင်း လုံးဝ မမျှော်လင့်မိသော စာတစ်စောင်ရောက်လာသည်။ ကိုတင်အောင်စိုးထံမှစာ၊ အကြောင်းကတော့ အထူးပြောစရာမလို။ လူပျိုတစ်ယောက်ထံမှ အပျိုတစ်ယောက်ထံသို့ ရေးသောစာသည် မေတ္တာစာမှလွဲ၍ ဘာစာဖြစ်နိုင်ဦးမည်နည်း။။

သင်းသင်းဖတ်ပြီးသွားသောအခါ ... ဟိုး လွန်ခဲ့တဲ့ ၂ နှစ်ခွဲလောက်ကသာ ဒီစာမျိုးရေးခဲ့လျှင် ဘယ်လောက်ကောင်းမလဲ ကိုစိုးရယ် ဟု စိတ်ထဲက ပြောမိသည်။ အခုအချိန်မှဆိုတော့ သင်းသင်းရင်ထဲမှာ ဝမ်းမသာနိုင်သည့်အပြင် အောင့်သက်သက်ကြီးနှင့် အခံရခက်လှသည်။ အိမ်ချင်းကပ်လျက် အကြောင်းစုံသိနေသူတစ်ဦးကို သူမို့ မကြာမတင် မျက်နှာပြောင်တိုက်ပြီး ရေးဝံ့သည်ဟုဒေါပွသည်။ မိန်းမတို့မာနကို ထိပါးလွန်းသည် ဟူသော ခံယူချက်ဖြင့် ပယ်ပယ်နယ်နယ် ရန်တွေ့လိုက်ချင်သည်။

ဒါပေမယ့်စာကို သုံးလေးခေါက်မျှ ပြန်ဖတ်ပြီးသောအခါမှာတော့ သင်းသင်းရင်ထဲကို ထိသွားစေသော စာကြောင်းလေးများကို အသိအမှတ်မပြုဘဲ မနေနိုင်ခဲ့။

.. အကြောင်းစုံသိနေတဲ့ သင်းသင်းဆီက မေတ္တာကို တောင်းခံတဲ့ ဒီစာကို ရေးဖို့ ကိုယ် သတ္တိတွေ မနည်းမွေးခဲ့ရပါတယ်၊ မျက်နှာပူတယ်၊ အားနာတယ်၊ အထူးသဖြင့် သင်းသင်းရဲ့ သိက္ခာကို မလေးစားရာကျနေတာ အဆိုးဆုံးပဲ။ အမှန်က ကိုယ့်အနေနဲ့အချိန်ယူပြီး သင်းကို အရင်ကထက် ပိုပြီး ရင်းနှီးအောင် ကြိုးစား။ တစ်ဦးသဘော တစ်ဦးလှေလာ ဆွေးနွေးကြပြီးမှသာ ချစ်ခွင့်ပန်သင့်တယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် အဲသလို အေးအေး ဆေးဆေး အချိန်ယူလိုက်မိလို့ ကိုယ်နောက်ကျသွားရင်ဘယ်လိုလုပ်မလဲ။ အဲဒါကို တွေးမိတော့ ကျွန်တော် အိပ်မပျော်နိုင်အောင် ရင်ပူမိပါတယ်

ဒီလိုရေးတော့ သင်းသင်းရဲ့ ရင်ထဲကအေါသတွေ မသိမသာ ပြေစပြုသည်။

" သင်းသင်းစိတ်ထဲမှာ ဟိုတစ်ယောက် ပစ်သွားမှ ဒီတစ်ယောက် ချစ်သတဲ့လားလို့ အပြစ်ထော့စရာ မကျေနပ်စရာဖြစ်နေမှာ အမှန်ပါပဲ။ ကျွန်တော် ရှင်းပြပါရစေ၊ ယုံတာ မယုံတာတော့ သင်းသင်း သဘောပါ၊ အရင်ကလဲ သင်းသင်းကို ကျွန်တော် ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အချစ်ကို ကြည် ကြည်တို့ ရိုရိုတို့နဲ့ သင်းသင်းကို တစ်တန်းတည်းထားပြီး ချစ်ခဲ့မိတာပါ။ ဒီအတွက်ကျွန်တော့်ကိုအပြစ်တင်နိုင်ပါတယ်၊ နောက်ဆုံး တစ်ခေါက် အိမ်မှာတွေ့ပြီး စကားပြောမိ၊ သေသေချာချာကြည့်မိမှပဲ သင်းသင်းကို နှမလေးတွေနဲ့ ခွဲခြားမြင်မိတယ်၊ ဒီရောက်တော့လဲ သင်းသင်း အကြောင်းကိုပဲ အချိန်တိုင်းစဉ်းစားနေမိတယ်၊ စဉ်းစားလေလေ ကိုယ့်နှလုံးသားကို ကိုယ်နားလည်လာလေလေပါပဲ သင်းသင်းရယ်၊ နောင်တလဲ ရနေမိပါတယ် ..."

ဘယ်ဆိုးလို့လဲ၊ အင်ဂျင်နီယာကြီးကလဲ ကဗျာဆန်ဆန် လျှောက်လဲချက်ကောင်းကောင်းနဲ့ ရည်းစားစာရေးတတ်သားပဲဟု သင်းသင်း ပြုံးမိရသည်။

"... ပြီးခဲ့တာတွေလဲ ပြီးပါပြီ၊ အခုအချိန်မှာ ကျွန်တော် သင်းသင်းကို အလေးအနက် ယုံစေချင်တာ တစ်ခုပဲရှိတယ်၊ သင်းသင်းကသာ ကျွန်တော့် အချစ်ကို လက်ခံမယ်ဆိုရင် အခုအချိန်ကစပြီး တစ်သက်လုံး သင်းသင်းကို ကျွန်တော့်နှလုံးသားရဲ့ ပထမနေရာမှာ ထားပြီး ချစ်သွားမယ်ဆိုတာပါပဲ ..."

တော်တော်လဲတတ်နိုင်တဲ့လူပါလား။ အေးသလိုရှိုးသလိုနှင့် ဘယ်

ခေလို့တဲ့။

ကိုစိုးရေ ... သင်းစိတ်ပြေအောင် ဘယ်လိုရေးရေး၊ ဒုတိယဟာ ဒုတိယပါပဲဟု စိတ်ထဲရန်တွေ့လိုက်မိသည်။ စာတော်တော်နှင့်မပြန်ဘဲ ညှဉ်းထားလိုက်ဖို့ စိတ်ကူးမိပေမယ့် သင်းသင်း အကြာကြီးမတင်းထားနိုင်ခဲ့ပါပေ။ အဖြေမပေးဘဲ စာတိုတိုလေးတစ်စောင်ပြန်လိုက်သည်။ အဲဒီနောက် သုံးလလောက် စာတွေအပြန်အလှန်ရေးပြီး စကားနာထိုးလိုက်ကြ၊ ချော့လိုက်ကြ၊ ရှင်းတမ်းတွေထုတ်လိုက်ကြ၊ ကတိတွေပေးလိုက်ကြ ပြုလုပ်ပြီးသောအခါ သင်းသင်း သူ့ကို အဖြေပေးခဲ့ပါသည်။

အမယ်လေး ... အဲဒီကျတော့ သူ့မှာ အချစ်ကိုအတွေ့အကြုံမရှိတဲ့ လူပျိုပေါက်ကလေးကျလို့ စာရေးပြီးတစ်ပတ်အတွင်း အိမ်ကို ပြန်ရောက်ချလာသည်။ အဖေနှင့်အမေကို သင်းနှင့် အမြန်ဆုံးစေ့စပ်ကြောင်းလမ်းပေးဖို့ပူဆာသည်။ နှမတွေကို ဝမ်းသာအားရသတင်းပေးသည်။ သင်းအလုပ်မှ ပြန်ရောက်လာအောင်ပင်မစောင့်နိုင်ဘဲ ဌာနသို့ ကားနှင့်ကိုယ်တိုင်လာကြိုသည်။ ပါးပါးလှစ်နေသည့် သင်းသူငယ်ချင်းတွေက ချက်ချင်းရိပ်မိပြီး စကြ၊ နောက်ကြတော့ သင်းမှာရှက်လိုက်တာ။

နှစ်ဖက်မိဘများက အထူးပြောစရာမလိုသည့်သူတွေဆိုတော့ အားလုံး အဆင်ချောလို့ပါပဲ။ အိုင်ရင်းတုန်းက နှမတွေက ငြူစူ၊ အမေကကန့်ကွက်၊ အဖေကလူအေးကြီးမို့ ထုတ်မပြောပေမယ့် မျက်နှာကမကြည် သာ။ ဒါမျိုးတွေ ကိုစိုးရင်မဆိုင်ရတော့။ သင်းသင်းကတော့ ထီးလိုမင်းလို သတို့သမီးပါပဲ။ အားလုံးကကျေနပ်ဝမ်းမြောက်လျက် နှစ်ဖက်မိဘဆွေမျိုး စုံလင်စွာဖြင့် အင်းလျားကန်ဟိုတယ်တွင် မင်္ဂလာပွဲကျင်းပပေးခဲ့လေသည်။

♥ ♥ ♥

သင်းကရည်းစားဦးမဟုတ်ပေမယ့် ကိုယ့်ရဲ့အချစ်ဦးပါဆိုတဲ့ ကိုစိုးရဲ့ အယူခံကိုယုံကြည်သော်လည်း၊ အိုင်ရင်းနှင့်ပတ်သက်လျှင်တော့ သူ့ရင်ထဲက သဝန်တိုစိတ်ကို ဘယ်လိုမှချိုးနှိမ်လို့မရခဲ့။ ဒုတိယတွေရဲ့ ‘ဆိုက်ကို’(Psycho)ပဲ

ထင်ပါရဲ့။ သမီးနဲ့သားမွေးပြီးသည့်အချိန်အထိ အိုင်ရင်းအကြောင်းပြောလျှင် သင်း စိတ်ကောက်မိဆဲ၊ ရန်တွေ့မိဆဲပင်။ ကိုစိုးကလည်း ဒါကိုပင် သဘောကျပြီး အတည်ပေါက်နောက်တတ် စတတ်သည်။ အကြောင်းစုံသိနေသော ကိုစိုး၏ သူငယ်ချင်းများကလည်း သင်းသင်းကို ရှေ့မှာထားပြီး အိုင်ရင်းအကြောင်းပြော၊ လင်မယားရန်ဖြစ်အောင်တွန်းရတာကို ပျော်ကြသည်။

" ကိုတင်အောင်စိုး ၊ ကျွန်တော်တို့နယူးယောက်ကို သွားတုန်းက ခင်ဗျားအမျိုးသမီးနဲ့တွေ့ခဲ့တယ်ဗျ၊ အမလေး ... ချောတုန်း လှတုန်းဗျို့၊ ခင်ဗျားမြင်ရင် တကယ်ဆွေးသွားမယ်၊ သားတစ်ယောက်မွေးပြီးမှ ယောက်ျားနဲ့ ကွဲနေသတဲ့ဗျ၊ ခင်ဗျားအကြောင်းမေးပြီး မျက်ရည်တွေ ဝဲလို့ သိလား "

ဒီလိုပြောတော့ ကိုစိုးကလည်း အတိုင်းအဖောက်ညီညီ -

" အေးဗျာ ... ကျွန်တော်သွားရရင်သိပ်ကောင်းမှာ "တဲ့။ တကယ့်ကို တမ်းတမ်းတတဟန်နှင့်။

" သွားလေ ... သွားပါ၊ ဟိုကလဲ တစ်ခုလပ်ဖြစ်နေပြီဆိုတော့ အတော်ပဲပေါ့ " သင်းသင်းက ရွဲ့ပြောသေး။

" တကယ်နော် ... နောက်မှ ပူညံပူညံမလုပ်နဲ့၊ ဒါဆို နောက်တစ်ခါ သင်တန်းရှိရင် ကျွန်တော့်ကိုထည့်ပေးပါလို့ ဆရာသမားကို ပြောထားရမယ်"

" သွား ... သွား၊ ပြန်မလာလဲရတယ် " သင်းက ဒေါသသံဖြင့် အော်မိတော့

" ဩော် ... သင်းရယ်၊ ပြန်မလာဘဲတော့ ဘယ်နေပါ့မလဲကွာ၊ ဟိုမှာတွေ့ပြီး သူ့ရဲ့အထီးကျန်ဘဝကို နှစ်သိမ့်အားပေးရုံလေးပါ၊ ဒါလောက်တော့ သဘောထားကြီးတယ်မို့လား "

ဉည့်သည်သာမရှိလျှင် သင်းသူ့ကို နီးရာပစ္စည်းတစ်ခုခုဖြင့် ကောက်ပေါက်ပစ်လိုက်ချင်တော့သည်။

တဖြည်းဖြည်း နှစ်တွေညောင်းလို့ အသက်တွေရ၊ သမီးနှင့်သားတို့ အရွယ်ရောက်၊ ကိုစိုးလဲ ရာထူးတွေတိုးမြှင့်ပြီး အလုပ်တာဝန်တွေများ။ သင်းကလဲ အိမ်ထောင့်တာဝန်တွေ ပိလာသောအခါမှာတော့အိုင်ရင်းဆိုသော

နာမည်သည် သူတို့နှစ်ဦး၏ ဘဝထဲမှ အလိုလို မေ့လျော့ပျောက်ကွယ်သွားခဲ့သည်မှာ ကြာပဲကြာလှပေါ့။ ကြာဆို ... ယနေ့မနက် ကိုစိုး ရုံးသွားခါနီးအထိ ဆိုပါတော့။

▼ ▼ ▼

တူ ... တူ ... တူ

အိပ်ရာဘေးမှ ဖုန်းမြည်သံကြောင့် သင်းမျက်စိရှေ့က ဗွီဒီယို မှတ်တမ်းတင်ကားကြီး ရုတ်တရက် မှောင်အတိကျသွားသည်။

" ဟဲလို–သင်း ... အိုင်ရင်း အခုပဲပြန်သွားတယ်၊ သူက သန်ဘက်ခါ မနက်အစောကြီး မန္တလေးသွားတော့မှာဆိုတော့ အချိန်က သိပ်နည်းတယ်၊ သူရှိတုန်း အိမ်မှာထမင်းလေးတစ်နပ်ဖိတ်ကျွေးလိုက်ရအောင်ကွာ၊ သားတို့ သမီးတို့နဲ့လဲ တွေ့ပေးရတာပေါ့၊ သူကဗမာထမင်းဟင်းပဲ စားချင်တယ်တဲ့၊ မနက်ဖြန်ညစာဖိတ်လိုက်ပြီ၊ စီစဉ်နိုင်အောင် စောစော ပြောထားတာ၊ မေ့မနေ နဲ့နော်၊ ဟော့ ... သင်း ဘာမှလဲ ပြန်မပြောဘူး။ ဘာဖြစ်နေတာလဲ၊ ကြားရဲ့လား"

" အင်းပါ ... ကြားပါတယ်၊ မမေ့ပါဘူး၊ ဒါပဲမဟုတ်လား "

"ကိုယ့်မိန်းမလက်ရာ အိုင်ရင်းကိုကြွားရမယ်၊ ကောင်းကောင်း လက်စွမ်းပြလိုက်စမ်းကွာ "

" တော်ပါ ... နိုင်းကောင်းအောင် မြှောက်မနေပါနဲ့ "

" ဟဲ ... ဟဲ .... "

တစ်ဖက်ကရယ်သံမဆုံးမီ သင်းက ဖုန်းကို ခွပ်ခနဲ ချပစ်လိုက်သည်။

တူ ... တူ ... တူ

ဖုန်းကချက်ကာရှိသေး ချက်ချင်းမြည်လာပြန်ပြီ။ သင်းက ကောက်နားထောင်တော့ " သင်း ... ခုနက ပြောဖို့မေ့သွားလို့၊ ဒီနေ့ည ကိုယ် ထမင်းပြန်မစားဘူး။ ဒီဂျိုနဲ့အတူ ဒင်နာလိုက်ရမယ်၊ ဒါပဲနော် "

ဒီတစ်ခါတော့ သူ့အလှည့်၊ သင်း ဘာမှပြန်မပြောနိုင်ခင် သူက

ဖုန်းကို ဦးအောင်ချပစ်လိုက်သည်။ သင်းရင်ထဲ ဒေါပွလိုက်ပုံများ။ ချက်ချင်း ဖုန်းပြန်လှည့်ပြီး ရန်တွေ့မယ်လုပ်ပြီးမှ စိတ်ကိုမနည်းထိန်းလိုက်ရသည်။ အခုထမင်းစားပွဲရှိတယ်၊ လူကြီးနဲ့လိုက်ရမယ်ဆိုတာ အလကား 'လံကြုပ်' ဖြစ်မှာ၊ ဟိုဟာမနဲ့ အပြင်ထွက်စားတာဖြစ်မှာပေါ့။ ပြန်လာရင် တော့လား။ သင်းရင်ထဲမှာ မောင်းတင်ထားသည်။

သို့ပေမယ့် ကြာကြာတော့ ဒေါပွမနေအား။ မနက်ဖြန်ညစာ ဧည့်သည် ထမင်းကျွေးရမည့် ကိစ္စဝိစ္စတွေက သူ့အာရုံမှာ စိုးမိုးလိုက်ပြီ။ ဘာဟင်းချက်ရပါ့မလဲ၊ မနက်စောစောထပြီး ဈေးသွားရမယ်။ အိမ်ကိုလဲ ရှင်းလင်းပြင်ဆင်ရမယ်။ ပြော်– ပြီးတော့ ကိုယ့်ကိုကိုယ်လဲ နည်းနည်းတော့ ပြင်ဆင်ရဦးမှာပေါ့။ သူက လှလှပပ စတိုင်နဲ့ ကြွလာပြီး ကိုယ်က ကျွန်ရုပ် ပေါက်နေလို့မဖြစ်ဘူး။ ရှင့်လို နိုင်ငံခြားပြန်မဟုတ်ပေမယ့် ကိုစိုးရတဲ့ မိန်းမလဲ ခေသူမဟုတ်ပါဆိုတာတော့ ဒေါ်အိုင်ရင်းကို သိစေချင်ပါသည်။ ထို့ကြောင့် လုပ်စရာရှိသည်များကို တန်းစီစဉ်းစားလိုက်သောအခါ များလွန်းသဖြင့် သင်းအိပ်ရာထဲမှာ ဆက်မနေနိုင်တော့၊ ငေါက်ခနဲ ထထိုင်လိုက်လေသည်။

♥ ♥ ♥

ပထမဆုံးဧည့်ခန်းကို ကြမ်းတိုက်သည်။ ပါကေးအခင်းတွေ ပြောင်လက်နေပေမယ့် သင်း မကျေနပ်သေး။ ဒါထက်ပို၍ ပြောင်လက်စေချင်သဖြင့် ကိုယ်တိုင်ကြမ်းကိုအဝတ်နှင့် လိုက်ပွတ်ခြင်းဖြစ်သည်။ မမြိုင်က ဒီအချိန်အဝတ်လျှော်နေသဖြင့် သူ့ကိုခိုင်းလို့မဖြစ်။ ဒူးထောက်ပြီး ကုန်းတိုက်ရသောကြောင့် ဧည့်ခန်းတစ်ခန်းပြီးရုံနှင့် နာလိုက်တဲ့ခါး မနည်းပြန်စန့် ယူရသည်။ အဲဒါပြီးတော့ ခေါင်းကိုအဝတ်နှင့်ပေါင်းပြီး တံမြက်စည်းရှည်ကြီးဖြင့် မျက်နှာကြက်က ပိုးအိမ်မျှင်လေးတွေချ။ ဒါကလဲ တစ်ချိန်လုံး မော့ထားရသဖြင့် ခေါင်းကိုမူးရော။ ဧည့်ခန်းထဲမှာရှုပ်နေသည့် သတင်းစာတွေ၊ ဂျာနယ်ဟောင်း

တွေ၊ စာအုပ်တွေကို နေရာတကျစီ။ သစ်သားပန်းပုရုပ်နှင့် ပန်းချီကား တွေကိုဖုန်သုတ်။ ထမင်းစားခန်းထဲရှိ အလှထားမှန်ဗီရိုပေါ်မှ ဆေးပုလင်း အလွတ်များ၊ စက္ကူဘူးအလွတ်နှင့် အခြားလွှင့်ပစ်ရမည့် တိုလီမုတ်စများကို သိမ်းကြုံးပြီး အမှိုက်ပုံးထဲထည့်နှင့် အို … တစ်ညနေလုံး ဘယ်လိုကုန်သွား မှန်းပင် မသိလိုက်ပေ။

ညက ကိုစိုးပြန်လာတော့ တီဗွီမှ တရုတ်ကားပင် မပြီးသေးပေမယ့် အိုင်ရင်းနှင့် ပတ်သက်လို့ နာမည်ပင်မခေါ်ချင်သဖြင့် တစ်ခွန်းမှမမေးပေါင်။ သင်းသင်းတို့လည်း မာနနဲ့ပါ၊ အရှုံးမပေးနိုင်ပါဘူး။ သူကလည်း တစ်ခွန်းမှ စပ်လို့ မပြောပါဘူး။ နေ့လယ်က ဖုန်းချပစ်သဖြင့် စိတ်ကောက်နေသည် ထင်ပါရဲ့။ ဘာလိုလိုနှင့်နှစ်ဖက်စလုံးက အခြေအနေတင်းမာစပြုနေပြီ။ သူနှင့် ကိုစိုးတို့၏ အိမ်ထောင်ရေးကို သိကြားမင်းဖျက်တောင်မပျက်နိုင်ဟု ထင်ခဲ့ပေ မယ့် အိုင်ရင်းဖျက်လျှင်တော့ ပျက်ကောင်းပျက်နိုင်သည်ဟုပင် သင်းသင်း တွေးလိုက်မိသည်။

♥ ♥ ♥

နောက်နေ့မှာတော့ သင်းသင်း ဘယ်သူ့အကြောင်းမှ မတွေးအား။ မနက် ၆ နာရီထ ကမ္ဘာအေးဈေး အပြေးအလွှားသွားပြီး သားငါးဟင်းချက် စရာတွေဝယ်ရသည်။ အပြန်ကားပေါ်မှာ “ မင်းတို့ ညကဒင်နာက ဘယ်မှာ လဲ၊ ဘယ်သူတွေပါသေးလဲ ” စသဖြင့် ဒရိုင်ဘာလေးကို မသိမသာစစ်ကြည့် လိုက်သေးသည်။ “ကရဝိက်မှာအစ်မရဲ့ … ဒီဂျိကြီးရယ်၊ ဆရာရယ်၊ နိုင်ငံခြားသားနှစ်ယောက်ရယ် ” ဟုပြောမှ သင်း စိတ်ထဲအေးသွားသည်။ အိမ်ပြန်ရောက်တော့ ဈေးခြင်း မမြိုင်ကိုအပ်ပြီး၊ သူကတော့ ရှုံးထမင်းချိုင့် ကျောင်းထမင်းဘူးတွေ ပြင်ဆင်ပေး။ သားအဖတစ်တွေအားလုံး ထွက်သွားမှ ပင် အသက်ဝဝရှူဖို့ သတိရလေသည်။

သို့ပေမယ့် ဒီနေ့အဖို့တော့ မရွှေသင်းတို့ နားဖို့ဝေးစွ။ တကယ့် 'အော်ပရေးရှင်း' က အခုမှစသည်။ တစ်အိမ်လုံးရဲ့ ခန်းဆီးဟောင်းတွေဖြုတ်၊ ခန်းဆီးသစ်တွေလဲရသည်။ မမြိုင်ကခုံအမြင့်ပေါ်တက်၊ သူက အောက်ခံကိုင်ပေး။ ချိတ်တပ်ပေးနှင့် နှစ်ယောက်သား ချွေးဒီးဒီးကျပြီးမှ ပြီးစီးသွားသည်။ ၁၂ နာရီကျော်မှ ထမင်းစားကြရသည်။ စားပြီးတော့ ယခင်ကယူနေကျအိပ်ရာပေါ်ခဏလှဲရသည့် စည်းစိမ်လေးကိုစွန့်လွှတ်ပြီး မနက်ကဈေးမှဝယ်လာသော နှင်းဆီပန်းနီနီ၊ ဂန္ဓမာပန်းဖြူဖြူတွေကို ဧည့်ခန်းနှင့် ထမင်းစားခန်း အတွက် အလှပန်းအိုးတွေ ထိုးရပြန်သည်။ ကိုယ်က မတောက်တစ်ခေါက်သာ ထိုးတတ်သူဆိုတော့ ဘယ်သိပ်လှပါ့မလဲ။ သူ့လက်ရာသူ မကျေနပ်သေးသဖြင့် တစ်အိမ်ကျော်မှ ညီအစ်မကဲ့သို့ ခင်မင်သူ မမလှ၏ သမီးကေသီကို ဖုန်းဆက်ပြီး အကူအညီတောင်းရသည်။ သူက ပန်းအလှထိုးပြိုင်ပွဲတွေမှာ တောင်ဆုရထားသူဆိုတော့ ခြံထဲရှိအရွက်စိမ်းတွေ သစ်ကိုင်းတွေနဲ့ရောစပ်ပြီး ထိုးတတ်လိုက်တာ၊ ပန်းအိုးလေးတွေအားလုံး ရှုမငြီးအောင် လှသွားသည်။ သူပြန်သွားတော့ မွန်းလွဲ ၂ နာရီထိုးပြီ။ မမြိုင်နှင့်အတူ သင်း၊ မီးဖိုချောင်ဝင်ရပြီ၊ ခါတိုင်းနေ့များမှာ မမြိုင်လက်ရာကို စားနေကျဖြစ်ပေမယ့် ဒီနေ့အဖို့တော့ စိတ်မချနိုင်။ ဟင်းအိုးများကို ကိုယ်တိုင်ပြင်ပေးသည်။ မီးဖိုပေါ်ရောက်မှ မမြိုင်ကို ကြည့်နိုင်းခဲ့ပြီး ထမင်းစားပွဲပြင်ဖို့ အိမ်ရှေ့ထွက်ခဲ့သည်။

မြန်မာဖြစ်ချည်ထည်ဖြူဖြူလွလွပေါ်တွင် နှင်းဆီပွင့်နီနီလေးတွေကို ပန်းထိုးချည်ဖြင့် လက်ထိုးထိုးထားသည့် မြန်မာလက်မှုပညာစားပွဲခင်းကိုခင်း။ ထမင်းစားပန်းကန်သုံးချပ်ကို ဇွန်းခက်ရင်း ဖန်ခွက် လက်သုတ်ပဝါများနှင့်အတူ နေရာတကျချပြီးသောအခါ သားသားနားနားရှိရဲ့လား။ ကြည့်လို့ကောင်းရဲ့လားဟု စားပွဲထိပ်မှာရပ်လျက် စစ်ဆေးကြည့်သည်။ အားလုံးကောင်းပါလျက် ဇွန်းခက်ရင်းများက အမျိုးကောင်းပေမယ့် ကြာပြီဖြစ်လို့ နည်းနည်းဟောင်းချင်သလိုလိုဖြစ်နေ၍ သင်းစိတ်ထဲမှာ စိတ်မကောင်းဖြစ်သွားသည်။ အခြေအနေသာပေးလျှင် ' ယုဇန ' တို့ ' စီတီးမတ် ' တို့ကို ပြေးဝယ်လိုက်ချင်သည်။ အခုအချိန်မှတော့ မထတ်နိုင်တော့။

၄ နာရီထိုးပြီ၊ ရေချိုး အလှပြင်ရန် အိပ်ခန်းထဲဝင်ခဲ့သည်။ မှန်တင်ခုံ

ရှေ့ရပ်လိုက်တော့ အလို ... မြတ်စွာဘုရား။ သူ့ဆံပင်တွေဖြူနေတာပဲ။ အများကြီး မဟုတ်ပေမယ့် သိသိသာသာ ဖြူနေတာကြာပြီ။ အရေးအကြီးဆုံးကိုမှ သူမေ့နေခဲ့သည်။ သမီးလုပ်တဲ့သူကတော့ မေမေ့ဆံပင်တွေကိုဆိုးဦးလေဟု မကြာခဏ သတိပေးသား။ သူကသာ အပျင်းကြီးပြီး အထူးတလည် သွားစရာရှိမှ ဆိုးဖြစ်သည်။ အခုတော့ ဘယ်နှယ်လုပ်ရပါ့။ သင်းသည် ရုတ်တရက် အကြံဉာဏ်တစ်ခုရသလို ထဘီနှင့်အင်္ကျီအမြန်လဲ၊ လက်ကိုင်အိတ်ကလေးကောက်ကိုင်ပြီး ခြံအပြင်ဘက်သို့ခပ်သွက်သွက် ထွက်ခဲ့သည်။ အလျင် ဆုံးတွေ့သည့် 'ကက' တက္ကစီတစ်စင်းကို ဖမ်းတားပြီး အနီးဆုံး အလှပြင်ဆိုင်သို့ မောင်းနိုင်းသည်။ ဟိုမှာ အမြန်ဆုံးခေါင်းလျှော် ဆံပင်ဆိုးသည်။ အလှပြင်သည့်ကောင်မလေးက စေတနာပိုပြီး ရှေ့ဆံပင်ကို ဖောင်းဖောင်းလေးဖြီးပြီး နောက်မှာ ဆံထုံးလှလှလေးပင် ထုံးပေးလိုက်ပါသေးသည်။

အိမ်ပြန်ရောက်တော့ ကမန်းကတန်းရေချိုး၊ မျက်နှာကို မိတ်ကပ်ပါးပါးလေးခြယ်၊ နှုတ်ခမ်းနီဆိုး။ သူ့အကြိုက်ဆုံးဝတ်စုံ ရေခဲသားအပြာရောင်ပေါ်အဖြူပွင့်ဝမ်းဆက်ကို ရွေးထုတ်ဝတ်လိုက်သည်။ အားလုံး ပြင်ဆင်ပြီးသောအခါ မှန်ထဲကသူ့ပုံရိပ်ကို သေသေချာချာ စစ်ဆေးကြည့်သည်။ အင်း ... ဗိုက်ကလေး နည်းနည်းပူနေတာကလွဲလို့ မဆိုးပါဘူးလေ။ ဒီအရွယ်မှာ ဒီလောက်ပဲပေါ့ ဟုသူ့ကိုယ်သူ နှစ်သိမ့်ရသည်။ ကဲ . အလှပြင်ကိစ္စတော်လောက်ပြီ။ မီးဖိုထဲပြေးပြီးမပြို့ရင်နှင့် ဟင်းအိုးတွေ ဘယ်လိုနေသလဲသွားကြည့်ဦးမှ။ မောလိုက်တာနော် မောလိုက်တာ။ ဒီနေ့တစ်နေ့လုံး စိတ်ရော လူရော လုံးဝမနားရ။ စိတ်ထဲမှ အသံတိတ်ပြီး သက်ပြင်းချမိသည်။ အိုင်ရင်း အထင် သေးမှာကို ကြောက်သဖြင့် ကြိုးစားလိုက်ရတာ၊ သူ့အဖို့ ဒီနှစ်ရက်လုံးလုံးဟာ အိုင်ရင်းအတွက်အသက်ရှင်နေရသကဲ့သို့ပင်။ ဒီလိုတွေးမိတော့လည်း တစ်ဒင်္ဂမျှ အသိတရားရမိလေသည်။

▼ ▼ ▼

" အံ့မယ် ... တစ်အိမ်လုံးသန့်ရှင်းတောက်ပြောင်နေပါလား။ မေမေရေ ဒီလိုဆိုတော့ သမီးတို့အိမ်က ဘိုအိမ်လေးလို ပန်းအိုးလေးတွေ

ထိုးတာလဲ လှလိုက်တာဟယ် ''

ကားဆိုက်သည်နှင့် သားအဖတစ်တွေ ဆူဆူညံညံအသံပေးပြီး အိမ်ထဲဝင်လာကြသည်။

'' ညည်းတို့ အဲဒါခက်တာပေါ့၊ အိမ်ကိုလှလှပပပြင်ထားတော့ ဘိုအိမ်လေးလိုပဲတဲ့၊ စတိုင်ကျကျဝတ်စားထားရင် ဘိုဆန်ဆန်လှသတဲ့၊ အနောက်နိုင်ငံကို တော်တော်အထင်ကြီးကြတယ် ''

သင်းသင်းက သမီးကိုဝေဖန်သလိုလိုနှင့် အဖေကို စောင်းချိတ်ပြော လိုက်ရ၍ အရသာရှိသွားသည်။

'' တွေ့လား ... မေမေက မျိုးချစ်စိတ်ရှိတဲ့နေရာမှာတော့ ဖေဖေ့ထက် သာတယ်နော် ''

သားက အမေနှင့်အဖေကို တိုက်ပေးသည်။

'' ဟော ... မေမေ့ကို ခုမှကြည့်မိတယ်၊ ပြင်ထားတာ ဖေဖေ ကြည့်ပါဦး၊ မေမေ လှတယ်နော်၊ နေပါဦး ... အခုလာမယ့် ဧည့်သည်က ဘယ်သူတုံး ... သမီးကိုလဲ ပြောကြပါဦး ''

အမေ့ပုံစံကိုကြည့်ပြီး သမီးက လာမည့်ဧည့်သည်ကို စိတ်ဝင်စား သွားသည်။ သင်းသင်းက မျက်နှာထားဖြင့် '' ညည်းတို့ အဖေကို မေးကြည့် ပေါ့ '' ဟု အငေါ်တူးတူး ပြန်ဖြေသည်။

'' ဖေဖေ ... ဘယ်သူလဲဟင် ''

'' သူ့နာမည်က 'အိုင်ရင်း' တဲ့၊ အမေရိကားက လာလည်မှာ၊ ငယ်ငယ်တုန်းက ဖေဖေ့ရဲ့ ... '' ဟုဆိုပြီးဆက်မဖြေဘဲ ပြုံးပြုံးကြီး လုပ်နေတော့

'' ဩော် ... သိပြီ ... သိပြီ၊ ဖေဖေရဲ့ ထွန်းအိန္ဒြာဗိုပေါ့ ''

'' အို ... သမီးကလဲ၊ ဘာဆိုင်လို့လဲ ''

'' ဟာ ... ဖေဖေကလဲ ညံ့လိုက်တာ၊ ဖေဖေ့ရဲ့ ရည်းစားဦးလား လို့မေးတာ၊ ထွန်းအိန္ဒြာဗိုရဲ့ အရောင်းရဆုံး ပေါက်သွားတဲ့ သီချင်းခွေနာမည်က 'ရည်းစားဦး' တဲ့၊ သိပြီလား ''

'' သိပါပြီဗျာ၊ သိပါပြီ၊ ညည်းတို့ သီချင်းခွေတွေမှ ဖေဖေမကြား

ဖူးတာ၊ နာမည်လေးမှတ်ထားရဦးမယ်၊ ဟား ...ဟား ...ဟား "

သားအဖတစ်တွေ အတိုင်အဖောက်ညီညီ တသောသောဖြစ်နေကြသည်ကို မလိုတမာ မျက်စောင်းထိုးရင်း ...

" ကဲ ...အားလုံး ....အားလုံးနော်၊ အမြန်ဆုံး ရေချိုးကြ၊ အဝတ်လဲကြပါ၊ အချိန်မရှိဘူး။ ညေ့သည်က ၆ နာရီခွဲရောက်မယ် " ဟု ပြောပြီး သင်းသင်းက လူစုခွဲပစ်လိုက်လေသည်။

♥ ♥ ♥

အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားဝင်လာကတည်းက သင်းသင်းရင်ထဲမှာ တဒိတ်ဒိတ်။ ကိုစိုးနောက်မှာ ကပ်ရပ်လျက် ကားထဲကထွက်လာမည့်သူကို မျက်တောင်မခတ် ကြည့်နေသည်။ ကားစက်ရပ်လိုက်သည်နှင့် ကိုစိုးက ကားတံခါးကိုဖွင့်ပေးပြီး လက်ကမ်းကြိုဆိုလိုက်သည်။ သို့သော် ကားထဲမှ လူကရုတ်တရက်ထွက်မလာသေးဘဲ ဖြူဖွေးနူးညံ့သော လက်ဖြူဖြူ တုတ်တုတ် တစ်ဖက်သာထွက်လာပြီး ကိုစိုးကမ်းပေးသောလက်ကိုဆုပ်ကိုင်အားပြုရသည်။ ပြီးမှ ဖြည်းဖြည်းချင်း ကိုယ်လုံးဝဝကြီးက ကားအပြင် ရောက်လာလေသည်။ ကိုစိုးနှင့် အင်္ဂလိပ်လိုရော မြန်မာလိုရော ပြောလျက် ဝမ်းသာအားရ နှုတ်ဆက်နေစဉ် သင်းသင်းမှာတော့ အသက်မရှူမိအောင် အံ့သြနေသည်။

အိုင်ရင်း ...အိုင်ရင်း။ သူ့မျက်စိရှေ့မှ အမျိုးသမီးသည် အိုင်ရင်းဟု ဘယ်လိုယုံရမှာလဲ။ ဗိုက်ပူပူ တင်ကြီးကြီး၊ အင်္ကျီလက်ပြတ်ဝတ်ထားသဖြင့် လက်မောင်းအိုးဖြူဖြူကြီးတွေက သိသာပေါ်လွင်နေသည်။ မျက်နှာဝိုင်းဝိုင်း အစ်အစ်ကြီးအောက်မှာက မေးစေ့နှစ်ထပ်။ ကျဲကျဲပါးပါး ဆံပင်တိုတိုလေးကို တစ်ခေါင်းလုံးကောက်ထားသည်။ ဘဲဥပုံမျက်မှန်လေးထဲမှ မျက်ဝန်းနက်အစုံကတော့ ရွှန်းလက်လှပနေဆဲပါပဲ။ လွန်ခဲ့သည့်အနှစ် ၂၀ က စမ်းချောင်းအိမ်ရှေ့မှ ကားကိုမှီရပ်လျက် ချစ်သူကို ဟွန်းတီးခေါ်ယူတတ်သော မဖုရား၏ ကြော့ရှင်းသောအလှတွေ ဘယ်လိုပျောက်ဆုံးကုန်ပါလိမ့်၊ အသက်ရလာကြပြီဆိုလျှင် ရုပ်ရည်တွေလည်း ကျဆင်းကြတာ မထူးဆန်းလှပါဘူး။ ဒါပေမယ့်

အရွယ်နှင့်ညီမျှသော အလှလေးပင် မကြွင်းကျန်သည့် အိုင်ရင်းကိုတော့သူ အံ့ဩမိသည်။

အိမ်ထဲရောက်တော့ ကိုစိုးက သင်းသင်းနှင့်မိတ်ဆက်ပေးသည်။ ပြီးတော့ သမီးနှင့်သားတို့ကို ခေါ်ပြပြီး နှုတ်ဆက်စေသည်။ အိုင်ရင်းက သင်းသင်းကို အသေအချာကြည့်ပြီး "သင်းသင်းက သားသမီးတွေ ကြီးလှပြီ သိပ်နုတာပဲ၊ ဒီအရွယ်မှာ ဒီကိုယ်လုံးမျိုးရှိအောင် ထိန်းထားနိုင်တာ အိုင်ရင်း ချီးမွမ်းပါတယ်၊ အိုင်ရင်းကတော့ ကိုယ့်စိတ်ကို မထိန်းနိုင်တော့လို့ လွှတ်ထား လိုက်တာကြာပြီ ဘာမှမရှောင်ဘူး။ စားချင်တာစားလို့ ဝနေတာ မြင်တဲ့အတိုင်း ပဲ၊ ပေါင် ၁၅၀ ရှိတယ် " ဟု ပြောပြီး ရယ်နေသည်။

ကိုစိုးက " တမင်လှအောင် အေရိုးဗစ်တွေ ဘာတွေလုပ်နေတယ် လို့များ အထင်မကြီးလိုက်နဲ့အိုင်ရင်းရေ ... သူက ကိုယ်တို့သားအဖတစ်တွေ ကို လုပ်ကျွေးပြုစုရတာနဲ့ အလိုလို 'အိပ်ဆာဆိုက်' တွေရပြီး လှနေတာဗျ" ဟု ဝင်ပြောသည်။

ကိုစိုးနှင့် အိုင်ရင်းတို့ ဧည့်ခန်းရှိ နှစ်ယောက်ထိုင် ဆက်တီပေါ်မှာ အတူထိုင်ကြပြီး အချိုရည်သောက်ရင်းစကားပြောနေစဉ် သင်းသင်းက မမြိုင် နှင့် သမီးတို့၏ အကူအညီဖြင့် ဟင်းများကို ပူပူနွေးနွေးဖြစ်အောင် နွေး၊ ဟင်းပွဲများကို လှလှပပခူးခပ်ပြီး စားပွဲကြီးပေါ်မှာ သားသားနားနား ပြင်ဆင်ပြီး သောအခါ ကိုစိုးတို့ကို ထမင်းစားခန်းသို့ ခေါ်ဆောင်ခဲ့သည်။ စားပွဲတွင် သုံးယောက်စာသာပြင်ဆင်ထားသည်ကိုတွေ့ရသောအခါ အိုင်ရင်းက ထမင်း ထည့်ပေးဖို့ အသင့်ရပ်စောင့်နေသော သမီးကိုကြည့်ပြီး –

" သမီးတို့သားတို့ကော မစားဘူးလား။ လာလေ၊ အားလုံးစားကြ ပါ၊ အန်တီအိုင်ရင်းက သမီးတို့သားတို့ မိသားစုနဲ့ ပျော်ပျော်ပါးပါး စားချင်လို့ပါ၊ သားကိုသွားခေါ်လိုက်ပါ၊ အတူတူစားကြမယ်ကွယ် "

" နေပါစေ အန်တီ၊ သမီးတို့ နောက်မှစားပါ့မယ်၊ အန်တီတို့ အရင်စားကြပါ၊ ရပါတယ် " သမီးက ယဉ်ကျေးစွာငြင်းသည်။ အိုင်ရင်းက စားဖို့အတင်းခေါ်သည်၊ အိုင်ရင်းကခေါ်၊ သမီးကငြင်းနှင့် သံသရာရှည်နေ သောကြောင့် ကိုစိုးက မနေသာတော့။

" အိုင်ရင်း ... ကိုယ် ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ဒီကောင်တွေက ဇွန်းနဲ့ခက်ရင်းနဲ့စားရင်အားမရဘူးကွ၊ ဗမာပီပီ လက်နဲ့လွေးလိုက်ရမှ ထမင်း မြိန်ကြတာ၊ ခေါ်မနေနဲ့၊ ကိုယ်တို့လူကြီးတွေဘဲစားကြမယ်၊ လာပါ"

" အို .... ဒီလိုလား၊ အမယ်လေး ... ရပါတယ်နော်၊ အန်တီအိုင်ရင်း လဲ လက်နဲ့စားမှာပေါ့၊ သမီးရေ ပန်းကန်နစ်ချပ်ထပ်ချပါ။ ဇွန်းခက်ရင်းတွေ သိမ်းလိုက်၊ မောင်လေးကိုသွားခေါ်ခဲ့၊ အန်တီ လက်ဆေး လိုက်ဦးမယ် "

ပြောပြောဆိုဆို ထမင်းစားခန်းထောင့်ရှိ ကြွေလက်ဆေးခွက် ကလေးမှာ လက်သွားဆေးနေတော့သည်။

ကဲ ဒီညနေတော့ အိမ်ရှင်တို့ လက်လျှော့ကြရပြီ။ ဧည့်သည်တော် အိုင်ရင်းအလိုကျ မိသားစုအားလုံး စုံစုံညီညီ ထမင်းပွဲမှာထိုင်ပြီး လက်နှင့် စားကြလေသည်။

" သင်းရေ ... ဟင်းတွေအားလုံး သိပ်စားလို့ကောင်းတာပဲ၊ ဒါကြောင့် ကိုစိုးက ကိုယ့်မိန်းမလက်ရာကိုကြွားချင်လို့ အိမ်မှာကျွေးမှာလို့ ပြောတာကိုး " လို့ ချီးကျူးတော့ သင်း မျက်နှာမထားတတ်ဖြစ်ရသေးသည်။

" သင်းနဲ့ ကိုစိုးတို့ တွေ့တုန်းဆုံတုန်း အိုင်ရင်းရင်ထဲက ပြောချင် တာလေးတွေ ပြောခဲ့ရဦးမယ်၊ အခုလို မိသားစုစုံစုံလင်လင်နဲ့ နေ့စဉ် ထမင်းလက်ဆုံစားရတဲ့ အရသာလေးကို တန်ဖိုးထားစမ်းပါနော်၊ အိုင်ရင်း သိပ်အားကျမိတာပဲ၊ အိုင်ရင်းတို့ ဟိုမှာ ဘယ်လောက်ပဲအောင်မြင်တယ် ပြည့်စုံတယ်ပြောပြော၊ ဒီအရသာမျိုး မခံစားနိုင်ဘူး "

အိုင်ရင်း ပြောပြချက်အရဆိုလျှင် သူ့မှာ သားတစ်ယောက်တည်းရှိ သည်။ လခကောင်းသော အလုပ်အကိုင်ရှိသဖြင့် အိုင်ရင်းတို့ မကြောင့်မကြ နေနိုင်ကြသည်။ သို့သော် သားက ဟိုက်စကူးအောင်သည်အထိသာ မိခင် အိမ်မှာနေပြီး တက္ကသိုလ်ကျတော့ တခြားစတိတ်က တက္ကသိုလ်တစ်ခုမှာ သွားတက်သည်။ ကျောင်းပိတ်ရက်မှ မိခင်အိမ်ပြန်လာသည်တဲ့၊ ကိုယ်နေထိုင် သည့်မြို့ကြီးမှာ တက္ကသိုလ်တွေရှိပါလျက် နှလုံးသွေးကြောကျဉ်းရောဂါ ရှိနေသည်ဆိုတဲ့မိခင်ကို အိမ်မှာတစ်ယောက်တည်းထားပြီး တစ်ခြား တက္က

သိုလ်ကို သွားတက်ချင်တဲ့သားကို သင်း နားမလည်နိုင်။ အမေလုပ်တဲ့သူကလဲ သားအမိနှစ်ယောက်တည်းရှိတာ ဘာလို့လွှတ်တာလဲ။ သင်းစိတ်ထဲ ဘဝင်မကျဖြစ်မိသည်။

" ဟိုမှာမွေး ဟိုမှာကြီးတော့လဲ ဟိုက ကလေးတွေလိုဖြစ်သွားတာပေါ့လေ၊ သူ့ကိုအပြစ်မဆိုနိုင်ပါဘူး။ သူတို့လူငယ်တွေက လွတ်လပ်မှုသိပ်ကြိုက်တယ်ကွယ်၊ အသက် ၁၈ နှစ်ပြည့်ရင် သူတို့ အရွယ်ရောက်ပြီဆိုတဲ့သဘောနဲ့ ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်ချင်ကြတယ်၊ သူတို့အပေါင်းအသင်းနဲ့ သူတို့ လွတ်လွတ်လပ်လပ်နေချင်ကြတယ်၊ ကိုယ့်သားဆို လိမ္မာပါတယ်၊ စာကြိုးစားတယ်၊ အမေကို ဂရုစိုက်တယ်၊ ညတိုင်းလိုလို ဖုန်းဆက်တယ်၊ နည်းနည်းနေမကောင်းဘူးဆိုတာနဲ့ ချက်ချင်းပြေးလာတယ်၊ ဒါပေမယ့် အတူတူတော့ မနေချင်ဘူး။ ဒီတော့လဲ သူ့ဆန္ဒအတိုင်း နေခွင့်ပေးလိုက်တာပဲ အိုင်ရင်းရဲ့ မိခင်မေတ္တာပါပဲ ..."

သင်းမှာဖြင့် သမီးနှင့်သား ဒီအရွယ်ရှိပြီဖြစ်တာတောင် သူတို့ စာမေးပွဲနီးလို့ ညဥ့်နက်အောင် စာကျက်ရသည့်အခါ ကိုယ်တိုင်ထကြည့်ပြီး ကော်ဖီဖျော်တိုက်ရ မုန့်ကျွေးရတုန်း။ မိသားစုပုံစံချင်း ကွာခြားပါဘိဟု တွေးနေမိသည်။

" ကိုယ်နဲ့ သူ့အဖေက ကျောင်းစရိတ်ပေးပေမယ့် သူကိုယ်တိုင်လဲ အချိန်ပိုင်း အလုပ်လုပ်ပြီး ကျောင်းတက်တယ်၊ အခု သူ့အသက် ၂၂ နှစ်ရှိပြီ၊ သူ့ 'ဂဲ(လ်)ဖရင်း'နဲ့ အတူတူနေနေကြပြီလေ၊ အိုင်ရင်းမှာတော့ တစ်ယောက်တည်းပေါ့၊ အလုပ်ကပြန်လာ၊ ထမင်းဟင်းချက်၊ ကျက်တော့ တစ်ယောက်တည်း တီဗွီရှေ့မှာထိုင်စား။ အိုးခွက်ပန်းကန်ဆေး။ ပြီးတော့ မောမောနဲ့ အိပ်ရာဝင်၊ နေ့စဉ်ဒီလိုပါပဲ၊ ကိုယ်တို့သာ မြန်မာပြည်မှာဆိုရင် သားအမိနှစ်ယောက် အိမ်လေးတစ်လုံးနဲ့ခုလို အတူတူနေကြမှာပေါ့နော်"ဟု အိုင်ရင်းကပြောတော့ သင်းသင်း စိတ်ထဲမှာ အမေချင်းစာပြီး သနားနေသည်။

" ဒါပေမယ့် အဲသလို ငယ်ငယ်ကတည်းကလွတ်လပ်မှုကြိုက်တဲ့အတွက် ကောင်းတဲ့အချက်တွေလဲရှိတယ် ဖိုင်ရင်းရဲ့ ... ကိုယ့်အား

ကိုယ်ကိုးချင်တဲ့စိတ်၊ ကိုယ်လုပ်ချင်တာဖြစ်အောင် ကြိုးစားလုပ်တဲ့ အလေ့အကျင့်၊ ပြီးတော့ တစ်ယောက်တည်းရပ်တည်နိုင်တဲ့ သတ္တိတွေ ရှိလာတယ်။ ကိုယ်တို့ကလေးတွေကျတော့ မိဘအရိပ်အာဝါသမှာ အကြာကြီး နေကြရတယ်၊ မိဘတွေကလဲ မတတ်နိုင်ရင်သာပဲ - တတ်နိုင်လို့ကတော့ သားသမီးကို တော်တော်နဲ့မခွဲချင်ကြဘူး။ ဒီတော့ ကိုယ်တို့ကလေးတွေဟာ သူတို့ ကလေးတွေထက် သတ္တိနည်းကြတယ်၊ ဘာမဆို အိမ်ကို အားကိုးချင်တယ်။ တချို့ဆို ရေသာခိုတယ်၊ ကြာတော့ ကိုယ်ပိုင်အစွမ်းအစ နည်းသွားစေတယ်လို့ ကိုယ် ထင်မိတယ်၊ အဲ ... တစ်ခုတော့ ရှိတာပေါ့လေ၊ ဒီလိုနေတဲ့အတွက် မိဘနဲ့သားသမီး သံယောဇဉ်ကြီးကြတယ်၊ ထွေးထွေးနွေးနွေးချစ်ကြတယ်၊ မျက်စိအောက်မှာနေတော့ မှားတာရှိရင် ဆုံးမသတိပေးနိုင်တယ်၊ ဟိုမှာလို ကင်းကင်းကွာကွာ မဖြစ်ကြဘူး။ ဒီတော့ ကိုယ့်လူမျိုးကိုယ့်စရိုက်နဲ့ကိုယ် ကောင်းတာလဲရှိ မကောင်းတာလဲ ရှိတာပဲ'' ဟု ကိုစိုးက သုံးသပ်ပြသည်။

ယနေ့ည တည်ခင်းသော ထမင်းစားပွဲလေးသည် ဧည့်သည်ကို ဖိတ်ကျွေးသော ထမင်းစားပွဲနှင့်မတူ။ အဝေးမှရောက်လာသော ဆွေမျိုးညာတိတစ်ဦးနှင့် ထမင်းစုစားကြသည့်နှယ် ပျော်စရာကောင်းနေသဖြင့် သင်းသင်းကြည်နူးမိလေသည်။

အိုင်ရင်းပြန်တော့ ည ၁၀ နာရီပင် ထိုးနေပြီ။ သင်းတို့ မိသားစုက ကားနားအထိ လိုက်ပို့ကြသည်။ အိုင်ရင်းက သင်းသင်းနှင့်သမီး၏ ပါးကို နမ်းပြီး နှုတ်ဆက်သည်။ ကိုစိုးတို့ သားအဖကို လက်ဆွဲနှုတ်ဆက်ရင်းသားကို အမေရိကားပို့၍ ပညာသင်ပေးလိုလျှင် အစစသူတာဝန်ယူပါကြောင်းကတိပေးပြောဆိုသည်။ နောက်ဆုံး ကားပေါ်တက်ခါနီးမှာတော့ အိမ်ရှင်မဖြစ်သူ သင်းသင်း၏လက်ကို ဆုပ်ကိုင်ပြီး ...

" ကိုစိုးကပြောတယ်၊ သူ့ဘဝမှာ ကံအကောင်းဆုံးက သင်းသင်းကို ရတာပဲတဲ့၊ အိုင်ရင်းယုံပါတယ်၊ အခု ကိုယ်တိုင်တွေ့ရတော့ ပိုယုံသွားပြီ၊ ကိုစိုး တကယ်ကံကောင်းပါတယ် '' ဟု ပြော၍ နှုတ်ဆက်သွားလေသည်။

ကိုစိုးသည် ကားနောက်မီးနီနီလေး ခြံထဲမှ ပျောက်ကွယ်သွားသည်

အထိ ရပ်ကြည့်ပြီးနောက် "မဖြိုင် ခြံတံခါး သော့ပိတ်ချည်တော့ဟေ့"ဟု အိမ်အတွင်းဖက်သို့ လှမ်းအော်လိုက်သည်။ ထို့နောက် စာကြည့်မျက်မှန်နှင့် မအိပ်ခင်ဖတ်နေကျဖြစ်သော မဟာမြိုင်တောရဆရာတော် ဦးဇောတိက၏ တရားစာအုပ်တစ်အုပ်ကိုကောက်ကိုင်ပြီး အိပ်ခန်းဖက်သို့ သွားဟန်ပြင်သည်။ သင်းသင်းက မဖြိုင်ကိုစောင့်ရင်း –

"ကိုစိုးရယ် ... အိုင်ရင်းက စိတ်ရောလူရော ပြောင်းလဲသွားလိုက်တာ မယုံနိုင်စရာပဲနော်" ဟု ပြောတော့ ကိုစိုးက

"ဒီလိုပေါ့ ... အရွယ်နဲ့ ဘဝအတွေ့အကြုံပေါင်းစပ်လိုက်တော့ ခံယူချက်တွေလဲ ပြောင်းလဲသွားတာပေါ့" တဲ့။

" ပြီးတော့ ...သူ ဝလာလိုက်တာလဲ အရမ်းပဲ၊ ဒီလောက်ကြီး ဝနေတာများ သင်းကိုမပြောပြဘူးတော့၊ နေနိုင်တယ်၊ ဘာလဲ ကိုစိုးက သူ့အစား ရှက်နေလို့လား " ဟု မနေနိုင် မထိုင်နိုင် နောက်သလို ပြောင်သလို ဆက်ပြောမိတော့ –

" ဩော် ... မရွှေသင်း ... ခင်ဗျားတော်တော်ခက်ပါလား။ အိုင်ရင်း သူ့ဟာသူဝလို့ ပေါင် ၂၀၀ ရှိရှိ ကျုပ်နဲ့ ဘာဆိုင်လို့တုံး။ ရောက်တုန်းရောက်ခိုက် သူငယ်ချင်းဝတ္တရားနဲ့ ထမင်းဖိတ်ကျွေးတယ်၊ ညှော်ဝတ်ကျေလိုက်ရလို့ ဝမ်းသာတယ် ... ဒါပဲ "

ပြောပြောဆိုဆိုထွက်သွားသော ကိုစိုး၏နောက်ကျောကိုလှမ်းကြည့်ရင်း သင်းသင်း၏ ရင်ထဲတွင်ပီတိတွေ ကြည်နူးခြင်းတွေ ပြည့်လျှံလာသည်။

ယခုနေ စိတ်ထဲရှိတဲ့အတိုင်းသာ ပြုမူရလျှင်တော့ သူ့ကျောပြင်ကြီးကို နောက်မှသိုင်းဖက်လျက် ပါးဖြင့်အပ်ရင်း " ကျေးဇူးပဲ ကိုစိုးရယ် "ဟု သင်း ပြောချင်လိုက်တာလေ ... ရှက်လို့သာပဲ။

လုံမလေးမဂ္ဂဇင်း ၁၉၉၉ နိုဝင်ဘာ

# လူမှန်နေရာမှန်

မထားအေးတို့အိမ်ပတ်ဝန်းကျင်မှာ ခြံနှင့်ဝင်းနှင့် ခေတ်မီသော အဆင်တန်ဆာများဖြင့်ဆောက်ထားသော တိုက်လှလှကြီးတွေရှိပါသည်။ အလယ်အလတ်အဆင့်သာရှိသော မထားအေးတို့တိုက်လို တစ်ထပ်တိုက်ပုပုလေးတွေလဲရှိပါသည်။ အဆင့်မြင့်အပြင်အဆင်များဖြင့် ဆောက်ထားသော တိုက်ကြီးတွေမှာတော့ အိမ်ရှင်ကိုယ်တိုင်နေထိုင်သူကနည်းပြီး အများအားဖြင့် နိုင်ငံခြားသားများကို ဒေါ်လာဖြင့် ငှားကြသည်ကများပါသည်။ ဒေါ်လာဈေးကောင်းချိန်မို့ အိမ်ရှင်များက သူတို့စိတ်ကြိုက် အကုန်လိုက်ရသည်။ မီးအားပြည့်ရဲ့လား။ အဝီစိတွင်းရေပတ်ရဲ့လား။ ပိုက်လိုင်းကလာတဲ့ရေဆို မကြိုက်ဘူးတဲ့။ ပြတင်းပေါက်တွေမှာ တရုတ်ကာတ်မဖြစ်စေရ၊လေမလုံတော့ အဲယားကွန်းမအေးလို့တဲ့၊ စုံနေတာပါပဲ။ နောက်ဆုံး အိမ်ရှင်က ထမင်းချက်တို့ နာနီတို့ပါရှာပေးလိုက်ရသေးသည်။

ကားကြီးကားကောင်းတွေပေါ်မှာ အမြဲနိုသားထိုင်လိုက်ပါသွားသော နိုင်ငံခြားသားများကို မထားအေးတို့ နေ့စဉ်နေ့တိုင်း တွေ့မြင်နေရပါသည်။ ထိုအခါမျိုးတွင် မထားအေးတစ်ယောက် သူတို့ကုသိုလ်နှင့် သူတို့ကောင်းစားတာကို မုဒိတာမပွားနိုင်ဘဲ . . .

" အင်း ...ကိုယ်တော်ချောတို့ ဒီမှာလာပြီး တစ်သက်လုံးမခံစားဖူးခဲ့တဲ့ စည်းစိမ်တွေခံစားနေလိုက်ကြတာ၊ သူတို့နိုင်ငံမှာဆိုရင်လား။ ကိုယ့်ကားကိုယ်မောင်း။ ကိုယ့်အဝတ်ကိုယ်လျှော်၊ ကိုယ့်ထမင်းကိုယ်ချက်၊ ကိုယ့်ပန်းကန်ကိုယ်ဆေး။ ဒရိုင်ဘာတို့ ထမင်းချက်တို့ဆိုတာမျိုးကို အိပ်မက်ထဲတောင် ထည့်မက်နိုင်ကြတာမဟုတ်ဘူး "

ဒီလိုပြောမိတော့ အိမ်ကထမင်းချက် မကြည်အေးက . . .

" သူတို့ဟိုမှာ ဘိုလိုမနေနိုင်ကြဘူးပေါ့နော် " တဲ့။

" မနေနိုင်ကြဘူး မကြည်အေးရေ၊ မြန်မာပြည်ရောက်မှ ဘိုလို နေနိုင်ကြတာ " ဟု ပြောရသည်။

မထားအေးတို့တိုက်နှင့် ခြံချင်းကပ်လျက် ခြံကျယ်ကျယ် အမိုးမြင့် မြင့်နှင့် ဆောက်ထားသော နှစ်ထပ်တိုက်ကြီးရှိပါသည်။ ပုံစံရိုးသော်လည်း ထိုအိမ်ကြီးမျိုးကို မျက်နှာဖြူတွေ ကြိုက်လို့ထင်ပါရဲ့၊ ငှားရမ်းနေထိုင်သူအား လုံး အင်္ဂလိပ်၊ ဩစတြေးလျစသော မျက်နှာဖြူတွေချည့်ဖြစ်သည်။ ခြံ၏ မျက်နှာစာကို မြက်ခင်းကျယ်ကျယ်အသားပေးထားပြီး အိမ်ကြီးကဘေးကပ် ဆောက်ထားသဖြင့် မထားအေးတို့တိုက်နှင့် အလွန်နီးကပ်စွာရှိနေသည်။ အထူးသဖြင့် မထားအေးရဲ့အိပ်ခန်းနှင့်နီးကပ်နေ၍ တစ်ဖက်အိမ်ကြီးကို မြင်နေ ရသလို တော်ရုံစကားပြောသံကိုလည်း အတိုင်းသားကြားနိုင်သည်။

မထားအေးတို့အိမ်သားများက ဒီအိမ်ကြီးကို ဘိုအိမ်ဟုခေါ်သည်။ ဘာရယ်မဟုတ်၊ မျက်နှာဖြူတွေကို ဘိုဟုခေါ်နေကျတာနဲ့ပဲ ဒီလိုခေါ်မိသည် ထင်ပါရဲ့။ မျက်စောင်းထိုးအိမ်က ကိုးရီးယားလူမျိုးတွေငှားနေသဖြင့် ကိုးရီး ယားအိမ်၊ အဲဒီအိမ်ဘေးက ယိုးဒယားတွေနေတဲ့အိမ်ကိုတော့ ယိုးဒယားအိမ် တဲ့။ ကြာတော့ အိမ်ရှင်နာမည်တွေပျောက်ပြီး ခပ်လွယ်လွယ် ဒီလိုပဲခေါ်နေ ကြပါသည်။

ကိုယ်နှင့်လူမျိုးမတူ၊ ဘာသာစကားမတူ၊ ယဉ်ကျေးမှုချင်းမတူသော အိမ်နီးချင်းတို့သည် မထားအေးတို့မိသားစုအတွက် လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်နေခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံခြားသားမျက်နှာဖြူများကို မမြင်ဖူးသော မကြည်အေးအတွက်ပေါ့၊ သူ့မှာ ဘာမဆိုအထူးအဆန်းချည့်ဖြစ်နေသည်။

ဥပမာ ဆိုပါစို့ . . . ဟိုဖက်အိမ်ကထမင်းစားခန်းကို မထားအေး တို့ဖက်ကလှမ်းကြည့်လျှင် မြင်နေရပါသည်။ စားပွဲရှည်ကြီးပေါ်မှာ နံနက်စော စောစားဖို့ Breakfast နံနက်စာအဖြစ် သဘော်သီး၊ ကွဲကောသီး၊ ဖရဲသီး၊ ငှက်ပျောသီးစသော ရာသီအလိုက်ပေါ်သောအသီးများကို လှလှပပ ခွဲစိတ် ပြင်ဆင်ထားပြီး အလယ်မှာက ကော်ဖီနှပ်ထားသော ဓာတ်ဘူးကြီးတစ်လုံး၊

ဒါပဲဖြစ်သည်။ မထားအေးတို့အိမ်မှာ နံနက်တိုင်းစားနေကျ မြန်မာဘရိတ်ဖတ်က ထမင်းကြော်နှင့်ပဲပြုတ်ဆိုတော့ မကြည်အေးမှာ ဟိုဖက်အိမ်ကစားပွဲကြီးကို ကြည့်ပြီးတအံ့တသြ။

" အန်တီ ... အဲဒါ ဘိုလိုစားတဲ့ နံနက်စာပေါ့နော် "

" ဟုတ်တယ်လေ "

" အဲဒါတွေချည့်စားတော့ဝပါ့မလား ... ရုံးရောက်တော့ ဆာမနေဘူးလား "

" ဟဲ့ .... ဝမှာစိုးလို့ အဲသလိုစားနေတာ "

" အို ... ဒုက္ခပါပဲ၊ ကျွန်မတို့တော့ ဝချင်လဲဝ၊ မိုက်ပူလဲပူ၊နံနက်စောစော ထမင်းကြမ်းစားရမှပဲတင်းတိမ်တယ်၊ စောစောစီးစီး ဖရဲသီး ချိုရဲရဲကြီး မစားတတ်ပေါင် "

မကြည်အေးပြောတာကို မထားအေးတို့မြို့သူတွေပါ ထောက်ခံရပါသည်။

♥ ♥ ♥

ဘိုအိမ်ကြီးသို့ ပထမဆုံးလာရောက်နေထိုင်သော အိမ်ငှားမှာ အင်္ဂလိပ်လူမျိုးဇနီးမောင်နှံဖြစ်သည်။ နှစ်ဦးစလုံး အသက် ၄၀ နီးပါး။ အရပ်ရှည်ရှည်၊ ရုပ်ချောချော လိုက်ဖက်တင့်မောပြီး ကြည့်ကောင်းလှသည့်စုံတွဲပါပဲ။ မထားအေး၏ တူမများဖြစ်ကြသည့် ငြိမ်းငြိမ်းနှင့်တိုးတိုးတို့ဆိုလျှင် သူတို့စုံတွဲကို ဒီဖက်ကနေ ချောင်းချောင်းကြည့်ရတာအမော။

သို့သော် သူတို့ကတော့ အိမ်ချင်းကပ်လျက်နေထိုင်သူများကို စိတ်ဝင်စားခြင်းမရှိ။ အိမ်နီးချင်းရယ်လို့ မိတ်ဆွေဖွဲ့ဖို့ဝေးလို့ ယောင်၍မျှ လှမ်းမကြည့်၊ တကာယ်ကို ဖုတ်လေသည့်ငါးပိပါပဲ။ ဒီနေရာမှာ မြန်မာမိသားစုသာဆိုလျှင် ပုဏ္ဏရိပ်စည်းရိုးကို ဖြတ်ကျော်ပြီး ဘယ်ကပြောင်းလာကြတာတုံး။ ကူညီစရာရှိရင်ပြောနော် ... စသဖြင့်မေးရင်း ဖြေရင်း သူ့အကြောင်း ကိုယ့်အကြောင်း အကြမ်းဖျင်းလောက်တော့ မကြာခင်သိသွားကြမှာပါ။ အခုတော့

သူတို့ဘယ်သူတွေမှန်း တစ်လနေလို့လဲမသိ။ နှစ်လနေလို့လဲမသိ။ တစ်ခု တော့ရှိပါသည်။ မသိဘူးဆိုတာက တရားဝင်တစ်ဦးနှင့်တစ်ဦးမသိတာ ပြောတာပါ။ သူတို့အိမ်နောက်ပိုင်းက ယာဥ်မောင်းကိုစိုး။ မာလီမြင့်သိန်း။ ထမင်းချက် နော်အဲမာစသော အလုပ်သမားများနှင့် မကြည်အေးက ခြံစည်းရိုးမှာရပ်ပြီး စကားပြောရင်း အသိမိတ်ဆွေဖြစ်ပြီးကြပြီ။ သူတို့ရဲ့ တရားမဝင် သတင်းဌာန အဆိုအရကတော့ . . .

သူတို့သည် အင်္ဂလိပ်လူမျိုးများဖြစ်သည်။ ယောက်ျားက အင်ဂျင်နီယာဖြစ်ပြီး စက်ရုံတစ်ခုတည်ဆောက်ရေးအတွက် အကြံပေးအဖြစ်လာရောက်ခြင်းဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် လက်ထပ်ပြီးတာမကြာသေး။ ယခင် အိမ်ထောင်အသီးသီးရှိပြီး ကွဲခဲ့ကြပြီးပြီ။ သားသမီးမရှိကြ။ ယခုနှစ်ဦးစလုံး အတွက် ဒုတိယအကြိမ် အချစ်နှင့်တွေ့ကြခြင်းပါတဲ့။

ဩော် ... ဒါကြောင့်ထင်ပါရဲ့။ အမျိုးသားက သူ့မဟေသီကိုအလွန် ချစ်မြတ်နိုးနေဖြစ်ဟန်ကို မထားအေး မကြာခဏတွေ့နေရတာကိုး။ နံနက် ရုံးသွားခါနီးဆိုလျှင် ပန်းခြံထဲမှာ လမ်းလျှောက်ရင်း နှင်းဆီပန်းများကို ကြည့်နေသော ဇနီးသည်အားလာ၍ အကြာကြီးနမ်းပြီးနှုတ်ဆက်သည်။ ကား ထွက် သွားတာတောင်မှ ပန်းခြံထဲကိုသမင်လည်ပြန်ကြည့်ရင်း လက်ကလေး မြှောက် ပြလိုက်သေးသည်။ဩော် ... ချစ်တာတွေ .. ချစ်တာတွေ၊ မြင်သူတကာ အားကျလောက်ပေရဲ့ဟု ဆိုရမလိုပင်။ အိမ်က အပျိုကြီး မကြည်အေးက တောင် "အန်တီ ... အန်တီ ဘိုကတော်ကို သူ့ယောက်ျားက သိပ်ချစ်တာ ပဲနော်" ဟု ပြောယူရသည်။

မထားအေးကတော့ သူတို့အချစ်ထက် ဘိုကတော်၏အလှကိုပို၍ စိတ်ဝင်စားမိသည်။ သူမ၏ မျက်နှာပေါက်ကခေတ်ဟောင်းရုပ်ရှင်မင်းသမီးကြီး Ingrid Bergmin နှင့်ခပ်ဆင်ဆင်။ နီညိုရောင်ဆံပင်ထူထူကို ခပ်တိုတို ညှပ်ထားသည်။ နံဝင်ဘာလ ဆောင်းဦးပေါက်သာယာသည့်အချိန်မို့ သူမကို ခြံထဲက နေခြည်အောက်မှာ အများဆုံးတွေ့ရသည်။ နေကာမျက်မှန်တပ်ပြီး လမ်းလျှောက်ရင်း နှင်းဆီပန်းများကို နှစ်သက်စွာကြည့်နေပုံ၊ ကြိမ်ကုလားထိုင် ပေါ်မှာထိုင်ပြီး စာဖတ်နေပုံတို့မှာ ကြည့်လို့ကောင်းလှသဖြင့် မထားအေး

သူ့ကို မကြာခဏ လှမ်းငေးနေမိတတ်ပါသည်။

ဆယ်ကျော်သက်တို့၏ အလှသည် နုပျိုလန်းဆတ်ခြင်း၊သစ်လွင်ခြင်းတို့ဖြင့် ဖွဲ့စည်းထား၍ နှစ်လိုဖွယ်ဖြစ်ပေမဲ့၊ ဟောဒီအသက် ၄၀ နီးပါး မိန်းမသား၏အလှကတော့ တစ်မျိုးပါပဲ။လှခြင်းအပြင် တည်ငြိမ်သော ကိုယ့်အလှကိုယ်ယုံကြည်စိတ်ချသော အတွေ့အကြုံရှိသော မိန်းမသားတို့၏ ကိုယ်ပိုင်ဟန်ကြောင့်တစ်မျိုး စွဲမက်စရာကောင်းနေသည်။ ဒါကြောင့်လဲခင်ပွန်းသည်က သူမကို ချစ်မက်မပြေဖြစ်နေတာထင်ပါရဲ့။ အမြဲအရိပ်တကြည့်ကြည့်။ နှင်းဆီပန်းကြိုက်သဖြင့် မာလီမြင့်သိန်းကို နှင်းဆီပန်းအိုးများ သွားဝယ်ခိုင်းသတဲ့။ နော်အဲမာတို့က ပြောပြသည်။ ရုံးအားရက်များတွင် ဂေါက်သီးရိုက်သွားကြသည်။ တစ်ခါတစ်ရံကျတော့ ခြံထဲကမြက်ခင်းပေါ်မှာ သင်ဖြူးခင်းပြီး နှစ်ယောက်သား နေပူဆာလှုံကြသည်။ လပြည့်ညများမှာတော့ ငွေလရောင်အောက်မှာ တစ်ယောက်ခါးတစ်ယောက်ဖက်လျက် ခြံထဲမှာ လမ်းလျှောက်နေကြသည်။

တကာယ်တော့ အချစ်ရှိန်ပြင်းပြနေသော ညားခါစဇနီးမောင်နှံကို ကြည့်ရသည်မှာ မထားအေးတို့မြန်မာများအတွက် မျက်စိရှက်စရာပါ။ သို့ပေမယ့် မကြည့်ဘဲလဲ မနေနိုင်ကြ၍ ခန်းဆီးအကွယ်မှ ကြည့်မိနေတာပါပဲ။ ငြိမ်းငြိမ်းနဲ့တိုးတိုးတို့ဆိုလျှင် ရုံးမှ ကျောင်းမှ အိမ်သို့ရောက်သည်နှင့် အဝတ်မလဲနိုင်သေး၊ ပြတင်းပေါက်ကို ပြေးကြည့်ကြသည်။ ရုံးပိတ်ရက်ဆိုလျှင်တော့ ပြီးပါရော။ မကြည်အေးလဲ အချိန်မှန်အဝတ်မလျှော်နိုင်။ ဒီဘိုစုံတွဲကြောင့် အိမ်မှာ အချိန်ကုန်၊ အလုပ်ပျက်ဖြစ်နေကြပုံမှာ တွေးကြည့်လျှင် ရယ်စရာကြီး။ သူများလဲ ပြောမပြချင်ပါဘူး။ တွေ့မြင်ရဖန်များ၍ အချိန်အတော်လေးကြာမှပင် ဒီမြင်ကွင်းကို ရိုးသွားကြပါသည်။

♥ ♥ ♥

သူတို့ရောက်လာ၍ ၆ လခန့်အကြာ မြင်ကွင်းတစ်မျိုးပြောင်းသွားပုံကို မထားအေးတို့ အံ့သြဖွယ်တွေ့မြင်ကြပါသည်။

အဲဒီနေ့က တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်သည်။ နေ့လယ်လောက်မှာ အိမ်ကြီးဆီမှ ဘိုကတော်၏ စူးစူးဝါးဝါး အော်လိုက်သည့်အသံနှင့်အတူ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများလည်းကြားရသည်။ ဘာဖြစ်တာပါလိမ့်။ ဓါးပြတိုက်တာလား။ မထားအေးတို့ အထိတ်တလန့်ပြေးကြည့်ကြသည်။ သူတို့အိပ်ခန်းမှာ အိမ်တောင်ဖက်ခြမ်းမှာဖြစ်၍ စကားအော်ပြောသံတွေ ကြားနေရသော်လည်း ဘာတွေပြောနေကြမှန်း မသဲကွဲပါ။ မကြည်အေးကတော့ မီးဖိုဘေးခြံစည်းရိုးနားသွားရပ်ပြီး အကဲခပ်နေသည်။ နော်အဲမာလဲ အိမ်ထဲရောက်နေ၍ မေးစရာလူမရှိပေ။ အသံတွေရပ်သွားပြီး ခဏနေတော့ အပေါ်ထပ်အိပ်ခန်းနှင့်တွဲနေသော ဝရန်တာပေါ်မှ ပစ္စည်းမျိုးစုံ မြက်ခင်းပေါ် သို့ လွှားခနဲ လွှားခနဲ ဝဲကျလာပါသည်။

"ဟဲ့ ... ဖန်ခွက် ... ဖန်ခွက် ကွဲသွားပြီ၊ဟော ... ကုတ်အင်္ကျီကြီးကျလာပြန်ပြီ၊ဒါက ဘိုကတော်ရဲ့ညဝတ်အင်္ကျီ လှလိုက်တာ နော်၊ ဒါက ဒေါက်ဖိနပ် ... ဟယ် ဖြူဖြူအလုံးလေးတွေ၊ ဘာတွေလဲ မသိဘူး။ ဩော် ... ဂေါက်သီးလုံးတွေ ... မြက်ခင်းပေါ်မှာ ဘဲဥတွေ စီထားသလိုပဲ"

ငြိမ်းငြိမ်းနှင့်တိုးတိုးတို့က ဘောလုံးပွဲတိုက်ရိုက်အသံလွှင့်သလို အော်ပြောနေကြသည်။ မကြာပါ၊ ဆရာသမား အဝတ်အစား ဖိုသီဖတ်သီနှင့် ဝုန်းဒိုင်းကြဲဆင်းလာသည်။ ပြီး ဆင်ဝင်အောက်မှာရပ်ထားသော ကားပေါ်တက်ပြီး တရှူးထိုးမောင်းသွားလိုက်တာ ဒရိုင်ဘာကိုစိုးခမျာ ကားတံခါးပင်ပိတ်မပေးလိုက်ရဘဲ ကြောင်စီစီရပ်လျက် ကျန်ရစ်လေသည်။ ဩော် ... လင်မယား ရန်ဖြစ်ကြတာကိုး။ အခုမှပင် ရှင်းသွားတော့သည်။ နောက်တော့ မြင့်သိန်းနှင့် နော်အဲမာတို့ မြက်ခင်းပေါ်က ပစ္စည်းတွေလိုက်ကောက်ပြီး အိမ်ထဲပြန်သွင်း ... ဖန်ကွဲစတွေရှင်းပစ် လုပ်နေကြသည်။ သူတို့ စကားမပြောကြ၊ တိတ်ဆိတ်စွာ လုပ်စရာရှိတာများကို လုပ်နေကြသည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုတာ အမှန်ပါပဲ။

" အန်တီ ... အန်တီ ... ဘိုတွေလည်း ရန်ဖြစ်တာပဲနော် "

အရေးထဲ မကြည်အေးကတစ်မျိုး။

" ဩော် ... မကြည်အေးရယ် ... သူတို့လဲ လူတွေပဲ၊

လင်နဲ့မယား လျှာနဲ့သွားပေါ့။ ဘာလဲ ဘိုလင်မယားတွေရန်မဖြစ်ဘူး။ ဗမာလင်မယားတွေပဲ ရန်ဖြစ်တယ်ထင်လို့လား ''

'' မသိပါဘူး။ သူတို့က ခဏခဏ နမ်းနေပြီးတော့ ''

သူ့ပြောပုံကြီးကို သဘောကျလို့ ငြိမ်းငြိမ်းတို့က ဝိုင်းရယ်ကြသည်။

'' စိတ်မပူနဲ့နော် မကြည်အေး ... ညနေကျတော့ ယောက်ျားက ပြန်လာပြီး သူ့မိန်းမကိုချော့မှာ ... ချော့တော့ ပျော့သွားမှာ။ အဲဒီအခါကျတော့ ခြံထဲမှာ လမ်းလျှောက်ရင်းနမ်းကြဦးမှာ . . . ''

ငြိမ်းငြိမ်းက ဒီလိုပြောပစ်လိုက်တော့ ''ဟာ ... မငြိမ်းကလဲ'' ဆိုပြီး အနားကထွက်ပြေးသွားတော့သည်။

ထိုညက မထားအေးတို့ထင်သလို ဘိုကအိမ်ပြန်မလာပါ။ အင်းယားလိပ်ဟိုတယ်မှာ သွားအိပ်သည်ဟု မနက်ကျတော့ နော်အဲမာက သတင်းပေးသည်။ နောက်ရက်တွေမှာလဲ ပြန်မလာပါ။ သူ့အကျီအဝတ်အစားတွေကို ဟိုတယ်လာပို့ခိုင်းသဖြင့် ကိုစိုးက တက္ကစီနှင့်သွားပို့ရသည်။ အဲဒီကနေပြီး ရုံးတက်သတဲ့။

ဩော် ... ဒီလောက်ချစ်တဲ့လင်မယား ဘယ်လိုအကြောင်းကိစ္စကြောင့်များ ခုလောက်ကြီး မုန်းမာန်တွေပွားနေရပါလိမ့်။ အချစ်ကြီးလို့ အမျက်ကြီးတာပဲထင်ပါရဲ့။ မြန်မာပြည်မှာသာတဲ့ ငွေလမင်းကြီးအောက်မှာ တစ်ယောက်ခါး တစ်ယောက်ဖက်လျက်ချစ်ခဲ့ကြတာတွေ မေ့ကုန်ပြီလားကွယ်။

ရန်ဖြစ်ပြီး ၅ ရက်မြောက်နေ့မှာ မျက်မှန်မည်းတပ်ထားသောဘိုကတော်ကို ဆင်ဝင်အောက်မှာတွေ့ရသည်။ မျက်နှာမသာမယာဖြင့်တက္ကစီတစ်စီးပေါ်သို့ အဝတ်အစားသေတ္တာများကို ကိုယ်တိုင်ညွှန်ကြားတင်ခိုင်းနေသည်။ အားလုံးပြီးတော့ မာလီမြင့်သိန်းနှင့် နော်အဲမာတို့ကို လက်ဆွဲနှုတ်ဆက်ပြီး ကားပေါ်သို့တက်ခါ ထွက်ခွာသွားလေသည်။

ဆရာမက အပြီးပြန်သွားခြင်းဖြစ်ကြောင်း၊ ဘာကြောင့် လင်မယားရန်ဖြစ်ကြသည်ကို မသိရသော်လည်း၊ ဆရာက အရမ်းစိတ်ဆိုးပြီး မျက်နှာကိုရိုက်လိုက်သဖြင့် ဆရာမမျက်လုံးတစ်ဖက် ဖူးရောင်သွားကြောင်း နော်အဲမာက

ရေခဲတင်ပေးရကြောင်းစသဖြင့် မကြည်အေးကို နော်အဲမာကပြောပြပါသည်။

သူမိန်းမပြန်သွားပြီးမှပင် ဘိုကအိမ်သို့ပြန်လာသည်။ ခုတော့လဲ ခင်မောင်ရင်တစ်ကိုယ်တည်း အရှုံးကြီးပမာဖြစ်နေပြီလားမပြောတတ်။ ညတိုင်း ညဉ့်နက်မှအိမ်ပြန်လာသော သူ့ကားသံကို မထားအေးတို့သိနေသည်။

" ဆရာက သူ့မိန်းမကိုမပြတ်နိုင်လို့ အသည်းကွဲနေတာဗျ။ ဒါကြောင့် ညတိုင်း အရက်တွေချည်း နင်းကန်သောက်နေလို့ ကျွန်တော်လဲ အိပ်ရေးပျက်လှပြီ " ဟု ဒရိုင်ဘာကိုစိုးကညည်းသတဲ့။

ဒီနေရာ၌ မကြည်အေးလိုကောက်ချက်ချရလျှင် ဘာကြောင့် လင်မယားရန်ဖြစ်ကြသည်ကို မသိရသော်လည်း "ဘိုတွေလဲ အသည်းကွဲတတ်ပါလား။ အသည်းကွဲလျှင် ထုံးစံအတိုင်း အရက်သောက်ကြတာပါပဲလား " ပေါ့။

နှစ်လခန့်ကြာသောအခါ ဘိုကသူ့အလုပ်တာဝန်များ ပြီးဆုံးသွားသဖြင့် တစ်ကိုယ်တည်း ပြန်သွားလေသည်။

♥ ♥ ♥

ဘိုအိမ်ကြီးသို့ ဒုတိယအကြိမ်ပြောက်ရောက်လာသော အိမ်ငှားကတော့ ဩစတေးလျနိုင်ငံကတဲ့။ ယောက်ျားကအသက် ၄၀ ခန့် မိန်းမက အသက် ၃၀ ကျော်လောက်။ သူတို့မှာ ၂ နှစ်အရွယ် သားလေး တစ်ယောက်ပါသည်။ ဒီစုံတွဲကတော့ အသားဖြူ အရပ်ရှည်တာကလွဲလို့ချောချော လှလှထဲက မဟုတ်။ သာမန်ရုပ်ရည်နှင့် ဝတ်ပုံစားပုံကလည်း ရိုးဆိုတော့ ထူးထူးခြားခြားမရှိလှ၍ ငြိမ်းငြိမ်းတို့က " ဟင်း ... သူတို့ ကြည့်ရတာ စိတ်ဝင်စားစရာ မကောင်းလိုက်တာ " ဟု ညည်းကြသည်။

ပြီးခဲ့သည့်အိမ်ငှား အင်ဂရစ်ဘတ်(ဂ)မင် တို့စုံတွဲနှင့်ကတော့ တခြားစီပါပဲ။ ဟိုကတော့ ကြည့်လိုက်လျှင် ရေကန်ထက်က ငွေငန်းဖြူကြီး မောင်နှံလို မျက်စိပသာဒဖြစ်ကြရသည် မဟုတ်ပါလား။ ဘာပဲပြောပြော သူတို့ လင်မယားသည် ရိုးသားပွင့်လင်းပြီး ဖော်ရွေကြမည့်ပုံရှိပါသည်။ ရောက်စတုန်း

ကဆို သားလေးကျောပိုးပြီး ခြံထဲကိုလျှောက်ကြည့်၊ အိမ်တွေကိုလဲ လှမ်းကြည့်၊ သူတို့အိမ်ရှေ့က အုပ်ဆိုင်းစိမ်းစိုနေသော ပိတောက်ပင်ကြီးကို နှစ်သက်စွာ မော့ကြည့်၊ ခြံထောင့်မှာပွင့်နေသည့် စွယ်တော်ပွင့်လေးတွေကို ကိုင်ကြည့်နှင့် သူတို့အတွက်အားလုံးသည် စိတ်ဝင်စားဖွယ်ဖြစ်နေပုံရပါသည်။

သူတို့သည် ဩစတေးလျနိုင်ငံကလာကြသည်ဆိုပေမယ့် မြို့ကြီးပြကြီးက ဟုတ်တိဟုတ်မတူ။ နယ်မှာနေသူတွေဖြစ်မည်။ အမျိုးသမီးနာမည်ကံ မေရီတဲ့။ "နာမည်ကလဲ ရိုးလိုက်တာ၊ မြန်မာပြည်မှာဆို မမြသန်းတို့မခင်သန်းတို့ဆိုတဲ့ နာမည်မျိုးဖြစ်မှာပေါ့" ဟု ငြိမ်းငြိမ်းက မှတ်ချက်ချသည်။ မထားအေး၏ တူမနှစ်ယောက်နှင့် မကြည်အေးတို့ကတော့သူတို့လင်မယားကို လုံးဝ စိတ်မဝင်စားကြတော့ပါ။ ချစ်စရာကောင်းသော သူတို့သားလေး လုကာ်ကိုသာ စိတ်ဝင်စားပြီး သဘောကျနေကြသည်။

ရွှေရောင်ဆံပင်နှင့် ဖြူဖြူဝဝကောင်လေးသည် နံနက်အိပ်ရာကနိုးသည်နှင့် ခြံထဲမှာ လျှောက်ပြေးနေပြီ။ မာလီမြင့်သိန်း ရေလောင်းနေသော ရေပိုက်ကို အတင်းဆွဲယူ၊ သူ့ကိုသူပြန်လောင်း။ ရေချိုးသလို ရွှဲရွှဲစိုနေပေမယ့် အိမ်ထဲသွင်းလို့မရ၊ သူ့နာနီနော်ချိုချိုက အတင်းပွေ့ချီပြီး ခေါ်သွားတော့ ဝက်အော်သလို အော်ပြီးငိုသည်။ အဖေနှင့်အမေကလဲ ဘာမှဝင်မပြော။ ကြည့်ပြီးသဘောကျစွာ ပြုံးသာနေကြသည်။ နော်ချိုချိုကိုတောင် ဆက်ပြီး မကြိုးစားဖို့ လက်ပြလိုက်ပါသေးသည်။ မနက် ၈ နာရီလောက်က ခြံထဲမှာ နေပူထဲမှာရေနှင့်ဆော့နေသော ကလေးသည်မနက် ၁၀ နာရီကျော်မှ အိမ်ထဲ ရောက်သွားလေသည်။ မထားအေးတို့က ဒီကောင်လေး အပူရှပ်ပြီး နေမကောင်းဖြစ်မှာပဲဟု ထင်ပေမယ့် သူကဘာမှမဖြစ်ပေါင်။ နောက်နေ့ နောက်နေ့တွေမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ ငြိမ်းငြိမ်းတို့က သူ့ကို ကြည့်ပြီး သဘောကျလွန်းလို့ ဒီဖက်မှ လက်ခုပ်တီးခေါ်ကြ၊ လက်ပြကြနှင့် ပျော်စရာကောင်းပါသည်။

ဒီဖက်အိမ်က သူ့သားလေးကိုချစ်မှန်းသိတော့ ဒေါ်မေရီက ကလေးကို ခါးထစ်ခွင်ချီလာပြီး၊ ခြံစည်းရိုးနားအထိ လာပြသည်။ မထားအေးတို့က လည်း ဒီဖက်မှ လုကာ်ကို ချော့မြူကြ၊ မေးကြ။ ဒီလိုနှင့် လုကာ်ကိုအကြောင်းပြု

ပြီး မိတ်ဆက်ပေးမည့်သူမလိုပဲ အိမ်နီးချင်းမိတ်ဆွေဖြစ်သွားကြပါသည်။

မေရီနှင့် ယခင်ဘိုကတော်တို့ကတော့ တကယ့်ကိုပြောင်းပြန်ပါပဲ။ တစ်ခါက ချစ်သက်လက်ဆောင်ဖြစ်ခဲ့သော ခြံထဲကနှင်းဆီပန်းအိုးများကို သူမက စိတ်မဝင်စား။ သင်းပျံ့သောရနံ့လေးကိုခံစားရင်း မြက်ခင်းပေါ်လမ်းလျှောက်သည်ကိုလဲ မတွေ့ရပါ။မေရီစိတ်ဝင်စားတာက မြန်မာစားပင် သီးပင်များ။ အိမ်နောက်ဖေးနှင့် အိမ်ဘေးရှိ ကွက်လပ်မှန်သမျှကို ပေါက်တူးနှင့် မြေဆွစေပြီး အပင်စိုက်ရန် မြေဘောင်များလုပ်နိုင်းသည့် သစ်ရွက်ခြောက်များကို မီးရှို့ပြီး သဘာဝမြေဆွေးလုပ်သည်။ ယခင်က နှင်းဆီအိုးများနှင့် မြက်ခင်းများကို ရေလောင်းပြီးလျှင် တစ်နေ့လုံးနှပ်နေနိုင်ခဲ့သော မာလီမြင့်သိန်းသည် မေရီနှင့်ကျတော့ ကောင်းကောင်းထိနေပြီ။ သစ်စေ့များ ပျိုးပင်များ ရှာဝယ်နိုင်းပြီး ရေတပ်ပင်၊ ဆလတ်ပင်၊ မုန်ညင်းပင်များကို မေရီကိုယ်တိုင်စိုက်သည်။ ချဉ်ပေါင်ပင်တောင်ပါလိုက်သေးသည်။ နော်အဲမာတို့နောက်ပိုင်းအလုပ်သမားအတွက်ဆိုပဲ။ သူက ဈေးသွားသည့်အခါ ဟင်းသီးဟင်းရွက်တန်းလျှောက်ပြီး မြန်မာတွေစားသည့် အသီးအရွက်များကို လေ့လာထားသဖြင့် ပင်စိမ်းရွက်တို့ နံနံပင်တို့အထိ သိနေပါသည်။

နောက်တော့ သူ့ခြံထဲတင်မက မထားအေးတို့ခြံထဲက အပင်တွေကိုပါ လေ့လာချင်ပါသည်ဟု မေတ္တာရပ်ခံလာသဖြင့် သူ့ကို ဖိတ်ခေါ်ပြရသည်။ ချုချုချာချာနိုင်လှသော အငြိမ်းစားဆရာမတစ်ဦး၏ ခြံထဲမှာ ဘာအဖိုးတန်အပင်များရှိမှာတုံး မေရီရယ်။ သို့ပေမယ့် သူကတော့ တွေ့သမျှအပင်ကို စိတ်ဝင်စားစွာကြည့်ပြီး–

'ဒါက ဘာပန်းခေါ်သလဲ' ပန်းရောင်အပွင့်တွေ အဆုပ်လိုက်ပွင့်နေသော နွယ်သာကီပင်ကို လက်ညှိုးထိုးပြသည်။ မြန်မာလို နွယ်သာကီလို့ခေါ်ကြောင်း၊ နေရောင်ကိုကြိုက်သဖြင့် မြန်မာပြည်အလယ်ပိုင်းမှာ အများဆုံးတွေ့ရကြောင်း စသဖြင့် သူမသိဘူးထင်၍ ရှင်းပြသောအခါ သူက "အဲဒါအဆိပ်ပင်၊ ကျွန်မတို့ ဩစတေးလျမှာ ဘယ်အိမ်မှမစိုက်ကြဘူး။ အလေ့ကျပေါက်လာရင်တောင် ခုတ်ပစ်ကြတယ်၊ ပန်းပွင့်လေးတွေကလှတော့ ကလေးတွေခူးပြီးဆော့မိမှာစိုးလို့" တဲ့။

" ပြီးတော့ ရှင်တို့ခြံထဲမှာ တရုတ်စကားပင်တွေ အများကြီးပဲနော်၊ လှတော့လှပါတယ်၊ ဒါပေမယ့် အဲဒီအပင်ကထွက်တဲ့ အစေ့ဖြူဖြူတွေက မျက်စိထဲဝင်ရင်ကန်းရော "

ဘုရားရေ ... သူပြောသလိုသာဆိုရင် ငါ့ခြံထဲမှာ အဆိပ်ပင်တွေ မနည်းပါလားဟု မထားအေးတွေးလိုက်မိသည်။

" ကျွန်မဆီမှာ အဆိပ်ရှိတဲ့အပင်တွေအကြောင်း ရေးထားတာတွေကို စုထားတဲ့ ဒစ်(စ)ကက်ရှိတယ်၊ ရှင်စိတ်ဝင်စားရင် ကျွန်မငှားပါ့မယ်၊ ကွန်ပျူတာထဲထည့်ကြည့်လိုက်ပေါ့ "

ရော ... ဒီဘိုမ တော်တော်ခက်ပါလား။ မထားအေး ဘယ်လိုဖြေရပါ့။

" ကျေးဇူးတင်ပါတယ် မေရီ၊ ဒါပေမဲ့ ကိုယ်တို့အိမ်မှာကွန်ပျူတာ မရှိပါဘူး။ ကိုယ်က ကွန်ပျူတာလဲ မကိုင်တတ်ပါဘူး "

" အိုး . . . မိုင်ဂေါ့(ဒ်) "

မေရီမှာ အလွန်ထူးဆန်းသော အကြောင်းအရာတစ်ခုကို ကြားရသကဲ့သို့ မျက်ခုံးပင့် မျက်လုံးပြူးပြီး မထားအေးကို ကြည့်နေသည်။

" ကွန်ပျူတာမရှိတော့ ရှင်ဘယ်လိုလုပ်ပြီး အိမ်ကိစ္စတွေကို ဆောင်ရွက်နေပါသလဲ၊ ကျွန်မမှာတော့ Home Computer မရှိရင် ဖြစ်ကို မဖြစ်ပါဘူး "

" ဘာဖြစ်လို့ပါလဲ "

အလွန်ထူသော မထားအေးကလဲ ကြောင်စီစီနှင့် ပြန်မေးသည်။

" ဒီလိုလေ ... အဲဒီထဲမှာကျွန်မမှတ်ထားချင်တာတွေအရေးကြီးတာရော၊ မကြီးတာရော အကုန်ထည့်ထားပါတယ်။ သိချင်ရင် ခလုတ်နှိပ်လိုက်ရုံပဲပေါ့၊ ကျွန်မက မှတ်ဉာဏ်တော်တော်နည်းတယ်သိလား။ သိပ်မေ့တာပဲ။ ဒီတော့ အလုပ်ကိစ္စမှန်သမျှ အကုန်ထည့်ထားရတယ်၊ ဥပမာ–ငွေစာရင်း၊ အသက်အာမခံ၊ အပြတ်ခွန်ကိစ္စ၊ ကလေးနဲ့ပတ်သက်တာတွေ၊ ဟင်းချက်နည်းတွေ၊ မုန့်လုပ်နည်းတွေ ပြီးတော့ ကျွန်မယောက်ျားမကြိုက်တာနေ အို ... စုံလို့ပါပဲ၊ ကျွန်မခေါင်းထဲမှာမှတ်စရာမှန်သမျှ အဲဒီထဲမှာ အကုန်လုံး

ဘဲ၊ ရှင်က ကွန်ပျူတာမသုံးတော့ အဲဒါတွေ ဘယ်လိုမှတ်ထားသလဲ "

" ဒီလိုပဲ ခေါင်းထဲမှာ မှတ်ထားရတာပေါ့ "

" ဟင် ... ဒီတော့ မေ့မကုန်ဘူးလား "

" အင် ... မေ့တာပေါ့ ... ဟဲ ဟဲ "

မထားအေးဖြေတာကို သဘောကျလို့ မေရီကလဲရယ်ပါသည်။

မေရီပြန်သွားသောအခါ သူပြောတာတွေကို အိမ်သားများအား ပြန်ပြောပြရသည်။ ဒီတော့ သူတို့ကလဲ မေရီကို ရယ်စရာလုပ်ကြသည်။

" အန်တီက ပြန်ပြောလိုက်ပါလား ... ငါက အပျိုကြီးဆိုတော့ ယောက်ျားကြီးမွေးနေ့မှတ်စရာမလိုဘူး။ ကလေးဆေးထိုးရမယ့်နေ့လဲ မှတ်စရာ မလိုဘူး။ ဟင်းချက်နည်းကလဲ မကြည်အေးက အကုန်အလွတ်ရနေလို့ ဒီနေ့ ချဉ်ရည်ဟင်းချက်၊ ငါးကလေးအိုးကပ်နဲ့ ပဲနှပ်လို့ ပြောလိုက်ရင်ပြီးရော၊ မုန့်ဆိုလဲ လမ်းထိပ်မှာစုံမှစုံ၊ မုန့်ဟင်းခါးစားမလား။ ထိပ်တန်းတင်တင်အေးက အနီးလေး။ ကဲ ... ရှင့်ရဲ့ကွန်ပျူတာဘယ်မှာသုံးရမှာလဲလို့ "

ရက်တွေ၊ လတွေကြာလာသည်နှင့်အမျှ မေရီသည် ရုပ်မချော၊ စတိုင်မကျသော်လည်း မထားအေးတို့ မျက်စိထဲမှာ ချစ်စရာကောင်းလာပါ သည်။ ဟန်ကြီးပန်ကြီးမလုပ်၊ အမြဲတမ်း ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင်နှင့် ရိုးသားပွင့်လင်းသောစိတ်ကို သူ့မျက်နှာမှာ အထင်းသားမြင်ရသည်။ သူ့ခင်ပွန်း အဲရစ်ကလည်း အတူတူပါပဲ။ ကားဖြင့် အိမ်ရှေ့ဖြတ်သွားသည့်အခါ ပန်းပင်ရေ လောင်းနေသော မကြည်အေးကိုပင် လက်ပြနှုတ်ဆက်သွားတတ်သည် ပုဂ္ဂိုလ်မျိုး။

သူတို့လင်မယား တကယ်ပဲ လိုက်ဖက်ကြပါသည်။ ကြည်နူးဖွယ် လရောင်အောက်မှာ လမ်းမလျှောက်ကြပေမယ့် တစ်ဦးကိုတစ်ဦး ဖေးမညှာ တာကြတာတော့ မျက်မြင်ပါပဲ။ တနင်္ဂနွေနေ့တိုင်းအိမ်က အလုပ်သမားများကို အားလပ်ရက်ပေးရသဖြင့်၊ နာနီမရှိသည့်အခါ အဲရစ်ကလုကီကို စိတ်ရှည် လက်ရှည် တစ်နေ့လုံးထိန်းပေးပြီး မယားကိုကူညီသည်။ သားက ကုတ်ပေါ်မှာ ခွထိုင်ပြီး ဖအေကို မြင်းလိုစီးသည်။ ဖအေကပြေးရသည်။ ဩော် ... စိုက်ပျိုးရေးပါရဂူဘွဲ့ရပုဂ္ဂိုလ်ကြီးပေမယ့် သားနှင့်ကျတော့ မြင်းဖြစ်ရရှာသည်။

မေရီက မနက်စာချက်ပြုတ်ပြီးသောအခါ၊ သားအဖသုံးယောက် ခြံထဲမှာစားပွဲချပြီး ပျော်ပျော်ပါးပါးသုံးဆောင်ကြသည့်မြင်ကွင်းက မျက်စိအေး စရာကောင်းလိုက်တာ အလွန်ပါပဲ။

ဆရာနှင့်ဆရာကတော်က သဘောကောင်းကြသဖြင့် နော်အဲမာတို့ လူစုလဲ ပျော်ကြသည်။ မေရီသည် အိမ်ကအလုပ်သမားများ၏ မိသားစုများ အကြောင်းကို စစ်စစ်ပေါက်ပေါက်မေးမြန်းပြီး ကူညီတတ်ပါသည်။မာလီ မြင့်သိန်း အဖေကြီး မျက်စိခွဲရတော့ ငွေတစ်သောင်းထုတ်ပေးသည်။ လုကီနှင့် ငယ်သွားသော အဝတ်အစားများကို နော်အဲမာ၏ တူလေးများအတွက်ရွာသို့ လူကြုံရှိတိုင်း ထုတ်ပေးတတ်သည်။ ယာဦမောင်းကိုစိုးတို့လဲ အဲရစ်ပေးသော တီရှပ်အသစ်စက်စက်များဖြင့် သားနားနေလိုက်တာ၊ မထားအေးတို့ လူတောင် များရသည်။

မေရီက မြန်မာတွေ သဘောကောင်းကြောင်း၊ ချစ်စရာကောင်း ကြောင်း။ သူတို့နိုင်ငံအတော်များများ၌ တာဝန်ထမ်းဆောင်ဖူးရာ မြန်မာပြည်နှင့် မြန်မာလူမျိုးများကို အကြိုက်ဆုံးဖြစ်ကြောင်း တဖွဖွပြောဆိုခဲ့သည်။ အဲရစ်နှင့် မေရီတို့ မြန်မာပြည်ချစ်လိုက်ပုံများကတော့ စံနမူနာတင်လောက်ပါသည်။ မြန်မာပြည်အမှတ်တရဖြစ်အောင်တဲ့၊ ကလေးတစ်ယောက်ထပ်ယူခဲ့ကြသည်။ မေရီသည် သားလေးအော်လီဗာကို ရန်ကုန်မှာပင်မွေးဖွားပြီး၊ ဒါကမှ "မိတ်(ဒ) အင် ... မြန်မာ"အစစ်ဟု ဂုဏ်ယူဝင့်ကြွားစွာပြောလိုက်သေးသည်။

သူတို့ ၃ နှစ်နေပြီးနောက် ဩစတေးလျသို့ ပြန်သွားကြပါသည်။ သုံးနှစ်ဆိုသော သံယောဇဉ်ကလဲ မသေးလှပါ။ သူတို့လေဆိပ်ဆင်းခါနီး မြင်ကွင်းကို မထားအေးမေ့နိုင်မည်မဟုတ်။ ကားပေါ်သို့ပစ္စည်းများ တင်ပြီး သောအခါ အလုပ်သမားများအားလုံးတန်းစီပြီး ဆရာမိသားစုကို နှုတ်ဆက်ကြ သည်။ နာနီနော်ချိုချိုသည် အိမ်နောက်ဖေး မီးဖိုဆောင်သို့ ပြေးလာပြီးငိုနေ သည်။ လုကီတို့ မေရီတို့က "ချိုချို ... ချိုချို" နှင့် အော်ခေါ်ကြသော်လည်း ထွက်မလာတော့။ ဒီလိုနှင့် ကားထွက်သွားသောအခါ လုကီက ကားပေါ်မှ "ချိုချို ဘိုင့်ဘိုင့် ... ချိုချို ဘိုင့်ဘိုင့်" နှင့် အော်သွားသည်မှာလမ်းထိပ်ရောက် သည်အထိ။ မထားအေးနှင့် မကြည်အေးတို့ကလည်း ...တံခါးမှရပ်ပြီး

သူတို့ကို လက်ပြနှုတ်ဆက်ကြသည်။
မထားအေးတို့ လွမ်းကျန်ရစ်ပါသည်။

♥ ♥ ♥

တတိယမြောက်ရောက်လာသူကတော့ ဘာလူမျိုးမှန်းမသိ။ဘို တော့ ဘိုပါပဲ။ ဆံပင်ရွှေရောင်နှင့် အရပ်ထောင်ထောင်မောင်းမောင်း ကြည့်လို့ မဆိုးပါဘူး။ မြန်မာပြည်သို့လာရောက်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း တစ်ခုကို တွဲဖက်လုပ်ကိုင်နေတာ တစ်နှစ်ခန့်ရှိပြီတဲ့။ ယခင်နေသည့်အိမ်ကို သိပ်မကြိုက် လို့ဆိုပြီး ဒီအိမ်ကိုပြောင်းလာခြင်းဖြစ်သည်။ ထူးထူးခြားခြား သူက တစ်ကိုယ် တည်းသမား၊ အိမ်ထောင်မရှိဘူးဆိုတော့ ဘိုကတော်ကို စိတ်ဝင်စားစွာ ချောင်းကြည့်လေ့ရှိသော မထားအေးတို့အိမ်သားများ အခုတော့ ကြည့်စရာ မရှိတော့ဘူးပေါ့။ ဒါပေမယ့် သိပ်မကြာလိုက်ခင် နော်အဲမာတို့က သတင်းပေး သည်။ သူတို့ ဆရာကတော် လာတော့မယ်တဲ့။ ဆရာကတော်က ဘိုမ မဟုတ်ဘူး။ ဗမာမ တဲ့။

" ဟေ ... ဟုတ်လား "

ဒီသတင်းကြားရတာ မထားအေးတို့ အံ့ဩသွားရကြပါသည်။ "ကဲ ... ငြိမ်းငြိမ်းတို့မကြည်အေးတို့ ကြည့်ဖို့နေရာယူကြတော့နော်၊ ခုမှ စိတ်ဝင်စားလာပြီ" ဟု ပြောမိပါသည်။ သို့ပေမယ့် လက်တွေ့မှာတော့ မထားအေးကချည့် ကြည့်မိနေသည်။

ဟော ... တွေ့ပါပြီ၊သတင်းကြားပြီး သုံးရက်နေတော့ သူကလေး သည် ခြံထဲသို့ဆင်းလာပြီး မြင့်သိန်းကို ပန်းအိုးများရွှေ့ခိုင်းနေသည်။ အသက် ၂၅ နှစ်ခန့် မျက်နှာလေးက အချောအလှကြီးမဟုတ်ပေမယ့် ချစ်စရာကောင်း လှသည်။ ရှည်လျားနက်မှောင်သော ဆံပင်ကိုဖြန့်ချထားသည်။ တီရှပ်နှင့် ဘောင်းကွဲစကပ် နက်ပြာရောင်ကို ဝတ်ဆင်ထားရာ ခြေလှမ်းလိုက်တိုင်း ... လှမ်းလိုက်တိုင်း မထားအေး မျက်စိလှဲလိုက်မိပါသည်။ မြင်သူငေးရလောက် အောင် မဟုတ်ပေမယ့် ယောကျ်ားသားတို့ကိုဆွဲဆောင်ရန် အ‌ကောင်းဆုံး

အရွယ်နှင့် အလှတရားတို့ကို ပိုင်ဆိုင်ထားသူလေးပါပဲ။

ယခင်ဘိုကတော်တွေတုန်းကလို ခြံထဲ ခဏခဏမဆင်းသဖြင့် လူကို မြင်ရခဲသော်လည်း၊ အသံကိုတော့ ကြားနေရသည်။

" ဒီနေ့ ဒင်နာရှိတယ်၊ ဆရာရောတို့ရော အိမ်မှာညစာမစားဘူး"

"ချီချီ ညည်ခန်းမှာ ဖုန်တွေရှိနေတယ်၊ ကြက်မွေးလှည်းပါဦး"

" မနက်ဖြန်မနက် ဆရာရုံးစောစောသွားရမယ်၊ ကိုစိုးကိုပြောထားပါ "

အိမ်ရှင်မလက်သစ်လေး၏ စီမံခန့်ခွဲနေသံများကို နားထောင်ပြီး၊ ဒီအိမ်ကြီးပေါ်မှ မြန်မာမိန်းကလေးတစ်ဦး၏ အသံကိုကြားရတာကို မထားအေး စိတ်ထဲမှာ ထူးဆန်းနေသလိုကြီးပါပဲ။ သူကလေး၏ အကြောင်းကိုလဲ ကိုစိုးတို့ နော်အဲမာတို့မှတစ်ဆင့် တော်တော်များများကြားရသည်။ ဘွဲ့ရ ပညာတတ်တစ်ယောက်၊ ယခင်ကကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ခဲ့သည်။ ဒေါ်လာရဝန်ထမ်းမဟုတ်သော်လည်း၊ လခကောင်းကောင်းရသဖြင့် မိသားစု အိုးပိုင်အိမ်ပိုင်လေးဖြင့် ဣန္ဒြေရရနေနိုင်ကြသည်။ ဖခင်မှာ အလယ်အလတ် အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး ကွယ်လွန်တာ ၂ နှစ်ခန့်ရှိပြီ။ ယခုဘိုနှင့် တွေ့ဆုံပြီးမှ အလုပ်ကထွက်လိုက်သည်။ ဘိုနှင့်မကြာခင်လက်ထပ်ကြ တော့မှာဖြစ်သည်။ ဘိုက လူပျိုကြီးမို့ နောက်ကြောင်းရှင်းပါသည်တဲ့။

မထားအေးတို့အမြင်အရ ဘိုကလဲ သူကလေးကို မြတ်မြတ်နိုးနိုးဖြင့် အတော်လေးမြှောက်စားပါသည်။ တနင်္ဂနွေအားလပ်ရပ်များတွင် သူနှင့်အတူ ဂေါက်သီးရိုက်နိုင်ရန် သူကလေးကို ဂေါက်သီးရိုက်နည်းပြဆရာနှင့် အထူး သင်တန်းယူစေသည်။ ဘို အလုပ်သွားပြီဆိုလျှင် သူမက အိမ်ရှေ့မြက်ခင်းမှာ ဂေါက်သီးကျင့်ရတာအမော။ ရေကူးလဲသင်နေသတဲ့။ ဩော် ... ခမျာလေး လဲ ဘိုကတော်တို့ တပ်အပ်သော ပညာရပ်များကို တစ်ခုမကျန် သင်ယူနေရ သည်ထင်ပါရဲ့။ တစ်ခါတစ်ရံတော့လဲ အိမ်ရှေ့မြက်ခင်းမှာ ဘိုနှင့်ယှဉ်တွဲ လမ်းလျှောက်နေသည်။ ဘိုက သူ့ပခုံးလေးကို ဖက်ထားတာမြင်တော့ ငြိမ်းငြိမ်းတို့က "မုန်းစရာကြီး" ဟုပြောပြီး မျက်နှာလွှဲသွားကြသည်။ ခြံထဲမှာ ရောင်စုံမီးသီးတွေထွန်းပြီး ပါတီပွဲလုပ်ကြသည့်အခါ သူကလေးက အနောက်

တိုင်းဆန်ဆန် ဂါဝန်ရှည်ကြီးနှင့် သူဘိုကြီးကလည်း ရှူးအပြည့်နှင့်စုံတွဲ လက်ထဲမှာလဲ အရက်ခွက်ကိုယ်စီနှင့်။ ဖန်းချောလေးကို ပွဲထုတ်နေတာထင်ပါရဲ့။ ဒါကိုကြည့်ပြီး မထားအေးတို့မှာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်နေတော့သည်။

သူ့ကိုကြည့်ကြည့်ပြီး။ ဘာလုပ်လုပ် အံမြဲမကျေနပ်ဖြစ်နေမိတာ တကယ်တော့မတရားပါဘူးဟု ကိုယ့်ကိုယ်ကိုယ်သုံးသပ်မိသည်။ယံခင်ဘိုစုံတွဲ တုန်းကတော့ သူတို့ဘာလုပ်လုပ် မုန်းစရာဟုမမြင်၊ ပထမ ဘိုကတော်ကို ချောလို့ သဘောကျစွာ ကြည့်ခဲ့ကြသည်။ ဒုတိယမေရီကိုတော့ ချစ်စရာမို့ ချစ်ခဲ့ကြရသည်။ သူကလေးကျတော့မှ ဘယ်လိုကြောင့် မုန်းနေမိပါလိမ့်။ မထားအေးတစ်ယောက်တည်းလားဆိုတော့ ငြိမ်းငြိမ်းတို့ မကြည်အေးတို့၊ ဟိုဘက်က နော်အဲမာတို့ အုပ်စုကလဲ ဒီလိုပါပဲ။

“ ဆရာမက သဘောကောင်းပါတယ်၊ မောက်မောက်မာမာလဲ မနိုင်းတတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့သူ့ကိုမချစ်ဘူး။ ဘာလို့မုန်းတော့ မသိဘူး ” ဟု နော်အဲမာကပြောသည်။ ယာဉ်မောင်းကိုစိုးကတော့ “ဒီကောင်မလေးသာ ငါ့နှမဖြစ်ကြည့် နားရင်းအုပ်ပြီး ချက်ချင်းရွာပြန်ပို့မယ်”တဲ့။ မကြည်အေးကတောင် “ကျွန်မတို့ မရှိဆင်းရဲသားပေမယ့် ဒီမျောက်ဖြူကြီးကိုတော့ ငွေ ၁၀ သိန်းပေးလဲ မယူချင်ပါဘူး” ဟု ပြောပါသည်။ ငြိမ်းငြိမ်းက “မကြည်အေး သိန်း ၅၀ ပေးမယ်ဆိုရင်ကော စဉ်းစားမလား” ဟု နောက်နေသေးသည်။ မကြည်အေးက “သိန်း ၅၀ လိုချင်ရင် စိုးမိုးကျော်နဲ့ ပိုင်းပိုင်းလည်ပဲ ထိုးတော့မယ်၊သူ့ကိုယူပြီး အမေတို့ကိုပစ်မသွားနိုင်ဘူး။ ဟိုကျတော့လဲ ဆွေမရှိမျိုးမရှိနဲ့ မျက်နှာငယ်နေမှာ” တဲ့။

ဒီလိုနှင့် မထားအေးတို့ ဟိုဘက်ခြံက ဘိုအိမ်ကြီးကို စိတ်မပါတော့၍ အခုလို ခဏခဏမကြည့်ဖြစ်ကြတော့ပါ။တစ်ခါတစ်ရံ ထူးခြားမှသာကြည့်ဖြစ်မေးဖြစ်ကြတော့သည်။ ဥပမာ–လွန်ခဲ့တဲ့အပတ်က အိမ်ရှေ့မှာ ဆူဆူညံညံအသံကြား၍ လှမ်းကြည့်မိတော့ ပစ်ကပ်ကားတစ်စီးပေါ်မှာ ဖဲကြိုးအနီကြီးစည်းထားသော ဂျပ်ဘူးအညိုကြီးကို အလုပ်သမားများ မ,ချနေကြသည်။ သူကလေးကရပ်ကြည့်ပြီး ကလေးတစ်ယောက်လိုမြူးတူးဝမ်းသာစွာ

ရယ်မောရင်း နော်အဲမာကို လှမ်းအော်ခေါ်နေသည်။ "သူ့ မွေးနေ့မို့ သူလင်ဘိုကြီးက တီဗွီလက်ဆောင်ပေးတာတဲ့တော်ရေ့" ဟု နောက်တော့ မကြည်အေးက သတင်းပေးသည်။

ဩော် ... လူပျိုဘိုကြီးက မြန်မာမလေးနှင့်တွေ့မှ ကြွေနေပြီပေါ့။ ခုလို အမြွတ်တနိုးနှင့် မိသားဖသားပီပီလက်ထပ်ယူမည်ဆိုတော့ မထားအေးတို့ သူ့အတွက် မုဒိတာပွားရပါသည်။ လူမျိုးမတူ၊ဘာသာမတူတာတော့ သူ့ဖူးစာပေါ့။

မထားအေးတို့ သူ့ကိုမုန်းနေကြတယ်ဆိုတာကလည်း တကယ်မုန်းခြင်း မဟုတ်ပါ။ မုန်းစရာအကြောင်းလဲ ရှိမှမရှိတာ၊ ကိုစိုး၊ မကြည်အေးကအစ မထားအေးအဆုံး အားလုံး အားလုံးရဲ့ရင်ထဲမှ၊ စိတ်ရင်းအတိုင်း ပြောကြေးဆိုလျှင်၊ သူကလေးကို နမြောနေကြခြင်းသာဖြစ်ပါသည်။

♥ ♥ ♥

" အန်တီရေ ... အန်တီ "

" ဘာလဲ မကြည်အေး ... အလန့်တကြား "

" ဟိုဘက်အိမ်က ဘိုကတော်လေးမရှိတော့ဘူး၊ သူ့အမေအိမ်ပြန်သွားပြီ၊ ဘိုကစိတ်ဆိုးလို့ ကားနဲ့ချက်ချင်း ပြန်ပို့လိုက်တာတဲ့ "

" အို ... ဘယ်လိုဖြစ်တာတဲ့တုံး "

" ကိုစိုးကပြောတယ် အန်တီရဲ့၊ ကောင်မလေးမှာ ဘာအပြစ်မှ မရှိဘူး။ဟိုင်းနဲကြီးက အကျင့်ယုတ်တာ၊ သိပ်လည်တာပဲတဲ့၊ သူကနောက်ထပ် အသစ်ကလေးတစ်ယောက်တွေ့နေပြီ။ ဒီတော့ ကောင်မလေးကို ခွာထုတ်ချင်လို့ သူခရီးထွက်နေတုန်း နင်အဆက်ဟောင်းနဲ့ တိတ်တိတ်ပုန်းတွေ့တယ်မဟုတ်လား။ ငါ့အိတ်ထဲကဒေါ်လာတွေလဲခိုးတယ်မဟုတ်လား ဘာညာနဲ့ တစ်ဖက်သတ်စွပ်စွဲပြီး ညကထမင်းစားရင်း ရန်ဖြစ်ကြသတဲ့။ အဲဒါမနက်ကျတော့ ကိုစိုးကို ပြန်ပို့ခိုင်းတာပဲ၊ ကောင်မလေးကို မွေးနေ့လက်ဆောင် တီဗွီကြီးကလွဲပြီး ဘာမှပေးလိုက်ပုံမရပါဘူးတဲ့။ ဒါ[illegible]တာက အဲဒီ

ကောင်မလေးနဲ့စွပ်စွဲတဲ့လူနဲ့ ဒီဘိုနဲ့ကသူငယ်ချင်းတဲ့ အန်တီရဲ့၊ အရင်တလော က ဂေါက်ကွင်းက ကားတစ်စီးတည်းအတူတူပြန်လာရင်း သူတို့ချင်း အကြဲ အဖန် လုပ်နေတာကို ကိုစိုးက နားနဲ့ဆတ်ဆတ်ကြားတယ်။ ငါဒီမှာ မရှိတုန်း မင်းကကောင်မလေးကို ပျင်းနေရင်ဒင်နာစားရအောင်လို့ ပြောပြီး ခေါ်ထုတ်၊ ငါပြန်လာတော့ သူ့ကို စိတ်ဆိုးချင်ယောင်ဆောင်ပြီး သူ့အိမ်ပြန်ပို့ လိုက်မယ် ပေါ့။ ကဲ ... ကောင်းသေးလား။ သူတို့နိုင်ငံခြားသားချင်း သံဘောတူအကြံ အဖန်လုပ်ကြတာလေ၊ တကယ်အောက်တန်းကျတယ် အန်တီရယ် ''

မကြည်အေးက ကြိတ်မနိုင်၊ခဲမရ ဒေါသဖြစ်ပြီး သူတို့ကိုကျိန်ဆဲနေပါသည်။ တကယ်တော့ မကြည်အေးကျိန်ဆဲလိုက်ရုံနှင့် ပြေပျောက်သွားမည်မဟုတ်။ မထားအေးတို့ သိတာက ဒီတစ်ခုတည်းပါ။ ဒီလို အဖြစ်မျိုးတွေ ဘယ်လောက်များနေပြီလဲ။ တွေးကြည့်လျှင် ရင်လေးစရာကောင်းလိုက်ပါဘိ။

နောက်ဆုံးတော့ ဘိုအိမ်ကြီးမှာ နောက်ထပ်ဒီလိုဘိုကတော်ကလေးများ ရောက်မလာပါစေနှင့် ... မလာပါစေနှင့်တော့ဟု ဆုတောင်းနေရုံမှတပါး မထားအေးတို့ ဘာများတတ်နိုင်ဦးမည်နည်း။

လုံမလေးမဂ္ဂဇင်း ၂၀၀၂ ဇန်နဝါရီလ

# ချမ်းနေသလားအချစ်ရယ်

လမ်းထဲသို့ကားကိုချိုးဝင်လိုက်သည်နှင့် မြင်ရသည့်မြင်ကွင်းက ကျက်သရေရှိလှပါသည်။ ချောမွေ့နေတဲ့ ကတ္တရာလမ်းရဲ့တစ်ဖက်မှာ ကျယ်ဝန်းသောခြံဝင်းကြီးများနှင့် ခံ့ညားသည့် ရှေးခေတ်အိမ်ကြီးအိမ်ကောင်းများ တန်းစီနေသည်။ ခြံထဲမှာ ငုဝါတွေ ငုချယ်ရီတွေကလဲ ပွင့်လို့။ ရန်ကုန်မြို့တော်မှာ ဒီလိုခြံဝင်းကျယ်ကျယ်နှင့် သစ်ပင်ကြီးတွေ စိမ်းစိုနေသည့်အိမ်မျိုး တွေ့ရခဲသွားပါပြီ။ အများအားဖြင့် အိမ်ကိုအပြည့်ဆောက်ထားတတ်ကြသဖြင့် စိတ်ထဲမှာမွန်းကြပ်ချင်စရာပါ။ ယခုလို ခြံဝင်းနှင့်အိမ်ကြီးတွေကိုမြင်ရတော့ ကျွန်တော့်ရင်ထဲမှာ အလိုလိုအသက်ရှူချောင်သွားသလို ခံစားရပါသည်။

လမ်းတစ်ဖက်မှာတော့ ကျွန်တော်တို့ရက်တိုသင်တန်းတက်ရမည့် ဌာနဆိုင်ရာရုံးကြီးပါ။ သင်တန်းကို ဝန်ကြီးဌာနတစ်ခုက ကြီးမှူးပို့ချမည်ဖြစ်ပြီး သင်တန်းတက်မည့်သူများတွင် အဆင့်မြင့်အစိုးရအရာရှိများပါဝင်သလို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားစိတ်ဝင်စားသူများလည်းပါဝင်ပါသည်။ သင်တန်းသားများ အတော်လေးရောက်နေပြီထင်ပါရဲ့၊ ကားတွေတန်းစီနေသည်။ ယနေ့သင်တန်းဖွင့်ပွဲသို့တက်ရောက်ရန် ကျွန်တော့်ကားနှင့်လိုက်ပါလာသူ ညွှန်ကြားရေးမှူးနှစ်ယောက်ဖြစ်သည့် ဦးခင်မောင်ကြည်နှင့် ဦးလှသန်းတို့မှာ ပျော်ပျော်နေတတ်သူများပီပီ စကားတွေဖောင်ဖွဲ့လော့က်အောင်ပြောလာကြသည်။ ကျွန်တော်က ကားကိုဖြည်းဖြည်းမောင်း၍ ရပ်ရန်နေရာရှာနေစဉ် ဦးခင်မောင်ကြည်က –

"အားပါး ... ဒီကားကြီးက သားနားလှချည်လား။ ဘယ်လောက်တန်လဲ မသိဘူး ... ဒါအဲ 'ဒွေး'စီးတဲ့ကားမျိုးဗျ။ သိန်းတစ်ထောင်လောက်တန်သတဲ့"

ရပ်ထားသောကားတန်းထဲမှ ငွေရောင်ကားကြီးတစ်စီးကိုကြည့်ပြီး ပြောတော့ ဦးလှသန်းက -

" မောင်ရင်က ရန်ကုန်မြို့ကြီးကိုပြောင်းလာတာမကြာသေးတော့ သုတတော်တော်နည်းသေးတာပဲ။ ဒါ 'ဒွေး' စီးတဲ့ကားမဟုတ်ဘူး။ 'ဌေး' စီးတဲ့ကားဗျ။ 'ဌေး' စီးတဲ့ကား၊ သိန်းသုံးထောင်တန်တယ် "ဟု ပြောပါသည်။ ဦးခင်မောင်ကြည် အလွန်စိတ်ဝင်စားသွားပြီး -

" ဘယ်သူလဲဗျ ... ဘယ်က 'ဌေး' လဲ "

" တို့ရတနာဆောက်လုပ်ရေးဥက္ကဋ္ဌဦးတိုးမြင့်မိန်းမ ဒေါ်တင်ဌေးမြင့်လေ။ နာမည်ကြီး အမျိုးသမီးပေါ့။ ဦးတိုးမြင့်ဆိုတာကတော့ အရင်ဘဝက ဖောတိကတို့၊ ဖဋိလတို့ ဝင်စားတယ်ထင်ပါရဲ့၊ ဒီဘဝမှာလဲ သူဌေးကြီးမှ တကယ့်သူဌေးကြီးပါပဲခင်ဗျာ "

ဒီတော့မှ ဦးခင်မောင်ကြည်က -

" ဪ ... သိပြီ ... သိပြီ၊ လူချင်းမသိပါဘူး။ နာမည်ကို သိတဲ့ ပြောတာပါ "တဲ့။

ဦးလှသန်းက ဆက်ပြောပြသည်။

" ကျုပ်ယောက်ဖလေးက သူ့ဆောက်လုပ်ရေးမှာလုပ်တယ်၊ သူ့အကြောင်းတွေ နောက်မှမောင်ရင်တို့ကို ပြောပြရဦးမယ်။ ပွေသလားမမေးနဲ့၊ တကယ့်လူဗျာ၊ အားကျလောက်တယ်။ ခင်ဗျားတို့ သူ့အကြောင်းတွေကြားရရင် ကိုယ့်ဘဝကိုယ်သနားလွန်းလို့ ရင်ထုမနာ ဖြစ်သွားမယ်နော် - ဟဲ ... ဟဲ "

သူပြောပုံကို သဘောကျလို့ အားလုံးရယ်မိကြသည်။

" အံမယ် ပြောရဦးမယ်၊ သူဌေးကြီးဆိုလို့များ ဗိုက်ပူပူထိပ်ပြောင်ပြောင် မထင်လိုက်နဲ့၊ ဂေါက်သီးမှန်မှန်ကစားလို့ ဗိုက်ကလေးကိုချပ်လို့၊ ဘောင်းဘီရှည်အပြဝတ်လို့၊ နလိုက်တာမှ နေအောင်လားအောက်မေ့ရတယ်။ ကျုပ်တို့ပုံတွေနဲ့တခြားစီ၊ ကျွန်တော် သူ့ကိုနှစ်ခါသုံးခါတွေ့ဖူးတယ်၊ အမြဲတမ်း စက္ကတေရီရွှေးရင်လဲ ချောမှလှမှတဲ့၊ ဘာမှမတတ်လဲကိစ္စမရှိဘူး။ နောက်မှ သင်ပေးမယ်ဆိုပဲ။ နိုင်ငံခြားခရီးဖြစ်ဖြစ်၊ ပြည်တွင်းခရီးဖြစ်ဖြစ် သွားရင်လဲ

သူသဘောကျတဲ့စက္ကတေရီကိုခေါ်သွားတာတဲ့ဗျ။ ပိုင်တယ်နော်၊ ဒေါ်တင်ဋ္ဌေးမြင့်နဲ့က သားသမီးမမွေးဘူး။ ဒုတိယနဲ့ သားတစ်ယောက်ရှိတယ်၊ အဲဒီသားကို အင်္ဂလန်မှာကျောင်းထားပေးတယ်။ ဒေါ်တင်ဋ္ဌေးမြင့်ကလဲ ခေတ့်အမျိုးသမီးမဟုတ်ဘူးလေ၊ ဘီ-အီကွန်းတွေ၊ အမ်ဘီအေတွေ ရထားတာ၊ ကိုယ်ပိုင်ကုမ္ပဏီလုပ်ငန်းရှိတယ်၊ ငယ်ငယ်ကအတော်ချောမှာ၊ အခုတောင်ချောတုန်း "

နေရာရလို့ ကားရပ်ပြီး သင်တန်းခန်းမရှိရာသို့ လျှောက်ခဲ့ကြသည့်တိုင် သူတို့နှစ်ဦးကတော့ ဦးတိုးမြင့်အကြောင်း ပြောကောင်းတုန်း။ ကျွန်တော်သူတို့ပြောတာတွေကြားပေမယ့် စိတ်ထဲက ဘာကိုမျှအထူးတလည် သတိမထားမိတော့ အခုလောလောဆယ်၊ ရင်ထဲမှာ၊ နှလုံးသားထဲမှာ၊ ဦးနှောက်ထဲမှာ ပဲ့တင်ထပ်နေတာက တစ်စုံတစ်ယောက်ရဲ့နာမည်ပါ။

" တင်ဋ္ဌေးမြင့် "

ကျွန်တော့်အတွက်တော့ "ဋ္ဌေး"

ကျွန်တော့်ရဲ့ တစ်ခါက ချစ်သော "ဋ္ဌေး"။

အခုကောလို့မေးရင် - အင်း ... အခုလဲ ချစ်သောဋ္ဌေးပါပဲ ဋ္ဌေးရယ်။

သင်တန်းခန်းမထဲမှာထိုင်မိကြ၍ သက်ဆိုင်ရာတို့၏ အဖွင့်မိန့်ခွန်း၊ ဆရာအသီးသီးတို့၏ ပို့ချချက်များကို နားထောင်နေသော်လည်း၊ ကျွန်တော့်စိတ်က အတိတ်သို့ပြန်သွားနေသည်။

မေ့ပြီ မေ့နိုင်ပြီဟုထင်ခဲ့သော အကြောင်းအရာများသည်ကျွန်တော့်မျက်စိထဲတွင် နောက်ကြောင်းပြန်ဗီဒီယိုပြကွက်များလို ဟိုတစ်ကွက် ဒီတစ်ကွက် အဆက်မပြတ်ပေါ်လာနေသည်။

♥　♥　♥

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မောင်နှင့်ဋ္ဌေးတို့ရဲ့ ရှိုးဝင် [illegible] ဇာတ်လမ်းလေး။

ဘောဂဗေဒအဓိက ဝိဇ္ဇာတန်းတတိယနှစ်မှာပေါ့။ စီးပွားရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီမှာ ကျွန်တော်နှင့်ဌေးတို့ အမှုဆောင်များအဖြစ် စတင်သိကျွမ်းခင်မင်ခဲ့ကြသည်။ ကျွန်တော်တို့တာဝန်က စာရေးဆရာကြီးတချို့ထံ သွားရောက်စာမူတောင်းခံရသည်။ စာမူရပြီးဆိုတော့ အိမ်တိုင်ရာရောက်သွားယူရသည်။ မှတ်မိသလောက် ကျွန်တော်တို့ ကုက္ကိုင်းလမ်းက ဆရာကြီးဇော်ဂျီ၊ ဆရာမ ခင်ဆွေဦး၊ ဆရာတက္ကသိုလ်မင်းမော်တို့အိမ်များသို့ ရောက်ခဲ့ကြသည်။ ပြီးတော့ ကမာရွတ်အပိုင်းကြီးမှ စတိုးဆိုင်တချို့သွားပြီး ကြော်ငြာလည်း တောင်းခံကြရသည်။ အဲဒီတုန်းက ကျွန်တော်တို့မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် တက်တက်ကြွကြွနှင့် ပျော်စရာကောင်းလိုက်တာဌေးရယ်။

ကျွန်တော်တို့ တက်ကြွလွန်းသဖြင့် မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌကထိက ဒေါ်ချိုချိုခင်က "ဟဲ့ – မင်းတို့နှစ်ယောက်နော် အတန်းတွေလွှတ်ပြီး လျှောက်သွားမနေနဲ့၊ တော်ကြာ မဂ္ဂဇင်းထွက်လာပြီး မင်းတို့စာမေးပွဲကျနေရင် ဆရာမ တရားခံဖြစ်နေပါဦးမယ်"ဟု သတိပေးယူရသည်။ နောက်ဆုံးနှစ်နှစ်စမှာတော့ ကျွန်တော်တို့၏ခင်မင်မှုသည် ချစ်သူများအဆင့်သို့ ပွင့်လင်းခဲ့ကြပြီ။

တစ်ဦးအကြောင်းတစ်ဦး ရင်းရင်းနှီးနှီးသိလာချိန်မှာ ကျွန်တော်တို့ နှစ်ဦး၏ ဘဝအခြေခံများကွာခြားမှုကို သတိပြုမိကြပါသည်။ သူက ရန်ကုန်မြို့မှ ချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏သမီး။ သူ့မှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက်ရှိသည်။ နှစ်ဦးစလုံး အိမ်ထောင်ခွဲများဖြစ်လို့ ဌေးကမိဘအိမ်မှာသမီးထွေး သခင်မလေးဆိုပါတော့။

ကျွန်တော်က နယ်မှအလယ်အလတ် အစိုးရဝန်ထမ်းတစ်ဦး၏ သား။ မွေးချင်းလေးယောက်မှာ ဒုတိယ သားအကြီး။ ကျွန်တော်တို့ အကြီးနှစ်ယောက်ကို တက္ကသိုလ်ပို့ရာမှာ ဖေဖေတို့ မနည်းမြိုးမြက်ရုန်းကန်နေရသည်ကို ကျွန်တော်အမြဲစိတ်မကောင်းဖြစ်မိသည်။ ဘဝချင်းကွာဟမှုကို ကျွန်တော်တို့ နှစ်ဦးစလုံးသိကြပေမယ့် မတွေးချင်၊ ဂရုစိုက်စရာမဟုတ်သလို အရေးမကြီးသလိုဟန်ဆောင်ပြီး မေ့ထားလိုက်ကြသည်။

ထိုသို့ ကိုယ့်ဘဝကိုယ်မေ့ပြီး ပျော်နေသောကျွန်တော့်ကို တစ်နေ့မှာ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်ပါသည်။

ကျွန်တော် မှတ်မိနေသည်။ ထိုနေ့က အတန်းအားချိန်မှာ ဌေးက ဟမ်ဘာဂါစားချင်သည်ဟုပြောသဖြင့် အင်းလျားလမ်းရှိ မက်ဂီဟမ်ဘာဂါဆိုင်သို့ ကျွန်တော်တို့လမ်းလျှောက်သွားကြသည်။ လှုကုံထံရပ်ကွက်ဖြစ်လို့ ခြံကျယ်ကြီးမှာ အိမ်ကြီးအိမ်ကောင်းများဖြင့်၊ သန့်ရှင်းလှပနေသော အင်းလျားလမ်းပေါ်မှာ ချစ်သူနှင့်တွဲပြီးလမ်းလျှောက်ရတာ ကြည်နူးစရာအတိပါပဲ။ စားပြီး၍ ကျောင်းသို့ပြန်လျှောက်လာစဉ် ကျွန်တော်တို့ဘေးသို့ ကားကောင်းကြီးတစ်စီး ထိုးရပ်သည်။

" ဌေး ဘာလာလုပ်တာလဲ "

နေကာမျက်မှန် အရောင်နုနုတပ်ထားသော ကားမောင်းသူ လူရွယ်က ခပ်ဆတ်ဆတ်မေးသည်။

"အော် ... ကိုတိုးမြင့်၊ ဌေး ဆာလို့ ဟမ်ဘာဂါလာစားတာပါ"

" နေပူလိုက်တာ ... လျှောက်သွားမနေနဲ့လေ၊ နေမကောင်းဖြစ်နေ ဦးမယ်။ လာ ... ကားပေါ်တက်၊ ကျောင်းပြန်ပို့ပေးမယ်၊ ဌေးသူငယ်ချင်းမို့လား ခေါ်ပါ "

ဒီတော့မှ ဌေးက ကျွန်တော့်ကိုသတိရပြီး ပျာပျာသလဲမိတ်ဆက်ပေးသည်။

" မေ့လို့ မိတ်ဆက်မပေးမိဘူး။ ဒါ ဌေးတို့အတန်းက ကိုစိုးထွန်းပါ၊ ဒါ ဌေးတို့အမျိုး ကိုတိုးမြင့် "

ထိုနေ့က ဌေးအတန်းတန်ခေါ်လို့ ကျွန်တော် ကိုတိုးမြင့်ကားနှင့် လိုက်ခဲ့ပါသည်။ ဌေးက ကားရှေ့ခန်းမှာသူနှင့်ထိုင်လို့ ကျွန်တော်ကနောက်မှာ။ သူတို့ချင်း စကားပြောလာသည်။

" အန်တီနေမကောင်းဘူးဆို ... သွေးတိုးနေပြန်ပြီလား "

" ဟုတ်တယ် ... မေမေက သွေးတိုးရှိမကာဘူး။ ဆီးချိုလဲ တက်နေလို့ "

" ဆရာဝန် မခေါ်ဘူးလား "

" ခေါ်ပါတယ်၊ ခက်တာကမေမေကဆေးသောက်ရမှာ ကြောက်တယ်၊ မသောက်ချင်တော့ ကြေးများတယ် "

" ဌေးက ချော့တိုက်မှပေါ့ "

ကျွန်တော်သည် ဌေးရဲ့အမျိုး ကိုတိုးမြင့်ဆိုသူကို ယခုပထမဆုံး အကြိမ်တွေ့ဖူးခြင်းပါ။ သူတို့ချင်းပြောနေသော စကားများသည်လည်း ဘာမျှ ထူးထူးထွေထွေမဟုတ်။ သို့သော် ဘာကြောင့်မှန်းမသိ ဌေးနှင့်ပတ်သက်ပြီး စိတ်ထဲမှာ သိမ်ငယ်ခြင်းကို ပထမဆုံးအကြိမ်ခံစားရပါသည်။

♥ ♥ ♥

နောက်ပိုင်း ဌေးပြောပြချက်အရသိရသည်မှာ ကိုတိုးမြင့်သည် ဌေးအစ်မရဲ့ယောက်ျား ဦးမျိုးမြင့်၏ညီဖြစ်သည်။ ဌေးတို့နှင့် မိသားစုချင်း ခင်မင်ပြီးသား ၊ ဂုဏ်တူအဆင့်တူ ချမ်းသာသောအသိုင်းအဝိုင်းကပါပဲ။ ဒီတော့ နှစ်ဖက်မိဘများက ကိုတိုးမြင့်နှင့် ကျွန်တော့်ရဲ့ 'ဌေး'ကို သဘောတူလို့ တွန်းအားပေးနေကြသည်မှာလည်း မထူးဆန်းလှပါ။ ကိုတိုးမြင့်ကကော ဌေးလို အချောအလှကို သဘောမကျဘဲနေပါမည်လား။ ကျွန်တော်အင်းလျား လမ်းမှာ တစ်ကြိမ်ဆုံဖူးရုံနှင့်ပင် ဌေးအပေါ်ထားရှိသည့် သူ၏သဘောထားကို ရိပ်စားမိခဲ့သည်။

ဘယ်လိုပဲဖြစ်ပါစေ၊ ဌေးရဲ့အချစ်ကို ကျွန်တော်ယုံသည်။ အသေး အဖွဲ့ကလေးကအစ ကျွန်တော့်ကိုဂရုစိုက်တတ်တဲ့ဌေး။ အကြင်နာပိုတဲ့ဌေးပါ။ ကျောင်းနှင့်မနီးမဝေး ကမာရွတ်လှည်းတန်းရပ်ကွက်ထဲမှာ သူငယ်ချင်းတစ်ဦး နှင့်အတူအခန်းငှားပြီး ဖြစ်သလိုစားနေသည့် ကျွန်တော့်အတွက် နေ့စဉ် ထမင်းဘူးယူလာပေးသည်။အိမ်ကိုဘယ်လိုပြောပြီး ထမင်းဘူးနှစ်ဘူးသယ်လာ နေသည်မသိပါ။ ပြီးတော့ ကျွန်တော်ကအညာသားပီပီ မျှစ်နှင့်ပဲပြုတ်ကြော် ကြိုက်သဖြင့် ဒီဟင်းကလဲမကြာခဏပါပဲ။

ဌေးရဲ့အကြင်နာပို ဂရုစိုက်လွန်းခြင်းများကြောင့် တစ်ခါတစ်ရံမှာ ကျွန်တော်စိတ်တိုရသည်။ ဌေးက ကျွန်တော့်ကို မသိမသာအကဲခတ်နေပြီး

လိုအပ်တာလေးတွေကို လက်ဆောင်ပေးလေ့ရှိသည်။ ချုပ်ပြီးသား ပုဆိုး။ လက်ကိုင်ပုဝါ၊ ကိုယ်လိမ်းပေါင်ဒါ စသဖြင့်၊ တစ်ခါမှာတော့ အဖိုးတန်ပတ်ကား ဘောလ်ပင်တစ်ချောင်းဝယ်လာပေးရာ ကျွန်တော်ကလက်မခံသဖြင့် သူက လည်း စိတ်ဆိုးသည်။ စိတ်ကောက်ပြီး နှစ်ရက်လောက် ကျွန်တော်တို့ချင်း စကားမပြောဘဲနေကြသည်။ နောက်တော့ ကျွန်တော်ကစခေါ်ပြီး နောင်ကို အဖိုးတန်ပစ္စည်းမပေးဖို့ သူ့ကိုပညာပေးရပါသည်။

ဋ္ဌေးက သူဋ္ဌေးသမီးဆိုပေမယ့် ဟန်ကြီးပန်ကြီးမလုပ်တတ်။ ဝတ်စားဆင်ယင်မှု၌လည်း သူဝတ်သမျှသည် တန်ဖိုးကြီးအဝတ်အထည်များ ဖြစ်ပေမယ့် ခေတ်ဆန်ဆန်တောက်တောက်ပပများမဟုတ်။ ကျွန်တော်ရေးရလှတဲ့ မိန်းကလေးပါ။ ဒါကိုပဲ ကျွန်တော်ချစ်သွားသည်ထင်ပါရဲ့။ ဋ္ဌေးက မာနမာန မရှိပေမယ့် အဲ ... ငွေတော့သုံးသည်။ သုံးလဲသုံးနိုင်တာကိုး။

ဒီနေရာမှာ ကျွန်တော်တို့နှစ်ဦးကြား အဖုအထစ်ကလေးတွေ မကြာခဏဖြစ်ရပါသည်။ မုန့်ဆိုင်တန်းသွားစားကြပြီဆိုလျှင် သူကချည့် ဦးအောင်ထုတ်ပေးသည်။ ဒါကလဲ ကျွန်တော့်မှာ ပိုက်ဆံမရှိမှန်းသိနေသောကြောင့်ဖြစ်သည်။ ဒါအမှန်တရားဖြစ်ပေမယ့် ကြာတော့ကျွန်တော့်မာနကိုထိပါးသလို ဖြစ်ပြီး စိတ်ထဲမှာမကျေနပ်တော့။ "ဋ္ဌေး ... ဒီလိုအမြဲပေးနေရင် ကိုယ်မုန့်ဆိုင်တန်း မလိုက်တော့ဘူး" ဟုအရေးဆိုမှ သူက "တစ်လှည့်စီပေးကြေး" အဆို ပြုချက်ကို သဘောတူခဲ့ပါသည်။ ဒါတောင် ကျွန်တော် ကျွေးရမည့် အလှည့် ဆိုလျှင် ဈေးအနည်းဆုံးဖြစ်သည့် မုန့်ဟင်းခါးတစ်ပွဲနှင့် ဦးယမ်းဘလူးဆိုင်မှ အအေးတစ်ခွက်သာသောက်လေ့ရှိသည်ကို ကျွန်တော် မရိပ်မိဘဲနေပါ့မလား။

သူ့မွေးနေ့မှာ အရင်းနှီးဆုံးသူငယ်ချင်း သုံးလေးယောက်ကို အိမ်မှာ ဖိတ်ပြီးကျွေးသည်။ အစ်ကို အစ်မ မိသားစု ဆွေမျိုးများလဲ လာကြသဖြင့် ကျွန်တော့်ကိုမဖိတ်နိုင်။ ဋ္ဌေးစိတ်မကောင်းဖြစ်ရသည်။ ဒါကိုအစားပေးသည့် သဘောနှင့် နောက်နေ့မှာအတန်းလစ်ပြီး ရွှေတိဂုံဘုရားသို့သွားကြပါသည်။

ကျွန်တော်တို့ ဘတ်စ်ကားစီး၊ မြေနီကုန်းအပိုင်းမှာဆင်းပြီး ဘုရား အနောက်မုခ်သို့ ခြေကျင်လျှောက်ကြသည်။ နေ့လယ် ၁၂ နာရီလောက် ဖြစ်လို့ ဘတ်စ်ကားက မတိုးရ၊ ထိုင်စရာအသင့်ရှိသည်။

သို့ပေမယ့် ဒွေးကစကားမပြောနိုင်၊ မျက်လုံးအဝိုင်းသားနှင့် ကားပေါ်မှာပါလာသည့် ခရီးသည်မျိုးစုံကို ကြည့်နေသည်။ ကားပေါ်မှဆင်းတော့လည်း ခရီးသည်အဆင်းအတက်တွေ ရှုပ်ယှက်ခတ်သွားသောကြောင့် စိုးရိမ်ထိတ်လန့်စွာ ကျွန်တော့်လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။ မြေနီကုန်းကိုဖြတ်၍ ဦးဝိစာရလမ်းပေါ်ရှိ တော်လှန်ရေးပန်းခြံရှေ့ရောက်သည့်တိုင်ကျွန်တော့်လက်မောင်းကိုမလွှတ်။

" ဘယ်လိုလဲဒွေး ... ကိုယ့်လက်မောင်းကို တွဲထားတာလူတွေ ကားတွေကို ကြောက်လို့လား။ ကိုယ့်လက်ကိုကိုင်ချင်လို့လား " ကျွန်တော်က စတော့ "နှစ်ခုစလုံးပါပဲ"ဟု ဒွေးက ရှုတည်တည်နှင့် ပြန်ပြောပါသည်။

နောက်မှသိရသည်မှာ ဒွေးက ဘတ်စ်ကားတစ်ခါမှမစီးဖူးဘူးဆိုပဲ။ ဩော် ... ကိုယ်ပိုင်ကားမစီးဖူးသူကျွန်တော်နှင့် ဘတ်စ်ကားမစီးဖူးသူ ဒွေးတို့ ဆုံမှဆုံမိပလေဟု စိတ်ထဲမှပြုံးမိရပါသည်။

သူ့ကို မွေးနေ့လက်ဆောင်တစ်ခုခုပေးရန် စဉ်းစားတော့ အရာရာပြီးပြည့်စုံနေသော မိန်းကလေးတစ်ယောက်ကို ဘာပေးရမှန်းမသိပါဘူး။ နောက်မှစဉ်းစားမိပြီး ကျွန်တော်သူ့အလှကို ကဗျာတစ်ပုဒ် (မစပ်တတ် စပ်တတ်နှင့်) စပ်ပြီး အတန်းထဲမှသူငယ်ချင်း ကိုကျော်ကျော်လတ်ကို တည်းဖြတ်ခိုင်းရသည်။ သူက သွေးသောက်မဂ္ဂဇင်းမိသားစုမှဖြစ်၍ ကဗျာကို သူပဲယူသွားပြီး မဂ္ဂဇင်းမှာ မွေးနေ့အမီ ထည့်ပေးပါသည်။ သူ့ကို ရည်ညွှန်းထားသည့်ကဗျာကိုဖတ်ရတော့ ဒွေးမှာအံ့သြပြီး ဝမ်းသာကြည်နူးလွန်းလို့၊ ကျွန်တော့်ရင်မှာလည်း၊ ထပ်တူထပ်မျှပါပဲ။

♥ ♥ ♥

ကျွန်တော်နှင့်ဒွေးတို့ ချစ်တာချင်းတူညီသော်လည်းဘဝအလွှာချင်း၊ အသိုင်းအဝိုင်းချင်းကွာခြားမှုက ကြာလေ ပို၍ပို၍ သိသာထင်ရှားလေ ဖြစ်နေသည်။ တစ်ခါတစ်ရံတော့လည်း၊ "ဒီမိန်းကလေး ရန်ကုန်အသိုင်းအဝိုင်းက သူဌေးသမီးမဟုတ်ဘဲ နယ်ကသာမန်ကျောင်းသူတစ်ယောက် ဖြစ်ရင် ကောင်း

မှာပဲ'' ဟု ကျွန်တော့်စိတ်ထဲမှာ ကိုယ်လိုရာဆွဲတွေးမိသည်။ ကိုယ်နှင့်နီးစပ်နိုင်ဖို့၊ ဘဝအခြေအနေချင်းတူသွားအောင်၊ သူ့ဘဝကို ကျွန်တော့်ဘဝနှင့် တန်းညှိပစ်ချင်သောစိတ်သည် မတရားဘူးဆိုတာ သိတော့သိပါသည်။ သို့ပေမယ့် ဒွေးကိုရနိုင်ဖို့ ကျွန်တော့်မှာ အင်အားချို့တဲ့လှသည်။ ငွေအား၊ ဂုဏ်အား၊ မိဘဆွေမျိုးအား အကုန်လုံးပါပဲ။ အနာဂတ်တစ်ချိန်မှာ ကျွန်တော်တို့နှစ်ဦး ပေါင်းစည်းနိုင်ဖို့ မယိမ်းယိုင်တဲ့သစ္စာတွေ မေတ္တာတွေ နားလည်မှုတွေ ယုံကြည်မှုတွေ သတ္တိတွေ အများကြီးအများကြီး လိုအပ်ပါလိမ့်မည်။ ဒီတော့ ယခုကတည်းက တစ်ဦးဘဝထဲ တစ်ဦး တိုးဝင်ကြည့်ထားလျှင် အကောင်းဆုံးပဲပေါ့။

တစ်နေ့မှာ ဒွေးကို ကျွန်တော်ငှားနေသည့် အိမ်ခန်းကလေးသို့ အလည်ခေါ်သွားပါသည်။ နေ့လယ် အတန်းအားချိန်သွားရတာဆိုတော့ နေက ခြစ်ခြစ်တောက်ပူနေသည်။ စီးပွားရေးတက္ကသိုလ်မှ ကမာရွတ်အဝိုင်းကြီးသို့ လမ်းလျှောက်၊ ထိုမှတစ်ဆင့် လှည်းတန်းလမ်းအတိုင်းဆက်လျှောက်၊ ကမာရွတ်ဈေးကြီးကိုကျော်လာတော့ ဒွေးမျက်နှာလေးနီရဲပြီး ချွေးတွေကလည်းရွှဲနေပြီ။ ကိုယ်ပိုင်ကားနှင့် ကျောင်းတတ်သူဆိုတော့ ခေါက်ထီးလည်းမပါ။ မိုးရွာလျှင် ဒရိုင်ဘာက ဆင်ဝင်အောက်လာကြိုတာမဟုတ်လား။ ကျွန်တော့်မှာကလည်း ထီးမရှိ၊ သို့ပေမယ့် ဒွေးကတစ်ချက်မှမညည်း၊ မျက်နှာမပျက်ပါဘူး။ လျှောက်ရတဲ့ခရီးက အတော်လေးဝေးတော့ ဒွေးကို သနားသွားပါသည်။ ခေါ်လာမိတာ မှားပြီလားမသိ။

''မောနေပြီလား။နည်းနည်းဆက်လျှောက်ရင် ရောက်တော့မှာပါ''

ကျွန်တော်ကပြောတော့ ဒွေးကရယ်ပြီး ''မမောပါဘူး မောင်ရဲ့၊ စိတ်မပူပါနဲ့'' တဲ့။ ကျွန်တော် ရင်အေးရပါသည်။ အိမ်ခန်းရောက်တော့ အခန်းဖော်ကိုညွန့်တင်က အိမ်ရှေ့ခန်းလေးမှာ ပက်လက်ကုလားထိုင်ပေါ် ထိုင်လျက် စာကျက်နေသည်။ ကျွန်တော့်နောက်က ဒွေးပါလာတာကို မြင်တော့ တအံ့တသြနှင့်ထလာပြီး ပျာပျာသလဲ ခရီးဦးကြိုပြုပါသည်။

ဒွေးနှင့်ကိုညွန့်တင်က တစ်ဦးနှင့်တစ်ဦး တစ်ခါမှမတွေ့ဖူးကြသော်လည်း ကျွန်တော်က တစ်ချိန်လုံး ပြောနေသဖြင့် [illegible]ချင်းမိတ်ဆက်

ပေးစရာမလိုအောင် သိကျွမ်းနေကြသည်။ ကိုညွန့်တင်က ကျွန်တော့်လိုပင် နယ်မှလာသော ကျောင်းသားတစ်ဦးဖြစ်ပြီး ဥပဒေအဓိက နောက်ဆုံးနှစ်တက် နေသူဖြစ်သည်။ အေးအေးလေးနှင့် ရယ်စရာပြောတတ်သဖြင့် သူနှင့်အတူတူ နေရသည်မှာ ပျော်စရာကောင်းလှသည်။ ယောကျ်ားလေးနှစ်ယောက် အိမ်ကလည်း သိပ်မပြည့်စုံကြသဖြင့် ဖြစ်သလိုနေ၊ ဖြစ်သလိုစား။ စိတ်တူ သဘောတူနေခဲ့ကြသော အချိန်များသည် တစ်သက်လုံးအမှတ်ရစရာ ပါပဲ။

ခင်မင်စရာကောင်းသောဌေးနှင့် သဘောကောင်းသောကိုညွန့်တင် တို့တွေ့တွေ့ချင်း သိပေါင်းကျွမ်းပေါင်းတွေလို အံဝင်ခွင်ကျဖြစ်သွားကြ သည်။ မနီးမဝေးလက်ဖက်ရည်ဆိုင်မှ ကိုညွန့်တင်ပြေးဝယ်သော လက်ဖက် ရည်ကို သုံးယောက်သားသောက်ပြီး စကားလက်ဆုံကျခဲ့ကြပါသည်။

အဲ ... နောက်တစ်နေ့မှာပေါ့။ ညနေဖက်ကျောင်းဆင်းချိန်မှာ ဌေးကကျွန်တော့်ကို သူ့ကားနားအထိ လိုက်ပို့ခိုင်းသည်။ ပြီးတော့ ကားထဲမှ အညိုရောင်စာရွက်ထူထူနှင့်ပတ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ကျွန်တော့် လက်ထဲပေးပြီး "ဒါ ခေါင်းအုံးအသစ်နော်၊ အခန်းကိုယူသွား။ အဟောင်းက ပေါက်ပြီး မွှေ့တွေထွက်နေတာတွေ့လို့ လှည်းတန်းဈေးကသွားဝယ်လာတာ" ဟုပြောပါသည်။ ရှက်စိတ်လား။ အားနာတာလား။ သိမ်ငယ်စိတ်လား၊ ဘာမှန်း တော့မသိ၊ ကျွန်တော့်စိတ်ထဲမှာ ရုတ်တရက် ဒေါသဖြစ်သွားသည်။ အထုပ်ကို သူ့လက်ထဲသို့ ပြန်ပေးလိုက်ပြီး -

" ဌေးဝယ်ပေးစရာမလိုပါဘူး။ ကိုယ်မဝယ်ချင်လို့ မဝယ်ဖြစ်လို့ မဝယ်တာဘဲ၊ ယောကျ်ားလေးတွေဒီလိုပဲ ဖြစ်ကတတ်ဆန်းနေတတ်တာ ဌေး မသိဘူးလား "

" သိပါတယ် ... ဒါက တန်ဖိုးလဲမရှိပါဘူး။ မောင့်မှာလိုအပ်နေ တာတွေ့လို့ ဝယ်လာတဲ့သဘောပါ "

" နောင်ကို ဘာမှဝယ်မပေးပါနဲ့ဌေး။ မောင့်ဘဝမှာ ဌေးရဲ့ အချစ် ကလွဲလို့ ဘာမှမလိုချင်ဘူး "

ကျွန်တော်က အငေါ်တူးတူးနှင့်ပြောပြီးထွက်လာတော့ သူက လည်း ခေါင်းအုံးကိုကားထဲပစ်သွင်းပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့်

ကားပေါ်တက်သွားပါသည်။

ထိုနေ့က ကျွန်တော် အခန်းသို့ ချက်ချင်းမပြန်သေးဘဲ တက္ကသိုလ်စာတိုက်သို့သွားပြီး နယ်ရှိဖေဖေ့ရုံးသို့ ဖုန်းဆက်စကားပြောသည်။ ဖုန်းပြောပြီး အခန်းပြန်လာတော့ အိပ်ရှေ့ခန်းစာကြည့်စားပွဲလေးမှာ စာကျက်နေတဲ့ ကိုညွန့်တင်က ကျွန်တော့်ကို ပြုံးစိစိနှင့်ကြည့်ပြီး –

"ကဲ ... ကဲ အမေ့ပြောသွားအောင် အိပ်ခန်းထဲသွားကြည့်ပါဦး"တဲ့။ ဘာများလဲဟု ကျွန်တော်ကမန်းကတန်း သွားကြည့်လိုက်တော့ အိပ်ရာပေါ်မှာ ခေါင်းအုံးအသစ်က ဖြူဖွေးသားနားသောအစွပ်နှင့် အခန့်သားရောက်နေသည်။ ခေါင်းအုံးပေါ်မှာကလဲ စာရွက်ပေါက်စလေးတစ်ခုကို ပင်အပ်နှင့်ထိုးထားသည်။

*" မောင့်ဘဝမှာ အချစ်လိုအပ်သလို*
*ခေါင်းအုံးအသစ်လဲ လိုအပ်နေပါတယ်၊ နှစ်ခုစလုံးကို*
*ဌေး ဖြည့်ဆည်းပေးပါရစေ "*

ချစ်သောဌေး

ဒီတစ်ခါတော့ ကျွန်တော်စိတ်မဆိုးနိုင်၊ မပေါက်ကွဲနိုင်တော့ဘဲ ခေါင်းအုံးကိုပိုက်ပြီး ကြည်ကြည်နူးနူးနှင့် အသံထွက်အောင်ပင်ရယ်မိတော့သည်။

" ကျွန်တော့်မှာလဲ အမေထည့်ပေးလိုက်တဲ့ ချည်စောင်လေးစုတ်နေပြီ၊ အသစ်ဝယ်ပေးမယ့်သူလဲမရှိပါလားနော် "

ကိုညွန့်တင်က အိပ်ရှေ့ခန်းမှလှမ်းအော်သည်။

ဌေးရဲ့အချစ်ကိုပိုင်ဆိုင်ရသဖြင့် ကျွန်တော်သည်သူငယ်ချင်းများအလယ်မှာ အားကျဖွယ်ယောကျ်ားသားတစ်ယောက် ဖြစ်ခဲ့ရပါသည်။

ချစ်သူနှစ်ဦး၏ပျော်ရွှင်ကြည်နူးဖွယ်ရွှေရောင်နေ့ရက်များသည် သိပ်မကြာမြင့်ခင် ရုတ်တရက်ကြီးကုန်ဆုံးသွားခဲ့ပါသည်။ ဒီတစ်ကြိမ် ကျွန်တော့်ကို အိပ်မက်မှလှုပ်နှိုးလိုက်သူကတော့ ချစ်သူ ဌေး ကိုယ်တိုင် ဖြစ်သည်။

စာမေးပွဲကြီးဖြေရခါနီး သုံးပတ်အလိုမှာ၊ [illegible]ကျောင်းနောက်

ကျပြီး အတန်းထဲသို့ဝင်လာသော ဒွေး၏မျက်နှာသည် သိသိသာသာကြီး ပျက်နေသည်။ ဘာဖြစ်လို့များပါလိမ့်ဟု ကျွန်တော်စိတ်ပူ၍ မေးချင်ပေမယ့် အတန်းထဲမှာက ယောကျ်ားလေးသပ်သပ် မိန်းကလေးသပ်သပ် ထိုင်ကြသော ကြောင့် မေးလို့မရ။ နေ့လယ်မုန့်စားဆင်းချိန်ကျမှပင် စကားပြောကြရသည်။ ဒွေးက မုန့်မစားပါနဲ့တော့၊ တစ်နေရာသွားပြီး စကားပြောရအောင်ဟုပြော သဖြင့် ကျွန်တော်တို့ ဘွဲ့နှင်းသဘင်နောက်ပေါက်မှထွက် အင်းလျားလမ်း အတိုင်း လျှောက်လာပြီး အင်းလျားကန်စပ်ရှိ လေ့လှော်ရှက်တိုက်အသင်း ဝင်းကြီးထဲမှ သရက်ပင်ကြီးတစ်ပင်အောက်မှာသွားထိုင်သည်။ထိုင်မိသည်နှင့် ဘာမပြောညာမပြော ဒွေးငိုပါတော့သည်။ တော်တော်နှင့် စကားမပြောနိုင်၊ ကျွန်တော် အတန်တန်မေးတော့မှ ရှိုက်သံဗလုံးဗထွေးဖြင့် –

" စာမေးပွဲဖြေပြီးရင် မေမေတို့က ဒွေးကိုလက်ထပ်ပေးတော့ မယ် " ဟု ပြောပါသည်။

တစ်နေ့နေ့ ဒီလိုဖြစ်လာလိမ့်မည်ဆိုတာ မျှော်လင့်ပြီးသားဆိုပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖြစ်လာလိမ့်မည်တော့ မထင်မှတ်မိ။ ခုလို ရုတ်တရက်ကြီးသိလိုက်ရတော့ ကျွန်တော့်ရင်ထဲမှာထူပူသွားပြီး ဘာမျှ စဉ်းစားလို့မရတော့။ အေးအေးဆေးဆေးစဉ်းစားဖို့ကလဲ အချိန်က သိပ်ကပ် နေပြီ။

ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

ဘာလုပ်နိုင်မလဲ။

လုပ်နိုင်တာတစ်ခုပဲ ရှိသည်၊ တရားရုံးတစ်ခုမှာသွားပြီး အမြန်ဆုံး လက်မှတ်ထိုး လက်ထပ်ထားရန်။ ပြီးတော့ စာမေးပွဲဖြေပြီးတဲ့နောက်ဆုံးနေ့မှာ ကျွန်တော်တို့ တစ်နေရာသို့ ရှောင်သွားကြရန်။ သို့မဟုတ် ကျွန်တော့် မိဘများရှိရာမြို့သို့ သွားကြရန်။ အမှန်ကတော့ ခိုးရာလိုက်ပြေးကြသည့် သဘောမို့ ကျွန်တော်မလုပ်ချင်ဆုံး လုပ်ရပ်ပါပဲ။ သို့ပေမယ့် မတတ်နိုင်၊ ဒီလိုမလုပ်ချင်လို့ အရှယ်ရောက်ပြီး လူငယ်နှစ်ဦးအနေနှင့် ဒွေးမိဘများကို သွားတွေ့ပြီး လက်ထပ်ခွင့်ပြုပါရန် မိသားဖသားပီပီ အနူးအညွတ်ခွင့်ပန်ပြော ဆိုဖို့ကလည်း ကျွန်တော့်ဘဝအခြေအနေနှင့်ဒီလိုသွားလုပ်လျှင် ကိုယ့်ကိုယ်

ကိုယ် အရှုံးလုပ်သည့်နယ်ရှိပါလိမ့်မည်။ ပြီးတော့ ဒွေးအနေအထိုင် တင်းကြပ်သွားမှာကိုလည်း စိုးရိမ်ရပါသည်။

ဒွေးခမျာလည်း မိသားစုဆုံးဖြတ်ချက်ဖြင့် အပြင်းအထန် ဖိအားပေးခံနေရသည်ထင်ပါရဲ့၊ ဘာမှမပြောနိုင်ဘဲငို၍သာနေသဖြင့် ကျွန်တော်သူ့ကို မနည်းချော့မော့နှစ်သိမ့်နေရသည်။ ကျွန်တော့်နည်းတူ သူ့ရင်ထဲမှာလည်း ဗလောင်ဆူရှာပါလိမ့်မည်။ မိန်းကလေးဆိုတော့ပို၍ပင်ဆိုးနိုင်ပါသည်။ ဒီလိုနှင့် ရေရေရာရာအဖြေမထွက်ဘဲ ကျောင်းဆင်းချိန်ရောက်သွားသဖြင့် အိမ်ကကား လာကြိုချိန်ဖြစ်လို့ တနင်္လာနေ့မှဆက်ပြီးဆွေးနွေးအဖြေရှာကြတာပေါ့ဆိုပြီး လူချင်းခွဲခဲ့ကြပါသည်။

ကျောင်းပိတ်ထားသည့် စနေ၊တနင်္ဂနွေနှစ်ရက်လုံး ကျွန်တော်တစ်မှေးမျှ မအိပ်နိုင်၊ စာလည်းမကျက်နိုင်။ ဒီကိစ္စကိုပင် အပြန်ပြန် အလှန်လှန်စဉ်းစားသည်။ တကယ်တမ်းသွေးအေးအေးထားပြီး ပြန်တွေးကြည့်တော့ ''ဒွေးတို့ဘာလုပ်ကြမလဲ''ဟု ဒွေးက ကျွန်တော့်ကိုမမေးခဲ့ပါ။ ''ဒွေး မောင်နဲ့မခွဲနိုင်ဘူး၊ ကိုတိုးမြင့်ကို ဒွေးဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး၊ ကြံပါဦးမောင်'' ဆိုတာမျိုးတွေလဲ မပြောခဲ့ပါ။ ကျွန်တော်ကသာ ဒွေးနှုတ်မှ ဒီလိုအပြောမျိုးကို ကြားချင်နေမိခဲ့သည်။

ဒွေးသဘော ဘယ်လိုရှိပါလိမ့်။

လက်တွေ့ကျတော့ ကျွန်တော်နှင့်လက်တွဲဖို့ တွန့်ဆုတ်နေပြီလား။ ဒီလိုမျိုးလုံးဝမစဉ်းစားမိခဲ့။ ကိုယ့်လိုပဲ ခွဲရမှာစိုးလို့ ပူလောင်ခံစားနေရရှာလိမ့်မည်ဟု သေချာပေါက်တွက်ပြီး လက်ထပ်ဖို့အစီအစဉ်ကိုသာ တွင်တွင်ပြောခဲ့မိသည်။ အချစ်နှင့်ပတ်သက်လို့ မိန်းကလေးနှင့်ပတ်သက်လို့ တော်တော်ထုံတဲ့အကောင်ပါပဲ။

လေးလေးနက်နက် ထပ်ပြီးစဉ်းစားကြည့်လိုက်ပါဦး။ တကယ်တမ်းလွှပ်ရှားကြစို့ဆိုတော့ စွန့်လွှတ်စွန့်စား လုပ်ရမည့်သူက ဒွေးဖြစ်သည်။ ကျွန်တော်မဟုတ်။ ကျွန်တော့်နေရာမှနေပြီး သူ့ကိုစွန့်စားခိုင်းဖို့ ဆိုတာနည်းလမ်းမကျ၊ ချစ်ရာမရောက်၊ ကျွန်တော် ယောကျ်ားပီသပါဦးမှ

အချစ်ဟူသည် ရယူပိုင်ဆိုင်လိုခြင်းအပြင် ချစ်သူကိုနားလည်ခြင်း

ခွင့်လွှတ်ခြင်းတို့လည်းပါဝင်သည်ဟုဆိုကြတော့ ကျွန်တော်ဌေးကို ဘယ်ပုံစံနှင့်ချစ်မှာလဲ။ ကျွန်တော့်ကိုကျွန်တော် ဒီလိုမေးမိသောအခါ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချနိုင်သွားပါသည်။

♥ ♥ ♥

တနင်္လာနေ့။

မတ်လဆိုပေမယ့် ရာသီဥတုကသိပ်မပူသေး၊ လေအေးလေးတိုက်နေသည်။ ပြာလဲ့သောကောင်းကင်ကြီးနှင့် အင်းလျားကန်ရေပြင်က ပန်းရလှသည်။ ပျံလွှားငှက်ကလေးတွေကလဲ ရေပေါ်မှာမြူးပျံ့လို့။ ကျွန်တော်တို့နှစ်ယောက် သရက်ပင်ကြီးအောက်မှာ ထိုင်မိကြပြန်ပြီ။

သို့ပေမယ့် ဟိုနေ့တုန်းကလို ကျွန်တော့်ရင်ထဲမှာ ပူလောင်တုန်လှုပ်မနေတော့။ အတော်လေးတည်ငြိမ်သွားပြီဆိုပါတော့။ ကျွန်တော့်နည်းတူဌေးလဲ ဣန္ဒြေရရပါပဲ။ သူမငိုတော့ပါ။ ကျွန်တော့်သဘောကို ဌေးနားလည်သဘောပေါက်အောင်ပြောဖို့ ကျွန်တော်မနည်းအားယူနေရသည်။ မှန်သောစကားကိုပြောရလျှင် ဌေးမျက်နှာကိုမြင်လိုက်သည်နှင့် ညတုန်းက ပြောဖို့စိတ်ကူးထားတာတွေကို မပြောချင်တော့။ ကျွန်တော့်နှလုံးသားထဲမှာ နာကျင်မှုတွေသာ ကြီးစိုးနေတော့သည်။

ဩော် ... ဝေဒနာကို တစ်သီးတစ်ခြားထားလို့ ကျွန်တော်တို့နှစ်ဦးရဲ့ဘဝကို လက်တွေ့ကျကျသုံးသပ်ပြီး ပြောမယ့်စကားတွေပါ။ ချစ်သူဌေးကိုချစ်လွန်းလို့ ကျွန်တော်ပြောနိုင်အောင်ကြိုးစားရမည်ပေါ့။

" မောင် အထပ်ထပ်အခါခါ စဉ်းစားကြည့်ပါတယ်၊ စဉ်းစားလေဌေးရင်ဆိုင်နေရတဲ့အခက်အခဲတွေကို နားလည်သဘောပေါက်လေပါပဲ၊ ဌေးဟာမိဘမောင်နှမတွေနဲ့ ချစ်သူကြားမှာ မလူးသာမလွန့်သာ အကြပ်အတည်း

ဖြစ်နေရတာကို မောင်သိပ်သနားတာပဲ၊ ဒီအခြေအနေမျိုးမှာ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါဘူး။ ကိုတိုးမြင့်က အစစအရာရာ ပြည့်စုံချမ်းသာတယ်၊ ဆွေမျိုးဆိုလဲ ဟုတ်တယ်၊ ကိုယ်သာမိဘဆိုရင်လဲ ကိုယ့်တို့သမီးလေးကို ဒီလိုလူနဲ့ပဲ လက်ထပ်စေချင်မှာပါ။ ဌေးနေရာကဝင်ကြည့်တော့လဲ ဒီလိုလူမျိုးကို ဘာအကြောင်းပြချက်နဲ့ငြင်းမလဲ၊ မိဘတွေကို ဘယ်လိုလုပ်စွန့်ခွာနိုင်မှာလဲ၊ အရေးကြုံလာရင် ဌေးကစွန့်လွှတ်ရမယ့်သူ၊ စွန့်စားရမယ့်သူပါ။မောင့်တစ်မျက်နှာနဲ့ ဌေးစွန့်လွှတ်ရမှာတွေ အများကြီးပါပဲ၊ ဒီတော့ ဌေးဘဝကို ဌေးသဘောအတိုင်း ရွေးချယ်ဆုံးဖြတ်ဖို့ မောင်တိုက်တွန်းပါရစေ၊

ဒီလိုပြောတာ ဌေးကိုမချစ်လို့ မိဘသဘောမတူတဲ့ သူ့ဌေးသမီးကို ယူရမှာတာဝန်ကြီးလို့လို့ မထင်လိုက်ပါနဲ့နော်၊ ဌေးကသာ မောင်နဲ့လက်တွဲမယ်ဆုံးဖြတ်ရင် ကမ္ဘာပေါ်မှာ မောင့်လောက်ပျော်မယ့်သူ ရှိမယ်တောင်မထင်ပါဘူး။ ဌေး တစ်သက်လုံး ကိုယ့်အချစ်ကိုယ့်မေတ္တာတွေနဲ့ စိတ်ချမ်းမြေ့စေရမယ်ဆိုတာ ကတိပြုပါတယ်၊ဒီနေ့ဒီအချိန်ကစပြီး စိတ်ချလက်ချ ယုံကြည်လိုက်ပါတော့

စကားတိုတိုလေးပေမယ့် နှစ်ဦးစလုံးနေသာထိုင်သာရှိမယ့် စကားလုံးလေးများကို ရွေးချယ်ပြောဆိုရသဖြင့် ကျွန်တော့်ရင်ထဲမှာ ပင်ပန်းလှပါသည်။

ဌေးက ဘာမျှပြန်မပြော၊ ကျွန်တော်ပြောတာတွေကို ဘာမှမကြားသလို မတုန်မလှုပ်ငြိမ်သက်စွာထိုင်ပြီး ကန်ရေပြင်ကိုတစ်နေရာကိုသာငေးစိုက်ကြည့်နေသည်။ မျက်နှာကလည်း ရွာတော့မည့်မိုးလို မှိုင်းညို့နေသည်။

စိတ်ညစ်နေပြီလား ဌေးရယ် ... ။

ချစ်သူကို ကရုဏာသက်စွာဖြင့် စိတ်ထဲမှမေးနေမိပါသည်။

ခဏကြာတော့ ဌေးသည် ကျွန်တော့်ပခုံးကို ခေါင်းမှီပြီးသည်းသည်းထန်ထန်ငိုပါတော့သည်။ ကျွန်တော်သူ့ကို ချော့မော့နှစ်သိမ့်ဖို့ မကြိုးစားတော့ပါ။ ငိုပါစေ၊ စိတ်ထဲမှာရှိသလို လွတ်လပ်စွာပြုမူပါစေ၊ သူ့ကို လွတ်လပ်ခွင့်ပေးထားပြီးပြီမို့ ကျွန်တော့်ရင်ထဲမှာ ပြောစရာစကားမကျန်တော့ပါ။

အတန်ကြာအားရအောင်ငိုပြီးသောအခါ [illegible]ငိုတိတ်သည်။

မျက်ရည်များကို သုတ်ပစ်လိုက်သည်။ ပြီးတော့ မျက်နှာထားတင်းတင်းဖြင့် ကျွန်တော့်ကိုကြည့်ပြီး . . .

" မောင် ... ဋ္ဌေးကို မုန်းလိုက်တော့၊ ဋ္ဌေးက မုန်းစရာသိပ်ကောင်းတယ်၊ ကိုယ့်ကိုယ်ကိုယ်လဲမုန်းပါတယ်၊ အလကားမိန်းကလေး ... သတ္တိမရှိဘူး။ တကယ်တမ်းကျတော့ ပျော့ညံ့တယ်၊ တွေဝေတယ်၊ ချစ်သူကို သစ္စာမဲ့တယ်၊ ရက်စက်တယ်၊ အနိုင်ယူတယ်၊ အလိုက်သိခိုင်းတယ်၊ ဘာတစ်ခုမှ မကောင်းဘူး၊ ဒီလိုမိန်းမမျိုးကို မောင်ဘာလို့ချစ်နေမှာလဲ၊ မေ့လိုက်တော့၊ နောင်လဲ ဋ္ဌေးကိုတွေ့ရင် ဘယ်တော့မှမခေါ်နဲ့၊ စကား မပြောနဲ့၊ နှုတ်မဆက်နဲ့၊ မောဒီလောကကြီးမှာ မောင်ချစ်တဲ့ဋ္ဌေးဆိုတာ မရှိတော့ဘူး။ သေသွားပြီ ဋ္ဌေးကိုယ်တိုင် သတ်ပစ်လိုက်လို့ သေသွားပြီလို့"

" တော်ပါတော့ ဋ္ဌေးရယ် . . . မပြောပါနဲ့တော့ "

ကျွန်တော် မချိမဆန့်တားလိုက်မိသည်။ အဲဒီနေ့ဟာ ကျွန်တော်တို့ နောက်ဆုံးအကြိမ်တွေ့ကြခြင်းပါပဲ။

အတိုချုံးပြောရလျှင် ဋ္ဌေးတို့ကိုကျွန်တော် ကြေကြေကွဲကွဲ အရှုံးပေးလိုက်ခြင်းဖြင့် ဇာတ်လမ်းပြီးဆုံးသွားပါသည်။

▼ ▼ ▼

မြတ်မြတ်နိုးနိုး ချစ်တတ်သူတွေအတွက် ခံစားရတဲ့စိတ်ဒုက္ခတွေကလည်း တစ်နင့်တစ်ပိုးပါပဲ၊ ခွဲခွာခဲ့တဲ့ အဲဒီညနေကစပြီး အချိန်အတိုင်းအတာတစ်ခုအထိ ကျွန်တော့်ရင်ထဲမှာ အမြဲဟာနေခဲ့သည်။ စာမေးပွဲကြီးမပြီးမချင်း ဋ္ဌေးကို မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေခဲ့ရတဲ့အဖြစ်တွေ၊ တစ်ညလုံးထိုင်ကျက်လို့မှ စာတစ်လုံးခေါင်းထဲမဝင်လို့ စိတ်ညစ်ရတာတွေ၊ ကိုတိုးမြင့်အပေါ် မနာလိုမုန်းတီးစိတ်၊ ဋ္ဌေးတို့အသိုင်းအဝိုင်းကို နာကျည်းစိတ်၊ အဲဒီခံစားချက်တွေအားလုံးဟာ ကျွန်တော့်တစ်သက် ဘယ်တော့မှပြန်လည်မမှတ်မိချင်တော့

သော အကြောင်းအရာများဖြစ်ခဲ့ပါသည်။

ဘယ်လောက်ပဲ စိတ်ဒုက္ခတွေခံစားခဲ့ရသည်ဆိုစေ၊ ကျွန်တော် စိတ်လွင့်ပြီး အရက်သမားဖြစ်သွားသည်အထိတော့ မဟုတ်ပါ။ စဉ်းစားချင့်ချိန်နိုင်တဲ့အရွယ်ပေကိုး။ အသက်အရွယ်နှင့်အချိန်က ထိန်းညှိပေးသဖြင့် ဘဝကို ပုံမှန်အတိုင်း လျှောက်လှမ်းနိုင်ခဲ့သည်။ အဖေအမေနှင့်မိသားစုကို တာဝန်ကျေနိုင်ခဲ့၍ အားလုံးစိတ်ချမ်းသာရပါသည်။ ကျွန်တော့်အတွက်ကတော့ အဲဒီနှစ်တွေမှာ သိပ်မပျော်တာတစ်ခု၊ တစ်ခါတစ်ရံ ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေးဖြစ်နေတတ်တာ တစ်ခုကလွဲလို့ပေါ့လေ။

မခွေခွေး နောက်ဆုံးပြောသွားခဲ့သည့် တစ်ဦးကိုတစ်ဦး မတွေ့အောင် ရှောင်ကြကြေးဆိုတာကတော့ တမင်တကာလုပ်နေစရာမလိုပါ။ သူနှင့်ကျွန်တော်တို့ရဲ့ ဘဝပေးအခြေအနေတွေကိုက ကြာလေဝေးလေဖြစ်ခဲ့ပါသည်။

သူတို့မိသားစု ရန်ကုန်မြို့တော်၏စီးပွားရေးလောကတွင် ထင်ရှားသောထိပ်တန်းသူဌေးမိသားစုကြီးတစ်ခုဖြစ်လာချိန်တွင် ကျွန်တော့်မိသားစု ( ဇနီးပြုံးပြုံးနှင့် သားသမီးသုံးယောက် ) က အစိုးရဝန်ထမ်းအဖြစ် နယ်တွေမှာ ပြောင်းရွှေ့ အမှုထမ်းနေခဲ့ရာ၊ ယခုရာထူးအဆင့်မြင့်ချိန်တွင်မှ မြို့တော်ရန်ကုန်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဒီနေ့ဒီသင်တန်းမှာတော့ ခွေးနှင့်မောင် ရှောင်လို့ရပါမည်လား။ မရှောင်နိုင်လည်း ကိစ္စမရှိပါဘူး။ နှစ်တွေလည်းကြာခဲ့ပြီပဲ။ သူငယ်ချင်းမိတ်ဆွေများအဖြစ် နှုတ်ဆက်ကြမှာပေါ့၊ ဟုတ်တယ်နော် ... ခွေး။

ညနေ ၄ နာရီသင်တန်းပြီးသွားပြီမို့ သင်တန်းသားများကားရပ်ထားရာနေရာသို့ ခပ်သုတ်သုတ်သွားနေကြသည်။ ကျွန်တော့်အဖော်နှစ်ယောက်ဖြစ်သော ဦးလှသန်းနှင့်ဦးခင်မောင်ကြည်တို့က အခြားကားကြုံနှင့် လိုက်သွားကြသဖြင့် ဒီညနေမှာ ကျွန်တော်တစ်ယောက်တည်းပြန်ရပါမည်။

ဟော ... ပြောရင်းဆိုရင်း ဟိုရှေ့မှာ 'ခွေး' လာနေပါပကောအရွယ်အလတ်ပိုင်းရောက်ပြီဆိုပေမယ့် မောင့်ရဲ့ခွေးကတော့ ယခင်လို [illegible] ပါပဲ၊ ခွေးကိုနှုတ်ဆက်စကားပြောမည်ဆုံးဖြတ်ပြီး ကျ[illegible]ကားပေါ် မတက်

သေးဘဲ ရပ်စောင့်နေလိုက်သည်။ စိတ်ထဲမှာ ဝမ်းသာသလိုလိုဝမ်းနည်းသလို လိုနှင့် ရင်တွေတောင်ခုန်လို့ပါလား။ ကိုယ့်ကိုကိုယ်ပင် ပြုံးမိသေးတော့။

" ငွေး "

" ငွေး ... နေကောင်းတယ်နော် "

အနီးသို့ရောက်လာသောအခါ ကျွန်တော်ကပြုံး၍ နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်သည်။ လုံးဝမျှော်လင့်မထားလို့ထင်ပါရဲ့၊ ကျွန်တော့်ကို အလန့်တကြားပြန်ကြည့်သည်။ နောက်တော့ သတိဝင်လာသလို ဣန္ဒြေပြန်ဆယ်ပြီး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသူတစ်ယောက်က လူများနှုတ်ဆက်ခံရသလို မပြုံးမရယ် ဘာမှပြန်မပြောဘဲ မျက်နှာလွှဲပြီး ဆက်လျှောက်သွားတော့သည်။ ကျွန်တော်သာကားဘေးမှာ ကြောင်စီစီရပ်လျက် ကျန်ရစ်ပါသည်။

ကျွန်တော် ကားထဲသို့ ဝင်ထိုင်ပြီးသည့်တိုင် ချက်ချင်းစက်မနှိုးမိ။ စတီယာရင်ပေါ်လက်တင်ပြီး ကားများအလျှိုလျှိုထွက်ခွာသွားနေသည်ကို ငေးနေမိသည်။

ဘယ်လိုလုပ်လိုက်တာလဲ ငွေးရယ်။

ကုသိုလ်ကြမ္မာမပါ၍ ချစ်သူနှစ်ဦး ဇနီးမောင်နှံမဖြစ်ရပေမယ့် သူငယ်ချင်းအဖြစ်တော့ ကျန်သင့်သည်မဟုတ်လား။ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်အဖြစ်ပင် ကျွန်တော့်ကို အလိုမရှိတော့ဘူးလား။ ဒါမှမဟုတ် တစ်ခါကပြောခဲ့ဖူးသောစကားကို လက်တွေ့တကယ်အတည်ပြုကြလိုက်တာလား။ ရပါတယ် ငွေး ... ငွေး သဘောပါပဲ။

အချစ်ဟူသည် ချစ်သူကိုထာဝစဉ် အလိုက်သိခွင့်လွှတ်နေရခြင်းပဲ မဟုတ်ပါလား။

တစ်ချိန်ကရှုံးသင့်၍ ထိုက်တန်စွာကျွန်တော် ရှုံးခဲ့ရပါသည်။ သို့သော် ပြဿနာတစ်ရပ်ကို အကောင်းဆုံးဖြစ်ရအောင် ဆုံးဖြတ်နိုင်ခဲ့ခြင်းကိုတော့ တစ်သက်လုံးကျေနပ်နေမည်ဖြစ်ပါသည်။ ချစ်သူ၏ဘဝ ခမ်းနားကြီးမြင့်ခြင်းကို တွေ့မြင်ကြားသိရသဖြင့် ကျွန်တော့်ရင်ထဲမှာ ပီတိဖြာလျက်မုဒိတာပွားရပါသည်။

" ငွေးရေ ... ငွေး ဆုံးဖြတ်တာမှန်ပါတယ်၊ ပြီးတော့ မောင်

ဆုံးဖြတ်တာလဲ မှန်တယ် '' ဟု စိတ်ထဲမှ ကြွေးကြော်မိသည်။ ယခုအချိန်မှာ ကျွန်တော့်ရင်ထဲက သူ့ကိုမေးချင်တာလေး တစ်ခုပဲရှိသည်။ အဲဒါကတော့ မဂ္ဂဇင်းတစ်စောင်မှာ ကျွန်တော်ဖတ်ဖူးတဲ့ တိုးဝေရဲ့ ကဗျာလေးထဲကလိုပေါ့။

" အချစ်ဟာ တော်တော်နွေးသလား "
အပြစ်ရှာ သရော်မေးပါလို့
ရယ်သွမ်းသွေးလှောင်ရက်တယ်၊
" ကဗျာသမားရင်ခွင်
ထာဝစဉ် စက်မမှေးနိုင်ဘူ
ဝေးကြစို့ကွယ် " (တဲ့)

ကျွန်တော်နှင့်ဌေးတို့လမ်းခွဲခဲ့ရတာလဲ အတိအကျကြီးမဟုတ်ပေမယ့် ဒီသဘောမျိုးပါပဲ။ ကဗျာရဲ့နောက်ဆုံးအပိုဒ်ကိုတော့ ကျွန်တော် အကြိုက်ဆုံးပါ။

ခုတော့ ...
သိုးမွေးထည်ရောင်စုံနဲ့
မျက်ရည်စို့နေရှာမယ် ...
တကယ်ပါ မောင်သနား။
သန်းခေါင်စွန်းသော်မှ
ခင်ပွန်းသည် ကိုဗွေလီက
အိပ်ရာဆီပြန်မရောက်နိုင်လို့
ဆောက်တည်ရာ ရှာမရသူရဲ့
ကြားသမျှသတင်း
နားဝမှာ မသင်းလေတော့
(မောင်လေ ... )
ရင်တွင်းမှာ စေတနာနဲ့
ကြုံတဲ့အခါ မေးချင်စမ်းပါရဲ့
(အချစ်ရယ် ... )
မင်း ... ချမ်းနေလား။

ကျေးဇူးပါပဲ ဆရာတို့ရေ၊ ဒီကဗျာလေးဟာ ကျွန်တော့်ရင်ထဲက ဝေဒနာကို ခံစားပေးလိုက်သလိုမို့ ဆရာ့ကိုအထူးကျေးဇူးတင်ပါတယ်ခင်ဗျား။

လုံမလေးမဂ္ဂဇင်း၊ ၂၀၀၄ အောက်တိုဘာလ

နန်းနွယ်နွယ်